မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ ပါဠိနုယူပဒေသကျောင်း

အဘိဓဇမဟာရဋ္ဌဂုရု

ပဓာနနာယကဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ

ဟောကြားပြသ ရေးသားစီစဉ်အပ်သော

# ပဋ္ဌာန်းအခြေခံဝိပဿနာ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန။

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဇွန်လ ၁၉၈၀

မန္တလေးမြို့၊ မစိုးရိပ်တိုက်၊ ပါဠိနှယူပဒေသကျောင်း

အ ဘိ ဓ ဇ မ ဟာ ရ ဋ္ဌ ဂု ရု

ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ

ဟောကြားပြသ ရေးသားစီစဉ်အပ်သော

# ပဋ္ဌာန်းအခြေခံဝိပဿနာ

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန

သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂၊ ဇွန်လ ၁၉၈၀။



ဦးဝိသုဒ္ဓါဘိဝံသ အဘိဓဇ မဟာရဋ္ဌဂုရု ပဋ္ဌာန်းဆရာတော်

မစိုးရိမ်တိုက်၊ မန္တလေးမြို့။

# အကြောင်းပြန်ကြားခြင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ဥက္ကဋ္ဌကြီး ဦးကြင်သည် ၉–၁၀–၆၈ နေ့စွဲဖြင့် ယခုအခါ မိုးလေဝသ ကင်းရှင်းပြီဖြစ်ပါသဖြင့် ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက်သို့ ပဋ္ဌာန်းဒေသနာ တရားတော်မြတ်ကိုကြွရောက် ဟောကြားချီးမြှင့်တော် မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်ချက်အရ ဆရာတော်ဘုရားသည် ၁၃၃၀-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တွင် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာခဲ့ပြီးလျှင်....

(၁) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင် အမ် ဘီ အေ) တိုက်၌ တလတိတိရင်း၊

(၂) ရန်ကုန်မြို့ အလုံလမ်း ဓမ္မာရုံအမှုဆောင်အဖွဲ့၏ လျှောက်ထားချက်အရ အလုံဓမ္မာရုံ၌ရင်း၊

(၃) ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွါးရေး အသင်းသူ အသင်းသားတို့၏ ပင့်လျှောက်ချက်အရ ဆူးလေစေတီတော်ယင်ပြင်ရှိ အဘိဓမ္မာ ပြန့်ပွါးရေးအသင်းတိုက်၌ ၁၅-ည တိတိရင်း၊

(၄) ကျားကူးဓမ္မဗိမာန် အုပ်ချုပ်မှုကော်မီတီလူကြီးများ၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ ဘုရားလမ်း ကျားကူးဓမ္မဗိမာန်၌ တလတိတိရင်း၊

(၅) ရွှေကျင် ဓမ္မဗိမာန် ဝိပဿနာ ပြန့်ပွားရေး အသင်းသူ အသင်းသားတို့၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ဘုရားလမ်း ရွှေကျင်ဓမ္မဗိမာန်၌ရင်း၊

(၆) ရွှေဘုန်းပွင့်စေတီတော် ဂေါပက ဘဏ္ဍာတော်ထိန်း လူကြီးများ၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ ရေကျော်ရပ် ရွှေဘုန်းပွင့်စေတီ တော်ယင်ပြင်ရှိ ဓမ္မသာလာဓမ္မဗိမာန်၌ရှင်း၊

(၇)ရန်ကုန်မြို့ ဒေါ်ညာဏစာရီ သီလဝတီမွေဗိမာန်၌ရှင်း၊

ပစ္စယနိဒ္ဒေသပဋ္ဌာန်း ပါဠိတော် ပဥှာဝါရ ပဋ္ဌာန်းပါဠိတော် တို့ကို မူထား၍ ကိုယ်တွေ့ ဉာဏ်တွေ့ အလုပ်သဘောတို့ဖြင့် အပါယ်ဘေးမှ စိတ်ချ ရသော အတ္တဒိဋ္ဌိ ကွာရေးကို လွယ်လွယ်ကူကူ သိစေလိုသော စေတနာဖြင့် ပဋ္ဌာန်းသင်တန်းနှင့်တကွ ဝိပဿနာရှုပုံ ရှုနည်းများကို ဟောကြားတော်မူ ခဲ့ပါသည်။

**ပဋ္ဌာန်းကျမ်းနှင့် ပရိယတ္တိသာသနာ။** ။ပရိယတ္တိ သာသနာကွယ်ပတော့ မည်ဆိုလျှင် ရှေးဦးစွာ အဘိဓမ္မာ ပိဋကတ်မှစ၍ ကွယ်ပလိမ့်မည်၊ အဘိ ဓမ္မာ (၇)ကျမ်းတွင်လည်း ပဋ္ဌာန်းကျမ်းသည် ရှေးဦးစွာ ကွယ်ပလိမ့်မည်ဟု ပညာရှိအဆက်ဆက်တို့ မိန့်တော်မူခဲ့ကြသဖြင့် ပဋ္ဌာန်းကျမ်းကြီး မကွယ်ပရန် အရေးမှာ ဆရာတော်ဘုရား၏ နံပါတ်(၁) အချက်ပင်ဖြစ်ပါတော့သည်။

**ပဋ္ဌာန်းကျမ်းနှင့် ဆရာတော်ဘုရား။** ။သို့ဖြစ်ပါသောကြောင့် ဆရာ တော်ဘုရားသည် အခြားအခြားသော ပရိယတ္တိစာပေကျမ်းဂန်များကို ရှင် ငယ် ရဟန်းငယ်တို့အား နေ့စဉ် ညစဉ်သင်ကြားပို့ချ ပေးငြားသော်လည်း များသောအားဖြင့် ပဋ္ဌာန်းကျမ်းကြီးကိုသာ အသားပေး ပဓာနထားကာ လွန်လွန်ကဲကဲ ပို့ချသင်ကြားတော်မူခဲ့ပါသည်၊ ထိုမှတဆင့်တက်၍ လူဝတ် ကြောင် တကာ တကာမတို့အားလည်း ပဋ္ဌာန်းသင်တန်းတခုအနေဖြင့် အမြို့ မြို့ အရွာရွာလှည့်လည်၍ သင်ကြားပို့ချတော်မူခဲ့ပါသည်၊ ထိုမှတဆင့်တက် ၍ ဆွမ်းတရားပွဲ ရှင်ပြုရဟန်းခံစသော အလှူ မင်္ဂလာပွဲတို့၌ပင် ရိုးရိုးဆွမ်း အနုမောဒနာ တရားမျိုးသာမဟုတ်ဘဲ ပဋ္ဌာန်းဒေသနာတော်ကြီးကို အ ကွက်ဆိုက်လျှင် ဆိုက်သလို သိုက်သိုက်မြိုက်မြိုက်ထည့်သွင်းကာ ဟောကြားပြသ တော်မူခဲ့ပါသည်၊ ယင်းသို့ ပဋ္ဌာန်းဒေသနာတရားတော်မြတ်ကို အသားပေး ပဓာနထားကာ နှစ်ပေါင်းများစွာ ပို့ချသင်ကြား ဟောပြတော်မူသဖြင့်

တကာ တကာမ အပေါင်းတို့က "ပဋ္ဌာန်းဆရာတော်" ဟုပင်ဘွဲ့ထူး နာမ ဂုဏ်ဝိသေသတခုအနေဖြင့် ပူဇော်ခဲ့ကြပါသည်။

**ပဋ္ဌာန်းဆရာတော်နှင့် ပဋိပတ္တိသာသနာ။** ။ဆရာတော်ဘုရားသည် ပရိယတ္တိသာသနာတခုတည်း မကွယ်ပရေးကိုသာ မနေမနား ကြိုးစားတော်မူခဲ့သည် မဟုတ်ပါ၊ ပဋိပတ္တိသာသနာ မကွယ်ပရေးကိုလည်း အထူးသတိထားကာ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲပင် ဖြစ်ပါတော့သည်၊ မှန်ပါသည်၊ ဆရာတော်ဘုရားသည် ပဥ္စင်းပျို ရဟန်းငယ်ဘဝမှာပင် ဝိနည်းသိက္ခာပုဒ်တော်များကို အလွန်လေးစားတော်မူသဖြင့် ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး ကိုယ်တိုင်က အသိအမှတ်ပြုမှုကို ခံယူရရှိတော်မူခဲ့သည့်အပြင် သီတင်းသုံးဖော် ရဟန်းသံဃာတော်ငါးရာကျော်တို့၏ ကြည်ညို လေးစားမှုကိုပါ ခံယူရရှိတော်မူခဲ့ပါသည်၊ ဆရာတော်ဘုရားသည် ကိုယ်တိုင် ဝိနည်းသိက္ခာပုဒ်တော်များကို ရိုသေလေးစားရုံမျှမက အတူနေတပည့်ဖြစ်ကြသောရှင်ငယ် ရဟန်းငယ်တို့အားလည်း ပဋိပတ္တိလုပ်ငန်းများ မကွယ်မပျက်စီးရန် အထူးပင် ညွှန်ကြားဆုံးမဩဝါဒ ပေးတော်မူခဲ့ပါသည်။

**ပရမတ်နှင့် ပညတ်။** ။ ဆရာတော်ဘုရားသည် ပဋ္ဌာန်းကျမ်းကို သင်ကြားနာယူပြီးကြသော တကာ တကာမတို့အား ပရမတ်နှင့် ပညတ်ကွဲစေလိုသည်၊ ပရိယတ္တိ အနေဖြင့် ဤခန္ဓာကိုယ်မှာ ရုပ်နှင့်နာမ်မှတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါးမရှိဟု သိနိုင်ကြပေမည်၊ ထိုမှ တဆင့်တက်၍ ဤခန္ဓာကိုယ်မှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်မှ တပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ငါ သူတပါးမရှိဟု သိနိုင်ကြပေမည်၊ ထိုမှတဆင့်တက်၍ ဤခန္ဓာကိုယ်မှာ အတွင်းအာယတန ၆-ပါး, အပြင်အာယတန ၆-ပါး၊ ပေါင်း အာယတန ၁၂-ပါးမှ တပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး မရှိဟုသိနိုင်ကြပေမည်၊ ထိုမှတဆင့်တက်၍ ဤခန္ဓာကိုယ်မှာ အတိုက်ဓာတ် ၆-ပါး,အခံဓာတ် ၆-ပါး,အပွင့်ဓာတ် ၆-ပါး၊ ပေါင်း ဓာတ် ၁၈-ပါးမှတပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ငါ သူတပါးမရှိနိုင်ဟု သိနိုင်ကြပေမည်။

ဆရာတော်ဘုရားသည် ယင်းသို့ ပရိယတ္တိအသိမျိုးဖြင့် သိပုံမျိုးကို ကြေနပ်တော် မမူသေးပဲ ပရမတ်နှင့်ပညတ်ကို ကိုယ်တိုင်သိ ဉာဏ်သိ အသိမျိုးဖြင့်

ကွဲပြားစွာ သိရှိကြစေရန် ပဋ္ဌာန်းဒေသနာတော်ဖြင့်ပင် ဝိပဿနာရှုနည်းများကို တဆင့်တက်၍ ဟောကြားတော်မူခဲ့ပါသည်။

**ဝိပဿနာနှင့်သက္ကာယဒိဋ္ဌိ။** ။ဝိပဿနာလုပ်ငန်း ဆိုသည်မှာလည်း ပထမဆုံး သက္ကာယဒိဋ္ဌိကွာရန် အရေးကြီးလှပါသည်၊ သက္ကာယဒိဋ္ဌိ ကွာရေးမှာလည်း တိမ်မလိုနှင့် နက်, လှယ်မလိုနှင့်ခက် ဆိုသကဲ့သို့ အလွန့်အလွန် နက်နဲလှပါတော့သည်၊ မြတ်စွာဘုရားသခင် ၄၅-ဝါ ပတ်လုံး ဟောကြားတော်မူသမျှ တရားတော်အားလုံးမှာ သက္ကာယဒိဋ္ဌိကွာရေးသာဖြစ်သည်ဟု ဆိုပါက လွန်နိုင်မည် မထင်ပါ၊ သို့ပါသော်လည်း ဆရာတော်ဘုရားသည် ပဋ္ဌာန်းကျမ်းကြီး မကူယ်ပရေးကို အစဉ်နှလုံးပြုတော်မူသဖြင့် ပဋ္ဌာန်းကျမ်းဖြင့်ပင်လျှင် နေတံ မမ = ငါပိုင် မရှိပုံ, နေသောဟမသ္မိ = ငါမရှိပုံ, န မေသော အတ္တာ = ခံစားသူ မရှိပုံများကို နည်းအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူခဲ့ပါသည်။

**နေတံ မမ။** ။လူရယ်လို့ဖြစ်လာလျှင် ငါ့အဖေ ငါ့အမေ ငါ့သားငါ့သမီး ငါ့ပစ္စည်း စသည်ဖြင့် ထင်မှတ်စွဲလမ်းကြမည်မှာ ဓမ္မတာပင် ဖြစ်ပါတော့သည်၊ ယင်းသို့ လက်ခံသိမ်းပိုက်ထားခြင်းမှာလည်း သမုတိသစ္စာ အနေဖြင့် အမှန်တရားပင်ဖြစ်ပါသည်၊ ယင်းသို့ အမှန်တရားဖြစ်ပါသောကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် မိဘလုပ်ကျွေးမှုသည် မာတာပိတုဥပဋ္ဌာန မင်္ဂလာ, သားမယား ထောက်ပံ့မှုသည် ပုတ္တဒါရသင်္ဂဟမင်္ဂလာ, ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို စွန့်ကြဲပေးကမ်းလှူဒါန်းမှုသည် ဒါနမင်္ဂလာ စသည်ဖြင့် အမှန်မြတ်ဆုံး မင်္ဂလာများအနေဖြင့် ဟောကြားတော်မူခဲ့ပါသည်၊ ယင်းသို့ အမှန်အမြတ်ဆုံး မင်္ဂလာများအနေဖြင့် လက်ခံထားကြသော ပညတ်နယ်သား လူဆိုသည့် ပုဂ္ဂိုလ် သတ္တဝါများကို—

> "ယောကျ်ား မိန်းမဆိုတာ ပညတ်မျှသာဖြစ်သည်၊ ပရမတ္ထအားဖြင့် ယောကျ်ားဟူ၍ မရှိ၊ မိန်းမဟူ၍ မရှိ၊ ရုပ်နာမ်မျှသာရှိသည်"

ဟု သညာသိမျိုး မဟုတ်ဘဲ ပညာသိမျိုးဖြစ်အောင် ဟောကြားပြသ ဆိုဆုံးမရန် အရေးမှာ မည်မျှ ခက်ခဲလှပေမည်, မည်မျှ နက်နဲလှပေမည်ဆိုသည်ကို

တွေးတောကြံစီရုံမျှပင် စိတ်မောဖွယ်ရာ ကောင်းလှပါတော့သည်၊ ယင်းသို့ပင် နက်နဲလှခြင်းသော်လည်း ဆရာတော်ဘုရားသည် -

"ယောကျ်ား မိန်းမဆိုတာ သဏ္ဍာနပညတ်၊ သမူဟပညတ်၊ ယင်း ပညတ်တရားတွေသည် တကယ်ရှိတရားများမဟုတ်ကြ၊ တကယ်ရှိ တရားများမဟုတ်ကြ၍ ယောကျ်ား မိန်းမဆိုတဲ့ ပညတ်ကို ပရမတ် မျက်စိစိတ်က မမြင်နိုင်ပုံ၊ အဆင်းခါတ်ရူပါရုံကိုသာ မြင်နိုင်ပုံ၊ တကယ်ရှိဆိုသည့် စက္ခုဝိညာဏ်စိတ် ပရမတ်တရားသည်လည်း ခုဖြစ် ခုပျက် အနိစ္စ၊ တပြောင်းလဲလဲ ပြောင်းလဲနေရသောကြောင့် ဒုက္ခ၊ ကောင်းလဲမြင် မကောင်းလဲ မြင်နေရသောကြောင့် အနတ္တ"

စသည်ဖြင့် ပဋ္ဌာန်းဒေသနာတော်ဖြင့် တွဲဖက်၍ ကွက်ကွက်ကွင်းကွင်း ရှင်းလင်း ဟောကြားတော်မူခဲ့ပါသည်။

**နေသောဟမသို့။** ။လူဆိုသည့် သတ္တဝါတွေမှာ မွေးစကလေးကပင် ငါ့ကို မထိနှင့် ထိလျှင်ငိုမှာပဲဆိုသည့် သဘောမျိုးတွေပါလာကြပါသည်၊ ကြီးပြင်း လာတော့လဲ ငါ့ကိုမထိနှင့် မီးပွင့်သွားမည်၊ တိုင်းကြီး ပြည်ကြီး ရာထူးကြီး အာဏာကြီး ရလာပြန်တော့လဲ ငါ့ကိုမထိနှင့် ထိလျှင် ကမ္ဘာကြီးပျက်သွား မည် စသည်ဖြင့် "ငါ"ကို မည်မျှ အသိအမှတ်ပြုထားသည်၊ "ငါ"ဆိုသည့် "ငါ"ဟာ လောကကြီး၌ မည်မျှအရေးပါ အရာရောက်နေပုံကို လွယ်လွယ် ပင် သိနိုင်ကြပါသည်၊ ဤမျှလောက် အရေးကြီးလှသည့်"ငါ"ကို ပယ်ဖျက်ဖို့ အရေးသည်သည်း"ငါ"တလုံးကိုဖျက်က"ငါ" နှစ်လုံးပေါ်လာမည်၊ "ငါ" နှစ်လုံးဖျက်က လေးလုံးပေါ်လာမည်ဆိုသကဲ့သို့ အလွန်မလွယ်ကူသော ပြဿ နာတရပ် ဖြစ်နေပါတော့သည်၊ ဤမျှလောက် ခက်ခဲစေကာမူ ဆရာတော် ဘုရားသည်—

"ငါဆိုတာ ပညတ်ဖြစ်သည်၊ ပညတ်တရားဆိုတာ တကယ်ရှိသော တရားမဟုတ်၊ တကယ်မရှိ၍သာ"ငါကြားသည်"ဆိုရာ၌ ငါဆိုသည့် ပညတ်က မကြားနိုင်ပုံ၊ သောတဝိညာဏ်စိတ် ပရမတ်တရားကသာ ကြားနိုင်ပုံ၊ တကယ်ရှိတဲ့ ကြားစိတ် ပရမတ်သည်လည်း ခုဖြစ်ခုပျက်

အနိစ္စ၊ တပြောင်းလဲလဲ ပြောင်းလဲနေရသောကြောင့် ဒုက္ခ၊ ကောင်းလဲကြား မကောင်းလဲကြားနေရသောကြောင့် အနတ္တ"

စသည်ဖြင့် ပညတ်တရားများမှ ပရမတ်တရားများကို ခွဲထုတ်ဖော်ပြ၍ ကိုယ်တိုင်သိ ဉာဏ်သိ အသိမျိုးသို့ မရောက်ရောက်အောင် ပို့ဆောင်ရှင်းသင်းတော်မူခဲ့ပါသည်။

**နမေ သော အတ္တာ။** ။ကမ္ဘာပေါ်ရှိ လူတိုင်းလူတိုင်း၏ ပန်းတိုင်မှာ ဆင်းရဲဒုက္ခမခံရေးနှင့် ချမ်းသာသုခ ခံစားရရေးတို့သာ ဖြစ်ပါသည်၊ လူတိုင်းလူတိုင်း နေ့စဉ်ကြိုးစည်ပြောဆို လုပ်ကိုင်နေကြသည်မှာလည်း တဆင့်ထက်တဆင့်တက်၍ ချမ်းသာသုခရရေးတို့သာ ဖြစ်ပါသည်၊ ဤမျှလောက်ခံစားမှုကို လိုလားနေကြသည့် တောင့်နေကြသည့် သတ္တဝါများကို ပြုလုပ် စီမံဖန်တီးတတ်သူပုဂ္ဂိုလ်ဆိုတာမရှိ၊ ခံစားစံစားတတ်သူပုဂ္ဂိုလ်ဆိုတာမရှိဟု ဟောကြားပြသ ဆိုဆုံးမရန် အရေးမှာလည်း အခက်အခဲကာလတို့တွင် အခက်အခဲဆုံးပြဿနာတရပ် ဖြစ်နေပါသည်၊ ယင်းသို့ပင် ခက်ခဲငြားသော်လည်း ဆရာတော်ဘုရားသည်—

"ခံစားသူဆိုတာ ပုဂ္ဂလပညတ် သဏ္ဌာနပညတ် သမူဟပညတ်ဖြစ်သည်၊ ပညတ်တရားဆိုတာ တကယ်ရှိတဲ့တရားမဟုတ်၊ တကယ်မရှိ ၍သာ "ငါခံစားသည်" ဆိုရာ၌ ငါဆိုတဲ့ပညတ်က မခံစားနိုင်ပုံ၊ ဝေဒနာစေတသိက်ဆိုတဲ့ ပရမတ်တရားကသာခံစားနိုင်ပုံ၊ တကယ်ရှိတဲ့ ခံစားမှုပရမတ်စေတသိက်သည်လည်း ခုဖြစ် ခုပျက် အနိစ္စ၊ တပြောင်းလဲလဲ ပြောင်းလဲရသောကြောင့် ဒုက္ခ၊ မကောင်းလဲခံ ကောင်းလဲခံရသောကြောင့် အနတ္တ"

စသည်ဖြင့် အထပ်ထပ် အလွှာလွှာ ဖုံးအုပ်၍နေသော ပညတ် တရားများ၌ အကောင်အထည်အစိုင်အခဲ ထင်မြင်နေသော အတ္တဒိဋ္ဌိ ခေတ်ဆိုးကို နည်းအမျိုးမျိုးဖြင့် ပယ်ချိုးကာ မဖြိုမ ပဋိပဒါလမ်းရိုးကို ညွှန်ကြား ပြသတော်မူခဲ့ပါသည်။

**ပဋ္ဌာန်းကျမ်းနှင့် မဇ္ဈိမပဋိပဒါ။** ။ဆရာတော်ဘုရားသည် ပဋ္ဌာန်းဒေသနာကို သင်ကြားနာယူသူတို့အား ပရမတ်ဆန်လွန်းသော အစွန်းတဖက် ပညတ်ဆန်လွန်းသော အစွန်းတဖက် အစွန်းနှစ်ဖက်မှလွတ်သော မဇ္ဈိမ ပဋိပဒါလမ်းကိုလည်း ကရားပွဲတိုင်း၌ ညွှန်ကြားပြသတော်မူခဲ့ပါသည်၊ မှန်ပါသည်၊ပရမတ်ဆန်လွန်းသောသူတို့သည် ပရမတ်သာ အရေးကြီးသည်၊ရုပ်နှင့်နာမ်ကွဲမှအတ္တဒိဋ္ဌိကလွတ်မည်၊ ပညတ်တရားတွေဆိုတာ အရှိတရားတွေမဟုတ်၊ ယောကျ်ားမိန်းမစတဲ့ ပညတ် တရားတွေမြင်နေလျှင် ကိလေသာတွေဝင်လာမည်၊ပညတ်တရားတွေကိုကျော်လွှားပြီး ရုပ်ဓာတ် နာမ်ဓာတ်တွေတဖွဲ့ဖွဲ့ ဖြစ်ပေါ်ပုံကို မြင်မှသာ ဝိပဿနာလမ်းသို့ ရောက်နိုင်မည်ဟု ပညတ်တရားတွေကို လုံးဝ အသိအမှတ်မပြုတော့ပဲ တဖက်အစွန်းသို့ရောက်သွားတတ်ကြပါသည်၊ဆရာတော်ဘုရားသည် အစွန်းနှစ်ဖက်မှ လွတ်စေရန်....

> “ပုဂ္ဂိုလ် သတ္တဝါပညတ်ကို အာရုံပြုမိလျှင် ကျန်းမာပါစေ ချမ်းသာပါစေဟု မေတ္တာပို့ကြ၊ မိမိသန္တာန်၌ ဖြစ်ပေါ်တဲ့ ပရမတ်မေတ္တာစေတသိက်သည်လည်း ခုဖြစ် ခုပျက် အနိစ္စ၊ တပြောင်းလဲလဲ ပြောင်းလဲနေသောကြောင့် ဒုက္ခ၊ ကြာရှည်စွာ ဖြစ်ပေါ်နေရန် အစိုးမရသောကြောင့် အနတ္တ”

စသည်ဖြင့် ပညတ်ကိုလည်း မပယ် ပရမတ်ကိုလည်းမတွယ်ပဲ အလယ်တည့်တည့်ဖြစ်သည့် မဇ္ဈိမပဋိပဒါလမ်းကို ညွှန်ကြားပြသ ဆုံးမတော်မူခဲ့ပါသည်[၁]။

**အပယ်ဘေးနှင့် အတ္တဒိဋ္ဌိ။** ။ဆရာတော် ဘုရားသည် ပဋ္ဌာန်းဒေသနာတော်ကို သင်ကြားနာယူသူတို့အား အပါယ်ဘေးမှလုံးဝလွတ်ကင်းစေလိုသည်၊ အပါယ်ဘေးနှင့်သေခန်းရှင်ခန်းဖြတ်ရန်မှာလည်း အတ္တဒိဋ္ဌိမကွာပဲ မဖြတ်နိုင်၊ အတ္တဒိဋ္ဌိ ကွာရေးဆိုသည်မှာလည်း အပြောလွယ်သလောက် အလုပ်စခန်းတွင် ဉာဏ်အမြင်ပေါက်ရန်မလွယ်ကူကြောင်း သိရှိတော်မူသည်၊ ယင်းသို့ သိရှိတော်မူသဖြင့် တရားပွဲတိုင်းမှာပင်....

---

၁·သာဓကကို နိဒါန်းအဆုံးတွင် သီးသန့်ပြထားသည်။

နေတံ မမ = န ဧတံ မမ။

နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ။

န မေသော အတ္တာ = န မေ ဧသော အတ္တာ။

ဟု အတ္တဒိဋ္ဌိပြုတ်ရေး အလုံ့စခန်းကို အကြိမ်ပေါင်း ရာထောင်မက ထည့်သွင်း ဟောကြားတော်မူခဲ့ပါသည်၊ ယင်းသို့ ဟောကြား ပေးသနားတော်မူခဲ့သော တရားတော်များကို ထပ်ပွားနာယူနိုင်ကြစေရန် ရည်သန်ကာ တရားပွဲတိုင်း၌ အသံသွင်းကြိုးခွေဖြင့် ဖမ်းယူထားရှိခဲ့ကြပါသည်။

**ပဋ္ဌာန်းအခြေခံ ဝိပဿနာကျမ်း။** ။ယင်းသို့အသံသွင်းကြိုးခွေဖြင့် ဖမ်းယူထားရှိခဲ့သော်လည်း မပြတ်မသား မရှင်းလင်းပဲ ရှိနေသဖြင့် ဟောကြားပြီးသော တရားတော်များကို စုပေါင်းရေးသား ဖြင်ဆင် ပေးတော်မူပါရန် ဆရာတော်အားလျှောက်ထားတောင်းပန်၍ ကျမ်းစာအုပ် တအုပ် အနေဖြင့် ပုံနှိပ်ထုတ်ဝေရပါက အကြောင်းအမျိုးမျိုးကြောင့် တရားပွဲသို့ မလာမရောက် နိုင်ကြသည့် သူတော်စင်အပေါင်းတို့သည်လည်း အတ္တဒိဋ္ဌိ ကွာဝေး၍အပါယ် ဘေးနှင့် သေခန်းမှင်ခန်း ဖြတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်လျက် ရန်ကုန်မြို့ ကန်တော်ကြီးစောင်း ဦးဖိုးစိန်လမ်း အမှတ်(၅)နေ ဆရာတော်၏ စတုပစ္စယ ဒါယကာ ဒါယိကာမများဖြစ်ကြသော ဦးမောင်မောင်ငွေး+ဒေါ်ညွန့်ညွန့်နှင့် သားသမီးများက ဆရာတော်ဘုရား၏ခွင့်ပြုချက်အရ ''ပဋ္ဌာန်းအခြေခံဝိပဿနာ ကျမ်း''ယူသော အမည်ဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

**မှာထားချက်။** ။ဤကျမ်းစာအုပ်ကို စီစဉ်ရေးသား ပုံနှိပ်ထုတ်ဝေခြင်းမှာ ဟောကြားပြီးသော တရားတော်များက စုပေါ။းထုတ်ဝေခြင်းဖြစ်သဖြင့် တရားအစီအစဉ် ရှေ့နောက် မညီညွတ်ခြင်း, တနေရာတွင် ပါပြီးဖြစ်ပါလျက် အခြားအနေရာ၌ ပြန်ပါခြင်း စသော ကျမ်းစာအုပ်ရေးနည်း ဥပဒေသများ နှင့် မညီညွတ်သော အချက်အလက်များကို ဖက်ရှုသူများ တွေ့ရှိကောင်း တွေ့ရှိပါလိမ့်မည်၊ ယင်းသို့ တွေ့ရှိပါလျှင် တရားပွဲတပွဲ ပြီးဆုံးသွားပြီး နောက်တရားတပွဲ တခုထပ်မံ

ဟောကြား နေ့်သကဲ့သို့ သဘောထားကာ ရှိသေစွာနာယူကြစေလိုပါကြောင်း  လေးစားစွာဖြင့်  မှာထားအပ်ပါသည်။

မောင်မောင်ငွေး

၁၃၃၁·ခု၊ မြန်မာနှစ် ဆန်း(၁)ရ က်။ ကဆုန်လဆန်း(၁)ရက်။ ၁၆-၄-၆၉။

## စာမျက်နှာ ၄၃-မှတ်ချက်

ပညတ်ကိုလည်းမပယ်, ပရမတ်ကိုလည်းမတွယ် အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းပြသာဓကကား—

ဆဋ္ဌသင်္ဂါယနာ အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန် (ဆဋ္ဌမူ) စာမျက်နှာ ၃၇၁-၃၇၀ တာဝဂ် အင်္ဂုတ္တရ ကောသလသုတ် ပုဒ်အမှတ်-၃၇၅-

ထိုအခါ၌ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ပြောဆို၏ (ပ) "အရှင်ဂေါတမ၊ အကျွန်ုပ်သည်ကား မိမိပြုအပ်သောအမှုကိစ္စသည် မရှိ၊ သူတပါးတို့ပြုအပ်သော အမှုကိစ္စသည် မရှိဟု ဤသို့ ဆိုလေ့ရှိပါသည်၊ ဤသို့ ယူလေ့ရှိပါသည်" ဟုလျှောက်၏။

အိုပုဏ္ဏား၊ ငါဘုရားသည် ဤသို့ ဆိုလေ့ရှိသူ၊ ဤသို့ယူလေ့ရှိသူကို မြင်လည်းမမြင်ဘူး၊ ကြားလည်း မကြားဘူး။ မိမိသည် (ဝါ) ကိုယ်တိုင်ပင်လျှင်ရှေ့သို့တက်ပါလျက်၊ မိမိသည် (ဝါ) ကိုယ်တိုင်ပင်လျှင် နောက်သို့ဆုတ်ပါလျက် အဘယ့်ကြောင့် မိမိပြုသော အမှုကိစ္စသည် မရှိ၊ သူတပါးပြုသော အမှုကိစ္စသည် မရှိဟု ဤသို့ ဆိုဘိသနည်း။

အိုပုဏ္ဏား၊ ထိုအရာကို သင်-အဘယ်သို့ မှတ်ထင်သနည်း၊ ရှေးဦးစွာ အားထုတ်မှုသဘော (အာရဗ္ဘဓာတ်) သည် ရှိသလောဟု (မေးတော်မူ၏)။ အရှင်ဘုရားရှိပါ၏၊ ရှေးဦးစွာ အားထုတ်သောသဘော (အာရဗ္ဘဓာတ်) ရှိလျှင် ရှေးဦးစွာ အားထုတ်မှုသဘော (အာရဗ္ဘဓာတ်)နှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် ထင်ရှားရှိကုန်သလောဟု (မေးတော်မူ၏) အရှင်ဘုရားရှိပါ၏။ အို ပုဏ္ဏား၊ ရှေးဦးစွာအားထုတ်မှုသဘော အာရဗ္ဘဓာတ်ရှိလျှင် ရှေးဦးစွာ အားထုတ်မှုသဘော(အာရဗ္ဘဓာတ်)နှင့် ပြည့်စုံကုန်သောသတ္တဝါတို့သည် ထင်ရှားရှိကုန်၏၊ (ပါဠိတော်၌ ပညာယန္တိ၊ရှိ၏။ ပညတ်အပ်ကုန်၏ ဟုမြန်မာပြန်နိုင်သည်)။ ဤသည်လျှင် သတ္တဝါတို့၏ မိမိပြုသော အမှုကိစ္စတည်း၊ ဤသည်လျှင် သူတပါးတို့ ပြုသော အမှုကိစ္စတည်းဟု (မိန့်တော်မူ၏)။

(အယံ ခေါသတ္တာနံ အတ္တံကာရော ပရကာရော) ။ပ။ အရှင်ဂေါတမ (တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏)။

**မှာထားချက်။** ၊ဤကား "နတ္ထိအတ္တကာရ, နတ္ထိ–ပရကာရ" အယူကို ဘုရားသခင် ကျေးဇူးရှင်က "အာရဗ္ဘဝတ္ထော" အရ အများပြောအမှန် သမုတိသစ္စာ ပညတ်ကိုလည်း မပယ်။ ။'အာရဗ္ဘဓာတု' အရ တရားသဘော အမှန် ပရမတ္ထသစ္စာ ပရမတ်တရားတို့ကိုလည်း မတွယ် (ဝါ) မပယ်၊ အလယ်အလတ် မဇ္ဈိမပဋိပဒါ (မဂ္ဂင်ရှစ်ပါး) အသိနှင့် အကျင့်တရားကို ဟောတော်မူပုံ သာဓက ပါဠိတော် ဖြစ်ပေသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋ္ဌာန်းအခြေခံ ဝိပဿနာ

# ဒုတိယ နှိပ်ခြင်း နိဒါန်း

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး၏ မစိုးရိမ် ကျောင်းတိုက် နာယက ဌာနန္တရကို ဆက်ခံတော်မူရသော အဂ္ဂမဟာပဏ္ဍိတ၊ ပာဠ္ဍန်း ဆရာတော် ဘုရားသည် အာရောဂျတ္တာယ၊ ဝယအာယုပဗ္ဗကြောင့် ဆေးသက်သာ ချမ်းသာစွာသီတင်းသုံးရာ မစိုးရိမ်ကျောင်းတိုက်မှ ရန်ကုန်သို့ ခရီးဝေးကိုရွေးကလို မကြွရောက်သောကြောင့် အောက်မြို့ဒေသကဓမ္မဒါယကာ ဓမ္မဒါယိကာမများ ဆရာတော်ဘုရား တရားတော်ကို မနာယူရသည် ကြာပြီ၊ တကြောင်းမှာလည်း—

ပထမနှိပ် ပဋ္ဌာန်း အခြေခံစာအုပ်(၅၀၀၀) သည် လပိုင်းအတွင်း ထုတ်ဝေပြီးသည်မှာ သာသနာ ၂၅၁၄၊ ကောဇာ ၁၃၃၂၊ ဝေါဟာရ ဇွန်လ ၁၉၇၀-ခုနှစ်က ဖြစ်ပါသည်။

ဆရာတော်ဘုရားကိုယ်တိုင် ကြည့်ရှုပြင်ဆင်ဖြည့်စွက်သော စာမျက်နှာ စာကြောင်းရေစါပုဒ်တို့ကို ဒုတိယနှိပ်ခြင်းတွင် အောက်ပါအတိုင်း ပါဝင်ပါသည်၊ ပထမနှိပ်စာအုပ်ရသူများ ပြင်ဆင်ချက်ဖြည့်စွက်နိုင်ရန် ထည့်သွင်း ဘော်ပြလိုက်ပါသည်။

၁။ စာမျက်နှာ – ၁၁ ကြောင်းရေ ၁၁– မှ

အတ္တ–အနတ္တ-ကွဲပါစေ ဆိုရာ၌၊ အတ္တ ရှိ၍ ဆိုသည်မဟုတ်၊ အတ္တဟု ထင်မြင်မှောက်မှားနေသော အတ္တဒိဋ္ဌိကိလေသာ အတ္တဝါဒ ဥပါဒါန်ကို

(ဈ) ဒုတိယနှိပ်ခြင်းနိဒါန်း

သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့် သိမြင် ပယ်စွန့်နိုင်စေရန်အတွက် ပြောဆိုရသော စကားဖြစ်ပေသည်။

၂။ စာမျက်နှာ–၁၅ ကြောင်းရေ ၃– အောက်မှာထည့်ပါ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ရတနတ္တယံ အဟံ ဝန္ဒာမိ

ပဉ္စဂုဏံ အဟံ ဝန္ဒာမိ

ပဉ္စသီလ သိက္ခာပဒံ သမာဒိယာမိ (ဤကား သီလဝိသုဒ္ဓိ)

(ထုံးစံအတိုင်း အကျယ်ဆောက်တည်ပါ)

သဗ္ဗေ ဘဒြာနိ ပဿန္တု၊

(အကျွန်ုပ်တို့နှင့်တကွ အယုတ် အလတ် အမြတ်မရွေး ပုပ္ဖရွှ သတ္တဝါ၊ မှန်သမျှတို့သည် ကောင်းမြတ်သော အာရုံခြောက်ပါးတို့နှင့် တွေ့ကြုံကြကုန်သည်ဖြစ်၍ ကုသိုလ်ရခါ ဝမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ကုသိုလ်ရခါ ဝမ်းသာရပါလိုကုန်၏။ ချမ်းသာရပါလိုကုန်၏။) (ဤကားစိတ္တဝိသုဒ္ဓိ)

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိ၊ ဝိသုဒ္ဓိခုနစ်ပါး၊ ရထားခုနစ်စင်းတို့ဖြင့် မအို-မနာ-မသေသော နိဗ္ဗာန် အမတဓါတု အသင်္ခတဓာတ်သို့ ပေါက်ရောက်အောင် သွားရကြောင်းကို ရထ ဝိနိတ သုတ်၌ ဟောတော်မူသည်။

၃။ စာမျက်နှာ – ၅၈ ကြောင်းရေ ၁၉။

အမှန်ကို....အဟုတ်အမှန်ကို ဟုပြင်။

ကြောင်းရေ ၂၀။

ဟု (အက္ခရာပိုနေသည်)။

အတ္တဒိဋ္ဌိ - ခဏ်ဆိုး မြင်သလို၊

၄။ စာမျက်နှာ- ၆၂၊ ကြောင်းရေ ၂၀။

အစုံပါသည်ကိုအနံ့ပါသည်ဟု ပြင်ပါ။

၅။ စာမျက်နှာ - ၇၃။ ကြောင်းရေ ၁၅။

ပုဗ္ဗာမုဋ္ဌ - ပရကြည်စွာ- သုံးဖြာသီးသီး၊

ဖန်တီးစေတနာ ကို-

ပုဗ္ဗာ-မုဋ္ဌ ပရကြည်စွာ စေတနာ။

သုံးဖြာသီးသီး ဘန်။ ဟု ပြင်ပါ။

၆။ စာမျက်နှာ - ၉၆။ ကြောင်းရေ - ၆။

စက္ခုဝိညာဏခေတ်- ကို

သောတဝိညာဏခေတ်။ ဟု - ပြင်ပါ။

၇။ စာမျက်နှာ - ၉၉။ စာကြောင်းရေ (၁၁) ၌ ထည့်စွက်ပြင်ဆင်ရန်။

သဗ္ဗောမ္ဘာ အနတ္တာဟူ၍-။

ဟောတော်မူသည့်အတိုင်း အတ္တာဟူ၍မရှိ စင်စစ်အားဖြင့် ခန္ဓာ ၅-ပါး အာယတန ၁၂ ပါး၊ ဓာတ် ၁၈ပါး၊ ရုပ် နာမ် ၂ ပါးမျှသာ ရှိသည်။ သို့သော်လဲ ခန္ဓ ပဉ္စက မုပါဒါယ၊ ပုရိသပုဂ္ဂလာဒိကာ။ (အဘိဓမ္မတ္တာသင်္ဂဟ အဋ္ဌကထာ) စသော ကျမ်းဂန်များအရ။ ထိုခန္ဓာ ၅-ပါး၊ ရုပ်နာမ်တရားတို့ကို အတ္တာဟူ၍ ထင်မြင်မှောက်မှားနေသော (ဝါ) အထင်အမြင်မှား၍ နေသော အတ္တဒိဋ္ဌိကိလေသာ အတ္တဝါဒ ဉပါဒါန်၊ အကုသိုလ်တရား ရှိ၍နေပေသည်။ ထို့ကြောင့် ထိုအတ္တဒိဋ္ဌိကိလေသာ အတ္တဝါဒ ဉပါဒါန်၊ အကုသိုလ်တရား တို့ကို သမ္မာဒိဋ္ဌိစသော မဂ္ဂင် ၅ ပါး။ မဂ္ဂင် ၈ ပါးတို့ဖြင့် ပယ်စွန့်နိုင်ရန် အလို့ငှာ အတ္တ-အတ္တ-အနတ္တ အနတ္တ ဟူ၍ ဟောတော်မူရသည်။ အတ္တရှိ၍

ဟောတော်မူသည်မဟုတ်။ အတ္တဟူ၍မရှိခြင်းကို သိစေလို၍ နားလည်စေလို၍ ဟောတော်မူခြင်း ဖြစ်ပေသည်။

၈။ စာမျက်နှာ (၁၀၀)။ ကြောင်းရေ ၁ မှ ၁၀ အထိ မူရင်းအတိုင်း ထည့်ပြီးလျှင် ၎င်းဝါကျနောက်မှ ဆက်လက်၍ အောက်ပါ စကားရပ်တို့ကို ထည့်သွင်းလိုပါသည်။ (အသစ်ထပ်မံထည့်သွင်းရန်မှာ)

အိုသူတော်ကောင်းတို့ တခါထပ်၍ပြောပါဦးမည်၊ အတ္တဟု အထင်မှား အမြင်မှားနေသော အတ္တဒိဋ္ဌိ စေတသိက် ကိလေသာ၊ အတ္တဝါဒ၊ ဥပါဒါန် အကုသိုလ်အညစ်အကြေး အပူအလောင်ဓာတ်ကို ပယ်သတ် နိုင်ရန်အတွက် အမြင်မှန် သမ္မာဒိဋ္ဌိ ဉာဏ်ရရှိဘို့ လိုအပ်လှပေသည်။ ထိုသမ္မာဒိဋ္ဌိ ဉာဏ်အမြင် ရရှိရန်အတွက် ရည်သန်၍ အတ္တကိုထည့်သွင်း၍ ထည့်သွင်း၍ ဟောပြော ရပေသည်၊ ဟောပြောရခြင်း ဖြစ်ပေသည်၊ အတ္တရှိ၍ ဟောပြော ရသည် မဟုတ်။

အတ္တမရှိပါဘဲလျက် အတ္တဟု အမြင်မှောက်မှားနေသော အတ္တဝါဒ ဥပါဒါန် အတ္တဒိဋ္ဌိကိလေသာကို ပယ်ဖျက်နိုင်ရန် ဟောပြောရခြင်းဖြစ် ပေသည်။

၉။ ၁၅၁ စာကြောင်း - ၂။
  သဟဇာတပစ္စယော - ကို။
  သဟဇာတ ပစ္စယေန ပစ္စယော - ဟု ပြင်ရန်။

၁၀။ ၁၅၂ စာကြောင်းရေ- ၁၁။
  ရေ မြေ့ တိ၊ ခဲ တစ်၊ ခက်မ၊ ဖြစ်။
  ရင့်၊ လစ်၊ ငါးသတ္တာ။
  ဟု စာပိုဒ်အရှည် ထည့်ပေးရန်။

၁၁။ ၁၅၄ ကြောင်းရေ ၁၃

လက်ရှိ ရှိသည်ကို ပြင်၍
လက်ဦး ရှိသည်ကို - ဟု ပြင်ဆင်ရန်။

ဆရာတော်ဘုရားနှင့် ပထမထုတ်ဝေသူ၏မူလ ရည်ရွယ်ချက် သဒ္ဓါတရားနှင့် အညီ သက်သာသော စာအုပ်အဖိုးနှုန်းမှန်နှင့် ဓမ္မပရိသတ်များ လွယ်ကူ သက်သာစွာရရှိ ဖတ်ရှု မှတ်သားနည်းယူ ကျင့်ကြံ ရှုပွါးနိုင်ကြ စေကုန် သတည်း။

အရှင်ကုံဏ္ဍလ

(လေးမျက်နှာ)

၁၃၄၀-တော်သလင်းလဆန်း ၄-ရက်၊

၁၉၇၈-စက်တင်ဘာလ ၃-ရက်၊

ပဋ္ဌာန်အခြေခံ ဝိပဿနာကျမ်း

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဏာမ | | ၁ |
| ၁။ အပူဓာတ်၌ ဝိပဿနာရှုပုံ | ၂ | ၁၅ |
| ၂။ စားရင်းသောက်ရင်း ဝိပဿနာရှုပုံ | ၁၅ | ၂၂ |
| ၃။ မြေလျှင်လှုပ်မှု၌ ဝိပဿနာရှုပုံ | ၂၃ | ၂၉ |
| ၄။ ရင်ခုန်မှု နှလုံးခုန်မှု၌ ဝိပဿနာရှုပုံ | ၂၉ | ၃၆ |
| ၅။ ကြားမှု၌ဝိပဿနာရှုပုံ | ၃၇ | ၄၀ |
| ၆။ မြင်သိမှု၌ ဝိပဿနာရှုပုံ | ၄၁ | ၄၃ |
| ၇။ ကြားသိမှု၌ ဝိပဿနာရှုပုံ | ၄၄ | ၄၅ |
| ၈။ နံ့သိမှု၌ ဝိပဿနာရှုပုံ | ၄၆ | ၄၇ |
| ၉။ အရသာသိမှု၌ ဝိပဿနာရှုပုံ | ၄၇ | ၄၉ |
| ၁၀။ အတွေ့အထိသိမှု၌ ဝိပဿနာရှုပုံ | ၅၀ | ၅၁ |
| ၁၁။ ပုညကြိယာဆယ်ပါးပြုလုပ်သောအခါ အတ္တဒိဋ္ဌိ ပယ်ပုံ | ၅၂ | ၆၃ |
| ၁၂။ အတ္တ ရှိမရှိ စိစစ်ပြပုံ | ၆၃ | ၆၅ |
| ၁၃။ စားရင်း-သောက်ရင်း ဝိပဿနာရှုပုံ | ၆၆ | ၇၇ |
| ၁၄။ ဟေတုပစ္စည်း၌ ဝိပဿနာရှုပုံ | ၇၈ | ၈၅ |
| ၁၅။ လောဘစေတသိက်၌ ဝိပဿနာရှုပုံ | ၈၅ | ၉၀ |
| ၁၆။ စိတ္တာနုပဿနာသတိပဋ္ဌာန်ရှုပုံ | ၉၀ | ၉၁ |
| ၁၇။ ဝေဒနာနုပဿနာသတိပဋ္ဌာန်ရှုပုံ | ၉၂ | ၉၆ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၈။ ပဋိသန္ဓေနာမ်ရုပ်၌ ဝိပဿနာရှုပုံ | ၉၇ | ၁၂၃ |
| ၁၉။ လယ်တီဆရာတော်ဘုရားကြီး၏ ဓာတ်ဝိပဿနာရှုပုံ | ၁၂၄ | ၁၂၆ |
| ၂၀။ အာပေါဓာတ်၌ ဝိပဿနာရှုပုံ | | ၁၂၇ |
| ၂၁။ တေဇောဓာတ်၌ ဝိပဿနာရှုပုံ | ၁၂၈ | ၁၂၉ |
| ၂၂။ ဝါယောဓာတ်၌ ဝိပဿနာရှုပုံ | | ၁၃၀ |
| ၂၃။ ဇရတာရုပ်၌ ဝိပဿနာရှုပုံ | ၁၃၁ | ၁၃၅ |
| ၂ ။ ဓ-တ်ဝိပဿနာရှုနည်းပဋ္ဌာန်းဆိုရိုး | | ၁၃၆ |
| ၂၅။ အတိုက်ဓာတ် ရူပါရုံ၌ ဝိပဿနာရှုပုံ | | ၁၃၇ |
| ၂၆။ အခံဓာတ်စက္ခုပသာဒ၌ ဝိပဿနာရှုပုံ | | ၁၃၈ |
| ၂၇။ အပွင့်ဓာတ် စက္ခုဝိညာဏ်၌ ဝိပဿနာရှုပုံ | | ၁၃၉ |
| ၂၈။ အတိုက်ဓာတ်သဒ္ဒါရုံ၌ ဝိပဿနာရှုပုံ | ၁၄၁ | ၁၄၂ |
| ၂၉။ အခံဓာတ် သောတပသာဒရုပ်၌ ဝိပဿနာရှုပုံ | ၁၄၂ | ၁၄၃ |
| ၃၀။ အပွင့်ဓာတ် သောတဝိညာဏ်၌ ဝိပဿနာရှုပုံ | ၁၄၄ | ၁၄၅ |
| ၃၁။ အတိုက်ဓာတ်ဂန္ဓာရုံ၌ ဝိပဿနာရှုပုံ | ၁၄၆ | ၁၄၇ |
| ၃၂။ အခံဓာတ် ဃာနပသာဒရုပ်၌ ဝိပဿနာရှုပုံ | ၁၄၇ | ၁၄၈ |
| ၃၃။ အပွင့်ဓာတ် ဃာနဝိညာဏ်၌ ဝိပဿနာရှုပုံ | | ၁၄၉ |
| ၃၄။ အတိုက်ဓာတ်ရသာရုံ၌ ဝိပဿနာရှုပုံ | ၁၅၀ | ၁၅၁ |
| ၃၅။ အခံဓာတ် ဇိဝှါပသာဒ၌ ဝိပဿနာရှုပုံ | | ၁၅၂ |
| ၃၆။ အပွင့်ဓာတ် ဇိဝှါဝိညာဏ်၌ ဝိပဿနာရှုပုံ | ၁၅၃ | ၁၅၄ |
| ၃၇။ အတိုက်ဓာတ် ဖောဋ္ဌဗ္ဗာရုံ၌ ဝိပဿနာရှုပုံ | ၁၅၄ | ၁၅၆ |
| ၃၈။ အတိုက်ဓာတ်ဓမ္မာရုံ၌ အတ္တဒိဋ္ဌိခွါပုံ | | ၁၅၇ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃၉။ အခံခေတ် မနောဘဝင်၌ ဝိပဿနာရှုပုံ | | ၁၅၈ |
| ၄၀။ အပွင့်ခေတ် မနောဝိညာဏ်၌ ဝိပဿနာရှုပုံ | ၁၅၉ | ၁၆၀ |
| ၄၁။ အကုသိုလ် အပူခေတ်၌ ဝိပဿနာရှုပုံ | ၁၆၀ | ၁၆၉ |
| ၄၂။ လယ်တီခေတ်ကမ္မဋ္ဌာန်းဆောင်ပုဒ် | ၁၆၉ | ၁၇၀ |
| ၄၃။ ပထဝီ အာပေါခေတ်နှစ်ပါးတွဲစပ်ပုံ | ၁၇၁ | ၁၇၂ |
| ၄၄။ ဆံပင်၌ ခေတ်ရှစ်ပါးခွဲပုံ | | ၁၇၃ |
| ၄၅။ ကြွင်းကောဋ္ဌာသတို့၌ ခေတ်ရှစ်ပါးခွဲပုံ | ၁၇၄ | ၁၇၅ |
| ၄၆။ နိဂုံးနှင့်ဆုတောင်း | ၁၇၅ | ၁၇၆ |

# ပဋ္ဌာန်းအခြေခံ ဝိပဿနာ

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာ သမ္ဗုဒ္ဓဿ**

**ပဏာမ**

ဉာဏာဉာဏဝိလာသဂ္ဂ-
ဉာဏစိန္တေယျသံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊
သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဓဇလဒ္ဓလဒ္ဓုံ၊
နမာမိ မမ အာစရိံ။

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော တရားတော်, အရိယာသံဃာတော်နှင့် တကွသော ပကတိသောဉာဏ် အတုမရှိသော ဉာဏ် အလွန်တင့်တယ်သောဉာဏ် မကြံစည်နိုင်သော ဉာဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပြီးလျှင် အတုမရှိသော သီလဂုဏ်တော်အနန္တ အတုမရှိသော သမာဓိဂုဏ်တော်အနန္တ အတုမရှိသော ပညာဂုဏ်တော် အနန္တနှင့်လည်း ပြည့်စုံတော်မူဖေသော ကျေးဇူးတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

သက်တော်ရာကျော် ရှည်တော်မူလတံ့သော ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားအား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## ၁။ အပူခေတ်၌ ဝိပဿနာရှုပုံ

"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ" စသည်ဖြင့် ဟောတော်မူထားသည့် သတိပဋ္ဌာနသုတ်ပါဠိတော်အရ သောကဆိုတဲ့စကားကို စဉ်းစားကြစို့။

"သောက" ဆိုတာ ပါဠိတော်စကားပါ၊ မြန်မာလိုပြန်တော့ "ပူသည်" "ဆွေးသည်" "ဝမ်းနည်းသည်" "ငိုချင်သည်" ဉာတိဗျသန စသည်သင်းပင်း ကွေကွင်းခြင်းကြောင့် မကင်းစသာ ကြုံကြိုက်ပါသော် ပူဆာသောက-ဟူ၍ ဆိုသည့်အတွက်ကြောင့် ဥစ္စာပစ္စည်းများ ပျက်စီးသည့် အတွက်ကြောင့် ပူပင်သောက ဖြစ်ကြရပါသည်၊ အဲဒီလိုဖြစ်တတ်သည့် ပူပင်ကြရသည် ဆိုတာ မျိုးကိုတော့ အများဘဲ သိကြပါသည်၊ နားလည်ကြပါသည်၊ ပူပင်သောက ဖြစ်ကြတဲ့အခါ ကြုံကြတဲ့အခါမှာ ပူမှုသည် ငါ့ဥစ္စာ၊ "တော်မမ" ဆိုတာ ဒါပါဘဲ။

ငါမို့လို့ ပူပင်သောက ဖြစ်ရတာ၊ တခြား သူတွေ ငါလောက် မပူပင်ကြရပါဘူး၊ လောကမှာ ငါအပူဆုံးပါဘဲ၊ ဒီအပူသောက ငါ့မှာ ဘယ်တော့မှ ပျောက်မှာ မဟုတ်ပါဘူး၊ သေတောင်ပျောက်မှာ မဟုတ်ပါဘူးရယ်လို့ တချို့များ သနားစရာ စိတ်နောက်သွားတတ်ကြပါသည်၊ ရူးသွားတတ်ကြပါသည်၊ တချို့များဘယ်လောက် သနားစရာ ကောင်းလိုက်သလဲ၊ အဆိပ်များတောင် သောက် သေတတ်ကြပါသည်၊ ရေထဲဆင်းသေ မီးထဲဆင်းသေ စသည်ဖြင့် သေသည်အထိ ဒုက္ခဖြစ်ရှာကြပါသည်။ ရှေးရှေး နိပါတ်တော် ရာဇဝင်များမှာလဲ ဒီအဖြစ်အပျက်မျိုးတွေ တွေ့ဘူးကြပါလိမ့်မည်၊ ယခုအခါ သတင်းစာ မဂ္ဂဇင်းဂျာနယ် စသည်များမှာလည်း မကြာခဏ ပူပင်မှု စိတ်သောကကြောင့် ဒုက္ခရောက်ကြပုံများကို တွေ့မြင် ဖတ်ရှုကြရ လျက်ပါဘဲ၊ "သောဟမသ္မိ" ဆိုတာ ဒါပါဘဲ။

အပူသောကသည် ငါပါဘဲ၊ ငါသည် အပူသောကဘဲ၊ အပူသောကပေါ်မှာ ငါမှီသည်၊ ငါ့အပေါ်မှာ အပူသောကမှီသည်၊ ပူမှုနှင့်ငါ ငါနှင့်ပူမှု ခွဲခြားလို့ကို မရတော့ဘူး၊ "သော မေ အတ္တာ" ဆိုတာ ဒါပါဘဲ။

အဲ့ အဲ့ဒီ အချက်အတွက် ရှင်းလင်း ဟောပြောဘို့ အကွက်ဆိုက် လာပါပြီ။

အို ဓမ္မ ဒါယကာ ဓမ္မ ဒါယိကာမ အပေါင်း သူတော် ကောင်း တို့၊ "ငါပူသည်"ဆိုတဲ့ အချက်ကိုရှင်းလင်းရန် လိုလာပါပြီ။

(၁) ငါရယ်, ပူမှုရယ်။

(၂) ပူမှုရယ်,ငါရယ်—၂ မျိုး ၂-စား ရှိပါလျက်နှင့် တမျိုးတည်း တပေါင်းတည်းပြု၍ "ငါ ပူသည်, ငါပူလှချည့်ရဲ့"လို့ ပြောလဲ ပြောကြပါသည်၊ ထင်မြင်လဲ ထင်မြင်ကြပါသည်၊ မှတ်သားလဲ မှတ်သားကြပါသည်၊ သည်ဟာတွေဟာ အထင်မှားမှု အမြင်မှားမှု စင်စစ်ဖြစ်ပေသည်။

ဒီအမြင်မှားမှုကို (ဝါ) အတ္တဒိဋ္ဌိကို အကြောင်းအကျိုးနှင့်တကွ အမြင်မှန်မှု သမ္မာဒိဋ္ဌိကမှ ပယ်ရှားသုတ်သင် စင်ကြယ်သန့်ရှင်းစေ နိုင်ပါသည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ အကြောင်းအားလျော်စွာ စုပေါင်း၍ နေမှုကို ငါကောင် သူကောင် ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူ၍ အမည်ပေးထားကြပါသည်၊ သမုတ်၍ ထားကြပါသည်၊ ပညတ်၍ ထားကြပါသည်၊ ထို့ကြောင့် "ငါ"ဆိုတာက သဏ္ဌာနပညတ် သမူဟပညတ် ပုဂ္ဂလပညတ် ပုရိသပညတ် ကြတ္တိယပညတ် ဖြစ်ပါသည်၊ အများ ပြောအမှန် သမုတိသစ္စာ အမှန်ပါဘဲ၊ မူလတန်းအသိ ခလေးသိ သိတဲ့ အသိလို့ ဆိုလိုပါသည်၊ ဤပူမှုသောကသည်ကား ဒေါမနဿဝေဒနာ စေတသိက် ပရမတ် အစစ်ပါဘဲ။

(ဓာတုကထာပါဠိတော် စာမျက်နှာ ၁၃၊ ၎င်း အရကောက်ကျမ်း စာမျက်နှာ ၄၅၇၊ ပဒ အမှတ် ၇၂ မှာရှုလေ။)

တရားသဘောအမှန် ပရမတ္ထ သစ္စာတရားပါ၊ ဥပမာ- အလယ်တန်း-ကျောင်းသူကျောင်းသားများရဲ့ အသိမျိုး အလိမ္မာမျိုးပါ၊ နောက်ပြီး ဥပမာ အထက်တန်း ကျောင်းသူကျောင်းသားများရဲ့ အသိမျိုး (ဝါ) အတန်းပိုင်ဆရာ ကျောင်းအုပ် ဆရာကြီးများရဲ့ အသိ အလိမ္မာမျိုးကတော့ အရိယသစ္စာဘဲ၊ ဘုရားသခင်စသော အရိယာပုဂ္ဂိုလ်တို့၏ အသိဉာဏ်မျိုးပါ၊ ဒီနေရာမှာတော့ အရိယာသစ္စာကို ရှင်းလင်းဘို့မလိုသေးပါ၊ အများပြော အမှန် သမုတိသစ္စာ နှင့် တရားသဘောအမှန် ပရမတ္ထသစ္စာတို့ကိုသာ ခွဲခြား ရှင်းလင်းပြဘို့ လိုပါသည်။

အဲဒါကြောင့် "ငါပူသည်"၌ ငါကလူ ပုဂ္ဂလပညတ် ပုံသဏ္ဌာန် ရှိလို့ သဏ္ဌာနပညတ် ရုပ်တွေနာမ်တွေ စုပေါင်းနေလို့ သမူဟပညတ် ယောကျ်ား ဆိုလျှင် ပုရိသပညတ် မိန်းမဆိုလျှင် ဣတ္ထိယ ပညတ်။

ပူမှုက ဒေါမနဿဝေဒနာ စေတသိက်ပရမတ်, ငါက ပညတ်တရားဖြစ်၍ သစ်တအသစ်တဟု မဆိုရပါ၊ မဆိုနိုင်ပါ။

ပူမှုက ဒေါမနဿဝေဒနာစေတသိက် ဓမ္မဓာတ် သစ်တဓာတ် ပရမတ်မှန် ခြင်းကြောင့် ခတ်မြန်မြန် ဖြစ်၍ပြပါသည်၊ ပျက်၍ပြပါသည်၊ ပူမှု သောက၏ အသက်တမ်းက အလွန်တရာ တိုတောင်းလှပါသည်။

**ဆောင်ပုဒ်။** ။ပရမတ်အလုပ်၊ ပညတ်ပြုတ်၊ ခွဲထုတ်မြင်သိ၊ သမ္မာဒိဋ္ဌိ။

အို ဓမ္မဒါယကာ ဓမ္မဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ဆိုကြပါ စို့-အမိအဖ အဘိုးအဖွား ဆွေမျိုးဉာတကာ ပျက်စီးဆုံးပါးမှု ဉာတိဗျသန ကြောင့် ဖြစ်စေ ရွှေ ငွေ ဥစ္စာ စည်းစိမ်ချမ်းသာ ပျက်စီးဆုံးပါးမှု ဘောဂ ဗျသနကြောင့်ဖြစ်စေ ပူပင်သောက ဖြစ်ဘူးကြပါသည်၊ အဲဒီ ပူမှုသောက အပူအလောင် ဒေါမနဿဝေဒနာ ဓမ္မဓာတ် သဘာဝကြီးသည် ယခုအချိန် ဝယ် မိမိတို့ကိုယ်ခန္ဓာ၌ ရှိကြသေးရဲ့လား၊ သတိထားပြီး အသိတရား ဉာဏ် မျက်စိဖြင့် ယခုကြည့်လိုက်ကြစမ်းပါ၊ ကြည့်တော့ သိပါသည်၊ မြင်ပါသည်၊ ပူမှုသောက အပူအလောင် ဓာတ်ကြီး(ဒေါမနဿ)ဝေဒနာ ဓမ္မဓာတ်ကြီးဟာ အနုမြူမျှ မရှိတော့ပါ၊ အနိစ္စရောက်သွားပါပြီ၊ ပျက်သွားပါပြီ၊ သေဆုံး သွားပါပြီ။

**ဆောင်ရန်။** ။အပူသောကဓာတ်ကိုပင်၊ လူမထင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၊ အတ္တဒိဋ္ဌိ ကင်းစင်၏။

အို ဓမ္မဒါယကာ ဓမ္မဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ သောက ခေါ်တဲ့ အပူသည် လူမဟုတ်ပါ၊ ငါကောင်မဟုတ်ပါ၊ ဒေါမနဿ ဝေဒနာ သောကဓာတ်ပူမှုကို လူလို့ထင်မြင်ပါလျှင် အကောင်အထည်ကြီးလို့ ထင်မြင် ပါလျှင် ထိုထင်မြင်မှုဟာ အတ္တဝါဒပါဘဲ၊ အတ္တဒိဋ္ဌိပါဘဲ။

ပူမှုသောကကို ဒေါမနဿဝေဒနာ ဓမ္မဓာတ်သဘာဝတခုဟု ဟုတ်မှန်သည့် အတိုင်း သိမြင်ပါလျှင် အနတ္တဝါဒပါဘဲ၊ သမ္မာဒိဋ္ဌိ အမြင်မှန် အစစ်ပါဘဲ၊

အမြန်မှန်ပေါ်လျှင် အမြင်များ ပျောက်ပါတော့သည်၊ ကင်းပါတော့သည်၊ သူတော်ကောင်း အပေါင်းတို့။

တဖန် မိမိကိုယ်မှာ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အစရှိတဲ့ ပထဝီ ခေတ်က ၂၀-ရှိပါသည် (တခုစီ တခုစီ ရေတွက်ပါလေ)၊ တဖန် သည်းခြေ သလိပ် ပြည် ချွေး သွေး အစရှိတဲ့ အာပေါရေခေတ်က (၁၂)ပါး ရှိပါသည်၊ တဖန် အထက်သို့ဆန်တက်တဲ့လေ အစရှိသော ဝါယောလေခေတ်က (၆) ပါးရှိပါသည်၊ တဖန် ပါစက တေဇော အစရှိတဲ့ တေဇောမီးခေတ်က (၄) ပါးရှိပါသည်၊ အဲဒါတွေ စုပေါင်းတော့ ၃၂-ကောဋ္ဌာသ ၄၂-ကောဋ္ဌာသ ခေါ်ပါသည်၊ အကျဉ်းချုပ်အားဖြင့် မြေ, ရေ, လေ, မီး ရုပ်ခေတ်ကြီး ၄-ပါး မဟာဘုတ်ကြီး ၄-ပါးပါဘဲ။

သောကလို့ခေါ်တဲ့ စိတ်ခေတ် ပူလောင်မှုသည် မဟာဘုတ် လေးပါး ဟူသော ရုပ်၏အလုပ်ကိစ္စ မဟုတ်ပါဘူး၊ ဆိုခဲ့သည့်အတိုင်း ဒေါမနဿ ဝေဒနာ နာမ်ခေတ်၏ အလုပ်ကိစ္စပါတကားဟု ရုပ်အလုပ် နာမ်အလုပ်တို့ကို ဟုတ်မှန်သည့်အတိုင်း ခွဲခြား၍ သိသောဉာဏ်ကို “နာမရူပ ပရိစ္ဆေဒဉာဏ်” လို့ မှတ်သား နားလည်ရပါသည်။

အဲဒါကို ငါပူသည် ငါစိတ်ပျက်သည်ဆိုတဲ့ စကားကို စနစ်တကျ ဤကား ပညတ် ဤကား ပရမတ်, ဤကား အတ္တ ဤကား အနတ္တ, ဤကား ရုပ်အလုပ် ကိစ္စ ဤကား စိတ်ခေတ်နာမ်ခေတ်၏ အလုပ်ကိစ္စပါတကားဟု သိရှိနားလည်မှု ရရှိစေပြီးလျှင် ယခုကဲ့သို့ အလုပ်စခန်းဖွင့်ပြီး ဝိပဿနာဉာဏ် ၁၀-ပါးသို့ အစဉ်အတိုင်းရောက်အောင် အားထုတ်ကြရပါသည်၊ ယောဂီအပေါင်း သူတော် ကောင်းတို့။

စိတ်သောကရောက်လျှင် ရောက်မှုအမှန်သိ၊ စိတ်ပူလျှင် ပူမှုအမှန်သိ။

ဒေါမနဿဝေဒနာ ဓမ္မခေတ်သဘာဝ၏ အလုပ်ကိစ္စပါတကားဟု အမြင် အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

အတ္တဒိဋ္ဌိထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ် မမှန်ပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာဏ. ပရိညာဉ်, သစ္စဉာဏ်)

စိတ်ပျက်မှု စိတ်ပူမှု ဒေါ်မနသာဝေဒနာ ဓမ္မဓာတ်သဘာဝသည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း တပြောင်းလဲလဲ ပြောင်းလဲ၍နေသော ဝိပရိဏာမ ဒုက္ခ၊ ငါကောင်ကိုယ်ကောင်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အနှစ်သာရ ဘာမျှရှာမရ အနတ္တ၊ လူမဟုတ် အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် အနတ္တ။ (တိရဏပရိညာဉ်, ကိစ္စညာဏ်)

"နေတံ မမ = နေ တံ မမ" ဤပူမှုသည် ငါ့ဥစ္စာ မဟုတ်ပါ တကား၊ ငါ့ကြောင့်ဖြစ်သည် မဟုတ်ပါတကား၊ ဆွေမျိုးဉာတိပျက်စီးမှု ဥစ္စာစည်းစိမ် ပျက်စီးမှု အာရုံပျက်ခြင်းကြောင့် စိတ်ပျက်ရတာပါတကား၊ စိတ်ပူရတာ ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ"ငါမို့လို့ ပူတာမဟုတ်ပါ တကား၊ ဒေါ်မနသာဝေဒနာ ဓမ္မတော်မို့ ပူတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ"ပူလောင်မှုသည် လူမဟုတ် ပါတကား၊ ငါကိုယ်ကောင် မဟုတ်ပါတကား၊ လူသည် ပူလောင်မှု မဟုတ်ပါ တကား၊ ပူလောင်မှုပေါ်မှာ လူက မမှီပါတကား၊ လူပေါ်မှာ ပူလောင်မှုက မမှီပါတကား။ (ပဟာနပရိညာဉ်, ကတညာဏ်)

ပူလောင်မှု ဒေါ်မနသာဝေဒနာ ဓမ္မဓာတ်သဘောသည် လူပေါ်မှာမမှီလျှင် ငါကောင်ပေါ်မှာ မမှီလျှင် ဘယ်မှာ မှီပါသလဲဟု မေးခဲ့လျှင် ပူလောင်မှု ဒေါ်မနသာဝေဒနာ ဓမ္မဓာတ်သည် အချင်းချင်း နာမက္ခန္ဓာမှာ မှီပါတကား၊ ထိုနာမက္ခန္ဓာ လေးပါးတို့သည် ဟဒယဝတ္ထုရုပ်ပေါ်မှာ မှီပါတကား၊ ဟဒယ ဝတ္ထုရုပ်သည် မိမိကလာပ်၌ရှိသော မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးကို မှီပါတကား၊ ဓာတ်ကြီးလေးပါးတို့သည် အချင်းချင်း မဟာဘုတ်လေးပါးကို မှီပါတကားဟူ၍ ဉာဏ်ပညာမျက်စိဖြင့် တဖြည်းဖြည်း တစတစ ကြည့်ရှုရပေ သည်၊ သူတော်ကောင်း အပေါင်းတို့၊ ကြည့်ရှုကြပါကုန်လော့။

**ဆောင်ပုဒ်။** ။ပညတ် ပရမတ် ခွဲပါလေ၊
အတ္တ အနတ္တ ကွဲပါစေ၊

အတ္တ-အနတ္တ-ကွဲပါစေဆိုရာ၌။ အတ္တ-ရှိ၍ဆိုသည်မဟုတ် အတ္တဟု ထင်မြင် မှောက်မှားနေသော။ အတ္တဒိဋ္ဌိကိလေသာ အတ္တဝါဒ-ဥပါဒါန်ကို သမ္မာဒိဋ္ဌိ

ဉာဏ်မျက်စိဖြင့် သိမြင်၊ ပယ်စွန့်နိုင်စေရန်အတွက် ပြောဆိုရသော စကားဖြစ်ပေသည်။

ရုပ် နာမ် ကြောင်းကျိုး ရှင်းပါစေ၊
ဆိုင်ရာဆောင်ပုဒ် သွင်းပါလေ။

ဆိုင်ရာဆောင်ပုဒ်ဟူသည် နေတံ မမ၊ နေသောဟမသိ၊ န မေသော အတ္တာ-ကို ဆိုလိုသည်။

အို ဓမ္မဒါယကာ ဓမ္မဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ဝမ်းနည်းသည် စိတ်ပျက်သည် ငိုချင်သည် စိတ်ပူသည် စိတ်မချမ်းသာဘူး သေချင်သည် စသည်ဖြင့် စကားပရိယာယ် ခေါ်ဝေါ်ပုံ ဘယ်လိုများသော်လည်း ပရမတ္ထသစ္စာ သဘောတရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာ စေတသိက်ပရမတ်တရားဓမ္မဓာတ်တခုပါတကားဟု ဘုရားသခင် ကျေးဇူးတော်ရှင် ဟောဖော်ညွှန်ပြသည့်အတိုင်း ယုံယုံကြည်ကြည် မှတ်သားကြစေလိုသည်။

အကြောင်းကိုစွဲ၍ ဖြစ်သော သင်္ခတပရမတ်မှန်လျှင် သင်္ခတဓာတ်မှန်လျှင် ခဏ်မြန်မြန်ဖြစ်၍လဲ ပြပါသည်၊ ပျက်၍လဲ ပြပါသည်၊ ပြောင်းလဲ၍လဲ ပြပါသည်။

စိတ်ပူလောင်မှုသောကကို ဝေဒနာက္ခန္ဓာ ဓမ္မဓာတ်ဟူ၍ အဘိဓမ္မာဓာတုကထာ ပါဠိတော်မှာ ဟောတော်မူသည့်အတိုင်း "ခန္ဓာ" ဆိုသည့် ပါဠိတော်စကားကို ကမ္မဋ္ဌာန်းအလုပ်နှင့် တဲ့ဖက်၍ကြည့်ရသည်၊ တဲ့ဖက်၍ကြည့်မှ နားလည်သည်၊ နားရှင်းသည်။ တစ်ဆံ့တစ်ခုသော ဝေဒနာတို့ကို စုပေါင်းပြီး ဝိပဿနာရှုမှုကို "ခန္ဓာ" ဟူ၍ အနတ္တလက္ခဏာသုတ်တော်မှာ ဟောတော်မူသည်၊ အဘိဓမ္မာ ခန္ဓာဝိဘင်း ပါဠိတော်မှာ ဟောတော်မူသည်၊ မြန်မာလို ဆိုတော့"ယခု ရှေး နောင်လျှင် အတွင်း အပြင် အကြမ်း အနု နှစ်ခု ယုတ်မြတ် နီးကပ် ဝေးကွာ ဆံ့တစ်ဖြာ"ဆိုသည့်အတိုင်း—

ယခုဖြစ်ဆဲ ပူမှု
ရှေးရှေးက ပူမှု
လာလတံ့သော ပူမှု
ကိုယ့်သန္တာန်အတွင်း ပူမှု

စိတ်ပျက်မှု စိတ်ပူမှု ဒေါမနဿဝေဒနာ ဓမ္မဓာတ်သဘာဝသည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း တပြောင်းလဲထဲ ပြောင်းလဲ၍နေသော ဝိပရိဏာမ ဒုက္ခ၊ ငါကောင်ကိုယ်ကောင်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အနှစ်သာရ ဘာမျှရှာမရ အနတ္တ၊ လူမဟုတ် အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် အနတ္တ။ (တိရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" ဤပူမှုသည် ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ့ကြောင့်ဖြစ်သည် မဟုတ်ပါတကား၊ ဆွေမျိုးဉာတိပျက်စီးမှု ဥစ္စာစည်းစိမ် ပျက်စီးမှု အာရုံပျက်ခြင်းကြောင့် စိတ်ပျက်ရတာပါတကား၊ စိတ်ပူရတာ ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ ပူတာမဟုတ်ပါ တကား၊ ဒေါမနဿဝေဒနာ ဓမ္မဓာတ်မို့ ပူတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" ပူလောင်မှုသည် လူမဟုတ် ပါတကား၊ ငါကိုယ်ကောင် မဟုတ်ပါတကား၊ လူသည် ပူလောင်မှု မဟုတ်ပါ တကား၊ ပူလောင်မှုပေါ်မှာ လူက မမှီပါတကား၊ လူပေါ်မှာ ပူလောင်မှုက မမှီပါတကား။ (ပဟာနပရိညာဉ်, ကတဉာဏ်)

ပူလောင်မှု ဒေါမနဿဝေဒနာ ဓမ္မဓာတ်သဘောသည် လူပေါ်မှာမမှီလျှင် ငါကောင်ပေါ်မှာ မမှီလျှင် ဘယ်မှာ မှီပါသလဲဟု မေးခဲ့လျှင် ပူလောင်မှု ဒေါမနဿဝေဒနာ ဓမ္မဓာတ်သည် အချင်းချင်း နာမက္ခန္ဓာမှာ မှီပါတကား၊ ထိုနာမက္ခန္ဓာ လေးပါးတို့သည် ဟဒယဝတ္ထုရုပ်ပေါ်မှာ မှီပါတကား၊ ဟဒယ ဝတ္ထုရုပ်သည် မိမိကလာပ်၌ရှိသော မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးကို မှီပါတကား၊ ဓာတ်ကြီးလေးပါးတို့သည် အချင်းချင်း မဟာဘုတ်လေးပါးကို မှီပါတကားဟူ၍ ဉာဏ်ပညာမျက်စိဖြင့် တဖြည်းဖြည်း တစတစ ကြည့်ရှုရပေ သည်၊ သူတော်ကောင်း အပေါင်းတို့၊ ကြည့်ရှုကြပါကုန်လော့။

ဆောင်ပုဒ်။ ။ပညတ် ပရမတ် ခွဲပါလေ၊

အတ္တ အနတ္တ ကွဲပါစေ၊

အတ္တ-အနတ္တ-ကွဲပါစေဆိုရာ၌။ အတ္တ-ရှိ၍ဆိုသည်မဟုတ် အတ္တဟု ထင်မြင်၊ မှောက်မှားနေသော။ အတ္တဒိဋ္ဌိကိလေသာ အတ္တဝါဒ-ဥပါဒါန်ကို သမ္မာဒိဋ္ဌိ

ဉာဏ်မျက်စိဖြင့် သိမြင်၊ ပယ်စွန့်နိုင်စေရန်အတွက် ပြောဆိုရသော စကားဖြစ်ပေသည်။

ရုပ် နာမ် ကြောင်းကျိုး ရှင်းပါစေ၊
ဆိုင်ရာဆောင်ပုဒ် သွင်းပါလေ။

ဆိုင်ရာဆောင်ပုဒ်ဟူသည် နေတံ မမ၊ နေသောဟမသို့၊ န မေသော အတ္တာ-ကို ဆိုလိုသည်။

အို ဓမ္မဒါယကာ ဓမ္မဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ဝမ်းနည်းသည် စိတ်ပျက်သည် ငိုချင်သည် စိတ်ပူသည် စိတ်မချမ်းသာဘူး သေချင်သည် စသည်ဖြင့် စကားပရိယာယ် ခေါ်ဝေါ်ပုံ ဘယ်လိုများသော်လည်း ပရမတ္ထသစ္စာ သဘောတရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာ စေတသိက်ပရမတ်တရားဓမ္မဓာတ်တခုပါတကားဟု ဘုရားသခင် ကျေးဇူးတော်ရှင် ဟောဖော်ညွှန်ပြသည့်အတိုင်း ယုံယုံကြည်ကြည် မှတ်သားကြစေလိုသည်။

အကြောင်းကိုစွဲ၍ ဖြစ်သော သခ်တပရမတ်မှန်လျှင် သခ်တဓာတ်မှန်လျှင် ခဏ်မြန်မြန်ဖြစ်၍လဲ ပြပါသည်၊ ပျက်၍လဲ ပြပါသည်၊ ပြောင်းလဲ၍လဲ ပြပါသည်။

စိတ်ပူလောင်မှုသောကကို ဝေဒနာက္ခန္ဓာ ဓမ္မဓာတ်ဟူ၍ အဘိဓမ္မာဓာတုကထာ ပါဠိတော်မှာ ဟောတော်မူသည့်အတိုင်း"ခန္ဓာ"ဆိုသည့် ပါဠိတော်စကားကို ကမ္မဋ္ဌာန်းအလုပ်နှင့် တွဲဖက်၍ကြည့်ရသည်၊ တွဲဖက်၍ကြည့်မှ နားလည်သည်၊ နားရှင်းသည်။ တစ်ဆဲ့တစ်ခုသော ဝေဒနာတို့ကို စုပေါင်းပြီး ဝိပဿနာရှုမှုကို "ခန္ဓာ" ဟူ၍ အနတ္တလက္ခဏာသုတ်တော်မှာ ဟောတော်မူသည်၊ အဘိဓမ္မာ ခန္ဓာဝိဘင်း ပါဠိတော်မှာ ဟောတော်မူသည်၊ မြန်မာလိုဆိုတော့"ယခု ရှေး နောင်လျှင် အတွင်း အပြင် အကြမ်း အနု နှစ်ခု ယုတ်မြတ် နီးကပ် ဝေးကွာ ဆဲ့တစ်ဖြာ"ဆိုသည့်အတိုင်း—

ယခုဖြစ်ဆဲ ပူမှု
ရှေးရှေးက ပူမှု
လာလတံ့သော ပူမှု
ကိုယ့်သန္တာန်အတွင်း ပူမှု

သူတပါးတို့သန္တာန်၌ အပြင်ပုပ္ပမှု

ခတ်ကြမ်း-ကြမ်း ပုပ္ပမှု

ခတ်နူးညံ့ ပုပ္ပမှု

ယုတ်ညံ့သော ပုပ္ပမှု

မြင့်မြတ်သော ပုပ္ပမှု

နီးသော ပုပ္ပမှု

ဝေးသော ပုပ္ပမှု

ဆိုတဲ့ ဤတစ်ဆဲ့တစ်ခုသော ပုပ္ပမှုတို့သည် ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် မဟုတ်ကြကုန်၊ ဒေါမနဿဝေဒနာ ဓမ္မဓာတ်တရားတို့သာ မှန်ကန်သောကြောင့် ထို ဝေဒနာ ဓမ္မဓာတ်တို့သည် အမြဲမရှိကြကုန်သော အနိစ္စဓာတ်တရား ပရမတ် တရားတွေပါတကား၊ အသစ်အဟောင်း တပြောင်းလဲထဲ ပြောင်းလဲ၍ နေကြ ကုန်သော ဝိပရိဏာမဒုက္ခဓာတ် တရားတို့ပါတကား၊ ကိုယ်ကောင်မဟုတ် အနတ္တတရားတို့ပါတကား၊ အစိုးမရ အနတ္တတရားတို့ပါတကား၊ အလိုသို့မလိုက် သော အနတ္တတရားတို့ပါတကား- ပုဂ္ဂိုလ် သတ္တဝါမဟုတ်သော အနတ္တတရား တို့ပါတကား၊ ထိုပုပ္ပမှု အားလုံးသည် ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ့ကြောင့် ဖြစ်သည် မဟုတ်ပါတကား၊ ပူစရာ အာရုံကြောင့် ဖြစ်ပေါ်လာတာပါတကား၊ ငါမို့လို့ ပူပန်တာမဟုတ်ပါတကား၊ ဒေါမနဿဝေဒနာ ဓာတ်တရား ပရမတ် တရားမို့ ပူပန်တာပါတကား၊ ပူပ္ပမှုသည် ငါမဟုတ်ပါတကား၊ ငါသည် ပုပ္ပမှု မဟုတ်ပါတကား၊ ပုပ္ပမှုပေါ်မှာ ငါမမှီပါတကား၊ ငါ့ပေါ်မှာ ပုပ္ပမှု မမှီပါ တကား။ (ဇုံ သမ္ပယုဉာဿယ ဒဠ္ဌမ္ဗ)

အဲသည်လို တစ်ဆဲ့တစ်ဖြာ စုပေါင်း၍ ရှုမှုကို ပါဠိတော် စကားအားဖြင့် "ခန္ဓာ"ဟူ၍ ဟောတော်မူသည်၊ ခန္ဓာဆိုတာ တစ်ဆဲ့တစ်ခု စုပေါင်း၍ ရှုမှုကို "ခန္ဓာ" ပါ တကားဟု မှတ်သားနားသည်ကြရမည်၊ သူတော်ကောင်း အပေါင်းတို့။

အပူဓာတ်ကို အကောင်အထည် ထင်မှတ်၍ ငါအမြင်မှား၍ တွယ်တာ ငဲ့လမ်းမှု တဏှာနုသယ, ချစ်ခင်၍ အထင်ကြီးမှု မာနာနုသယ, အမြင်မှားမှု ဒိဋ္ဌိအနုသယတို့ကို မျိုးစေ့နှင့်တကွ အမြစ်အရင်းပြုတ်သွားစေရန် ပြတ်သွား

ဒရန် တစ်ဆဲ့တစ်ချက် စုပေါင်းပြီး ကောင်းမြတ်သော ဝိပဿနာဉာဏ်ပညာဖြင့် အခါခါ ပွားများ ကြည့်ရှုရပါသည်၊ သူတော်ကောင်း အပေါင်းတို့၊ အခါခါ ပွားများ ကြည့်ရှုကြပါကုန်လော့။

ဒီအချက်စုကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-စသော အဋ္ဌကထာများနှင့် ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာသည့်အတိုင်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထသံခိပ်ကျမ်းမှာ—

"ခန္ဓာဒိနည်း၊ ဘွဲ့စည်း ပြီးခါ၊ သုံးဖြာ လက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်"—

ဟူ၍ ရေးသားတော် မူခဲ့ပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ရတနတ္တယံ အဟံ ဝန္ဒာမိ

ပဉ္စဂုဏံ အဟံ ဝန္ဒာမိ

ပဉ္စသီလ သိက္ခာပဒံ သမာဒိယာမိ (ဤကား သီလဝိသုဒ္ဓိ)

(ထုံးစံအတိုင်း အကျယ်ဆောက်တည်ပါ)

သဗ္ဗေ ဘဒြာနိ ပဿန္တု

(အကျွန်ုပ်တို့နှင့်တကွ အယုတ် အလတ် အမြတ်မရွေး ပုပု ရွရွ သတ္တဝါမှန်သမျှတို့သည် ကောင်းမြတ်သော အာရုံခြောက်ပါးတို့နှင့် တွေ့ကြုံကြကုန်သည်ဖြစ်၍ ကုသိုလ်ရခါ ဝမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ကုသိုလ်ရခါ ဝမ်းသာရပါလိုကုန်၏။ ချမ်းသာရပါ လိုကုန်၏။)

(ဤကားစိတ္တ ဝိသုဒ္ဓိ)

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ။ ဝိသုဒ္ဓိ ခုနစ်ပါး။ ရထားခုနစ်စင်းတို့ဖြင့် မအို—မနာ—မသေသော၊ နိဗ္ဗာန် အမတဓာတ်အသင်္ခတဓာတ်သို့ ပေါက်ရောက်အောင် သွားရကြောင်းကို ရထဝိနီတ သုတ်၌ဟောတော်မူသည်။

တဖန် ဝမ်းနည်းမှု စိတ်ပျက်မှု ငိုချင်မှု စိတ်ပူမှု စိတ် မချမ်းသာမှု သေချင်မှု ဒေါမနဿဝေဒနာ မမှဓာတ်ဆိုး ဓာတ်ဝါး ပရမတ် တရားသည်

ဖြစ်ဖို့ရန်အကြောင်း တိုက်ဆိုင်တိုင်း ဖြစ်သော်လည်း ဖြစ်ပြီးလျှင် တာမရှည် ရုတ်တရက် ချုပ်ပျက်၍ သွားပါတကားဟူ၍ အကြိမ်ပေါင်း ရာပေါင်းများစွာ ထောင်ပေါင်းများစွာ သတိအသိဉာဏ် မျက်စိဖြင့် ထိထိမိမိ ရှုကြည့်ပွါးများကြပါကုန်၊ သူတော်ကောင်း အပေါင်းတို့။

**ဆောင်ပုဒ်။** ။ဖြစ်ပွါးပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။
(ပရမတ္ထသံခိပ်)

**တဖန်** ထိုသောကအပူသည် လူမဟုတ် ငါမဟုတ် သူမဟုတ် ဘယ်သူမှမဟုတ်၊ **ဒေါမနဿဝေဒနာ** ဓာတ်သဘာဝ သက်သက်သာလျှင် ဟုတ်မှန်၏၊ ဤခန္ဓာမှာ ယခုအခါလဲ မရှိတော့ပြီ ပျက်သွားပြီ၊ အပူဓာတ်ကြီး မရှိတော့ဘူး-ပျက်သွားပြီ၊ အပူလောင်ဓာတ် သောကဓာတ် ဒေါမနဿ ဝေဒနာဓာတ်ဆိုး ဓာတ်ဝါးပျက်၍သွားပြီဟု အပူဓာတ်၏ အပျက်ကိုသာ အာရုံပြု၍ အကြိမ်ကြိမ် ရာပေါင်း ထောင်ပေါင်းများစွာ ဝိပဿနာ မျက်စိဖြင့် ကြည့်ရှုကြကုန်ရာ၏၊ ကြည့်ရှုကြပါလေ၊ သူတော်ကောင်း အပေါင်းတို့။ (ပုဂ္ဂိုလ်သတ္တဝါပျက် အကောင်အထည်ပျက်ကို မကြည့်ရ မရှုရ၊ အပူဓာတ်၏အပျက် ဒေါမနဿဝေဒနာဓာတ်၏ အပျက်ကိုသာ ကြည့်ရှုရမည် ရှုရမည်၊ သတိထားအသိပွါးကြရမည်)။

**ဆောင်ပုဒ်။** ။အပျက်ကိုသာ၊ ရှုတုံပါ၊ သညာဘင်္ဂဉာဏ်။
(ပရမတ္ထသံခိပ်)

တဖန် ထိုသောကအပူဓာတ် **ဒေါမနဿဝေဒနာ** ဓမ္မဓာတ် သဘာဝကိုပင် အပျက်ဘေးကြီး အပြီးကပ်၍ ပါသောကြောင့် အပူဓာတ်ကြီး ပျက်သွားပြီ (ဘယတ္တေန ဒုက္ခံ ဘယတ္တေန ဒုက္ခံ) လို့ အကြိမ် ရာပေါင်း ထောင်ပေါင်းများစွာ သတိ အသိ ဝီရိယ သမာဓိ ဘယဉာဏ်တို့ဖြင့် ကြည့်ရှုပွါးများကြကုန်။
( ဘယဉာဏ် )

**ဆောင်ပုဒ်။** ။အပျက်မြင်က၊ ဘယမစ္စ၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊
ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေဘယဉာဏ်။
(ပရမတ္ထသံခိပ်)

တဖန် ပူလောင်ခဲ့သမျှ စိတ်ပျက်ခဲ့သမျှ အားငယ်ခဲ့သမျှ အပူသောကဓာတ်တို့သည် ဤခန္ဓာကိုယ်အတွင်းဝယ် ဘယ်နေရာမှာမှ ခိုကပ်မနေနိုင်၊

ဉာဏ်မျက်စိဖြင့် စေ့စပ်သေချာစွာ ကြည့်ရှုလိုက်ပါလျှင် ခိုကိုးစရာ မရှိလောက်အောင် ပျက်၍သွားသော အပူသောကခေတ် ပရမတ်တရားပါ တကားဟု အကြိမ် ရာပေါင်း ထောင်ပေါင်းများစွာ အာဒီနဝဉာဏ်ဖြင့် ကြည့်ရှုပွားများကုန်ရာ၏။

**ဆောင်ပုဒ်။** ။ကြောက်ဘွယ်ခပင်း၊ မြင်တိုင်းလျှင်းက၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်။

(ပရမတ္ထသံခိပ်)

တဖန် အပူသောကခေတ်ကို အာရုံပြုပြီးလျှင် အော်မသိမလိမ္မာ အဝိဇ္ဇာမှုကြောင့် လူမဟုတ်သောအပူခေတ်ကို လူဟူ၍ အမြင်မှားပြီးလျှင် အကောင်အထည်ကြီးဟုအမြင်မှားပြီးလျှင်"တေ် မမ၊ ဧသောဟမသ္မိ၊ ဧ သောမေ အတ္တာ"ပူမှုသည် ငါ့ဥစ္စာ, ငါမို့ပူရတာ, သူများတွေ ငါလိုမပူကြပါ, လောကမှာ ငါဟာ အပူဆုံးပါဘဲ, ပူမှုဟာ ငါဘဲ, ငါပူမှုဘဲ, ပူမှုပေါ်မှာ ငါတည်နေတယ်ဟု ငါနဲ့အပူ လူနဲ့အပူ အတူတူ တပေါင်းတည်း တခုတည်းဟူ၍ မသဲမကွဲ အပူထုပ်နှင့် လူလုပ်လာရခြင်းသည် အော်ငြီးငွေ့စရာ စက်ဆုပ်စရာ ရှက်စရာကြီးပါတကားဟူ၍ အကြိမ်ပေါင်းများစွာ နိဗ္ဗိန္ဒဉာဏ်ဖြင့် ပွါးများကြ ကုန်ရာ၏။

**ဆောင်ပုဒ်။** ။ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေ နိဗ္ဗိန္ဒ။

(ပရမတ္ထသံခိပ်)

အိုဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ဉာတိ ဘောဂ စသည်ခပင်း ကွေကွင်းခြင်းကြောင့် မကင်းစသာ ကြုံကြိုက် လာသော် ပူဆာသောက ဒေါမနဿဝေဒနာ ခေတ်ဆိုးကြီးကို(ဝါ) အပူခေတ်ကို လူမမှတ်ကြနှင့်၊အပူသည် လူမဟုတ်ဆိုတဲ့အသိကို မိမိရရသိရှိစေပြီးလျှင်"နေတံ မမ = နေတံ မမ"သာမည အပူဖြစ်ဖြစ်၊ အလယ်အလတ် အပူဖြစ်ဖြစ်၊လူးလိမ့်ရအောင် ရှူးလောက် နှမ်းလောက်အောင် ကိုယ့်ကိုယ်ကို ရန်ရှာ လူ့ပြည်မှာ မနေချင် သေချင်လောက်အောင် ပူလောင်တဲ့ အပူသောကဖြစ်ဖြစ်၊ အပူခေတ်သည် ငါ၏ ဥစ္စာမဟုတ်ပါတကား၊ အာရုံပူသောကြောင့် ခဏမျှ စိတ်ပူလောင်ရခြင်းပါတကား၊ "နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့ ပူလောင်တာ

မဟုတ်ပါတကား။ ဒေါမနဿဝေဒနာ အပူဓာတ်မို့ ပူလောင်တာပါတကား၊ "န မေ သော အတ္တာ = နမေ ဧသော အတ္တာ" အပူသည် လူမဟုတ်ပါတကား၊ ငါကိုယ်ကောင်မဟုတ်ပါတကား၊ ငါကိုယ်ကောင်သည် အပူမဟုတ်ပါတကား၊ အပူဓာတ်ပေါ်မှာ ငါက မမှီပါတကား၊ ငါ့ပေါ်မှာ အပူဓာတ်က မမှီပါတကားလို့ အမြင်မှန်ရ၍ အမြင်မှားမှု အတ္တဝါဒဘေးကြီး အတ္တဒိဋ္ဌိဘေးကြီးမှ တစတစ လွတ်ကင်းသွားအောင် မရပ်မနား အထပ်ထပ် ပွားများကြပါကုန်၊ သူတော်ကောင်း အပေါင်းတို့။

**ဆောင်ပုဒ်။** ။ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုဉ္စိတုကမျတာဉာဏ်။ (ပရမတ္ထသံခိပ်)

အို သူတော်ကောင်းတို့၊ ဤနည်းလမ်းအရ လွတ်လို ကျွတ်လိုလှသောကြောင့် ပူလောင်မှုသောက ဒေါမနဿဝေဒနာကို "အနိစ္စတော, ဒုက္ခတော, အနတ္တတော, ရောဂတော, ဂဏ္ဍတော" စသော "တော" လေးဆယ်တို့ဖြင့် (သို့မဟုတ်)စိတ်အပူဓာတ်ကြီးသည် ပင်ကိုယ်ကလဲ အမြဲမရှိလို့ အနိစ္စ၊ ဖြစ်ပြီး လျင်ပျက် အသစ်နှင့် အဟောင်း ပြောင်းလဲနေသော ဝိပရိဏာမဒုက္ခ၊ ငါ့ကိုယ်ကောင် မဟုတ်လို့ အနတ္တ၊ လူမဟုတ်လို့ အနတ္တဟူ၍ ပဋိသင်္ခါဉာဏ်ဖြင့် ကြိမ်ဖန်များစွာ ပွားများ အားထုတ်ကြကုန်ရာ၏။

**ဆောင်ပုဒ်။** ။လွတ်လိုလှ၍၊ လွတ်ရရန်ငှါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်သိ၊ ပဋိသင်္ခါဉာဏ်။ (ပရမတ္ထသံခိပ်)

သူတော်ကောင်းတို့၊ သို့ကလို အပူသောကဓာတ်ကို (ဝါ) ဒေါမနဿဝေဒနာဓာတ်ကို အမြဲမရှိသောဓာတ် ခဏဖြစ်ပြီး ခဏနှင့်ပျက်သော စေတသိက်ပရမတ်ဓာတ် တရားပါတကားဟူ၍ ကြိုးစားအားထုတ် ပွားများလိုက်သောအခါ ပူမှုသောက ဒေါမနဿဝေဒနာ ဓမ္မဓာတ်ကို ချစ်လဲမချစ် မုန်းလဲမမုန်း (သင်္ခါရုပေက္ခာဉာဏ်)ဥပေက္ခာသဘောထားပြီးလျှင် "အပူသောကဓာတ် ဒေါမနဿ ဝေဒနာ ဓမ္မဓာတ်တရားရယ်၊ သင့်ဓာတ် သင့်အကြောင်း ငါသိပြီ၊ အာရုံက အပူတိုက်လျှင် သင် အပူဓာတ်ဆိုက်ရောက်လာတတ်သည်၊ ပူသော်လဲ တခဏမျှပဲ၊ သင်အပူဓာတ်သည် ငါလဲမဟုတ်၊ သူလဲမဟုတ်၊ လူလဲမဟုတ်၊ သတ္တဝါအကောင်အထည်လဲမဟုတ်၊ အသင်အပူဓာတ်သည် ပဋိစ္စသမုပ္ပါဒ်ဓာတ် အာဂန္တုကဓာတ် ဧည့်သည်ဓာတ်, အကြောင်းရှိ၍ အကျိုးဖြစ်ပေါ်လာရသော

သင်္ခတဓာတ်ပါပဲ၊ သင်အပူဓာတ်ကို ဂရုမစိုက်တော့ပြီ၊ အချစ်အမုန်း လုံးဝမပြု ဥပေက္ခာရှုလိုက်ပြီ'' ဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် အမုန်အတိုင်း ကြည့်မြင်သိရှိ ပြီးလျှင် အဘယ်အကြောင်းကမှ မပြုပြင် အစဉ်ထာဝရ အေးမြချမ်းသာလှစွာ သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်အာရုံသို့ သက်ဝင်ရလေတော့သည်။

**ဆောင်ပုဒ်။** ။အားတိုက်ရှု၍၊ လွှတ်ရှုလွှတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ် ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာ ဉာဏ်။ (ပရမတ္ထသံခိပ်)

အို သူတော်ကောင်းအပေါင်းတို့၊ "သမ္မုတိံ ဥပေတွာ နိဗ္ဗတ္တိတပရမတ္ထဝ သေန'' ငါရယ်, ပုမ္မရယ် ပုမ္မရယ်, ငါရယ် နှစ်မျိုးနှစ်စားရှိပါလျက် ငါပူသည် ဟူ၍ တမျိုးထဲပြု၍ အကောင်အထည် သမ္မုတိပညတ်ကို ချန်လှပ်၍ ပူမှု ဒေါ မနဿဝေဒနာ ဓမ္မဓာတ်ကို အာရုံစိုက်ပြီးလျှင်(ဝါ)ပူလောင်မှု အကုသိုလ်ဓမ္မာ ရုံကို အာရုံပြုပြီးလျှင် အနိစ္စ ဒုက္ခ အနတ္တတရားပါတကားဟု ဉာဏ်မျက်စိဖြင့် ဟုတ်မှန်သည့်အတိုင်း ရှုမှုပွားမှုကိုပင် ဝိပဿနာ ဘာဝနာ ပွားများသည်ဟု မြတ်စွာဘုရားသခင်က ဟောကြားတော်မူလေသည်။

ထို့ကြောင့် ပဋ္ဌာန်း ပဉ္စာဝါရပါဠိတော်(ဆဋ္ဌမူ) စာမျက်နှာ(၁၃၄၀) ပဒအမှတ်(၄၀၈)၌—

> "အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခ တော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယော''ဟူ၍ ဟောတော်မူခဲ့သည်။

အကုသိုလ် မနောဝိညာဏ စိတ်ဓာတ်တရား အနိစ္စ ဒုက္ခ အနတ္တ။ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။''

အကုသိုလ် စေတသိက် တဆယ့်လေး ဓမ္မဓာတ်တရား အနိစ္စ ဒုက္ခ အနတ္တ။ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။''

အို သူတော်ကောင်း အပေါင်းတို့၊ မြတ်စွာဘုရားအား ပန်းလှူလျှင် ပန်း ကြောင့် ဒါနကုသိုလ်ရသလို ဆွမ်းလှူလျှင် ဆွမ်းကြောင့် ဒါနကုသိုလ်ရသလို

သက်န်းလှူလျှင် သက်န်းကြောင့် ဒါန ကုသိုလ်ရသလို ကျောင်းလှူလျှင် ကျောင်းကြောင့် ဒါနကုသိုလ်ရသလို အဲဒီလို ကုသိုလ်မှုပြုလျှင် ကုသိုလ်တွေ ရသလို စိတ်ပူမှု စိတ်မချမ်းသာမှု ငြီးငွေ့မှု အပူဓာတ်တခုကို ဟုတ်မှန်သည့် အတိုင်း အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ရလျှင် ဝိပဿနာဉာဏ် ကုသိုလ်တွေ အားထုတ်တိုင်း ရနိုင်ကြပေသည်၊ ယူနိုင်ကြပေသည်၊ ရအောင် ယူလိုက်ကြ ပါကုန်၊ သူတော်ကောင်းတို့၊ သမ္မာဝါစာ ကုသိုလ်ဝါဖြစ်စေရန် အောက်ပါ လင်္ကာကလေးတွေကို နှုတ်တိုက်ဆောင် ရွတ်ဆိုကြလျက် သဘော အဓိပ္ပါယ်ကို သိမြင်နားလည်ကြရမည်။

၁။ ပန်းကိုလှူလျှင်၊ ပန်းကြောင့်ပင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၂။ ရေကိုလှူလျှင်၊ ရေကြောင့်ပင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၃။ ဆွမ်းကိုလှူလျှင်၊ ဆွမ်းကြောင့်ပင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၄။ သက်န်းကိုလှူလျှင်၊ သက်န်းကြောင့်ပင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၅။ ကျောင်းကိုလှူလျှင်၊ ကျောင်းကြောင့်ပင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၆။ အပူသောကကိုပင်၊ မမြဲဟုမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၇။ အပူသောကကိုပင်၊ ပြောင်းလဲမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၈။ အပူသောကကိုပင်၊ ကိုယ်မဟုတ်ဟုမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၉။ အပူသောကကိုပင်၊ ဖြစ်ပျက်မြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

၁၀။ အပူသောကကိုပင်၊ အပျက်မြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

(ဘင်္ဂဉာဏ်)

၁၁။ အပူသောကကိုပင်၊ ဘေးဟုမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

(ဘယဉာဏ်)

၁၂။ အပူသောကကိုပင်၊ ခိုစရာမရှိအောင် အပျက်ကိုမြင်၊ ကိုးစရာမရှိ အောင် အပျက်ကိုမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။ (အာဒီနဝဉာဏ်)

၁၃။ အပူဓာတ်ကိုပင်၊ ငြီးငွေ့စရာမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။

(နိဗ္ဗိန္ဒာဉာဏ်)

၁၄။ အတ္တာဒိဋ္ဌိ၊ မရှိလုံးလုံး၊ လွတ်အောင်ရှုန်း၍၊ အပူဓာတ်ကိုပင်၊ ကိုယ်ကောင်မဟုတ်ပုံမြင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။
(မုဋ္ဌိတုကမျာတာညဏ်)

၁၅။ လွတ်လိုလှ၍၊ လွတ်ရန်လှို့ငှါ၊ ထက်သန့်စွာဖြင့်၊ အပူဓာတ်ကိုပင်၊ ဝိပဿနာတင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။ (ပဋိသင်္ခါညာဏ်)

၁၆။ ပူပန်သောကာ၊ နာမ်ဓမ္မဝယ်၊ မတွယ်သမှု၊ လျစ်လျူရှုလျက်၊ ပူမှုကိုပင်၊ လူမထင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၏။ (သင်္ခါရုပေက္ခာညာဏ်)

အပူဓာတ်၌ ဝိပဿနာရှုပုံ ပြီး၏။

---

## ၂။ စားရင်းသောက်ရင်း ဝိပဿနာရှုပုံ

မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော စက္ကိန္ဒာဘိသိရီ သဒ္ဓမ္မဇော မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော် ဦးဗုဓ် ရေးသားတော်မူသော မဟာသတိပဋ္ဌာနသုတ် နိဿယမှ "စား သောက် လိုသောစိတ် ဖြစ်သည်ရှိသော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပျံ့သဖြင့် ထမင်းခွက်ကို ခံယူခြင်းဖြစ်၏" (မူအတိုင်း) ဟူသော စကားရပ်သည် ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ သဟဇာတပစ္စည်း၌ "စိတ္တစေတသိကာ ဓမ္မာစိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်စကားနှင့် အတူတူ ဖြစ်ပါသည်၊ သူတော်ကောင်းတို့။

ဝိပဿနာရှုလိုသော ယောဂီ သူတော်ကောင်းတို့သည် ဤသို့ နှုံးကြကုန်ရာ၏၊ ထမင်းခွက်ကိုယူလျှင် ယူမှန်းသိ၊ စိတ်ကြောင့်ဖြစ်သော လှုပ်ရှားဝါယောလေဓာတ်၏ အလုပ်ကိစ္စပါတကားဟု အမှန်ကို ဉာဏ်ဖြင့် ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

အတ္တာဒိဋ္ဌိ အကုသိုလ် စေတသိက် ထင်မြင်သလို လက်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ပုဂ္ဂိုလ် သတ္တဝါတို့၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

စိတ်ကြောင့်ဖြစ်သော လှုပ်ရှားဝါယော လေဓာတ် ရုပ်ပရမတ် တရားသည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲနေသော ဝိပရိဏာမဒုက္ခ၊ လက်မဟုတ် အနတ္တ၊ လူမဟုတ် အနတ္တ၊ ကိုယ်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အနှစ်သာရ မဟုတ် အနတ္တ။

(တီရဏပရိညာဉ်,ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" စိတ္တဇ လှုပ်ရှားဝါယော လေဓာတ်သည် ငါ့ဥစ္စာ ပစ္စည်းမဟုတ်ပါတကား၊ လက်၏ ဥစ္စာ ပစ္စည်း မဟုတ်ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" လက်မို့ လှုပ်ရှားသည် မဟုတ်ပါတကား၊ လှုပ်ရှားဝါယော လေဓာတ်မို့ ထမင်းပန်းကန်ကို လှမ်း၍ ယူတာပါတကား၊ (ဝါ) ကိုယ်ကောင်မို့ လှမ်း၍ယူတာ မဟုတ်ပါတကား၊ လှုပ်ရှားဝါယော လေဓာတ်မို့ လှမ်း၍ ယူတာပါတကား။

လှမ်း၍ယူရာ၌ လက်က လှမ်းယူသည်ဟု အမြင်မှားမှု အတ္တဝါဒ အတ္တဒိဋ္ဌိ ဖြစ်၍နေသောကြောင့် အမြင်မှန်သမ္မာဒိဋ္ဌိ ရရှိကြစေရန် ဟောတော်မူသော တရားဒေသနာတော် ဖြစ်သည်၊ ဤဒေသနာတော်သည် သုတ္တန္တပိဋကနှင့် အဘိဓမ္မပိဋက ပုဂ္ဂလပညတ် ပါဠိတော်မှာ ဟောတော်မူသည်။

ထမင်း ပန်းကန်ကို လက်ကယူရာ၌ လက်ရယ်, ယူမှုရယ် နှစ်မျိုး နှစ်စားခြားနားပါလျက် တစုတည်း တပေါင်း တည်းကဲ့သို့ "လက်ကယူတာ" ဟု ပြောလဲပြောကြပါသည်၊ ထင်မြင်မှတ်သားလဲ ထင်မြင် မှတ်သား ကြပါသည်၊ ဒါကြောင့် အမြင်မှားမှု အတ္တဝါဒ အတ္တဒိဋ္ဌိ ဖြစ်၍ နေပါသည်။

လက်က သဏ္ဌာနပညတ် သမူဟပညတ်၊ ပညတ်ကရှိသော ၊ တရားမဟုတ် ယူမှုက လှုပ်ရှားဝါယောလေဓာတ် ရုပ်ပရမတ် အရှိတရား ဖြစ်သည်၊ ထင်ရှားရှိတဲ့ ဝါယောဓာတ်တရားသည် ယူမှုလှုပ်ရှားမှု ရပ်လိုက်သည်နှင့် တပြိုင်နက် ချုပ်ဆုံး ကွယ်ပျောက် သွားကြလေကုန်၏။

လှုပ်ရှား လေဓာတ် အနိစ္စကို သတိထားပြီးလျှင် အသိတရား ဉာဏ်မျက်စိဖြင့် ကြည့်ရှုကြပါကုန်၊ သူတော်ကောင်းတို့။

ဆက်လက်၍ သတိပဋ္ဌာန်ပါဠိတော် နိဿယပါ စားသောက်မှုတို့ကို ပညတ် ပရမတ်, အတ္တ အနတ္တ, ရုပ်အလုပ် နာမ်အလုပ်, အကြောင်း အကျိုးခွဲ၍ ဝိပဿနာ ရှုကြပါကုန်၊ သူတော်ကောင်းတို့။

တမင်းလုပ်ကို လက်ဖြင့် ပွံခြင်း (ပြင်ဆင်ခြင်း)

ထမင်းလုပ်ကို ချီယူခြင်း

ခံတွင်းကို ဖွင့်ခြင်း

ခံတွင်းဝသို့ ထည့်ခြင်း

သွားဖြင့် ကြိတ်ချေခြင်း

လျှာဖြင့် ပြင်ဆင်ခြင်း

ဟူသောစကားရပ်များ၌ လက် ခံတွင်း သွား လျှာတို့သည် သဏ္ဌာနပညတ် သမူဟပညတ်များ ဖြစ်ကြလေသည်၊ ပွံမှု ချီယူမှု ဖွင့်မှု ထည့်မှု ကြိတ်ချေ ဝါး မျိုမှု ပြင်ဆင်မှုတို့သည်ကား စင်စစ်အားဖြင့် စိတ်ကြောင့် ဖြစ်သော လှုပ်ရှား ဝါယော လေဓာတ်တို့သာလျှင် ဖြစ်ကြကုန်၏၊ ဤသည်ကို ခွဲခြမ်းစိတ်ဖြာ၍ ဝိပဿနာရှု ကြကုန်လော့။

မဟာသတိပဋ္ဌာနသုတ် ပါဠိတော်နိဿယ၌ ဆက်လက် ဖော်ပြသည်မှာ— စားသောက်လိုသောစိတ် ဖြစ်သည်ရှိသော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယော လေဓာတ်ပျံ့သဖြင့် ထမင်းခွက်ကို ခံယူခြင်းဖြစ်၏၊ ဝါယောလေဓာတ် ပျံ့သဖြင့် ထမင်းခွက်၌လက်ချခြင်းဖြစ်၏၊ ထမင်းလုပ်ကိုပြင်ဆင် ပွံလုပ်ခြင်းဖြစ်၏၊ ထမင်း လုပ်ကို ချီယူခြင်းဖြစ်၏၊ ခံတွင်းဝကို ဖွင့်ခြင်းဖြစ်၏။

တစုံတယောက်သောသူက (ဝါ) ဘယ်ပုဂ္ဂိုလ် ဘယ်သတ္တဝါကမျှ သံကောက် ယန္တရားဖြင့် မေးကိုဖွင့်လှစ်ရသည်မရှိ၊ ဝါယောလေဓာတ် ပျံ့သဖြင့် ထမင်း လုပ်ကို ခံတွင်းဝ၌ထည့်ခြင်း အထက်သွားတို့၏ ကျည်ပွေ့ကိစ္စကို ပြီးစေခြင်း အောက်သွားတို့၏ ဆုံကိစ္စကို ပြီးစေခြင်း လျှာ၏ လက်ကိစ္စကို ပြီးစေခြင်း ဖြစ်၏။

ပဋ္ဌာန်းအခြေခံ ( ၂ )

ဝင်သမျှကိုလည်းတစုံတယောက်မျှ ကောက်ရိုးနှီးဖြင့်ခံသူမရှိ၊ "ထောက်ခံ" ဝါယော လေဓာတ်၏ အစွမ်းဖြင့်သာလျှင် တည်လေ၏။

တည်သမျှကိုလည်း တစုံတယောက်မျှ ခုံလောက်ထောက်ပြီးလျှင် မီးညှိ၍ ချက်ပြုတ်သူမရှိ၊ တေဇောဓာတ်၏ အစွမ်းဖြင့်သာ ကျက်လေ၏။

ကျက်သမျှကိုလည်း တစုံတယောက်မျှ သံကောက်လှံကန်ဖြင့် ထုတ်သူမရှိ၊ "တွန်းကန်" ဝါယော လေဓာတ်၏ အစွမ်းဖြင့်သာလျှင် ထွက်လေ၏။

ဤသို့လျှင် ပထဝီဓာတ်သည် (အမာခံ)တည်ခြင်းကိစ္စ, အာပေါဓာတ်သည် စွတ်စိုစေခြင်းကိစ္စ, တေဇောဓာတ်သည် ကျက်စေခြင်း (ရင့်ကျက်စေခြင်း) ကိစ္စ, ဝါယောဓာတ်သည် ဆောင်စေခြင်း ထောက်ကန်လှုပ်ရှား ပြေးသွား တွန်းကန်ခြင်း ကိစ္စ, စိတ်ဝိညာဏဓာတ်သည် ထိုထိုပယောဂ၌ နှလုံးသွင်းခြင်း ကိစ္စ (ဝါ) ထိုထိုအာရုံတို့ကို သိခြင်းကိစ္စကို အသီးအသီး အသက အသက ပြုလုပ် ဆောင်ရွက်ကြသဖြင့် စားသောက်ခြင်း စသည် ဖြစ်လေ၏။

အထက်ပါ စကားရပ်တို့ကို ဝိပဿနာရှုကြည့်ပုံကား—

ထမင်းလုပ်ကိုပြုပြင်လျှင်ပြုပြင်မှန်းကိုသိ၊ စိတ်ကြောင့်ဖြစ်သော လှုပ်ရှား ဝါယောလေဓာတ်၏ အလုပ်ကိစ္စပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ လက်၏ အလုပ်ကိစ္စ မဟုတ်ပါတကား၊ လူ၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့် သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

လှုပ်ရှား ဝါယောလေဓာတ် အနိစ္စ ဒုက္ခ အနတ္တ၊ သတိပြုကြပါလေ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

(ပဟာနပရိညာဉ်, ကတဉာဏ်)

ခံတွင်းဝသို့ ထမင်းလုပ်ကို ချီယူလျှင် ချီယူမှန်းကိုသိ၊ စိတ်ကြောင့် ဖြစ်သော လှုပ်ရှားဝါယော လေဓာတ်၏ အလုပ်ကိစ္စပါတကားဟု ဉာဏ် ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက်ထင်မြင်သလို လက်၏အလုပ်ကိစ္စ မဟုတ်ပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စာဉာဏ်)

လှုပ်ရှားဝါယော လေဓာတ်၏ ရုပ်ပရမတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍ နေသော ဝိပရိဏာမ ဒုက္ခ၊ လက်မဟုတ် အနတ္တ၊ လူမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

လှုပ်ရှား ဝါယော လေဓာတ်သည် "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။" (ပဟာနပရိညာဉ်, ကတဉာဏ်)

ထမင်းကို ဝါးလျှင် ဝါးမှန်းသိ။

သွားဖြင့် ချေလျှင် ချေမှန်းသိ။

လျှာဖြင့်ပြင်လျှင် ပြင်မှန်းသိ။

စိတ်ကြောင့်ဖြစ်သော လှုပ်ရှားဝါယော လေဓာတ်၏ အလုပ်ကိစ္စပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ထင်မြင်သလို နှုတ်ခမ်း၏ အလုပ်ကိစ္စ မဟုတ်ပါတကား၊ သွား၏ အလုပ်ကိစ္စ မဟုတ်ပါတကား၊ လျှာ၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

လှုပ်ရှားဝါယော လေဓာတ် အနိစ္စ ဒုက္ခ အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

(ပဟာနပရိညာဉ်, ကတဉာဏ်)

ထမင်းမျိုလျှင် မျိုမှန်းသိ၊ စိတ်ကြောင့်ဖြစ်သော တွန်းပို့လှုပ်ရှားဝါယော လေဓာတ်၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ထင်မြင်သလို လည်ချောင်း၏အလုပ်ကိစ္စ မဟုတ်ပါတကား၊ လူ၏အလုပ်ကိစ္စမဟုတ်ပါတကား၊ ပုဂ္ဂိုလ် သတ္တဝါတို့၏

အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

တွန်းပို့လှုပ်ရှား ဝါယောလေဓာတ် အနိစ္စ ဒုက္ခ အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

(ပဟာနပရိညာဉ်, ကတဉာဏ်)

ခံတွင်းဝမှ ဝင်သမျှ အစာအာဟာရတို့သည် အစာသစ်အိမ်၌ ရပ်တည်လျှင် ရပ်တည်မှန်းကိုသိ၊ ထောက်ခံ ဝါယော လေဓာတ်၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ ငါ့အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

ထောက်ခံဝါယော လေဓာတ် အနိစ္စ ဒုက္ခ အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

ထောက်ခံ ဝါယော လေဓာတ် "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

(ပဟာနပရိညာဉ်, ကတဉာဏ်)

ကျင်ကြီးစွန့် စွန့်မှန်းသိ။
ကျင်ငယ်စွန့် စွန့်မှန်းသိ။

တွန်းကန်လှုပ်ရှား ဝါယောလေဓာတ်၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

တွန်းကန်လှုပ်ရှား ဝါယောလေဓာတ် အနိစ္စ ဒုက္ခ အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

တွန်းကန်လှုပ်ရှား ဝါယောလေဓာတ် "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။" (ပဟာနပရိညာဉ်, ကတဉာဏ်)

ငါရယ် စွန့်မှုရယ် နှစ်မျိုးနှစ်စားရှိပါလျက် တမျိုးထဲပြု၍ ကျင်ကြီး ကျင်ငယ်ကို ငါစွန့်၏ ပြောလဲပြောကြသည်၊ ထင်မြင်မှတ်သားလဲ ထင်မြင်

မှတ်သားကြသည်၊ ထိုသို့ထင်မြင်မှုသည် အမြင်မှားမှု အတ္တဝါဒ အတ္တဒိဋ္ဌိ ဖြစ်လေသည်။

ငါဟူသော ပုဂ္ဂိုလ် သတ္တဝါတို့က ကျင်ကြီးကျင်ငယ်တို့ကို စွန့်၍မရ၊ တွန်းကန်ဝါယော လေဓာတ်ကသာလျှင် ကျင်ကြီး ကျင်ငယ်တို့ကို ခန္ဓာကိုယ်မှ အပြင်အပသို့ စွန့်နိုင်ကြကုန်၏၊ ထို တွန်းကန်ဝါယော လေဓာတ်သည်လည်း ဖြစ်ဖော်ဖြစ်ဖက် မြေဓာတ် ရေဓာတ် မီးဓာတ်တို့နှင့် အပေးအယူညီမျှ၍ ထို မြေဓာတ် ရေဓာတ် မီးဓာတ်တို့၏ သဟဇာတ အကူအညီကို ရမှသာလျှင် တွန်းကန်မှု လုပ်ဆောင်မှု အလုပ်ကိစ္စကို ချောမောအောင် လုပ်နိုင်ပေသည်၊ အကူအညီကိုမရလျှင် အလုပ်မလုပ်နိုင်၊ မတွန်းမထုတ်နိုင်တော့ပြီ၊ ထိုအခါ ကျင်ကြီးမသွားနိုင်ဘူး, ကျင်ငယ် မသွားနိုင်ဘူး ဟူ၍ ပြောဆိုငြီးတွား ကြရလေကုန်၏။

စင်စစ်အားဖြင့် တွန်းကန်လှုပ်ရှား ဝါယောဓာတ်၏အလုပ်ကို ငါ့အလုပ် ပုဂ္ဂိုလ်သတ္တဝါတို့၏အလုပ်ဟုမြင်လျှင် ထို ထင်မြင်မှုသည် မှားလေ၏၊ အတ္တဝါဒ အတ္တဒိဋ္ဌိဖြစ်လေ၏၊ ဝါယော လေဓာတ်၏ အလုပ်ကိစ္စကို ဝါယော လေဓာတ်၏ အလုပ်ပါတကားဟု အကြောင်းအကျိုးနှင့်တကွ သိမြင်လျှင် နားလည်လျှင် အနတ္တဝါဒ သမ္မာဒိဋ္ဌိဖြစ်၍ ကျင်ကြီးစွန့်ရင်း ကျင်ငယ်စွန့်ရင်း ပညာပါရမီ ကုသိုလ်ရနိုင်ပုံများကို သတိထားပြီး ပွါးများနိုင်အောင် ပွါးများ လိုက်ကြစေလိုသည်၊ သူတော်ကောင်း အပေါင်းတို့။

အို ဓမ္မဒါယကာ ဓမ္မဒါယိကာမ အပေါင်း သူတော်ကောင်းတို့၊ အိမ်သုံးစကား ရွာသုံးစကား ရပ်သုံးစကားအဖြစ်ဖြင့် နေ့စဉ်နေ့တိုင်း ပြောဆိုသုံးစွဲ နေကြတဲ့စကားထဲမှာ ရှေ့တိုးလေ နောက်ဆုတ်လေ ရှေ့ကြည့်လေ နောက်ကြည့်လေ တဲ့တဲ့ကြည့်လေ ပုဆိုးထမီကိုကိုင်လေ ယူလေ စားလေ ဝါးလေ သောက်လေ သစ်သီးကိုကိုက်လေ ခဲလေ ကျင်ကြီးစွန့်လေ ကျင်ငယ်စွန့်လေ စကားပြောလေ ဆိတ်ဆိတ်နေလေ စသည်ဖြင့် လေကို အဆုံးသတ်၍မပြတ် ပြောမှုတို့သည် အပြောမှန်ပါသည်၊ သို့သော်သဘောကျန်၍ နေသောကြောင့် လေအရ စိတ္တဇဝါယောဓာတ် အလုပ်ပါတကားဟု အမှန်ကို သတိထားပြီး အသိတရားနှင့် ကြည့်ရှုလိုက်ပါက ဝိပဿနာကုသိုလ်အစစ် လွယ်ကူစွာနှင့် ဖြစ်နိုင်ကြပါသည်၊ သူတော်ကောင်းတို့၊ အသိကတော့ မှန်ပေပြီ၊ သတိရှိဘို့ လိုပါသည်။

"ငါပြောသည်"၌ ငါရယ် ပြောမှုရယ်, ပြောမှုရယ် ငါရယ် နှစ်မျိုး နှစ်စားရှိပါလျက် တပေါင်းတည်းပြု၍ "ငါပြောသည်"ဟု ပြောလဲပြောကြပါသည်၊ ထင်မြင်မှတ်သားလဲ ထင်မြင်မှတ်သားကြပါသည်၊ ငါက လူဆိုတော့ ပုဂ္ဂလပညတ် ယောကျ်ားဆိုတော့ ပုရိသပညတ် မိန်းမဆိုတော့ ဣတ္ထိယပညတ် ဤကဲ့သို့ ပုံသဏ္ဌာန် အမျိုးမျိုးရှိနေကြသည့် သဏ္ဌာနပညတ် ရုပ်နာမ် အစု အဝေးတွေဆိုတော့ သမူဟပညတ်, ပြောမှုက စိတ္တဇ ဝါယော လေဓာတ် ရုပ်ပရမတ်၊ လူက ပုဂ္ဂလပညတ်ဆိုတော့ အရှိတရားမဟုတ်၍ ဝိပဿနာ မရှုရ၊ စကားပြောမှု စိတ္တဇဝါယော လေဓာတ် ရုပ်ပရမတ်က တခါပြော တခါပျက်၊ ဤအသံ ဤဝါယော လေဓာတ်နှင့် တကြိမ်သာ ပြောဆိုလို့ရသည်၊ နောက် တကြိမ် ဤအသံ ဤဝါယော လေဓာတ်နှင့် ပြောလို့မရတော့ပေ၊ ဒါကြောင့် အောက်ပါ ဆောင်ပုဒ်ကလေးကို ဆိုပြီး "ဝါယောကာယာနုပဿနာ"အလုပ် စခန်း စကြပေတော့၊ ဝင်ကြပေတော့။

**ဆောင်ပုဒ်။** ။တခါပြောလေ၊ တခါသေ၊ နှစ်ထွေပြောမဖြစ်။
စင်စစ်ရုပ်သက်၊ တိုတောင်းပျက်၊ စုံလျက် ဉာဏ်မြင်သစ်။

**မှတ်သားချက်။** ။လေ၌ လေအရ စိတ္တဇဝါယော လေဓာတ် ရုပ်ပရမတ်ကို ယူပါလေ၊

## ၃။ မြေလျှောက်လုပ်မှု၌ ဝိပဿနာရှုပုံ

၁၃၃၀–ခု၊ တပို့တွဲလပြည့်ကျော် (၁) ရက် (၉–၂–၆၉) တနင်္ဂနွေနေ့ ည ၇-နာရီမှ ၈-နာရီအထိ ရန်ကုန်မြို့ ကျွဲကူး ဓမ္မဗိမာန်၌ ပဋ္ဌာန်းတရား ဟောစဉ် မြေလျှောက်လုပ်၍၊ လုပ်၍အပြီးတွင် ၎င်းမြေလျှောက်လုပ်မှုကို အာရုံပြု၍ အမြင်မှားမှု အတ္တဒိဋ္ဌိ၊ အမြင်မှန်မှု သမ္မာဒိဋ္ဌိ ဖြစ်ပုံတို့ကို ဟောကြားချက်။

**ဆောင်ပုဒ်။** ။မြေကြီးလုပ်မှု၊ စွဲ၍ရှု၊ နှစ်ခုပညတ် ပရမတ်။
မြေကြီးလုပ်၏၊ ပေါင်း၍သိ၊ အတ္တဒိဋ္ဌိမှတ်။
ကြောင်းကျိုးခွဲသိ၊ မှား,မှန်သိ၊ သမ္မာဒိဋ္ဌိမှတ်။

**မှာထားချက်။** ။မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးတို့၏ အကြောင်းကို ဟောကြားနေစဉ် မြေလျှောက်လုပ်လိုက်ခြင်းကြောင့် တရားနာ ပရိသတ်တို့ လှုပ်လှုပ်ရွရွဖြစ်ချိန်တွင် ဤမြေလျှောက်လုပ်ခြင်းကို ဆက်၍ဟောသည်၊

အို သူတော်ကောင်းတို့၊ ယခုဘာဖြစ်သွားသလဲ မေးလျှင် မြေလျှောက်လုပ်သည်, မြေကြီးလုပ်သည်ဟူ၍ ပြောကြသည်၊ အများပြောဆိုတာ "သမုတိသစ္စာ" အမှန်ပါဘဲလို့ ပြောနိုင်ပါသည်။

ထိုသို့ ပြောဆိုနိုင်ပါသော်လည်း ဤမဟာပထဝီ မြေကြီးသည် တုန်လှုပ်မှု၏ လက်သည်အစစ် ဟုတ်-မဟုတ် တရားခံအစစ် ဟုတ်-မဟုတ်ကို စိစစ်တို့ ကြုံကြိုက်လာခဲ့ပေသည်၊ ဒီသဘောကို ဗောဓိပက္ခိယ တရားရောက်တော့ "ဓမ္မဝိစယ သမ္ဗောဇ္ဈင်" ဟူသော အမည်တူးဖြင့် အသိအလိမ္မာ ဉာဏ်ပညာကို ယူရပါသည်။

အို သူတော်ကောင်း အပေါင်းတို့၊ လောကလူသား လူအများတို့က မြေကြီးနဲ့ပတ်သက်၍ ကောင်းမှုဆိုးမှုကို မြေကြီးလို့သာ မြင်ကြပါသည်၊ သိနားလည်ကြပါသည်၊ မိမိတို့ခန္ဓာကိုယ်ကိုလည်း ဒီအတိုင်းပါဘဲ၊ ကောင်းတာကိုလုပ်လည်း ဒီခန္ဓာကိုယ်ပါဘဲ၊ မကောင်းတာကို လုပ်လျှင်လည်း ဒီခန္ဓာကိုယ်ပါဘဲရယ်လို့ ကိုယ့်ကိုယ်ကို ကိုယ်တိုင်စွပ်စွဲကြသည့်အတွက် အောက်ဆုံးအပါယ်သံသရာထဲကပင် မလွတ်နိုင်ဘဲ ရှိကြသည်၊ မကျွတ်နိုင်ဘဲ ရှိကြသည်၊ ဤအတ္တဒိဋ္ဌိမှ ကျွတ်အောင် လွတ်အောင် ကြည့်ပုံ ရှုပုံကို အခြေခံ သင်ပုန်း

ကြီးကစ၍ ဟောပြောရပေလိမ့်မည်၊ အရှင်သာရိပုတ္တရာသည် "သေယျထာပိ ေတ ပပဒီပဿ ယာ အစ္စိ သော ဝဏ္ဏော၊ ယော ဝဏ္ဏော သာ အစ္စိ၊ အစ္စိံ စ ဝဏ္ဏဥ္စ အဒွယံ သမနုပဿတိ" စသည်ဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ(၁၃၇)၊ ပဒအမှတ်(၁၃၁)မှာ ဥပမာ အမျိုးမျိုးဖြင့် ဟောတော်မူခဲ့ပါသည်။

တဖန်-'မီးရောင်" ဆိုတဲ့ စကားအသုံးအနှုန်းမှာ မီးလျှံရယ်, မီး၏အရောင်ရယ် နှစ်မျိုးနှစ်စား ထင်ရှားဖြစ်ပေါ်နေပါလျက် အဝိဇ္ဇာဖြင့် "မီးရောင်" ရယ်လို့ တခုတည်းကဲ့သို့ ပြောလဲပြောကြသည်၊ ထင်မြင်မှတ်သား မှားကြသည်၊ ဤလိုပြောဆိုမှု ထင်မြင်မှတ်သားမှုမျိုးသည် သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတို့ရဲ့ သဘောတွေဖြစ်လေသည်၊ ဒါပေမဲ့လဲ ဒီနေရာ ဒီမီးရောင်အကြောင်းကို မဟောလိုပါ၊ လုပ်မှုနှင့် ပတ်သက်ပြီး မူလတန်း အခြေခံမှုစပြီး အတ္တဝါဒ အတ္တဒိဋ္ဌိမြင်ပုံ ကင်းကွာစေရန် သမ္မာဒိဋ္ဌိ အမြင် သန့်နိုင်ရန် ဟောလိုပါသည်၊ အတ္တဝါဒ အတ္တဒိဋ္ဌိဆိုသည့် ပါဠိတော်စကားကို "အမြင်မှား" ဟု မြန်မာလိုပြန်ဆိုနိုင်သည်၊ သမ္မာဒိဋ္ဌိဆိုတဲ့ ပါဠိတော်စကားကို "အမြင်မှန်" လို့ မြန်မာလို ပြန်ဆိုနိုင်ပါသည်။

အို သူတော်ကောင်းအပေါင်းတို့၊ ယခုလုပ်သွားတာကို မြေကြီး လှုပ်သည်လို့ပြောကြပါသည်၊ တခုတည်းကဲ့သို့ တခွန်းထဲပြောကြပါသည်၊ သမုတိသစ္စာအားဖြင့် မှန်ပါသည်၊ ပြောနိုင်ကြပါသည်၊ ပရမတ္ထ သစ္စာအားဖြင့် မြေကြီးရယ်, လှုပ်ရှားခြင်းရယ် နှစ်မျိုးနှစ်စားရှိနေသည်၊ ထိုနှစ်ပါးထဲက မြေကြီးဆိုတာ နာမည်ပညတ်ပါဘဲ၊ စိတ်ပရမတ် စေတသိက်ပရမတ် ရုပ်ပရမတ် နိဗ္ဗာန်ပရမတ်ဟူ၍ ပရမတ္ထတရားလေးပါးသာရှိပါသည်၊ ဒီလေးပါးထဲမှာ "မြေကြီးရယ်လို့ မရှိပါ၊ ပရမတ်ထဲမှာ မပါလျှင် ပရမတ်မဟုတ်ပါ၊ ပရမတ်မဟုတ်လျှင် ပညတ်ပါဘဲလို့ အကြမ်းအားဖြင့် မှတ်သားကြစေလိုသည်။

မြေကြီးကပညတ် အဋ္ဌကလာပ်ရုပ်တွေ အာကာသခြားခြားပြီး စုပေါင်းတည်ဆောက်နေလို့မို့ သမူဟပညတ် အဝိဇ္ဇမာနပညတ်, လှုပ်မှုက ဝါယောလေဓာတ် ရုပ် ပရမတ်ပါ၊ ပညတ်ဖြစ်တဲ့မြေကြီးဆိုတာ အရှိတရားမဟုတ်လို့ လှုပ်ရှားမှုမဖြစ်နိုင်ပါ၊ လှုပ်ရှားလို့မရပါ၊ ဟော ခုနင်က လှုပ်ရှားမှု ဝါယော

လေဓာတ် ရုပ်ပရမတ်ကတော့ သင်္ခတပရမတ်ဖြစ်သောကြောင့် "သင်္ခတဓာတ် ပရမတ်မှန် ခတ်မြန်မြန် ဧကန်မုချ ဖြစ်ပျက်ပြ၏။" ကဲ ခုလို ဆိုတော့ မြေကြီးလှုပ်တယ်ဆိုတာ လှုပ်မှုရှိကြပါသေးသလား။

မရှိတော့ပါဘုရား။

အေး၊ လှုပ်မှုဆိုတာ ဝါယောလေဓာတ် ရုပ်ပရမတ်၊ ဘာဖြစ်သွားသလဲ။

အနိစ္စဖြစ်သွားပါသည်ဘုရား။

လှုပ်ရှားဝါယောလေဓာတ် ရုပ်ပရမတ် အနိစ္စ ဖြစ်သွားတာကို မြင်ကြရဲ့လား၊ သိကြရဲ့လား။

မြင်ကြပါသည်ဘုရား။

မြင်နေကျ မံသမျက်စိနဲ့မြင်တာလား၊ ဉာဏ်မျက်စိနဲ့မြင်တာလား။

ဉာဏ်မျက်စိနှင့် မြင်ပါသည်ဘုရား။

အမြင်မှန်လား၊ အမြင်မှားလား။

အမြင်မှန်ပါဘုရား။

မှန်ပါသည်၊ အမြင်မှန်ကို ပါဠိတော်မှာ "သမ္မာဒိဋ္ဌိ"လို့ ခေါ်ပါသည်၊ အို သူတော်ကောင်း အပေါင်းတို့၊ "မြေကြီးလှုပ်သည်" ဆိုသည့် စကားကို ပညတ်ပရမတ် ခွဲလိုက်တော့ ဘယ်နှစ်မျိုး ဖြစ်သွားသလဲ။

နှစ်မျိုးဖြစ်သွားပါသည်ဘုရား။

မြေကြီးက သမူဟပညတ်, လှုပ်ရှားမှုက ဝါယောလေဓာတ် ရုပ်ပရမတ် သင်္ခတပရမတ် မှန်ခြင်းကြောင့် လှုပ်ပြီး ပျက်သွားပါသည်၊ မဟာပထဝီ မြေကြီးကတော့ သမူဟပညတ်ဖြစ်တဲ့အတွက် ဘာမျှမရှိသော တရားဖြစ်သည့်အတွက် ဖြစ်စရာမလို၊ ပျက်စရာမလို။

အို သူတော်ကောင်းတို့၊ မြေကြီးလို့ ခေါ်ဝေါ်သုံးစွဲနိုင်လောက်အောင် မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ် အဆင်းဝဏ္ဏဓာတ် အနံ့ဓာတ် အရသာဓာတ် ရုပ်ဆီြသဇာဓာတ်ရယ်လို့ ရုပ်ပေါင်းရှစ်ခု အဋ္ဌကလာပ်စုပေါင်း ဖွဲ့စည်းလျက် ရှိရသည်၊ အပိုင်းအခြား အာကာသခြားခြားပြီး မရေမတွက် နိုင်လောက်အောင် အဋ္ဌကလာပ်တွေစုပေါင်းနေမှုကိုပင် မြန်မာလို "မြေကြီး" ရယ်လို့ မှည့်ခေါ်ကြပါသည်၊ ပညတ်ကြပါသည်၊ ပါဠိဘာသာ အားဖြင့် "မဟာပထဝီ" ရယ်လို့ မှည့်ခေါ်ကြသည်၊ ပညတ်ကြသည်၊ ဘယ်လိုပင် အမည်အမျိုးမျိုးဖြင့် နာမည်ပေးကြ ပါသော်လည်း မှည့်ခေါ် ပညတ်ကြ သော်လည်း အပြောဘဲ ရှိပါသည်၊ ဓာတ်သဘောအားဖြင့်တော့ မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ် အဆင်းဓာတ် အနံ့ဓာတ် အရသာဓာတ် ရုပ်ဆီြသဇာဓာတ်၊ ဒီရုပ်ဓာတ် ပရမတ်ရှစ်ခုသာ အမှန်တကယ် ရှိပါသည်။

**မှာထားချက်။** ။ပရမတ်မြေဓာတ်သည်လည်း လှုပ်ရှားမှု မပြုနိုင်ပေ။

အို သူတော်ကောင်းတို့၊ မြေကြီးလို့ခေါ်ဝေါ်ပညတ်၍ ဤရုပ်ဓာတ်ရှစ်ခု ပရမတ်အစုအဝေးတို့ကိုဘဲ ခေါ်ဝေါ်ကြခြင်းဖြစ်သည်၊ ဒီရုပ်ဓာတ်ရှစ်ခုထဲက ဝါယော လေဓာတ်တခုသာလျှင် လှုပ်ရှားမှုကို ပြုနိုင်ပေသည်၊ မြေဓာတ်သည် အမာခံသဘောတခုမျှသာ ဖြစ်သည်၊ မလှုပ်ရှားတတ်ပါ၊ ရေဓာတ်သည် ဖွဲ့စည်းမှု ယိုစီးမှု သဘောတခုတည်းသာ၊ မလှုပ်ရှားတတ်ပါ၊ မီးဓာတ်သည် ရင့်ကျက်မှု ပူလောင်မှု သဘောတခုတည်းသာ၊ မလှုပ်ရှားတတ်ပါ၊ အဆင်း ဓာတ်သည် မျက်စိစိတ်၏ အမြင်ခံမှုအလုပ်တခုမျှသာ၊ မလှုပ်ရှားတတ်ပါ၊ အရသာဓာတ်သည် လျှာစိတ်၏ အာရုံခံမှု အလုပ်တခုမျှသာ၊ မလှုပ်ရှား တတ်ပါ၊ အဆီြသဇာဓာတ်နှင့် အာပေါဓာတ်တို့ကလဲ မနောဝိညာဏဓာတ်၏ အာရုံခံမှု အလုပ်တခုမျှသာ၊ မလှုပ်ရှားတတ်ပါ၊ အဲဒါကြောင့် လှုပ်သည် ဆိုလျှင် ဝါယော လေဓာတ်၏ အလုပ်အစစ်အမှန်ဘဲဟူ၍ ဘုရားသခင်က ဓာတ်သဘာဝတို့၏ အလုပ်တွေကို ဖော်ထုတ် ဟောပြောတော် မူပါသည်၊ အဲဒါကြောင့် "တွန်း, ကန်, လှုပ်ရှား၊ ပြေးလွှင့်သွား၊ဓာတ်သား ဝါယော လေ" ဆိုတဲ့ ဆောင်ပုဒ်ကို နှုတ်တက် အရကျက်ပြီး ဉာဏ်အမြင်ဘက်သို့ ကူးပြောင်းနားလည်ကြစေလိုသည်၊ ကဲကဲ ခုနင်က မြေလျှင်လှုပ်မှုကို အာရုံ ပြုကြ၊ အတ္တဝါဒ အတ္တဒိဋ္ဌိ အမြင်မှားမှုကို သမ္မာဒိဋ္ဌိ အမြင်မှန်ဖြင့် ပယ်လှန် နိုင်ထုတ်ကြပါစို့။

## မြေလှုပ်လျှင်၊ လှုပ်မှန်းသိ

မြေဓာတ် ရေဓာတ် မီးဓာတ် သုံးပါးကြောင့်ဖြစ်သော (ဝါ) အပြင်ဗဟိဒ္ဓတေဇော ဥတုကြောင့်ဖြစ်သော ( ဝါ ) အပူဓာတ်ကြောင့် ဖြစ်သော လှုပ်ရှား ဝါယော လေဓာတ် ပရမတ် တရား၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက်ထင်မြင်သလို မဟာပထဝီမြေကြီး၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ (ဉာတပရိညာဉ်၊ သစ္စဉာဏ်) ဒီအတိုင်းမြင်လိုက်တော့ လှုပ်မှု ယခု ရှိကြသေးရဲ့လား၊ ယခု လှုပ်ကြသေးရဲ့လား။

မလှုပ်တော့ပါဘုရား၊ လှုပ်မှု မရှိတော့ပါဘုရား။

လှုပ်မှု ဘာဖြစ်သွားပြီလဲ။

လှုပ်မှု အနိစ္စရောက်သွားပါပြီဘုရား၊ ဒုက္ခရောက်သွားပါပြီဘုရား၊ လှုပ်မှုဆိုတာ အကောင်သတ္တဝါကြီး မဟုတ် မြေကြီးမဟုတ်တဲ့ အနတ္တသဘောပါ အရှင်ဘုရား။

မဟာပထဝီမြေကြီး အနိစ္စရောက်သွားသလား။

မဟာပထဝီမြေကြီးသည် သမုတိပညတ် သမူဟညတ် တကယ်ရှိသော တရား မဟုတ်၍ အနိစ္စ၊ နိစ္စဆိုလို့ မရပါဘုရား။

ဤကဲ့သို့ ကိုယ်တွေ့ အထင်အမြင်တွေကို ဉာဏ်တွေ့ ဉာဏ်မြင် မြင်လေအောင် ပရိယတ္တိသာသနာဘက်က ယခုလိုသင်ကြားသင့်သမျှ သင်ကြား နားလည်ကြစေပြီး ပဋိပတ္တိသာသနာဘက်က ဤကဲ့သို့ အားထုတ်ကြစေလိုပါသည်၊ ညီညီညာညာ လိုက်လို့ဆိုကြ၊ ပရိယတ်ဉာဏ် မျက်စိကလည်း မြင်အောင်ကြည့်ကြ။

တုန်လှုပ်မှု ဝါယော လေဓာတ် ရုပ်ပရမတ်တရားသည် အောင် အမြဲမရှိတဲ့ ခဓာတ်တရား ပရမတ်တရားပါတကား၊ အသစ်အဟောင်း တပြောင်းထဲ ပြောင်းပြီး ပြောင်းလဲ ဖောက်ပြန်နေသောကြောင့် အော် ဝိပရိဏာမဒုက္ခ ဓာတ်တရားပါတကား၊ လှုပ်ရှား ဝါယော လေဓာတ် ရုပ်ပရမတ်တရားသည် အလိုသို့မလိုက် အနတ္တ၊ ဘယ်သူ တစုံတယောက်မျှ အစိုးမရ အနတ္တ။

(တီရဏပရိညာဉ်၊ ကြိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" တုန်လှုပ်မှုသည် မြေကြီး၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ ဥတုဇ တေဇောဓာတ်၏ ဥစ္စာပစ္စည်းပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" မြေကြီးမို့ တုန်လှုပ်တာ မဟုတ်ပါတကား၊ လှုပ်ရှား ဝါယောဓာတ်မို့ တုန်လှုပ်တာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" တုန်လှုပ်မှုသည် မဟာ ပထဝီမြေကြီး မဟုတ်ပါတကား၊ မဟာပထဝီမြေကြီးသည် တုန်လှုပ်မှု မဟုတ် ပါတကား၊ တုန်လှုပ်မှုပေါ်မှာ မြေကြီးက မမှီပါတကား၊ မြေကြီးပေါ်မှာ တုန်လှုပ်မှုက မမှီပါတကား၊ တုန်လှုပ်မှု လှုပ်ရှားဝါယော လေဓာတ် ရုပ်ပရ မတ်သည် ကျန် မဟာဘုတ်သုံးပါးကိုမှီ၍ နေပါတကား။

(ပဟာနပရိညာ၌, ကတညာဏ်)

ဤသဘာဝမျိုးကို ဘုရားသခင်က—

"အဇ္ဈာကတံ ဓမ္မံ ပဋိစ္စ အဇ္ဈာကတော ဓမ္မော ဥပ္ပဇ္ဇတိ(ရူပပရိစ္ဆေဒညာဏ်) သဟဇာတပစ္စယာ နိဿယပစ္စယာ အတ္ထိပစ္စယာ အဝိဂတပစ္စယာ အညမည-ပစ္စယာ။ (ပစ္စယပရိဂ္ဂဟညာဏ်)

ဥတုသမုဋ္ဌာနံ တယော မဟာဘူတေ ပဋိစ္စ ဧကော မဟာဘူတော။ ဟူ၍ ပဋိစ္စဝါရမှာ ဟောတော်မူပါသည်။

ဤလို ခန္ဓာကိုယ်မှ အပြင်အပ ဗဟိဒ္ဓဖြစ်တဲ့ မြေကြီးလှုပ်မှုကို ပညတ်နှင့် ပရမတ်ခွဲ၍ ဥတုဇ လှုပ်ရှား ဝါယော လေဓာတ်၏ အလုပ် သက်သက်ပါ တကားဟု ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိရှိ၍ ပရမတ္ထသစ္စာအားဖြင့် မြေကြီးလှုပ်သည် မဟုတ်၊ လှုပ်ရှားဝါယော လေဓာတ်ကသာလျှင် လှုပ်ခြင်း ပါတကား၊ ထိုတုန်လှုပ် ဝါယော လေဓာတ် ခုလှုပ် ခုပျက် အနိစ္စဓာတ် အစစ် အမှန်ပါတကားဟု အမြင်မှန် သမ္မာဒိဋ္ဌိက အမြင်မှားမှုကို ပယ်နိုင် ခြင်းသည် လိုရင်းအချက်ဖြစ်ပုံကို—

အဇ္ဈာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ (ဝါယော) ဖောဋ္ဌဗ္ဗံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယောဟု ပဋ္ဌာဝါရ၌ ဟောပြ နည်းပေးတော်မူခဲ့ပါသည်။

ဤကား မြေငလျင်လှုပ်မှုကို ကြည့်၍ အတ္တဒိဋ္ဌိ ပယ်ပုံဖြစ်လေသည်။ ဤသဘာဝမျိုးကို မြတ်စွာဘုရားသခင်က—

"အဇ္ဈာကတံ ဓမ္မံ ပဋိစ္စ အဇ္ဈာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ နိဿယပစ္စယာ အတ္ထိပစ္စယာ အဝိဂတပစ္စယာ အညမညပစ္စယာ"—

လို့ ဟောတော်မူပါသည်။

---

## ၄။ ရင်ခုန်မှု နှလုံးခုန်မှု၌ ဝိပဿနာရှုပုံ

၁၃၃၀-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉-ရက်

(၁၀-၂-၆၉) တနင်္ဂလာနေ့ညတွင် ဟောပြောချက်

အို သူတော်ကောင်းတို့၊ လွန်ခဲ့သောညက မြေကြီးလှုပ်သည် ဝါယောလေဓာတ် လှုပ်သည်ဆိုသည့်အချက်ကို သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ, ပညတ်နှင့် ပရမတ်, ရုပ်၏အလုပ်နှင့် နာမ်၏အလုပ်, အကြောင်းနှင့် အကျိုး ခွဲခြားဝေဘန်၍ စံနစ်တကျ ကြည့်လိုက်တော့ အတ္တဒိဋ္ဌိ အတ္တဝါဒ ကင်းလွတ်နိုင်သည့် အတတ်ပညာ ရနိုင်ပုံကို ပဋ္ဌာန်းဒေသနာတော်နည်းဖြင့် ပြောခဲ့ပါပြီ။

မြေကြီးလှုပ်မှုဆိုတဲ့ အပြင်ဗဟိဒ္ဓ အာရုံကိုကြည့်ပြီး ဉာဏ်မျက်စိ ပွင့်လင်းလာပြီးလျှင် မီးခိုးကြွက်လျှောက်ဆိုသလို မိမိတို့ အတွင်းအဇ္ဈတ္တ ကိုယ်ခန္ဓာဘက်ကို ဉာဏ်မျက်စိ လှည့်၍ ပေးကြရမည်။

အို သူတော်ကောင်းတို့၊ လွန်ခဲ့သောညက မဟာပထဝီမြေလျှင် လှုပ်လိုက်သောအခါ သင်သူတော်ကောင်းတို့သည် နှလုံးမတုန် ရင်မခုန်မိကြဘူးလား။

မှန်လှပါ၊ နှလုံးတုန် ရင်ခုန်မိကြပါသည်ဘုရား။

နှလုံးတုန်သည်, ရင်ခုန်သည်ဟု အများကပြောကြပါသည်၊ အများပြောအမှန် သမုတိသစ္စာဖြစ်ပါသည်၊ တရားသဘောအမှန် ပရမတ္ထသစ္စာက ရှိပြန်

သည်၊ နောက်တဆင့် ဘုရားဟောလိုရင်းအမှန် အရိယသစ္စာကလည်း ရှိသေးသည်။

ဆောင်ပုဒ်။ ။ခုန်မှု တုန်မှု၊ ယပ်ခပ်မှု၊ ငြိမ့်မှုခါမှု၊ ကွဲအောင်ရှု။
(သုံးခေါက်ဆို)

အို သူတော်ကောင်း အပေါင်းတို့၊ ဒီလက်ထဲ ပါရှိပါသည်။

ခုန်မှုအရ = ရင်ခုန်သည်၊ နှလုံးခုန်သည်၊ သွေးခုန်သည်။

တုန်မှုအရ = ရင်တုန်သည်၊ နှလုံးတုန်သည်၊ သွေးတုန်သည်၊ ဒူးတုန်သည်၊ ခြေတုန်သည်၊ လက်တုန်သည်၊ ဦးခေါင်းတုန်သည်။

ယပ်မှုအရ = လက်ယပ်ခေါ်သည်၊ လက်ယပ်ပြသည်။

ခပ်မှုအရ = မျက်တောင်ခပ်သည်၊ ခြင်းခပ်သည်။

ငြိမ့်မှုအရ = ဥက္ကောင်းငြိမ့်သည်၊ လည်ငြိမ့်သည်။

ခါမှုအရ = ဥက္ကောင်းခါသည်၊ လက်ခါသည်၊ ခြေခါသည်။

ဤလိုစကားမျိုးတွေကို တပေါင်းတည်း တစုတည်းကဲ့သို့ သုံးစွဲနေကြပါသည်။ အများပြော အမှန် သမုတိ သစ္စာစကားတွေပါ၊ တရားသဘောအမှန် ပရမတ္ထသစ္စာကလည်း ရှိလေတော့ ခုန်မှုအရ ရင်တွေ နှလုံးတွေ သွေးတွေ ဆိုတဲ့ စကားက အများပြော အမှန် သမုတိသစ္စာတွေဖြစ်ပါသည်၊ ခုန်မှုကတော့ လှုပ်ရှားဝါယော လေဓာတ် ရုပ်ပရမတ်တရား အစစ်အမှန်တွေ ဖြစ်ပါသည်၊ သင်္ခတ ပရမတ်မှန်သောကြောင့် မြန်မြန်ဖြစ်ပြီး မြန်မြန်ပျက်လို့ ပြပါသည်၊ ဟုတ်မဟုတ် မှန်မမှန် ပြန်၍ကြည့်ကြ။

လွန်ခဲ့တဲ့ညက ရင်ခုန်ခဲ့ကြသည်၊ နှလုံးခုန်ကြသည်၊ ယခု ခုန်ကြသေးရဲ့လား။

မခုန်ကြပါဘုရား။

ခုန်မှုရဲ့ တရားကိုယ် ပရမတ်က ဘာကိုကောက်ရမလဲ။

လှုပ်ရှားဝါယော လေဓာတ်ကို ကောက်ရပါသည်ဘုရား။

မခုန်ကြတော့ဘူး ဆိုကတဲက လှုပ်ရှားဝါယော လေဓာတ် ရုပ်ပရမတ် မရှိတော့ဘူး၊ အနိစ္စရောက်သွားပြီဆိုတာ နားလည်ကြပြီလား။

မှန်လှပါ၊ နားလည်ကြပါပြီဘုရား။

ရင်ပတ်တွေ နှလုံးသားတွေကော မရှိကြဘူးလား၊ အနိစ္စ ရောက်ကုန်ကြပြီလား။

ပညတ်တရားတွေမို့ တကယ်ရှိတဲ့ အရှိတရားမဟုတ်လို့ အနိစ္စ ရောက်ရန်မလိုပါ၊ ခုန်မှုဝါယော လေဓာတ်တွေသာ အနိစ္စရောက်ကုန်ကြပါသည်ဘုရား။

ဒီလိုဆိုယင် ရင်ခုန် နှလုံးခုန်ဆိုတဲ့စကားထဲမှာ ဘယ်ဟာပညတ် ဘယ်ဟာ ပရမတ်တွေပါလိမ့်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား လေးပါးထဲမှာ ရင်ပတ်ရယ်, နှလုံးသားရယ်လို့ မပါဝင်လို့မို့ ရင်, နှလုံးသားတို့သည် သမူဟပညတ် သဏ္ဌာနပညတ်တွေပါဘုရား။

ပရမတ်အနေနဲ့ကတော့ ဘာတွေပါလိမ့်။

ခုန်မှုဝါယော လေဓာတ်မှာ တခဏအတွင်း လှုပ်ပြီးနောက် တခဏခြင်း ချုပ်ပျောက်သွားခြင်းကြောင့် လှုပ်ရှားဝါယော လေဓာတ်၏ သက်တန်းသည် လွန်စွာ တိုတောင်းလှပါသည်၊ ဤအကြောင်းကြောင့် "ရင်ပတ်" ဆိုသည့် ပညတ်နှင့် ခုန်မှုပရမတ်တို့သည့်ငှင်း "နှလုံးသား"ဆိုသည့် ပညတ်နှင့် ခုန်မှု လှုပ်ရှားဝါယော လေဓာတ် ရုပ်ပရမတ်တို့သည်ငှင်း အလွန်ကွဲပြားကြပါသည်၊ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့က သဘောအားဖြင့် ခွဲခြားပြသလျက် ရှိသော ကြောင့် သိစရာ မြင်စရာ အလွန် ကောင်းလှပါသော်လည်း မမြင်နိုင်ဘဲ "ရင်ခုန်သည်, နှလုံးတုန်သည်"ဟု တပေါင်းတည်းကဲ့သို့သာ အထင်အမြင် မှားနေကြပါသည်။

ယခု မြတ်စွာဘုရားသခင်က ဓာတုကထာပါဠိတော် ပုဂ္ဂလပညတ်ပါဠိတော်နှင့် ရှင်းပြတော့ ရိပ်မိကြပြီလား၊ နားလည်ကြပြီလား။

မှန်လှပါ၊ နည်းနည်းတော့ ရိပ်မိကြပါပြီ၊ နားလည်ကြပါပြီဘုရား။

အို သူတော်ကောင်းတို့၊ ရင်ခုန်စရာရှိလျှင် ခုန်ကြရမည်၊ နှလုံးတုန်စရာ ရှိလျှင် တုန်ကြရမည်၊ ဒီရင်ခုန်မှု နှလုံးတုန်မှုအတွက် အပါယ် လေးပါး ကျရောက်စေတတ်သည့် ထွေးလုံးရစ်ပတ် ရှင်းလင်းလို့မရတဲ့ အတ္တဝါဒ

ဘေးကြီး အတ္တဒိဋ္ဌိဘေးကြီး ပါဝင်နေသည့်အတွက် ဒီအတ္တဒိဋ္ဌိအကုသိုလ်စေတသိက် ဓာတ်ဆိုးကို ပယ်ရှား စွန့်ပစ်ဘို့ အရေးသည် ဥက္ကောင်းမီးစွဲသည့်ထက် အရေးကြီးသည်လို့ မြတ်စွာဘုရား ဟောတော်မူသည် "ဒယှမာနေဝ မတ္ထကေ" တဲ့။

ရင်ပတ်ရယ်, ခုန်မှုရယ် နှစ်မျိုးနှစ်စား ထင်ရှားရှိလျက် တမျိုးတည်း တပေါင်းတည်း တခုတည်းပြု၍ "ရင်ခုန်တယ်"လို့ ပြောလဲပြောကြပါသည်၊ ထင်မြင်မှတ်သားခြင်းလဲ ရှိကြပါသည်၊ ရင်ပတ်လဲ ရင်ပတ်ပဲ, ခုန်မှုလဲရင်ပတ်ပဲ ထင်ကြသည်၊ အဓိပ္ပါယ်ကို ရှင်းရလျှင် "ခုန်" မှု ဝါယောလေဓာတ် ကွယ်ပျောက်ပြီး ရင်ပတ်လို့ ဖြစ်နေသည်၊ ရင်ပတ်က သဏ္ဍာနပညတ်၊ သမူဟပညတ်၊ ပညတ်ဆိုတော့ ဘာမျှ မရှိသောတရားဖြစ်သည်၊ ဒါပေမဲ့ "ခုန်မှု" လှုပ်ရှား ဝါယော လေဓာတ် ရုပ်ပရမတ်ကတော့ တခဏမျှခုန် တခဏမျှ လှုပ်ပြီးတော့ တခဏအတွင်းမှာဘဲ အနိစ္စရောက် ချုပ်ပျောက်သွားလေသည်၊ လွန်ခဲ့တဲ့ညက လျှောင်လှုပ်လို့ ရင်ခုန်သည်၊ နှလုံးခုန်သည်၊ ဒီညကျတော့ မခုန်တော့၊ ငြိမ်နေကြပြီ၊ ဝါယောလေဓာတ် ရုပ်ပရမတ်ဆိုတာ အနိစ္စ အမြဲတည်မနေဘူး၊ ရင်ပတ်တို့ နှလုံးတို့ကတော့ ပညတ်တရားတွေမို့ အနိစ္စလို့ ရှုလို့မရဘူး။

ရင်တုန်မှု နှလုံးတုန်မှုတို့မှာလဲ ဒီနည်းအတိုင်း ခွဲခြားပြီး မြင်အောင်ကြည့်ဘို့ လိုပါသည်၊ ဒါဟာ ဝိပဿနာ အစစ်အမှန်ဖြစ်ပါသည်၊ တကိုယ်လုံး အနိစ္စလို့ ရှုလို့မရပါ၊ ပညတ်ကို အနိစ္စမရှုရပါ၊ နားလည်ကြပါ။

ခုန်မှု တုန်မှု လှုပ်ရှား ဝါယော လေဓာတ် ရုပ်ပရမတ်ကိုသာလျှင် "အနိစ္စ အနိစ္စ" လို့ အကြိမ်ပေါင်း ထောင်သောင်းများစွာ ပွားများကြရပါမည်၊ အတ္တဒိဋ္ဌိအကုသိုလ်စေတသိက်၏ ထင်မြင်ချက်က "ရင်ခုန် နှလုံးခုန်" ဟု တခုထဲလို အတူတူလို ထင်တာ မြင်တာကို ပြောကြပါသည်၊

သမ္မာဒိဋ္ဌိမဟာကုသိုလ် ဉာဏသမ္ပယုတ်ဉာဏ်အမြင်ကတော့ဖြင့် "ရင်ပတ်"က တခြား "ခုန်မှု"က တခြား "နှလုံး"က တခြား "ခုန်မှု"က တခြား မြင်ကြပါသည်၊ ရင်ခုန်မှု နှလုံးခုန်မှုတို့ကို ပညတ် ပရမတ်, အတ္တနှင့် အနတ္တ ခွဲခြမ်းစိတ်ဖြာပြီးသကာလ ခုန်မှုသည် လှုပ်ရှား ဝါယော လေဓာတ် အလုပ်ပါ

တကား၊ စိတ်တုန်လှုပ်လို့ စိတ္တဇ ဝါယော ခုန်တာပါတကား၊ တုန်လှုပ်တာပါတကားလို့ အကြောင်းနှင့်အကျိုး ခွဲပြီး ဝိပဿနာအလုပ်နှင့် တွဲ၍ အတ္တဒိဋ္ဌိကို ပယ်သတ်ကြပါစို့။

အမြင်မှားမှုကို အမြင်မှန်မှုဖြင့် နှင်ထုတ်ကြပါစို့။

ကဲကဲ လိုက်ဆိုကြ လိုက်ဆိုကြ။

ရင်ခုန်လျှင် ခုန်မှန်းသိ၊ စိတ်ကြောင့် ဖြစ်သော လှုပ်ရှား ဝါယောလေဓာတ် ရုပ်ပရမတ်၏ အလုပ်ကိစ္စပါတကားဟုအမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

လှုပ်ရှားဝါယော လေဓာတ် ရုပ်ပရမတ်တရားသည် အမြဲမရှိအနိစ္စ၊အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ရင်ပတ်မဟုတ်အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" ခုန်မှု တုန်မှု လှုပ်ရှားဝါယော လေဓာတ်သည် ရင်ပတ်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ ရင်ပတ်ကြောင့် ခုန်သည် တုန်သည် မဟုတ်ပါတကား၊ စိတ်ကြောင့် ခုန်မှုတုန်မှု ဖြစ်သောကြောင့် စိတ်၏ ဥစ္စာပစ္စည်းပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ ရင်ပတ်မို့လို့ နှလုံးမို့လို့ ခုန်တာ တုန်တာ မဟုတ်ပါတကား၊ စိတ္တဇဝါယော လှုပ်ရှားလေဓာတ်မို့ ခုန်တာ တုန်တာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" ခုန်မှု တုန်မှုသည် ရင်ပတ်မဟုတ်ပါတကား၊ နှလုံးသားမဟုတ်ပါတကား၊ ရင်ပတ်နှင့် နှလုံးသားသည် ခုန်မှု တုန်မှုမဟုတ်ပါတကား၊ ခုန်မှု တုန်မှုပေါ်မှာ ရင်ပတ်နှင့် နှလုံးသားတို့ မတည်ပါတကား၊ ရင်ပတ်နှင့် နှလုံးသားတို့ အပေါ်မှာ ခုန်မှု တုန်မှု မတည်ပါတကား။

(ပဟာနပရိညာဉ်, ကတဉာဏ်) (ကိစ္စပြီးစီးအောင် ရှုကြည့်ရမည့် ဉာဏ်ဟု မှတ်ရန်)။

**ပဋ္ဌာန်းအခြေခံ ( ၃ )**

ခုန်မှု တုန်မှု ဝါယောလေဓာတ်သည် ဘယ်မှာ တည်ပါသနည်းဆိုလျှင် အတူတကွဖြစ်သော မြေဓာတ် ရေဓာတ် မီးဓာတ်ပေါ်မှာ မှီပါသည်၊ တည်ပါသည်။

"တယော မဟာဘူတေ ပဋိစ္စ ဧကော မဟာဘူတော စိတ္တသမုဋ္ဌာနံ ရူပံ"။

အို သူတော်ကောင်းတို့၊ ရင်ခုန်မှု နှလုံး ခုန်မှုတို့ကို ပြောခဲ့သည့်အတိုင်း စံနစ်တကျ ခွဲခြမ်းဝေဘန်၍ ခုန်မှု တုန်မှု စိတ္တဇဝါယောလေဓာတ် ရုပ်ပရမတ်ကို အနိစ္စ ဒုက္ခ အနတ္တ အဖြစ် ဟုတ်မှန်သည့်အတိုင်း ဝိပဿနာ ရှုသောကြောင့် ဉာဏ်ကုသိုလ်တွေ ရတော့သည်၊ ဉာဏ်ကုသိုလ်က လူရုပ်နတ်ဌာန် နိဗ္ဗာန်တိုင်အောင် ကောင်းမြတ် တင့်တယ်သော အကျိုးပေးရုံမက "အကုသလ ဝိဒ္ဓံသနရသ" ဆန့်ကျင်ဘက် အကုသိုလ်ဓာတ်ဆိုးတို့ကို ဖျက်ဆီးသည့်အလုပ်ကိုလည်း လုပ်သေးသည်၊ ဘယ်ဓာတ်ဆိုးကို ဖျက်ဆီးပါသလဲဆိုလျှင် အပါယ်လေးပါးသို့ တဟုန်တည်း ပို့၍နေသော မဂ္ဂသတ္တိရှိသော အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက်ကို ဖျက်ဆီး၍ပစ်လေသည် (ဝါ) အမြင်မှန် "သမ္မာဒိဋ္ဌိ"က အမြင်မှားမှု "အတ္တဒိဋ္ဌိ"ကို သတ်လေသည်၊ ဓာတ်ချင်းမှ နိုင်သည်၊ ပရမတ်ချင်းမှ နိုင်သည်။

ထို့ကြောင့် ပဋ္ဌာန်းပဍ္ဍာဝါရ ပါဠိတော်မှာ

"အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ (ဝါယော) ဖောဋ္ဌဗ္ဗေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယော" လို့ ဟောတော်မူပါသည်။

ယခုလို နှလုံးတုန် ရင်ခုန်ပြီးသည့်နောက် ပရိယတ္တိနှင့် ပဋိပတ္တိကိုယ်တွေ့ရော ဉာဏ်တွေ့ပါ ဝိပဿနာအလုပ်ဖြင့် အလုပ်စခန်းဝင်၍ အမြတ်ရအောင်ယူသည့် ပညာကို မြတ်စွာဘုရားသခင်က ပေးတော်မူပါသည်၊ ပေးတော်မူသည့်အတိုင်း ရိုရိုသေသေရယူပြီးတဲ့အချိန်မှာ....

ရင်ခုန်လို့ ကုသိုလ်တွေ့ရသည်။

ရင်တုန်လို့ ကုသိုလ်တွေ့ရသည်။

နှလုံးခုန်လို့ ကုသိုလ်တွေရသည်။

နှလုံးတုန်လို့ ကုသိုလ်တွေရသည်။

မြေငလျင်လှုပ်လို့ ကုသိုလ်တွေရသည်။

အဲဒီကုသိုလ်မျိုးကို ဝိပဿနာနည်းနဲ့မှ ရနိုင်သည်၊ ဝိပဿနာ ကုသိုလ် ရနိုင်တဲ့ပညာကို တတ်ကြပေပြီ၊ မပယ်စွန့်ဘူးသော အတ္တဒိဋ္ဌိကိုလေသာကို ပယ်စွန့်နိုင်ပြီ၊ မဖြစ်ဘူးသေးသော ဒိဋ္ဌိဝိသုဒ္ဓိကုသိုလ်ထူး ဖြစ်ရပေပြီဟု ပီတိ-ပဿဒ္ဓိသမ္ဘောဇ္ဈင် ဖြစ်ရပေသည်၊ အတ္တဒိဋ္ဌိ အမြင်မှားတွေကို ပိုင်ပိုင်နိုင်နိုင် သတ်၍ အပါယ်လေးပါးနှင့် သေခန်းရှင်ခန်းဖြတ်ပြီး နိဗ္ဗာန်ဆိုတဲ့အမတခေတ် စခန်းသို့ တန်းတန်းမတ်မတ်ဆိုက်ရောက်ရပေတော့မည်ဟု ရှင်လန်းဝမ်းမြောက် ကာ မမေ့မလျော့ ကြိုးစားအားထုတ်ကြသဖြင့် ချမ်းသာခြင်းသို့ ရောက်ကြ ပါစေသတည်း။

လက်ဦးအစတွင် ဆောင်ပုဒ်နှင့်ပြခဲ့သည့် "ခုန်မှုတုန်မှု ယပ်ခပ်မှု ငြိမ့်မှု ခါမှု ကွဲအောင်ရှု" ဟူသော ဆောင်ပုဒ်အရ ဟောပြောခဲ့သည့်အတိုင်း-

သွေးခုန်သည်၊ သွေးတုန်သည်။

ဒူးတုန်သည်၊ ခြေတုန်သည်၊ လက်တုန်သည်၊ ဥက္ကောင်းတုန်သည်။

လက်ယပ်ခေါ်သည်၊ လက်ယပ်ပြသည်။

မျက်တောင်ခပ်သည်၊ ခြင်းလုံးခပ်သည်၊

ဥက္ကောင်းငြိမ့်သည်၊ လည်ငြိမ့်သည်။

ဥက္ကောင်းခါသည်၊ လက်ခါသည်၊ ခြေခါသည် စသည်များကိုလည်း....

ပညတ် ပရမတ် ခွဲပါလေ။

အတ္တ အနတ္တ ကွဲပါစေ။

ရုပ်အလုပ် နာမ်အလုပ် ရှင်းပါစေ။

အကြောင်း အကျိုး လင်းပါစေ။

ဆိုင်ရာဆောင်ပုဒ် သွင်းပါလေ။

“နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ”တို့ဖြင့် ငါသူတပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလုပ်မဟုတ်၊ နာမ်နှင့်ရုပ်တို့၏ အလုပ် တွေပါတကားဟု အနည်းငယ် အနည်းငယ် တခုစီ တခုစီ ကြေကြေညက်ညက် ရှိစေရန် ခဏတိုင်း ခဏတိုင်း (ဝါ) မျက်တောင်ခပ်တဲ့အခါ ဥက္ကောင်းခါပြတဲ့ အခါ ဥက္ကောင်းငြိမ့်ပြတဲ့အခါ စသည်တို့၌ ကာယာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ကို အခြေခံ မူလတန်းမှစပြီး သတိပြုကြည့်ရှု ပွားများလျက် ချမ်းသာကြပါစေသတည်း၊ ပွားများနိုင်ကြသည့် ဝိပဿနာပညာကို မြတ်စွာ ဘုရားသခင်က ပေးတော်မူခဲ့ပါသည်။

လှုပ်ရှားမှု(ဝါယောဓာတ်)၌ ဝိပဿနာရှုပုံကို
ပြဆိုသောအခန်း ပြီး၏။

## ၅။ ကြားမှု၌ ဝိပဿနာရှုပုံ

(၁) ကြားမှုဖြစ်ခါ၊ ငါရောက်လာ၊ ထိုငါပါမှု၊ ထိုကြားမှု၊ နှစ်ခု အစွန်းငြိတော့သည်။ (သဘောကျ လောဘ သောမနဿဝေဒနာ ကာမသုခလ္လိကာ နုယောဂ တဖက်စွန်းငြိ၊ သဘောမကျ ဒေါသ ဒေါမနဿ ဝေဒနာ တဖက်အစွန်းငြိ)

(၂) ကြားမှုဖြစ်ခါ၊ ဉာဏ်လိုက်လာ၊ ငါမပါမှု၊ ခတ်ဟုရှု၊ ရှုရင်း ရှုရင်း ကျွတ်တော့သည်၊ လွတ်တော့သည်။

(၃) ခတ်ကိုထိမိ၊ ဉာဏ်ဖြင့်ကြည့်၊ အတ္တဒိဋ္ဌိကွာတော့သည်။

(၄) ဒိဋ္ဌိသက္ကာ၊ ကွာသောခါ၊ ပယ်ရှာရောက်မှု အေးတော့သည်။

(၅) မကောင်းလဲကြား၊ ကောင်းလဲကြား၊ ကြားတဲ့အခါ၊ ငါမပါနှင့်၊ ကြားတဲ့အခိုက်၊ ဉာဏ်နှင့်လိုက်။

ဝိပဿနာ ဉာဏ်လိုက်ရန်မှာ—

မကောင်းလဲကြား၊ ကောင်းလဲကြား၊ ကြားလျှင် ကြားမှန်းသိ။

သောတဝိညာဏခတ် နားစိတ်ခတ်၏အလုပ်ကိစ္စပါတကားဟု အဟုတ် အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ ခတ်ဆိုးမြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ် ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာ၌, သစ္စဉာဏ်)

(က) အကောင်းကိုသာ၊ ကြားလိုပါ၊ သတ္တဝါမှန်သမျှ၊ ဧကန္တ။

(ခ) မကောင်းလဲကြား ကောင်းလဲကြား ကြားမှု သောတ ဝိညာဏ ခတ် နားစိတ်ခတ်၏ အလုပ်ကိစ္စပါတကား၊ လူ၏ အလုပ် ကိစ္စ မဟုတ်ပါတကား။

မကောင်းလဲကြား ကောင်းလဲကြား ကြားမှု သောတဝိညာဏခတ် နား စိတ်ခတ်သည် နားတွင်းမှာအမြဲရှိ၍ မနေသောကြောင့် အမြဲမရှိအနိစ္စ၊ ဖြစ်း ပြီးလျှင် ပျက်၍ သွားသောကြောင့် အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍

နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ကြားမှုသည် ကိုယ်ကောင်မဟုတ် အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အစိုးမရအနတ္တ၊ အနှစ်သာရရှာလို့မရ အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

အလုပ် လုပ်ကြပါ။

“နေတံ မမ = န တေံ မမ” မကောင်းလဲကြား ကောင်းလဲကြား ကြားမှု သောတဝိညာဏဓာတ် နာမ်ဓာတ်သည် ငါ၏ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ ငါကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပါတကား။ သောတပသာဒ ဝတ္ထုရုပ်ကြောင့်၎င်း၊ အသံ သဒ္ဒါရုံကြောင့်၎င်းထိုဝတ္ထုအာရုံနှစ်ပါး ဆုံကြသော အကြောင်းကြောင့် ဖြစ်ပေါ် တည်ရှိ၍နေပါတကား။

“နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ” ငါမို့လို့ ကြားသည်မဟုတ် ပါတကား၊ သောတဝိညာဏဓာတ် နာမ်ဓာတ်မို့ ကြားတာပါတကား။

“န မေသော အတ္တာ = န မေ ဧသော အတ္တာ” ကြားမှုသည် ငါမဟုတ် ပါတကား၊ ငါသည် ကြားမှုမဟုတ်ပါတကား၊ ကြားမှုပေါ်မှာ ငါက မမှီ ပါတကား၊ ငါ့ပေါ်မှာ ကြားမှုက မမှီပါတကား။

(တဏှာ မာန အတ္တဒိဋ္ဌိကိုပယ် ပဟာနပရိညာဉ်, ကတဉာဏ်)

(၁) အို သူတော်ကောင်းတို့၊ ကြားမှုသောတဝိညာဏဓာတ် နာမ်ဓာတ်သည် ငါကောင် လူကောင်ကို မမှီဘူးဆိုပါလျှင် ဘယ်အရာကို မှီပါ သနည်း၊ သောတဝိညာဏ် နာမက္ခန္ဓာလေးပါး အချင်းချင်းကို မှီပါသည်။

(၂) ဒီကြားမှု သောတဝိညာဏ် နာမက္ခန္ဓာလေးပါးတို့က ဘယ်ကို မှီပါ သလဲဆိုလျှင် သောတပသာဒဝတ္ထု အကြည်အလင် ရုပ်ကိုမှီပါသည်။

(၃) တဖန် ဒီ သောတပသာဒ အကြည်အလင်ဝတ္ထု ရုပ်က ဘယ်ကို မှီပါ သလဲဆိုလျှင် သောတဒသကဝတ္ထုထဲမှာပါဝင်တဲ့ မြေ ရေ လေ မီး ရုပ်ဓာတ်ကြီး လေးပါးကို မှီပါသည်။

(၄) တဖန် ဒီမြေ ရေ လေ မီး ဓာတ်ကြီးလေးပါးတို့က ဘယ်ကို မှီပါ သလဲဆိုလျှင် တပါးက သုံးပါးကို သုံးပါးက တပါးကို နှစ်ပါးက နှစ်ပါးကို အချင်းချင်း မှီကြပါသည်။

ဤလို အရင်းခံရုပ်ခေတ်ကြီးတို့သည် တေဇောမီးခေတ်က အစိက အရင်းခံ ဖြစ်သည့်အတိုင်း တေဇော မီးခေတ်၊ တွင်းပြင်ညှပ်၊ ကပ်၍လောင်တော့ကာ၊ ချုပ်ပျက်ပျောက်သွား သောတနားခေါ်သည့် သောတပသာဒဝတ္ထု ကမ္ဘာ လောကကြီး ပျက်စီး ပျောက်ကွယ်ကြရပါသည်၊ သူတော်ကောင်းတို့။

အမှတ်စဉ်အတိုင်း ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းပါဠိတော်ကို မိမိတို့နှုတ်ပေါ်တွင် အရကျက်၍ တင်ထားကြရပါမည်။

အမှတ် (၁) ပါဠိတော်က "နိဿယပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော"။

အမှတ် (၂) ပါဠိတော်က "နိဿယပစ္စယောတိ သောတာယတနံ သောတ ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"။

အမှတ် (၃) ပါဠိတော်က "နိဿယပစ္စယောတိ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော"။

အမှတ် (၄) ပါဠိတော်က "နိဿယပစ္စယောတိ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော"။

ဤပါဠိတော်အတိုင်း ညီညီညာညာ ရွတ်ဆိုကြရပါမည်။

နား သောတပသာဒဝတ္ထုရုပ်ကို ကမ္ဘာလောက တမျိုးဟူ၍ ဟောတော် မူသည်၊ ပါဠိတော်ကတော့ ဓမ္မသင်္ဂဏီ ပါဠိတော် ဆဋ္ဌမူ ပဒ အမှတ် (၆၀၁) မှာ—

"သောတဓာတုပေသာ၊ သောတိန္ဒြိယံပေတံ၊ လောကောပေသော" ဟူ၍ ဟောတော်မူပါသည်။

ဟောတော်မူသည့် အတိုင်း မြေခေတ် ရေခေတ် လေခေတ် မီးခေတ် အဆင်းအရောင်ခေတ် အနံ့ခေတ် အရသာခေတ် ရုပ်ဆီသြဇာခေတ် အသက် ခေတ် သောတပသာဒဝတ္ထု အကြည်အလင် ခေတ်ရယ်လို့ ခေတ် ၁၀-မျိုး အစုအပေါင်း ပါဠိအသုံးအနှုန်းအားဖြင့်(ဝါ)တဇ္ဇာပညက်အားဖြင့် သောတ ဒသက ကလာပ်ပါပဲ။ သူတော်ကောင်း အပေါင်းတို့။

**ဆောင်ပုဒ်။** ။မြေမှဓာတ်ဆီ၊ ဓာတ်ဆီမီးစက်၊ မီးကချက်၍၊ ရေပွက်လှိုက်ဆူ၊ လှိုက်ဆူလှုပ်ရှား၊ လှုပ်ရှားရင့်ကျက်၊ ရင့်ကျက်ရသာ၊ အနံ့ပါသည်၊ ရောင်ဝါမီးဓာတ်အဆင်းတည်း။

**ဇီဝိတဓာတ်၊ သောတဓာတ်ကို၊** ထပ်၍ထည့်ကာ၊ ရုပ်ဆယ်ဖြာ၊ မြန်မာ **"နား"ဟု ခေါ်သတည်း၊ ကမ္ဘာသော်တာ လောကတည်း။**

အို သူတော်ကောင်းတို့၊"ငါတို့ကြားသည်၊ငါကြားသည်"ပြောဆိုကြသည့် **စကားတရပ်၌** ပညတ်နှင့် ပရမတ်ကို ကွဲပြားအောင် ခွဲခြားပြီးသကာလ **စုံစုံ** လင်လင် ဟောပြခဲ့သည့်အတိုင်း "ပညတ်ကိုမြင် ဖြုတ်မှစိုက်ရ်ဝင်, ပုဂ္ဂိုလ်ကိုမြင် ဖြုတ်မှစိုက်ရ်ဝင်, သတ္တဝါကိုမြင် ဖြုတ်မှစိုက်ရ်ဝင်, ဉာဏ်မြင်ဆတ်ဆတ် ပရမတ်" ရယ်လို့ ဝိပဿနာ ဘာဝနာပွားကြရသည်။

ဤသည်ကား "ငါတို့ကြားသည်, ငါကြားသည်" ဟူသော စကားရပ်၌ တခုထဲ တမျိုးထဲဟု **အထင်အမြင်**များမှု အတ္တဒိဋ္ဌိ အကုသိုလ်ကို အမြင်မှန် သမ္မာဒိဋ္ဌိဉာဏ် ကုသိုလ်ဖြင့် ဆေးကြောသုတ်သင်သည့် အလုပ်ကို လုပ်ခြင်း ဖြစ်ပါသည်၊ လုပ်မှလည်းဖြစ်ပါလိမ့်မည်။

ထို့ကြောင့် "ဒိဋ္ဌိနှင့်ဉာဏ်၊ နှစ်တန်အာသယည်း၊ ပွား,ပယ်နည်းကို၊ နိုသရည်းရရ၊ ကြိုးလုံ့လ၍၊ မချရံခါ၊ စဉ်မကွာပဲ၊ နတ်ရွာခြောက်တန်၊ ဖြုတ်မှာ ဆန်သည်၊ နိဗ္ဗာန်ရောက်စေ ဆင့်ကဲတည်း" ဟူသည်နှင့်အညီ နိဗ္ဗာန်ရောက် အောင် အားထုတ်နိုင်ကြပါစေသတည်း။

## အာရုံငါးပါး၌ ဝိပဿနာရှုပုံကို ဟောကြားခန်း

### ၆။ မြင်သိမှု၌ ဝိပဿနာရှုပုံ

" ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"။

ပုံသဏ္ဌာန် အဆင်းအရောင် အသွင်ဟုဆိုအပ်သော ရူပါရုံ ရူပဓာတ်သည် စက္ခုပသာဒဝတ္ထု မျက်စိအကြည် ရုပ်ကို ထိခိုက်ဖြစ်ပေါ် ပေါက်ပွားလာသော စက္ခုဝိညာဏဓာတ် မျက်စိစိတ်ဓာတ်အားရင်း ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတ မနသိကာရ စေတသိက် ပရမတ်တို့အားရင်း အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

"အဒ္ဒယံ သမနုပဿတိ" ဟူသော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စာမျက်နှာ (၁၃၈) ပဒအမှတ် ၁၃၁-အရ ရှင်းလင်းဝေဘန်၍ ပြပါဦးမည်။

မျက်စိရယ်, မြင်မှုရယ် နှစ်မျိုးနှစ်စား ရှိပါလျက် တမျိုးတည်းပြု၍ တခုတည်း တပေါင်းတည်းကဲ့သို့ "မျက်စိက မြင်သည်" ဟု ပြောလဲ့ပြောကြပါသည်၊ ထင်မြင်မှတ်သားခြင်းလဲ ရှိကြပါသည်၊ ဤသို့ အထင်အမြင်မှားမှုကို အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ပရမတ်တရားက ပြုလုပ်ပါသည်၊ ဒိဋ္ဌိစေတသိက် ပရမတ်တရားက အထင်အမြင်မှားမှု အလုပ်ကိုသာ လုပ်ပါသည်၊ ဓမ္မသင်္ဂဏီပါဠိတော် စာမျက်နှာ(၂၀၈)ပဒအမှတ်(၁၀၀၇) စာကြောင်းရေ(၁၃)မှာ ကြည့်ကြပါကုန်၊ သူတော်ကောင်းအပေါင်းတို့။

အို သူတော်ကောင်းအပေါင်းတို့——မျက်စိဆိုတာက စက္ခုပသာဒ ရုပ်ပရမတ္ထ၊ မြင်မှုက စက္ခုဝိညာဏစိတ် ပရမတ္ထ။

တနည်း—မျက်စိက-ရုပ်၊ မြင်မှုက-နာမ်။

ဒီရုပ်ဓာတ် နာမ်ဓာတ်နှစ်မျိုးတို့အနက် အကောင်းအဆိုးမရွေး အဆင်းမျိုးစုံ ရူပါရုံ ရူပဓာတ်တို့ကို မျက်စိစိတ်ဓာတ် စိတ်ပရမတ်တရားကသာလျှင် မြင်နိုင်သည်၊ သိနိုင်သည်၊ မြင်မှုအလုပ်ကိစ္စကို လုပ်နိုင်သည်၊ မျက်စိခေါ်သည့် စက္ခုပသာဒရုပ်က မမြင်တတ်၊ မသိတတ်၊ မြင်ရိုးထုံးစံမရှိ၊ ဤကဲ့သို့ မြင်ဆိုသောအလုပ်ကို မျက်စိစိတ်ဓာတ်ကသာလျှင် မြင်နိုင်သည်၊ လုပ်နိုင်သည်၊ မျက်စိခေါ်တဲ့ ရုပ်ပရမတ်က မလုပ်နိုင် မမြင်နိုင်ဟု ခွဲခြား၍ ဉာဏ်ဖြင့်သိမှုကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ခေါ်ပါသည်၊ ဒီနာမရူပပရိစ္ဆေဒဉာဏ်ကုသိုလ်သည်

အပြစ်မရှိ ကောင်းမြတ်သောအကျိုးကို ပေးပါသည်၊ ဒီမျှတွင်မက "အကု-သလဝိဒ္ဓံသနရသ" ဆန့်ကျင်ဖက်ဖြစ်သော အမြင်မှားမှု အတ္တဒိဋ္ဌိကိလေသာကို ပယ်သတ်တဲ့ အလုပ်ကိုလဲ လုပ်ပါသည်၊ အတ္တဒိဋ္ဌိကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်လေသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်ဝေါ်နားလည်ကြရပါသည်။

အို သူတော်ကောင်းတို့၊ မျက်စိက မြင်သည်ဟူ၍ "မျက်စိ"နှင့် "မြင်မှု"ကို တခုတည်းကဲ့သို့ အထင်အမြင်မှားမှု အတ္တဒိဋ္ဌိကိလေသာကို "မျက်စိ" က တခြား "မြင်မှု" က တခြားရယ်လို့ အမြင်မှန် နာမရူပပရိစ္ဆေဒ ဉာဏ်က သုတ်သင်ဖယ်ရှားလိုက်ပါသည်။

ဤ မျက်စိ စိတ် ပရမတ် (စက္ခုဝိညာဉ်စိတ်) ကို အာရုံပြု၍ ဝိပဿနာရှုပုံမှာ ဓာတ် (၁၈) ပါး ဝိ သနာ ဆိုရိုးကို ကြည့်ရှု၍ ပွားများကြကုန်ရာ၏။

"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ" စသည်ဖြင့် မျက်စိစိတ်ပရမတ်ကသာလျှင် အဆင်း ရုပ်ပုံ ရူပါရုံ ရုပ်ပရမတ်တို့ကို မြင်သည်ဟု မြတ်စွာဘုရားသခင်သည် အဘယ်ကြောင့် ဟောတော် မူရပါသနည်း၊ ဤကဲ့သို့ မေးခဲ့ပါလျှင် အဖြေမှာ လူအရပ်ရပ် နတ်အထွေထွေ ရေသတ္တဝါ ကုန်းသတ္တဝါ အနန္တ ကောင်းကင်နေသတ္တဝါ အစားစားတို့သည် "ငါမြင်သည်, မျက်စိဖြင့်မြင်သည်" စသည်ဖြင့် "မြင်မှု" နှင့် သတ္တဝါပညတ်၊ "မြင်မှု" နှင့် စက္ခုပသာဒ ရုပ်ပရမတ်နှစ်ခုကွဲပြား ခြားနားပါလျက် တခုထဲ တမျိုးထဲ ပြုလုပ်၍ "ငါမြင်သည် မျက်စိဖြင့်မြင်သည်" ဟု အထင်အမြင်မှား ပြောမှား ဆိုမှားနေကြသဖြင့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဖြစ်နေကြပါသည်။

ထိုအမြင်မှား ပြောမှား ဆိုမှား အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကွယ်ပျောက်၍ အမြင်မှန် သမ္မာဒိဋ္ဌိ ရရှိကြစေခြင်းငှာ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ" စသည်ဖြင့် မြတ်စွာဘုရားသခင် ဟောကြားတော်မူပါသည်၊ ဤကဲ့သို့ အဖြေပေးကြရပါလိမ့်မည်၊ သူတော်ကောင်း အပေါင်းတို့။

"ငါ" က ပုဂ္ဂလပညတ် ပုရိသပညတ် ဣတ္ထိယပညတ် သတ္တဝါပညတ် သဏ္ဌာနပညတ် သမူဟပညတ် အမည်မျှသာ ဖြစ်သောကြောင့် မမြင်တတ်ပါ၊

"မြင်မှု" က စက္ခုဝိညာဏဓာတ် စိတ်ပရမတ်ဖြစ်၍ မြင်တတ် ပါသည်၊ မြင်ခြင်းသည် စက္ခုဝိညာဏဓာတ် စိတ်ပရမတ်၏ မူပိုင်အလုပ် ဖြစ်ပါသည်။

ဤသို့ ပညတ်နှင့် ပရမတ်ခွဲခြားလျက် ကွဲပြားအောင် ပညာမျက်စိဖြင့် ကြည့်ရှုရပါသည်၊ ဒီပညာမျက်စိကို မြတ်စွာဘုရားသခင်က "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ" စသည်ဖြင့် လမ်းညွှန်ပေးတော်မူပါသည်။

တဖန် "စက္ခုမျက်စိ" က ရုပ်ပရမတ် "မြင်မှု" က စိတ်ပရမတ် ရုပ်နှင့် စိတ်ပရမတ် နှစ်မျိုး ကွဲပြား ခြားနားပါလျက် တခုတည်းကဲ့သို့ ပေါင်း၍ "မျက်စိက မြင်သည်" ဟု ထင်မြင်မှုမှား ပြောမှား ဆိုမှားကြခြင်းသည်လည်း အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အမြင်မှား၍ နေခြင်းကြောင့်ဖြစ်ပါသည်။

စက္ခုပသာဒ ရုပ်မျက်စိက မမြင်တတ်၊ မျက်စိ စိတ်ပရမတ် ဝိညာဏဓာတ်ကသာလျှင် မြင်တတ်ပါသည်၊ ထို့ကြောင့် "သမ္မာဒိဋ္ဌိအမြင်မှန်" ရစေခြင်းငှာ "စက္ခုဝိညာဏဓာတုယာ" ဟုဟောတော်မူခြင်း ဖြစ်ပါသည်။

ဒီလိုဆိုလျှင် လူပုဂ္ဂိုလ်နှင့် မြင်စိတ်တို့ ဘယ်နည်းနှင့်မျှ မစပ်ဆိုင်တော့ ဘူးလားဟု မေးစရာရှိပါသည်၊ စပ်ဆိုင်မှုကို ဆိုပါမည်၊ လူပုဂ္ဂိုလ်သည် မြင်စိတ်ဓာတ်၏ အင်အားကောင်းသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုပါသည်၊ ဒါကြောင့် "ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော" ဟု ဟောတော်မူပါသည်၊ အဓိပ္ပါယ်ကတော့ လူပုဂ္ဂိုလ်က မြင်စိတ်ကို အကြောင်းအထောက် အပံ့ အကူအညီမျှကိုသာ ပေးသည်၊ လူကတော့ မမြင်နိုင်ဟု မှတ်သား နားလည်ကြရပါလိမ့်မည်။

ဤစကား၏ သဘောသွားကို အကြိမ်များစွာ ထပ်ပွား ရှုမြင်ကြကုန် ရာသည်၊ သူတော်ကောင်း အပေါင်းတို့။

ဤနည်းအတိုင်းပင်လျှင် မျက်စိရုပ်ပရမတ်သည် မြင်မှုစိတ် ပရမတ်ကို အမှီ အခိုခံမှု နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ မျက်စိက မမြင်တတ်ပါ၊ ဆိုလိုသည့် အဓိပ္ပာယ်မှာ လူပုဂ္ဂိုလ်သည် မြင်စိတ် ပရမတ်အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်၊ မျက်စိရုပ် ပရမတ်သည် မြင်စိတ်ပရမတ်အား နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၇။ ကြားသိမှု၌ ဝိပဿနာရှုပုံ

**မှတ်ချက်။** ။တရားပွဲတပွဲစီ ဖြစ်၍ ထပ်၍ ထပ်၍ ပါနေခြင်း ဖြစ်ပါသည်။

**"သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"** ဟူသော ပါဠိတော်၌ ဝိပဿနာအလုပ်လုပ်ပုံ။

**မကောင်းလဲကြား၊ ကောင်းလဲကြား၊ ကြားလျှင်ကြားမှု၊ အမှန်ရှု၊ အသိတခု၊ သတိပြု၊** (ကြားမှန်းသိ)

သောတ ဝိညာဏဓာတ် နာ့းစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကားဟု အမှန်ကိုသိ၊ အတ္တဒိဋ္ဌိအနေဖြင့် မြင်သလို ငါ့အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။
(ဉာတပရိညာဉ်, သစ္စဉာဏ်)

**မကောင်းလဲကြား ကောင်းလဲကြား ကြားမှုသောတဝိညာဏဓာတ် နာမ်စိတ်ဓာတ်သည် ရှေးကလဲ အမြဲမရှိ၊ ယခုလဲ အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ (ဒုက္ခ ဒုက္ခမဟုတ်)၊ ကိုယ်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အနှစ်သာရ မရှိ အနတ္တ၊ လူမဟုတ် ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။** (တီရဏ ပရိညာဉ်, ကိစ္စဉာဏ်)

**ဤနည်းကို မှတ်သား၍ အထပ်ထပ် အခါခါ ပွါးများကာ အလုပ်လုပ်ကြပါလေ။**

**"နေတံ မမ = န တေံ မမ" မကောင်းလဲကြား ကောင်းလဲကြား ကြားမှု သောတဝိညာဏဓာတ် နာ့းစိတ်ဓာတ်သည်** ငါ့ဥစ္စာ မဟုတ်ပါ တကား၊ ငါကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပါတကား၊ သောတ ဝတ္ထုရုပ်နှင့် အသံသဒ္ဒါရုံ နှစ်ပါးဆုံသောကြောင့် ဖြစ်ပေါ်လာခြင်းပါတကား။
(တဏှာကို ပယ်သည်)

**"နေသောဟမသ္မိ = န သော အဟံ အသ္မိ"** ငါမို့လို့ ကြားတာ မဟုတ်ပါတကား၊ **သောတဝိညာဏဓာတ်** နာ့းစိတ်ဓာတ်မို့ ကြားရခြင်းပါတကား။ (မာနကို ပယ်သည်)

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" ကြားမှုသည် ငါမဟုတ်ပါတကား၊ ငါသည် ကြားမှုမဟုတ်ပါတကား၊ ကြားမှုပေါ်မှာ ငါမမှီပါတကား၊ ငါ့ပေါ်မှာ ကြားမှုက မမှီပါတကား။ (အတ္တဒိဋ္ဌိကို ပယ်သည်)

**မှတ်သားချက်။** ။မကောင်းလဲကြား ကောင်းလဲကြား ကြားမှု သောတဝိညာဏဓာတ် နားစိတ်ဓာတ်သည်—

(က) အချင်းချင်း နာမက္ခန္ဓာ လေးပါးကိုမှီသည်။

(ခ) ထို နာမက္ခန္ဓာ လေးပါးတို့သည် သောတပသာဒ ဝတ္ထုရုပ်ကို မှီကြပါသည်။

(ဂ) ထို သောတပသာဒဝတ္ထုရုပ်သည် မိမိတို့ကလာပ်၌ရှိသော မြေ ရေ လေ မီးဓာတ်ကြီးလေးပါးကို မှီပါသည်။

(ဃ) ထို မြေ ရေ လေ မီးဓာတ်ကြီး လေးပါးတို့သည် အချင်းချင်း မဟာဘုတ် လေးပါးကို မှီကြပါသည်၊ (ပုဂ္ဂိုလ်သတ္တဝါကို မမှီ) ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ကြည့်ပါလေ။

ဤသို့ သိမှုမြင်မှုက ဉာဏ်, အသိခံ အမြင်ခံမှုက ,သောတဝိညာဏဓာတ် နားစိတ်ဓာတ်၊ သောတဝိညာဏဓာတ် နားစိတ်ဓာတ်ကသာ ကြားသည်၊ သောတပသာဒ ဝတ္ထုရုပ်ကမကြား၊ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါက မကြားဟူ၍ ပညတ်နှင့် ပရမတ် ရုပ်နှင့်နာမ်ခွဲ၍ နာမ်စိတ်ဓာတ်၏ အလုပ်အမှုန် အဟုတ်ကို ပိုင်းပိုင်းခြားခြားသိသောကြောင့် နာမရူပပရိစ္ဆေဒဉာဏ် ခေါ်ပါသည်၊ ၎င်းဉာဏ်က အတ္တဒိဋ္ဌိကို ပယ်ပါသည်၊ ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ = အယူဝါဒ စင်ကြယ်သွားတော့သည်။

## ၈။ နံသိမှု၌ ဝိပဿနာရှုပုံ

"ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။" မကောင်းလဲနံ ကောင်းလဲနံ နံလျှင်နံမှုအမှန် ကိုသိ။

ဃာနဝိညာဏဓာတ် နှာစိတ်ဓာတ်၏ အလုပ်ကိစ္စအမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိအကုသိုလ်စေတသိက် ထင်မြင်သလို ငါ့အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

မကောင်းလဲနံ ကောင်းလဲနံ နံမှု ဃာနဝိညာဏဓာတ် နှာစိတ်ဓာတ်သည် အမြဲမရှိလေသောကြောင့် အနိစ္စ၊ အသစ် အဟောင်း ပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ကိုယ်ကောင်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အနှစ်သာရမရှိ အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေ တံ မမ = န တေ မမ" နံစိတ်သည် ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ့ကြောင့် ဖြစ်ပေါ်လာသည် မဟုတ်ပါတကား၊ ဃာနပသာဒ ဝတ္ထုရုပ်နှင့် အနံ့ ဂန္ဓာရုံ နှစ်ပါးဆုံသော အကြောင်းကြောင့် ဖြစ်ပေါ်လာခြင်းပါ တကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ အနံ့ကို သိတာ မဟုတ်ပါတကား၊ ဃာနဝိညာဏဓာတ် နှာစိတ်ဓာတ်မို့ အနံ့ကို နံတာပါ တကား၊ သိတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" နှာစိတ်သည် ငါကောင် မဟုတ်ပါတကား၊ ငါကောင်သည် နှာစိတ် မဟုတ်ပါတကား၊ နှာစိတ်ပေါ်မှာ ငါကောင် မမှီပါတကား၊ ငါကောင်ပေါ်မှာ နှာစိတ်က မမှီပါတကား။

(ပဟာနပရိညာဉ်, ကတဉာဏ်)

နံမှု နှာစိတ်ရယ်, ငါရယ်လို့ နှစ်မျိုးနှစ်စား ခြားနားပါလျက် တပေါင်းတည်း တခုတည်းကဲ့သို့ပြု၍ "ငါနံသည်, နှာခေါင်းက နံသည် သိသည်" ဟု ထင်မြင် မှတ်မှား ပြောဆိုကြပါသည်၊ ဤ ထင်မြင်မှတ်မှား ပြောကြားခြင်း သည်ပင် "အတ္တဒိဋ္ဌိ" ဟု ဟောကြားတော်မူပါသည်။

အထက်ပါအတိုင်း “ငါနံမှု, နွားခေါင်းက နံမှု”တို့ကို ပညတ် ပရမတ်, အတ္တ အနတ္တ, ရုပ်အလုပ် နာမ်အလုပ်စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ရှုလိုက်ပါလျှင် ငါကောင်ကလည်း မနံတတ်၊ မသိတတ်၊ နွား ပသာဒရုပ်ဓာတ်ကလည်း မနံတတ် မသိတတ်၊ ဃာနဝိညာဏ်ဓာတ် နွားခေါင်းစိတ် နွားစိတ်ဓာတ်ကသာလျှင် နံတတ် သိတတ်ကြောင်းကို ဉာဏ်မျက်စိဖြင့်ကြည့်၍ အမှန်မြင်မှုကို “သမ္မာဒိဋ္ဌိဉာဏ်”ဟု ဟောတော်မူပါသည်၊ “ယထာဘူတဉာဏ်”ဟူ၍လည်း ဟောတော်မူပါသည်၊ မြန်မာလို ရှင်းရှင်းဆိုရလျှင် “ငါနံသည်, နွားခေါင်းကနံသည်”ဟု အမြင်မှားမှုကို နွားခေါင်းစိတ်ကသာလျှင် နံပါတကားဟု အမြင်မှန်မှု ဉာဏ်ကပယ်ခွန့်သည်ဟု ပြန်ဆိုရပါမည် (ဝါ) အတ္တဒိဋ္ဌိကို နာမရူပပရိစ္ဆေဒ (သမ္မာဒိဋ္ဌိ)ဉာဏ်ဓာတ်က ပယ်သည်ဟု သိရှိနားလည်ရပေ လိမ့်မည်။

---

## ၉။ အရသာသိမှု၌ ဝိပဿနာရှုပုံ

“ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တာကာနဉ္စ
ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။”

မြန်မာလို အဓိပ္ပာယ်အားဖြင့် အချိုအချဉ် အစပ်အဖန် အခါး အငန် အဆိမ့် အအိမ့် ကောင်း မကောင်းသော အရသာမျိုးစုံ ရသာရုံ ရသဓာတ်တခုကိုသာလျှင် ဇိဝှါဝိညာဏဓာတ် လျှာစိတ်ဓာတ်ကသိသည်၊ (နာမရူပပရိစ္ဆေဒဉာဏ်) ထို ဇိဝှါဝိညာဏဓာတ် လျှာစိတ်ဓာတ်သည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်းဟု မေးပါလျှင် အရသာဓာတ်ကြောင့် ဖြစ်ပေါ်လာပါသည်ဟု ဖြေရပါလိမ့်မည်၊ အရသာဓာတ်၏ အာရမ္မဏအစွမ်းသတ္တိကြောင့် ဖြစ်ပေါ်လာသည်ဟု ဖြေရပါလိမ့်မည်။ (ပစ္စယပရိဂ္ဂဟဉာဏ်)

ဇိဝှါပသာဒဝတ္ထုနှင့် ရသာရုံနှစ်ပါးဆုံသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်ဟုလည်း ဖြေဆိုနိုင်ပါသည်။ (ပစ္စယပရိဂ္ဂဟဉာဏ်)

ဤကား ပရမတ်တရား ဓာတ်တရားတို့၏ အကြောင်းအကျိုး ဆက်စပ်၍ အလုပ်လုပ်ပုံ မှန်သောကြောင့် ပရမတ္ထသစ္စာ အမှန်တရားဟု ဟောတော်မူပါသည်။

ဤသို့ အဘယ်ကြောင့် တိကျပြတ်သားစွာ ဟောကြားတော်မူပါသနည်းဟု မေးလျှင် သတ္တဝါအများတို့သည် သမုတိသစ္စာစကားဥ်သာလျှင် အမှန်ဟု နားလည်၍ နေကြလေသောကြောင့် ဤပရမတ္ထသစ္စာသာလျှင် အမှန်တရားဖြစ်ကြောင်း ဟောတော်မူရပါသည်။

သမုတိသစ္စာပိုင်းမှာ ဘယ်လိုသုံးနှုန်း နားလည်နေကြပါသနည်း၊ "အရသာကို ငါသိသည်, အရသာကို လျှာကသိသည်"စသည်ဖြင့် ပြောဆိုသုံးနှုန်းနေကြလေရာ အများပြော၍ မှန်သော သမုတိသစ္စာဖြစ်ခြင်းကြောင့် ဘုရားသခင်က မပယ်ပါ၊ သမုတိသစ္စာနယ်၌ သုံးစွဲနိုင်ပါသည်၊ ဒါပေမဲ့ တရားသဘောအမှန် ပရမတ္ထသစ္စာအားဖြင့် ဿာနဝိညာဏစေတ် လျှာစိတ်ဓာတ်ကသာလျှင် အရသာ ရသဓာတ်ကို သိသည်၊ ငါကောင်ကမသိ၊ လူကမသိ၊ သတ္တဝါကမသိ၊ ဇိဝှါပသာဒ ရုပ်ဓာတ်ကလဲ မသိကြောင်းကို ချစ်သား ချစ်သမီးတို့၊ မယုံလျှင် ဧဟိပဿ = လာကြည့်ကြ၊ ဝိပဿနာအလုပ်ကို လုပ်ကြည့်ကြလေ၊ "ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ ဟောတော်မူပါသည်။

သံယုတ် သုတ္တန် ဒေသနာတော်များမှာလဲ "ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ"စသည်ဖြင့် များပြားစွာ ဟောတော်မူပါသည်၊ ဒါပေမဲ့လဲ သဘောကတော့ အတူတူပင်ဖြစ်ပါသည်ဟု မှတ်သားကြပါကုန်၊ သူတော်ကောင်း အပေါင်းတို့။

တိုတိုကျဉ်းကျဉ်းနှင့် ဆိုလိုရင်းကိုပြောရလျှင် "အရသာကို ငါသိသည်, လျှာကသိသည်"ဟု အများပြောအမှန် သမုတိသစ္စာအားဖြင့် ပြောနိုင်ကြပါသည်၊ သုံးနှုန်းနိုင်ကြပါသည်၊ ဒါပေမဲ့ "ဇိဝှါဝိညာဏဓာတုယာ" တရားသဘောအမှန် ပရမတ္ထ သစ္စာအားဖြင့် လျှာစိတ်ဓာတ်သာလျှင် မုချဧကန် အမှန်သိတာပါတကားဟု ပညာမျက်စိဖြင့်လည်းသိကြပါကုန်၊ မြင်ကြပါကုန်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဝိပဿနာ အလုပ်စခန်းဖွင့်၍ ဉာဏ်ပညာ အသိဖြင့် အလုပ် လုပ်ပုံမှာ မကောင်းတဲ့အရသာ ကောင်းတဲ့အရသာ အရသာမျိုးစုံ ရသာရုံ ရသဓာတ်တို့ကို အရသာ အရသာမှန်းသိ၊ ထိုအရသာဓာတ်ကြောင့် အသစ် စက်စက် ဖြစ်ပေါ်လာသော ဇိဝှါဝိညာဏဓာတ် လျှာစိတ်ဓာတ်၏ အလုပ်ကိစ္စပါ

တကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်၍ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ပရမတ်ထင်မြင်သလို ငါ၏အလုပ် အကောင်အထည်၏ အလုပ် မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလုပ်ကိစ္စ မဟုတ်ပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

သို့သော်လဲ အရသာနှင့် အရသာကိုသိသော လျှာစိတ် ဇိဝှါဝိညာဏ်စိတ်, ဖဿ, ဝေဒနာစေတ်တို့သည်ကား အနိစ္စရောက် ချုပ်ပျောက်သွားကြသည်ကို သတိပြုကြည့်ရှုလျက် ဇိဝှါဝိညာဏစေတ် လျှာစိတ်စေတ်တို့သည် အမြဲမရှိ အနိစ္စ၊ အစဉ်မပြတ် ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ (ဒုက္ခ-ဒုက္ခ မဟုတ်)၊ ကိုယ်ကောင်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ၊ အနှစ်သာရ ရှာမရလေသောကြောင့် အနတ္တပါတကား။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န စေတံ မမ" လျှာစိတ်သည် ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ့ကြောင့်ဖြစ်ခြင်း မဟုတ်ပါတကား၊ ဇိဝှါပသာဒဝတ္ထုရုပ်စေတ်နှင့် အရသာ စေတ်တို့ ထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ အရသာကို သိတာ မဟုတ်ပါတကား၊ လူမဟုတ်ပါတကား၊ လျှာစိတ်မို့ အရသာကို သိခြင်း ပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" လျှာစိတ်သည် ငါ မဟုတ်ပါတကား၊ လူမဟုတ်ပါတကား၊ ငါသည် လျှာစိတ်မဟုတ်ပါတကား၊ လျှာစိတ်ပေါ်မှာ ငါမရှိပါတကား၊ ငါ့ပေါ်မှာ လျှာစိတ်မရှိပါတကား၊ အချင်းချင်း ဇိဝှါဝိညာဉ် နာမက္ခန္ဓာလေးပါးကို မှီ၍ နေကြခြင်းပါတကား၊

## ၁၀။ အတွေ့အထိသိမှု၌ ဝိပဿနာရှုပုံ

"ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ မဂ္ဂါနံ အာရမ္မဏပစ္စယေန ပစ္စယော။"

မာ ပျော့ ပထဝီဖောဋ္ဌဗ္ဗဓာတ်၊

ပူ အေး တေဇောဖောဋ္ဌဗ္ဗဓာတ်၊

ထောက်ကန် လှုပ်ရှား ဝါယောဖောဋ္ဌဗ္ဗဓာတ်၊

ဤဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗဓာတ် သုံးပါးသည် ကာယပသာဒရုပ်ဓာတ်ကို ထိခိုက်ဖြစ်ပေါ် ပေါက်ဖွားလာသော ကာယဝိညာဏ်စိတ်ဓာတ်အားရင်း ထိုစိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် စေတသိက်ဓမ္မတို့အားရင်း အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မာတာကို မာမှန်းသိ၊ ပျော့တာကို ပျော့မှန်းသိ၊ ပူတာကို ပူမှန်းသိ၊ ထောက်ကန်လှုပ်ရှားတာကို ထောက်ကန်လှုပ်ရှားမှန်းသိ၊ ဤသို့ သိခြင်းသည် ကာယဝိညာဏ် စိတ်၏ အလုပ်ကိစ္စပါတကားဟု အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ထင်မြင်သလို ငါ၏အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ ပုဂ္ဂိုလ် သတ္တဝါတို့၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတ ပရိညာ၌, သစ္စဉာဏ်)

မကောင်းတွေ့ထိ ကောင်းတွေ့ထိ တွေ့ထိ၍ သိမှုကာယဝိညာဏ်စိတ်သည် အနိစ္စ ဒုက္ခ အနတ္တ။ (တီရဏပရိညာ၌, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ၊ နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ၊ န မေသော အတ္တာ = န မေ ဧသော အတ္တာ။" (ပဟာနပရိညာ၌, ကတဉာဏ်)

မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ် အဆင်းအရောင်ဓာတ် အနံ့ဓာတ် အရသာဓာတ် ရုပ်ဆီဩဇာဓာတ် ဤဓာတ်ရှစ်ခုကို "အဋ္ဌကလာပ်ရုပ်"ဟု

ခေါ်သည်၊ အာကာသခြား၍ မရေမတွက်နိုင်အောင် စုပေါင်း၍နေသည်ကို "ထမင်း" တလုံးဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်၏။

သို့ကလို ရုပ်ခတ်အစုအဝေးကို ရုပ်ခတ်အစုအဝေးဟု မသိနားမလည် ခြင်းကြောင့် နာမည်ပညတ်အားဖြင့် "ထမင်း"ဟု ခေါ်ဝေါ်ပညတ် သမုတ် အပ်ပါသည်၊ ထို့ကြောင့် ထမင်းသည် သမူဟပညတ်၊ လုံးလုံး ရှည်ရှည် ဝိုင်းဝိုင်း ပုံသဏ္ဌာန်ရှိနေလို့ မို့ သဏ္ဌာနပညတ်၊ အကယ်၍ထမင်းပူပူဆိုပါလျှင် ယခင်ရှိရင်းစွဲ ခတ်ရှစ်ပါးတို့အတွင်းမှ ဥဏှတေဇော မီးခတ်တခုကသာလျှင် ပူသည်ဟု သိထားရပါမည်။

ထို့ကြောင့် ထမင်းရယ်, ပူမှုရယ် နှစ်မျိုးနှစ်စား ခြားနားပါလျက် တခု တည်း တပေါင်းတည်းကဲ့သို့ ပြု၍ "ထမင်းပူသည်" ပြောလဲ ပြောကြပါသည်၊ ထင်မြင်မှတ်သား မှားကြပါသည်၊ ဤသို့ ထင်မြင် မှတ်သား မှားခြင်းသည် အမြင်မှားမှု အတ္တဒိဋ္ဌိပါတည်း။

ထမင်းက သမူဟပညတ် သဏ္ဌာနပညတ် ဖြစ်ပါသည်၊ ပညတ်ဆိုတာ အရှိတရားမဟုတ်ပါ၊ ပူမှုက ဥဏှတေဇော ရုပ်ပရမတ်ဖြစ်သည်၊ ခဏကြာလျှင် အပူခတ်ပျောက်၍ အအေးခတ်ရောက်လာမည်၊ ဥဏှ တေဇော အပူခတ် အနိစ္စဖြစ်သွားကြောင်းကို တေဇောရုပ်ခတ် ပရမတ်က ပျက်၍ပြလေသည်။ အနိစ္စရောက်၍ပူမှုကို ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ ပူမှု ဥဏှ တေဇော ရုပ်ခတ် အနိစ္စ ဒုက္ခ အနတ္တ။

အောက်တွင် ဖော်ပြထားသည့် ပုံစံများကို ပညတ်နှင့် ပရမတ်, အတ္တနှင့် အနတ္တ, ရုပ်အလုပ်နှင့် နာမ်အလုပ်တို့ကို ပြတ်သားရှင်းလင်းအောင် ခွဲခြား ရှုပွါးကြပါကုန်၊ သူတော်ကောင်း အပေါင်းတို့။

ထမင်း ပူသည် အေးသည် မာသည် ပျော့သည် လှုပ်သည် မလှုပ်သည်။

ထမင်း ဖြူသည် နီသည် ဝါသည်။

ထမင်း မွှေးသည် နံသည် သိုးသည် ပုပ်သည်။

ထမင်း ချိုသည် ဆိမ့်သည် မဆိမ့်သည်။

ထမင်း အဆီများသည် မများသည်။

## ၁၁။ ပုညကြိယာဆယ်ပါးပြုလုပ်သောအခါ

## အတ္တဒိဋ္ဌိပယ်ပုံ

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" ဟူသော ပါဠိတော်ဖြင့် သောတာပန်ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ် ပုဂ္ဂိုလ်ဟု ဆိုအပ်သော သေက္ခပုဂ္ဂိုလ်များ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်များသည် ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ် တည်းဟူသော လောကီကုသိုလ်တို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ဝိပဿနာ ဘာဝနာ ပွါးများပုံတို့ကို ဟောပြတော်မူပါသည်။

ထိုလောကီကုသိုလ်တို့ကို သမ္မသနညာဏ် စသည်ဖြင့် အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ဝိပဿနာဘာဝနာညာဏ် မပွါးများမီ ရှေးဦးစွာ နာမရူပပရိစ္ဆေဒ ညာဏ်ဖြင့် အတ္တဒိဋ္ဌိကို ပယ်ရှားလျက် ဒိဋ္ဌိဝိသုဒ္ဓိအယူဝါဒ စင်ကြယ်အောင် အားထုတ်ဘို့ လိုအပ်ပါသည်။ ထိုကုသိုလ်ဖြစ်ပေါ်လာခြင်း၏ အကြောင်း ရင်းကိုသိသော ပစ္စယပရိဂ္ဂဟညာဏ်ဖြင့် ဝိစိကိစ္ဆာကိလေသာကို ပယ်ရှားလျက် ကင်္ခါဝိတရဏဝိသုဒ္ဓိခေါ် ယုံမှားသံသယ ကင်းရှင်း စင်ကြယ်အောင် အား ထုတ်ဘို့ လိုပါသည်။

ဒါန သီလ စသော ကာမာဝစရ ပုညကြိယာမျိုးကို ပြုလုပ်ကြသောအခါ "ငါလှူသည်၊ ငါသီလစောင့်သည်" စသောအားဖြင့် ငါတည်းဟူသော ပုဂ္ဂိုလ်အကောင်အထည်များ ရောနှောပေါင်းစပ်လျက် အထင်အမြင်မှားယွင်း ပါဝင်၍ နေတတ်ကြပေသည်၊ ထို အထင်အမြင် မှားယွင်းမှု ကင်းရှင်း စေရန်——

လှူလျှင် လှူမှန်းသိ။

သီလစောင့်လျှင် စောင့်မှန်းသိ။

ဘာဝနာပွားလျှင်ပွားမှန်းသိ (စေတနာအရကောက်)။

အရိုအသေပြုလျှင် ပြုမှန်းသိ။

ဝေယျာဝစ္စပြုလျှင် ပြုမှန်းသိ။

အမျှဝေလျှင် ဝေမှန်းသိ။
သာဓုခေါ်လျှင် ခေါ်မှန်းသိ။
တရားနာလျှင် နာမှန်းသိ။
တရားဟောလျှင် ဟောမှန်းသိ။
အယူဖြောင့်လျှင် ဖြောင့်မှန်းသိ။

မဟာကုသိုလ် စေတနာဓမ္မဓာတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

မဟာကုသိုလ် စေတနာဓမ္မဓာတ် အနိစ္စ ဒုက္ခ အနတ္တ။
"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"
ဆောင်ပုဒ်။ ။ပုဗ္ဗာ မုဉ္စ၊ ပရကြည်စွာ၊ စေတနာ၊ သုံးဖြာသီးသီး ဘန်း။

ဤနေရာ၌ ပုညကြိယာ (၁၀) ပါးကို စေတနာစေတသိက် ပရမတ်တရားကို အရကောက်ယူရသည်။
ပညတ်မြင်လျှင် ဗြဟ္မစိုရ်ဝင်၊
ဉာဏ်မြင်ဆတ်ဆတ် ပရမတ်၊
ဝိပဿနာ ဘာဝနာ ပွားကြရာသတည်း။

အို သူတော်ကောင်းတို့၊ အဘိဓမ္မာ ပိဋကတ်၌ စိတ်စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ပရမတ်တရား လေးပါးတို့ကို အကျယ်အားဖြင့် ခန္ဓာ အာယတနဓာတ်တို့ဖြင့် ခွဲခြမ်းဝေဘန်၍ ဟောတော်မူသည့်ကျမ်းကို "ဓာတုကထာ" ကျမ်းဟု ခေါ်သည်။

ဆိုင်ရာဆိုင်ရာစိတ် စေတသိက်ရုပ်တို့၏ ဖြစ်မှုအခိုက်အတန့်ကိုစွဲ၍ အကောင်အထည် ပုံသဏ္ဍာန်အဖြစ်ဖြင့် ပညတ်တင်၍ နာမည်ပေး၍ ဟောတော်မူသော ကျမ်းကို "ပုဂ္ဂလပညတ်" ဟု ခေါ်ပါသည်။

ပုဂ္ဂလပညတ်ဆိုတာ ပါးစပ်အပြော ဖြစ်ပါသည်၊ ဓာတ်သဘောအမှန်ကို ကောက်ယူလို့မရနိုင်ပါ၊ ပရမတ်ဓာတ်သဘောကို မမြင်၊ နာမည်ပညတ်တွင်သာ

သောင်တင်၍ နေသောကြောင့် (ဝါ) အကောင်အထည် ဒြပ်သဏ္ဌာန်ကြီး ကိုသာ ဉာဏ်နှင့်မယှဉ်သောစိတ်ဖြင့်မြင်, သညာအသိဖြင့်သိ, ဒိဋ္ဌိအမြင် မြင်မှား၍နေသောကြောင့် လောဘဖြစ်စရာရှိလျှင် နွားတော်ရေကျ ပမာဏသို့ ဆွဲမရ ဆီးမရနိုင်အောင် ထိတ်လန့်စရာဖြစ်ပေါ်ကြရပေသည်၊ ဒေါသဖြစ်စရာ ရှိပြန်လျှင်လဲ ယမ်းပုံမီးကျ ပမာဏသို့ တားမရ ဆီးမနိုင်အောင် ဝုန်းဝုန်း ဒိုင်းဒိုင်း ဖြစ်ကြရပေသည်။

နာမပညတ်ကို ဖယ်လှစ်၍ ဓာတ်စစ်စစ် ပရမတ်စစ် အနှစ်သာရကို ပိုင်နိုင်သေချာ ခွဲခြမ်းတတ်ခဲ့ပါလျှင် (ဝါ) ပိုင်းခြားနိုင်သည့်ပညာဖြင့် ပညတ်နှင့် ပရမတ် တတ်အပ်သေချာ ခွဲခြမ်းစိတ်ဖြာနိုင်ပါလျှင် (ဝါ) ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ မြင်ပြန်လျှင် မေတ္တာ, ကရုဏာ,မုဒိတာ, ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား ပွားနိုင်အောင် ပွားရပေလိမ့်မည်။

မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ် အဆင်းဓာတ် အသံဓာတ် အနံ့ဓာတ် အရသာဓာတ်ကို တွေ့မြင်ပါလျှင် ဓာတ်သဘာဝတွေက ဖော်ပြသည့်အတိုင်း အမှန်ကိုမြင်အောင် ဉာဏ်ဖြင့်စေ့ငုံ ဝိပဿနာရှုသင့်ကြရာသည်၊ အဲဒါဟာ မြတ်စွာဘုရား၏ အလိုဆန္ဒတော်အတိုင်း ဖြစ်ပေသည်။

အို သူတော်ကောင်းတို့၊ ယခုအခိုက်အတန့်မှာ ဘာသံတွေများ ကြားနေကြပါသလဲ။

ဆူးလေယင်ပြင်က ကြေးစည်သံတွေ ကြားနေရပါသည်ဘုရား။

ပြီးတော့ကော။

မော်တော်ကားသံတွေ ကြားနေရပါသည်ဘုရား။

ဘယ်သူတွေက ကြားတာလဲ။

တရားနာနေကြတဲ့ တပည့်တော်တို့ ကြားနေကြပါသည်ဘုရား၊ မော်တော်ကားသံတွေကို ကြားနေကြရပါသည်ဘုရား။

အဲဒီအထဲက "ကြေးစည်သံ"ဆိုတဲ့ စကားကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြစို့၊ မသိမှုအဝိဇ္ဇာကြောင့် ကြေးစည်သံရယ်လို့ တပေါင်းထဲ တခုထဲကဲ့သို့ ပြောကြပါသည်၊ ဤကဲ့သို့ပြောဆိုမှုသည် သမုတိသစ္စာဖြစ်လို့မို့ အများပြော အမှန် လက်ခံနိုင်သော်လည်း အမြင်ကတော့ မစင်ကြယ်၊ ကြေးစည်ဆိုတဲ့ အထည်ဒြဗ်ကြီးကို မလွန်မြောက်နိုင် မဖောက်ထွင်းနိုင်သေးပါ၊ ဘာကြောင့်

မလွန်မြောက် မဖောက်ထွင်းနိုင်ပါသလဲဆိုပါလျှင် ကြေးစည်ရယ်, အသံရယ် နှစ်မျိုးနှစ်စား ထင်ထင်ရှားရှား ကွဲပြားနေပါလျက် တခုတည်း တပေါင်းတည်းကဲ့သို့ "ကြေးစည်သံ" လို့ ပြောဆိုမှတ်သား တင်မြင်မှု မှားကြပါသည်၊ ဤကဲ့သို့ ပြောဆိုမှတ်သား ထင်မြင်မှုမှားခြင်းသည် စိတ္တဝိပလ္လာသ သညာဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသတွေမျှသာ ဖြစ်ချေသည်။

ဒါကြောင့် ဝိပလ္လာသတွေကင်းပြီး ဉာဏ်အမြင် ရှင်းလင်း စင်ကြယ်သွားစေဘို့ ပညတ်ပရမတ် ခွဲရပါလိမ့်မည်။

ကြေးစည်က ပညတ်(အဋ္ဌကလာပ်ရုပ်တွေ ပေါင်းထား၍ သမူဟပညတ်)၊ အသံက အသံ သဒ္ဒရုပ် ပရမတ်၊ ကြေးစည်က ပုံသဏ္ဌာန်ရှိလို့ သဏ္ဌာနပညတ်၊ အသံက ပုံသဏ္ဌာန်မရှိလို့ သဒ္ဒရုပ်ပရမတ်၊ အသံသဒ္ဒဓာတ်သည် ယခုဖြစ်ပြီး ယခုပျက်လို့ အသက်တန်းလွန်စွာ တိုတောင်းလှပါသည်။

အို သူတော်ကောင်းတို့၊ သင်တို့ ကိုယ်တွေ့ဖြစ်ပါသည်၊ ကြေးစည်သံ၏ အသက်တန်း ဘယ်မျှ ကြာရှည်ပါသနည်း။

ပညတ်တရားသည် မရှိသောတရားဖြစ်၍ မည်မျှ ကြာသည် မကြာသည်ကို ပြော၍ မဖြစ်နိုင်ပါ။

အသံသဒ္ဒဓာတ်ရုပ် ပရမတ်၏ အသက်တန်းက ဘယ်မျှ ရှည်ပါသနည်း။

ခဏအတွင်းမှာ အသံဖြစ်လာပြီး တခဏအတွင်းမှာပင် ပျက်၍ သွားပါသည်၊ အသံသဒ္ဒ၏ အသက်တန်း တိုတောင်းလှပါသည်ဘုရား။

အသံဓာတ်ဟာ တခဏအတွင်းဖြစ်ပြီး တခဏအတွင်းမှာဘဲ ပျက်သွားတာကို တွေ့ရှိကြပြီလား၊ သိမြင်ကြပြီလား။

တွေ့ရှိ သိမြင်ကြပါပြီဘုရား။

မြင်နေကျ ပကတိမျက်စိနဲ့ မြင်တာလား၊ ဉာဏ်ပညာမျက်စိနဲ့ မြင်တာလား။

ဉာဏ်ပညာမျက်စိနှင့် မြင်ပါသည်ဘုရား။

ဒါကြောင့်မို့ အဲဒီလိုမြင်တွေ့သိရှိခြင်းကို ဉာဏ်တွေ့ ဉာဏ်မြင်လို့ မှတ်ကြရပါမည်။

ကြေးစည်ကိုတော့ အသက်မရှိလို့ မေတ္တာဘာဝနာပွားလို့မရပါ၊ အသံ ဓာတ်ကတော့ ဖြစ်ပြီးပျက်သွားလို့မို့ အနိစ္စ၊ တသံဖြစ်ပြီး တသံပျက်, တသံပျက်ပြီး တသံဖြစ်ကာ အစဉ်မပြတ် အသစ်အဟောင်း ပြောင်း၍နေသော ကြောင့် ဝိပရိဏာမဒုက္ခ၊ ကြေးစည်မဟုတ် အနတ္တ၊ ကြေးစည်ကိုတော့ အတ္တဒိဋ္ဌိ အထည်ဒြဗ်လို့ အထင်မှားခံရသောကြောင့် အတ္တ၊ စင်စစ်ကတော့ အတ္တရယ် လို့မရှိ၊ အဋ္ဌကလာပ်ရုပ်အစုအဝေးကို ဒိဋ္ဌိစေတသိက်က အထည်ဒြဗ်ကြီးဘဲ လို့ ထင်မှတ်မှားခံရခြင်း ဖြစ်လေသည်။

ရှေးဆက်ကြဦးစို့၊ တပည့်တော်တို့ "အသံကိုကြားပါသည်" ဆိုတဲ့ စကားကို ရှင်းကြဦးစို့၊ ဘာကြောင့် ရှင်းရမှာလဲဆိုတော့ ရှုပ်နေလို့မို့ ရှင်းရပါသည်၊ ဘယ်လိုရှုပ်နေပါသလဲဆိုရင် ပညတ်နှင့် ပရမတ် တထပ် တသားထဲလိုမှတ်ပြီး မကွဲမပြား ဖြစ်နေလို့ရှုပ်ပါသည်။

ဒါပေမဲ့ ရှုပ်ထွေးနေပါကလားလို့မသိကြ၊ မသိတာက အဝိဇ္ဇာ ဖြစ်နေ သည်၊ အမှန်ကို အမှန်လို့သိပြန်တော့ ဝိဇ္ဇာဉာဏ် ဖြစ်ပြန်ပါသည်။

အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက်ပရမတ်က မြင်တော့မြင်ပါသည်၊ သူမြင် တာက အကောင်အထည် ဒြဗ်ကြီးသဏ္ဌာန်ကြီးလို မြင်လေသည်၊ ဥပမာ ဘာနှင့် တူပါသလဲဆိုလျှင် ညဉ့်အခါ ငှက်တိုက်လို့ လွန့်လူးနေတဲ့ စက္ကူကြိုးကို အသက် ရှိတဲ့ မြွေကြီးလို့ အထင်အမြင်မှားမှုမျိုး ဖြစ်နေသည်။

သမ္မာဒိဋ္ဌိအမြင်ကတော့ မြင်လဲမြင်သည်၊ မြင်ရာမှာလဲ အမှန်ကို အမှန် အတိုင်းမြင်သည်၊ ပညတ်ကို ပညတ်လို ပရမတ်ကို ပရမတ်လို ကွဲပြားခြားနား စွာ မြင်လေသည်။ အဲဒီလို သဘာဝ ဓာတ်တရားတွေက ကိုယ့်အလုပ်ကိုယ် လုပ်ကြပါသည်။

"ငါတို့ကြားသည်" ဆိုရာ၌ "ငါတို့" က ပုဂ္ဂလပညတ်, ပုံသဏ္ဌာန် ရှိနေလို့ သဏ္ဌာနပညတ်, ရုပ်ဓာတ် နာမ်ဓာတ်တွေ ကောဋ္ဌာသတွေ ပေါင်းစု၍ ထား သောကြောင့် သမူဟပညတ်၊ "ကြားမှု" က သောတဝိညာဏ်ဓာတ် နားစိတ် ဓာတ် စိတ်ပရမတ်၊ သောတဝိညာဉ်စိတ် နားစိတ်ကို ကြားစိတ်ကို ဝိညာဏက္ခန္ဓာ မနာယတန သောတဝိညာဏဓာတ်ဟူ၍ ဓာတုကထာကျမ်း၌ တိတိကျကျ ဟောကြားတော် မူခဲ့ပါသည်။

ပစ္စယနိဒ္ဒေသပဌာန်းပါဠိတော်မှာလည်း "သဒ္ဒါယတနံ သောတဝိညာဏ ဓာတုယာ" ဟူ၍ ဓာတ်အစစ် ပရမတ်အစစ်ဖြစ်ကြောင်းကို ထပ်လောင်း၍ လေးပစ္စည်းမှာ လေးကြိမ်ဟောတော်မူပါသည်၊ နားစိတ် ကြားစိတ် သောတ ဝိညာဏဓာတ်မှန်းကို ကိုယ်တွေ့ရော ဉာဏ်တွေ့ပါ ယခုရှင်းပါရ ပါဦးမည်။

**ဆောင်ပုဒ်။** ။အကောင်းမျှသာ၊ ကြားလိုပါ၊ သတ္တဝါမှန်သမျှ၊ လိုဆန္ဒ မကောင်းလဲကြား ကောင်းလဲကြား၊ ကြားမှု သောတ ဝိညာဏဓာတ်၊ နားစိတ်ဓာတ်၏ အလုပ်မှတ်။

အို သူတော်ကောင်းတို့၊ အသင်တို့သည် ကောင်းသောအသံကို ကြားလိုကြ သလား၊ မကောင်းတဲ့အသံကို ကြားလိုကြသလား။

ကောင်းတဲ့အသံကိုသာ ကြားလိုကြပါသည်ဘုရား။

မှန်ပါသည်၊ မှန်တာပြော ဝစီသစ္စာတမျိုးဟု မှတ်ရပါမည်၊ တခြားပုဂ္ဂိုလ် တွေလဲ ဘယ်လိုအသံကို ကြားချင်သလဲ။

တခြားပုဂ္ဂိုလ်တွေလဲ ကောင်းတဲ့အသံကိုသာ ကြားလိုကြပါသည်ဘုရား။

ပုဂ္ဂိုလ်သတ္တဝါတို့ရဲ့ လိုအင်ဆန္ဒအတိုင်း ကောင်းတဲ့အသံကိုသာ ကြားကြ ရဲ့လား။

ကောင်းတဲ့အသံကိုသာ မကြားရပါ၊ မကြားချင်တဲ့ မကောင်းတဲ့ အသံတွေ ကိုလဲ ကြားနေကြရပါသည်ဘုရား။

ဒီလိုဆိုရင် ကြားတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါတွေရဲ့အလုပ်လား၊ သောတ ဝိညာဏဓာတ် နားစိတ်ဓာတ်ရဲ့ အလုပ်လား။

မသိပါ၊ အမိန့်ရှိပါဘုရား။

ရိပ်မိတဲ့ ပုဂ္ဂိုလ်များကကော ဖြေကြစမ်းပါ။

သောတ ဝိညာဏဓာတ် နားစိတ်ဓာတ်၏ အလုပ်ပါဘုရား။

"အဲ့ဒီတော့ "ငါ" ဆိုတဲ့ အတ္တဒိဋ္ဌိရဲ့ အလိုဆန္ဒနှင့် သောတဝိညာဏဓာတ် တရားသဘောရဲ့ အလိုနဲ့ တူကြရဲ့လား။

မတူကြပါဘုရား။

ဘယ်လိုမတူတာရှဲ။

မသိပါ၊ အမိန့်ရှိတော်မူပါ။

အို သူတော်ကောင်းတို့၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက်၏ ထင်မြင်ချက် အရ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ အလိုဆန္ဒက ကောင်းတဲ့အသံကိုသာ တညီတညွတ်ထဲ ကြားလိုကြပေသည်၊ ဤခန္ဓာကိုယ် အတွင်းဝယ် တစိတ်တပိုင်းစာနေရာက နေရာယူထားတဲ့ သောတဝိညာဏဓာတ် နားစိတ်ဓာတ်ကတော့ မကောင်းတဲ့အသံကိုလဲကြားသည်၊ ကောင်းတဲ့အသံ ကိုလည်း ကြားသည်။ သို့ဖြစ်၍ ဓမ္မသဘာဝအလိုနှင့် ငါ့အလို တူညီကြရဲ့လား။

မတူညီကြပါ ဘုရား။

ကဲ ဒါဖြင့် ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြ။

ဆောင်ပုဒ်။ ။ဓမ္မအလို၊ ငါ့အလို၊ အလိုနှစ်ခုခြားလှသည်။

ယခုမေးတဲ့ ပုစ္ဆာကို သေသေချာချာစဉ်းစားပြီး အလုပ်သဘောနှင့်ဖြေကြ စမ်းပါ၊ မိမိတို့ခန္ဓာကိုယ်အတွင်းဝယ် တစိတ်တပိုင်း စာနေရာက နေရာယူ ထားသည့် နားစိတ်ဓာတ်သည် (ဝါ) ကြားစိတ်သည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုသို့ မလိုက်ဘဲ အဘယ်ကြောင့် ကောင်းတဲ့အသံ ၊ မကောင်းတဲ့ အသံကို ကြားနေရသလဲ။

"သောတဝိညာဏဓာတုယာ" ဟူ၍ ဟောတော်မူသည့်အတိုင်း သောတ ဝိညာဏဓာတ် နား စိတ်ဓာတ်သည် ဓာတ်သဘာဝစစ်စစ် အမှန်ဖြစ်လို့ပါ ဘုရား။

အေး၊ ဒီအဖြေကို သမ္မာဒိဋ္ဌိအမြင်မှန် မဇ္ဈိမပဋိပဒါလမ်းစဉ်ဟူ၍ မြတ်စွာ ဘုရားသခင် ဟောတော်မူပါသည်။

အို သူတော်ကောင်းအပေါင်းတို့၊ သတိထားပြီး အသိတရားနှင့် ဖြေဆို ကြရပါလိမ့်မည်၊ ကောင်းတဲ့အသံကိုလည်းကြား, မကောင်းတဲ့ အသံကိုလည်း ကြား, ကြားလိုလဲကြား, မကြားလိုလဲကြားနေရခြင်းဟာ ငါကောင်အလုပ် မဟုတ်ပါ၊ သောတဝိညာဏဓာတ် နား စိတ်ဓာတ် ကြားစိတ်ဓာတ်၏ အလုပ် ပါတကားဟု အမှန်ကိုသိလိုက်တော့ သောတ ဝိညာဏဓာတ် နား စိတ်ဓာတ် ကြားစိတ်ဓာတ်ကို ကောင်းတာ ကြားရပါတကားဟု သဘောကျတဲ့လောဘ

သော့မနဿဝေဒနာ ကာမသုခလ္လိကာနုယောဂ တဖက်အစွန်းကို ငြိနေသေး ရှိလား။

မကပ်ငြိတော့ပါ ဘုရား။

မကောင်းတာကြားရတော့ သဘောမကျ ဒေါသ ဒေါမနဿ ဝေဒနာ အတ္တကိလမထာနုယောဂ တဖတ်အစွန်းကို ငြိသေးသလား၊

မကပ်ငြိတော့ပါဘုရား။

ဘာကြောင့် လောဘမီး ဒေါသမီးတွေက ထပြီး မတောက်လောင်တော့ တာလဲ။

အမြင်မှန် သမ္မာဒိဋ္ဌိဉာဏ်ရပြီး သဘာဝဓမ္မကို သိသွားလို့ပါ ဘုရား။

ဒီအမြင်ကို "ဓမ္မစက္ခုံ ဥဒပါဒိ" လို့ ဟောတော်မူပါသည်။

အို သူတော်ကောင်းတို့ "ငါကြားသည်"၌ ပညတ် ပရမတ် ကွဲအောင် ရှုတတ်ပါက "ငါမြင်သည်" ဆိုတဲ့အမြင်မှားမှုအတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် လည်း မဝင်လာနိုင်တော့ပါ၊ အပါယ်လေးပါး လားနိုင်လောက်တဲ့ လောဘ ဒေါသ မောဟတို့ကို အချိုးကျပယ်စွန့်နိုင်သောကြောင့် နားစိတ်ခတ် စိတ် ပရမတ်အလုပ်ကို ငါ့အလုပ်လို့ အထင်မှား အမြင်မှား အမှတ်မှားပြီး မြင်ချင် တာကိုမြင်ရသည့်အခါ သဘောကျတော့ လောဘလောင်မီးတွေ၊ မမြင်ချင်တာ မြင်ရပြန်တော့ "ငါ မမြင်ချင်တာတွေ မြင်ရလေခြင်း" လို့ သဘောမကျ ဒေါသလောင်မီးတွေ၊ မသိတဲ့ မောဟမီးတွေကလဲ သံသရာ တလျှောက်လုံး တဟုန်းဟုန်း တောက်လောင် ပူပန်ခဲ့ရတဲ့ လောဘမီး ဒေါသမီး မောဟမီး အရေးအကြီးဆုံးဖြစ်တဲ့ အတ္တဒိဋ္ဌိမီးတို့သည် ယခုလိုအမြင်မှန် သမ္မာဒိဋ္ဌိဉာဏ် ရတော့ တဒင်္ဂတခဏလောက်တော့ ငြိမ်းအေးမသွားကြ ပေဘူးလား-

ငြိမ်းအေးသွားကြပါသည် ဘုရား။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ငါရယ်, ကြားမှုရယ် နှစ်မျိုးနှစ်စား ထင်ထင်ရှားရှား ခြားနားနေပါ လျက် တခုထဲ တပေါင်းထဲကဲ့သို့ပြု၍ "ငါကြားသည်" ရယ်လို့ "အဒ္ဓယံ သမနုပဿတိ"ပြောလဲပြောကြသည်၊ ထင်မြင်မှတ်သားကြပါသည်၊ "ငါ"

ဆိုတာက ပုဂ္ဂလပညတ် ပုရိသပညတ် ဣတ္ထိယပညတ်၊ အဲဒီလို ပညတ်ကို မြင်တဲ့အပိုင်းမှာ"သဗ္ဗေ ပုဂ္ဂလာ သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု အဗျာပဇ္ဈာ ဟောန္တု အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု ဒုက္ခာ မုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ"ရယ်လို့ သမထဖြာပ္မဝိဟာရကမ္မဋ္ဌာန်း စီးဖြန်းပွားများကြရပါသည်။

မကောင်းလဲကြား ကောင်းလဲကြားမှု သောတဝိညာဏဓာတ် နားစိတ်ဓာတ် ကြားစိတ်ဓာတ်ကတော့ ဓာတ်သဘာဝ သက်သက်မို့လို့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်သောကြောင့် မေတ္တာပို့လို့ မရနိုင်ပါ၊ ဉာဏ်မျက်စိနှင့် ကြည့်လိုက်တော့ ကောင်းတဲ့အသံဘဲဖြစ်ဖြစ်၊ မကောင်းတဲ့အသံဘဲဖြစ်ဖြစ်၊ ကြားပြီးလျှင် တခဏအတွင်းမှာ အနိစ္စရောက် ချုပ်ပျောက်သွားပါသည်။

တကယ်တန်း အိပ်ပျော်နေတဲ့ အချိန်မှာ နားစိတ် ကြားစိတ်တွေ အနိစ္စဆိုမှ အနိစ္စ ဒုက္ခဆိုမှ ဒုက္ခ လူမဟုတ် ပုဂ္ဂိုလ်သတ္တဝါမဟုတ်လို့ အနတ္တဝိပဿနာ ဉာဏ်မျက်စိနှင့် ကိုယ်တိုင်သိ ကိုယ်တိုင်တွေ့နိုင်ကြပါသည်။

ငါကမြင်သည်, သူကမြင်သည်, လူကမြင်သည်, မျက်စိကမြင်သည်, မျက်စိစိတ်ကမြင်သည် စသည်ဖြင့် မြင်ပုံ မြင်နည်း အစားစားရှိပါသည်၊ "ငါကမြင်သည်, စိတ်က မြင်သည်, လူက မြင်သည်, မျက်စိက မြင်သည်"လို့ အစဉ်မပြတ် ပြောလဲပြောကြပါသည်၊ ထင်မြင် မှတ်သားလဲ မှတ်သားကြပါသည်၊

ဥပမာအားဖြင့် သာမန် ကလေးသိ ကလေးထင် ကလေးပြောမျှသာ ဖြစ်လို့မို့ အများပြော အမှန် သမုတိသစ္စာဖြစ်ပါသည်၊ ဒါပေမဲ့ သမုတိသစ္စာကို မြတ်စွာဘုရားသခင်က ပယ်တော်မမူပါ။

မပယ်သော်လဲ"ငါက,သူက,လူက"ဆိုတဲ့ စကားက အကြောင်းအထောက်အပံ့မျှသာ ဖြစ်ပါသည်၊ ငါက, သူက, လူကတော့ မမြင်တတ် မမြင်နိုင်ပါ၊ စက္ခုဝိညာဏဓာတ် မျက်စိစိတ်ကသာလျှင် မြင်သည်ဟု သဘောပေါက်ရပါလိမ့်မည်၊ မျက်စိကလဲ အမှီခံအကြောင်း အထောက်အပံ့မျှသာ ဖြစ်ပါသည်၊ မျက်စိက မမြင်တတ်(ဝါ)စက္ခုပသာဒရုပ်က မမြင်တတ် မမြင်နိုင်ပါ၊ စက္ခုဝိညာဏဓာတ် မျက်စိစိတ်ကသာလျှင် မြင်သည်ဟု မှတ်သား နားလည်ရပါလိမ့်မည်၊ ဒါကြောင့်—

"ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော"ဟူ၍၎င်း"စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ နိဿယပစ္စယေန ပစ္စယော"ဟူ၍၎င်း ဟောတော်မူပါသည်။

ငါကကြားသည်၊ သူကကြားသည်၊ လူကကြားသည်၊(သမ္မုတိသစ္စာ)နားကကြားသည်။(သမ္မုတိသစ္စာ)

သောတဝိညာဏဓာတ်စိတ် ပရမတ်ကကြားသည်။ (ပရမတ္ထသစ္စာ)

ငါက သူက လူက အနံ့ကိုသိသည်။ (သမ္မုတိသစ္စာ)

နှာခေါင်းက အနံ့ကို သိသည်၊ (သမ္မုတိသစ္စာ)

ဃာနဝိညာဏဓာတ် စိတ်ပရမတ်က အနံ့ကိုသိသည်။ (ပရမတ္ထသစ္စာ)

ငါက သူက လူက အရသာကို သိသည်။ (သမ္မုတိသစ္စာ)

လျှာက အရသာကို သိသည်။ (သမ္မုတိသစ္စာ)

ဇိဝှါဝိညာဏဓာတ် လျှာစိတ်ဓာတ်က အရသာကို သိသည်။ (ပရမတ္ထသစ္စာ)

ငါက သူက လူက ပူမှု အေးမှု နွေးမှု မာမှု ပျော့မှု စသည်ကို သိသည်။ (သမ္မုတိသစ္စာ)

လက်က ခြေက ပါးက နားက ကိုယ်က ပူမှု အေးမှု နွေးမှု မာမှု ပျော့မှု စသည်ကို သိသည်။ (သမ္မုတိသစ္စာ)

လက်စိတ်က ခြေစိတ်က ပါးစိတ်က နားစိတ်က ကိုယ်စိတ်က ပူမှု အေးမှု နွေးမှု မာမှု ပျော့မှု စသည်ကို သိသည်။ (ပရမတ္ထသစ္စာ)

ဥဒါဟရုဏ်ပုံစံအားဖြင့် လက်နှင့်ရေကို စမ်း၍ ကြည့်တော့ ရေ၏ အေးမှုသီတတေဇော ဖောဋ္ဌဗ္ဗာရုံကို ကာယဝိညာဏဓာတ် စိတ်ပရမတ်ကသာလျှင်သိသည်၊ လက်က မသိ၊ လူက မသိ၊ သူက မသိ၊ ငါက မသိ၊ ဒါပေမဲ့ ရေအေးသည်ကို"ငါကသိသည်၊ သူကသိသည်၊ လူကသိသည်"ဟု ပြောဆိုမှတ်သား ထင်မြင်မှုမှားကြပါသည်၊ အကောင်အထည်က သိသည်ဟု အထင်မှားသောအခါ အတ္တဝါဒ အတ္တဒိဋ္ဌိသာဖြစ်ပါသည်၊ သမ္မာဒိဋ္ဌိ မဖြစ်နိုင်ပါ၊ အများပြော အမှန် သမ္မုတိသစ္စာ မျှသာ ဖြစ်ပါသည်၊ တရားသဘောအမှန် ပရမတ္ထသစ္စာ ကား မဟုတ်ဟု သိရပါသည်။

ကာယဝိညာဏစိတ်ဓာတ်ကသာ သိသည်ဟု အမှန်ကို သိမှ သမ္မာဒိဋ္ဌိဉာဏ် အသိအမှန်ဖြစ်ပါသည်၊ အမှန်သိသည်နှင့် တပြိုင်နက် အမြင်မှား အသိမှား အတ္တဒိဋ္ဌိ ကင်းကွာသည်ဟု ယုံကြည်ကြပါကုန်၊ သူတော်ကောင်းတို့။

ရေကို လက်မှ လွှတ်လိုက်သည်နှင့် တပြိုင်နက် သိနေသော ကာယဝိညာဏ စိတ်ဓာတ်သည် အနိစ္စ ဒုက္ခ အနတ္တ ဇာတိ ဇရာ မရဏ အဖြစ်ဖြင့် ချုပ်ဆုံး ကွယ်ပျောက်ပုံကို ရှု၍ သိမြင်ပါလျှင် ဝိပဿနာဉာဏ်ဖြစ်လေတော့သည်။

ယခု ပစ္စုပ္ပန်ဖြစ်ဆဲသော မြင်စိတ် ကြားစိတ် နံစိတ် လျှာစိတ် ကိုယ်စိတ် ဉာဏ်စိတ် ငါးပါးတို့မှ တပါးသော ပစ္စုပ္ပန်အာရုံ အတိတ်အာရုံ အနာဂတ် အာရုံ ဓမ္မသဘာဝအာရုံ ဓမ္မာရုံတို့ကို—

ငါသိ, သူသိ, လူသိသည်။ (သမုတိသစ္စာ)

မနောဝိညာဏ်စိတ်ကသာ သိသည်။ (ပရမတ္ထသစ္စာ)

အထွေထွေသော စိတ်အတွင်းမှာ ဖြစ်ပေါ်လာသမျှ ဓမ္မသဘာဝအာရုံ ဓမ္မာရုံတို့ကို ငါကိုယ်ကောင်ကလဲ မသိ၊ သူတပါးကလဲ မသိ၊ အမှန်အားဖြင့် ထိုထို ဓမ္မသဘာဝအာရုံ ဓမ္မာရုံတို့ကြောင့် အသီးသီးဖြစ်ပေါ်လာကြကုန်သော မနောဝိညာဏစိတ်ဓာတ်ကသာလျှင် သိရှိနိုင်ပါသည်။

တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို နားလည်ရန်ကတော့—

အဆင်းမျိုးစုံကို မြင်မှု

အသံမျိုးစုံကို ကြားမှု

အနံ့မျိုးစုံကို နံမှု

အရသာမျိုးစုံကို သိမှု

အတွေ့အထိမျိုးစုံကို သိမှု

ဓမ္မာရုံအမျိုးမျိုးကို သိမှု

တို့သည် စိတ်ဓာတ် နာမ်ဓာတ်တို့၏ အလုပ်ကိစ္စ စင်စစ်ဖြစ်ကုန်၏။

နတ် လူ ဗြဟ္မာ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတို့၏ အလုပ်ကိစ္စမဟုတ်ကြပါကုန်၊ မြေ ရေ လေ မီး ဓာတ်ကြီးလေးပါး အစ

ရှိသော ရုပ်ပရမတ်တရားတို့၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု သမ္မာဒိဋ္ဌိ အမြင်ဖြင့် ဟုတ်တိုင်းမှန်စွာ သိရပါမည်။

အဟုတ်အမှန်ကိုသိလျှင် သမ္မာဒိဋ္ဌိဖြစ်၏၊ သမ္မာဒိဋ္ဌိဖြစ်လျှင် အမြင်မှန်၏၊ အမြင်မှန်လျှင် အမြင်မှားအတ္တဒိဋ္ဌိပျောက်၏၊ အတ္တဒိဋ္ဌိ ပျောက်လျှင် အနတ္တဝါဒသို့ ရောက်လေသည်၊ အပါယ်လေးဘုံဆိုင်ရာ အတ္တဒိဋ္ဌိကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ သုံးမျိုးတို့မှ ကင်းလွတ်လေတော့၏။

အမြင်မှားက အတ္တဝါဒ အတ္တဒိဋ္ဌိဖြစ်သည်ဟု သဘောပေါက် နားလည်ကြပါကုန်၊ သူတော်ကောင်းတို့။

---

## ၁၂ အတ္တ ရှိ–မရှိ စိစစ်ပြပုံ

သဗ္ဗေဓမ္မာ အနတ္တာဟူ၍။

ဟောတော်မူသည့်အတိုင်း။ အတ္တဟူ၍မရှိ စင်စစ်အားဖြင့် ခန္ဓာ ငါးပါး အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ရုပ်၊ နာမ် ၂-ပါး မျှသာ ရှိသည်။ သို့သော်လဲ ခန္ဓ ပဉ္စက မုပါဒါယ ပုရိသ ပုဂ္ဂလာ ဒိကာ။ (အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ)စသောကျမ်းဂန်များအရ။ ထိုခန္ဓာ ၅-ပါး၊ ရုပ်နာမ်တရားတို့ကို အတ္တဟူ၍ထင်မြင်မှောက်မှားနေသော (ဝါ) အထင်အမြင် မှား၍ နေသော အတ္တဒိဋ္ဌိ ကိလေသာ၊ အတ္တဝါဒ ဥပါဒါန်၊ အကုသိုလ်တရားရှိ၍နေပေသည်၊ ထို့ကြောင့်ထိုအတ္တဒိဋ္ဌိ ကိလေသာ အတ္တဝါဒ ဥပါဒါန် အကုသိုလ်တရားတို့ကို သမ္မာဒိဋ္ဌိစသော မဂ္ဂင် ၅-ပါး၊ မဂ္ဂင် ၈-ပါး တို့ဖြင့် ပယ်စွန့်နိုင်ရန် အလို့ငှါ အတ္တ-အတ္တ၊ အနတ္တ-အနတ္တ ဟူ၍ ဟောတော်မူရသည်။ အတ္တရှိ၍ ဟောတော်မူသည်မဟုတ်။ အတ္တဟူ၍ မရှိခြင်းကို သိစေလို၍ နားလည်စေလို၍ ဟောတော်မူခြင်းဖြစ်ပေသည်။

"ငါမြင်သည်"ဟု ပြောဆိုကြရာ၌ ငါက အတ္တ, မြင်မှု စိတ် ပရမတ်က အနတ္တဖြစ်ပါသည်၊ ငါကလဲ အတ္တဆိုရာမှာ "သဗ္ဗေ ဓမ္မာ အနတ္တာ" ဟူ၍ လည်းကြားနာရဘူးသည့်အတွက် ငါ အတ္တ ရှိနိုင်ပါသလား အရှင်ဘုရားလို့

မေးသင့်လှပေသည်၊ အဖြေကတော့လွယ်လွယ်ပါဘဲ၊ ပဋ္ဌာစာရီအမျိုးသမီးကို မြတ်စွာဘုရားသခင်က "ချစ်သမီး ပဋ္ဌာစာရီ၊ သင်၏ အတ္တကို ရှာစမ်းပါ" ဟူ၍ အရှာခိုင်းတော်မူပါသည်၊ အတ္တရှိ၍ အရှာခိုင်းသည်မဟုတ်၊ အတ္တဟူ၍ အထင်မှား အမြင်မှား နေခြင်းကို သိရှိဘို့ အရှာခိုင်းတော်မူပါသည်။

ဆိုလိုတဲ့ သဘောကတော့ အတ္တရှိနေလို့ ပြောဟောနေရခြင်း မဟုတ်ပါ၊ အတ္တဟုအထင်မှား အမြင်မှား နေကြခြင်းကြောင့် အမြင်မှန်သမ္မာဒိဋ္ဌိ ဉာဏ်ရရှိစေရန် ရည်သန်၍ အတ္တကို ထည့်၍ထည့်၍ ဟောပြောရခြင်း ဖြစ်ပါသည်။

"ငှက်ပျောသီး ချိုသည်" ဆိုရာ၌ ငှက်ပျောသီးက သဏ္ဌာနပညတ်, ချိုမှုက အရသာ ရသဓာတ်၊ ရုပ်ပရမတ်၊ တဖန် ငှက်ပျောသီးက အတ္တ, ချိုမှုက အနတ္တ ဖြစ်ပါသည်၊ ဤ "ငှက်ပျောသီး ချိုသည်" ဆိုသည့်စကား၌ သင်သူတော်ကောင်းတို့သည် ငှက်ပျောသီးကို ငှက်ပျောသီးဘဲလို့ မြင်သလား၊ ဘယ်လိုမြင်ကြပါသလဲ။

အို သူတော်ကောင်းတို့-တခါထပ်၍ ပြောပါဦးမည်၊ အတ္တဟု အထင်မှား အမြင်မှား နေသော၊ အတ္တဒိဋ္ဌိ၊ စေတသိက် ကိလေသာ၊ အတ္တဝါဒ၊ ဥပါဒါန် အကုသိုလ် အငြိစ်အကြေး အပူအလောင်ဓာတ်ကို ပယ်သတ်နိုင်ရန် အတွက် အမြင်မှန် သမ္မာဒိဋ္ဌိ ဉာဏ်ရရှိဘို့ လိုအပ်လှပေသည်၊ ထိုသမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရရှိရန်အတွက် ရည်သန်၍ အတ္တကို ထည့်သွင်း၍ ထည့်သွင်း၍ ဟောပြောရပေသည်၊ ဟောပြောရခြင်း ဖြစ်ပေသည်။ အတ္တရှိ၍ ဟောပြောရသည် မဟုတ်။

အတ္တမရှိပါဘဲလျက်၊ အတ္တဟု အမြင်မှောက်မှား နေသော အတ္တဝါဒ ဥပါဒါန် အတ္တဒိဋ္ဌိ ကိလေသာကို ပယ်ဖျက်နိုင်ရန် ဟောပြော ရခြင်းဖြစ်ပေသည်။

အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ စာမျက်နှာ(၁၄၆)ပဒ အမှတ် (၂၉၆) မှာ-

> "အယံ မေ အတ္တာတိ ဗာလဇနေန ပရိဂ္ဂဟိတတ္တာ အတ္တဘာဝေါ ဝုစ္စတိ သရီရမ္ပိ ခန္ဓပဥ္စကမ္ပိ၊ တသ္မိံ ပရိယာပန္နော တန္နိဿိတောတိ အတ္တပရိယာပန္နော"

လို့ ပြဆိုတော်မူပါသည်။

"ဤစက္ခုသည် ငါ၏ အတ္တ ငါ၏ကိုယ်ဟူ၍ အန္ဓဗာလ ပုထုဇဉ်လူသားတို့သည် သိမ်းဆည်းအပ်သည်၏ အဖြစ်ကြောင့် ကိုယ်ကိုရင်း ခန္ဓာငါးပါးကိုရင်း အတ္တဘောဟူ၍ ခေါ်ဆိုအပ်၏၊ ထိုခန္ဓာကိုယ်အတ္တဘော၌အကျုံးဝင်၏၊ထိုခန္ဓာကိုယ် အတ္တဘောကိုမှီ၏" လို့ ဆိုလိုပါသည်။

ထို ခန္ဓာကိုယ်အတ္တဘော၌ အကျုံးဝင်သော ထို ခန္ဓာ အတ္တဘောမှာ နေရာတခုယူ၍ထားသော စက္ခု (ဝါ) မျက်စိ ရုပ်ပရမတ်ရှိပါသည်၊ တကိုယ်လုံးကိုလည်း အတ္တဟုအမြင်မှားသည်၊ စက္ခုသောတ စသည်တို့ကိုလဲ အတ္တဘဲဟု အမြင်မှားသည်၊ သို့ဖြစ်ခြင်းကြောင့် တကိုယ်လုံးကို အနတ္တဟု အမြင်မှန်သမ္မာဒိဋ္ဌိဉာဏ်ရအောင် မရှုမပွါးနိုင်စေကာမူ တကိုယ်လုံး၌ အကျုံးဝင်ပြီး ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတခုဖြစ်တဲ့ စက္ခုကို (ဝါ) မျက်စိကိုမူ အတ္တဟူ၍ အမြင်မမှားစေရန် ပညတ် ပရမတ်, အတ္တ အနတ္တ, ရုပ်နာမ်, အကြောင်း အကျိုးတို့ကို သေချာကျနစွာစိတ်ကြည့်ရှုရခြင်း ဖြစ်ပါတော့သည်၊ သူတော်ကောင်း အပေါင်းတို့။

ဒီတော့ ခုနင်ကပြောခဲ့တဲ့ ငှက်ပျောသီးချိုမှုကိုပင် ငှက်ပျောသီးနှင့် ချိုမှု တခုထဲတပေါင်းထဲပြုပြီး "အဒ္ဓယံ သမနုပဿတိ" အမြင်မှားမှုရှိနေသောကြောင့် ငှက်ပျောသီးမှာ ရုပ်ဓာတ်ရှစ်ခု မခွဲနိုင်သေး၍ ငှက်ပျောသီးဟူ၍ပင်ခေါ်ဝေါ် ပညတ်ပါဦး၊ အတ္တတော့ မဟုတ်ပါ၊ သို့သော် ဇိဝှာဒွါရ လျှာတံခါးဝသို့ ရောက်၍ လျှာစိတ်ဇိဝှါဝိညာဏ်စိတ်ဖြင့် သိသောအခါ ချိုမှုအရသာ ရသဓာတ်သည် ရုပ်ဓာတ်စင်စစ် ရုပ်ပမတ်စင်စစ် ဧကန်ဖြစ်ခြင်းကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်မှုကို "အမြင်မှန်" သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့် ကြည့်ရှုကြစေလိုပါသည်၊ သူတော်ကောင်းတို့။

## ၁၃။ စားရင်းသောက်ရင်း ဝိပဿနာရှုပုံ

အို သူတော်ကောင်းတို့၊ "ငါထမင်းစားသည်, ငါတို့ထမင်းစားသည်" ဆိုတဲ့စကားကို အများပြော အမှန်သမုတိသစ္စာအားဖြင့် လက်ခံရပါလိမ့်မည်၊ ဒါပေမဲ့ တရားသဘောအမှန် ပရမတ္ထအားဖြင့် ထမင်းအာရုံ ဟင်းအာရုံတို့မှ (ဝါ) ထမင်းပွဲမှ မထနိုင်အောင် အမြစ်တွယ်တတ်တဲ့ ငြိကပ်တတ်တဲ့ လောဘကို (ဝါ) လောဘစေတသိက်ကို အရကောက်ရပါသည်၊ အာရုံမှာ အမြစ်တွယ်တာ အာရုံမှ မထနိုင်အောင် ငြိကပ်တွယ်တာ၍ထားတာ သင် လောဘစေတသိက် ပရမတ်တရားဘဲဟူ၍ မြတ်စွာဘုရားသခင်က "ဟေတုပစ္စယော" စသည်ဖြင့် ဟောတော်မူသည့်အတိုင်း နားလည်ကြရသည်၊ အကယ်၍ မယုံကြည်လျှင် မိမိကိုယ်တိုင် နေ့စဉ်တွေ့ရှိနေကျ ကိုယ်တွေ့တွေ့ကို ဉာဏ်တွေ့ ဉာဏ်မြင်ဖြစ်စေရန် ရှုကြည့်ကြပါကုန်စို့။

ဓမ္မသင်္ဂဏီပါဠိတော် ပဒအမှတ် (၁၂၃၆) မှာ လောဘစေတသိက် ပရမတ်၏ အမည်အမျိုးမျိုးတို့ကို ပုဒ်ပေါင်း တရာကျော်ဖြင့် ဟောတော်မူပါသည်၊ နေ့စဉ်နေ့တိုင်း မသိမသာဖြစ်ပေါ်နေသည့် လောဘအငယ်စားက စပြီးတော့ "အဓမ္မရာဂ ဝိသမလောဘ လောလုပ္ပံ လောလုပ္ပါယနာ လောလုပ္ပါယိတတ္တံ" စသည်ဖြင့် ဟောတော်မူပါသည်၊ ထိုကဲ့သို့ ဟောတော်မူခြင်းကို မာန်လည် ဆရာတော်ဘုရားက မဃဒေဝ ပဒအမှတ်(၅၂၁) မှာ "လော်လည်မူးရှင်၊ ဆုံးမမြင်အောင်၊ လိုချင်မပြီး၊ မငြီးသာယာ၊ လက္ခဏာဖြင့်" စသည်ဖြင့် ရေးသား စပ်ဆိုတော်မူခဲ့ပါသည်။

အို သူတော်ကောင်းတို့၊ သင်တို့အား နေ့စဉ်နေ့တိုင်း ထမင်းပွဲမှ မထနိုင်အောင် တွယ်တာထားခြင်းဟာ လက်သည်အစစ် ဘယ်သူ ဖြစ်ပါသလဲလို့ စစ်တမ်းထုတ်လိုက်ပါလျှင် တဏှာ လောဘ စေတသိက်ပရမတ် ဖြစ်သည့် အချက်ကို သိနိုင်ကြပေပြီ။ လက်သည်အစစ်သည် ဟေတုသတ္တိရှိသော တဏှာ လောဘဖြစ်ပေသည်။

မှန်ပါသည်၊ လက်သည်ဖြစ်သော ပရမတ်အစစ် ဓာတ်အစစ်ကို မဖော်မထုတ်နိုင်ခဲ့သောကြောင့် တဏှာ မာန အတ္တဒိဋ္ဌိ ဓာတ်ဆိုးတွေက မောဟဓာတ်

မှောင်ခိုပြီးလုပ်သည့် အလုပ်တွေကို ငါ့အလုပ်ဖြစ်အောင် ဖန်တီးကြပါသည်၊ ယက်ကန်းအလုပ် မိန်းမအလုပ် ပုဂ္ဂိုလ် သတ္တဝါတို့၏ အလုပ် လက်အလုပ် ခြေအလုပ်စသည်ဖြင့် အကောင်အထည် ဒြပ်တို့၏ အလုပ်ဖြစ်အောင် ဖန်တီးကြပါသည်။

မြတ်စွာဘုရားသခင် ဟောတော်မူခြင်းကြောင့် ယခု သိရှိနားလည်ကြပြီ၊ ထမင်းမှ မထနိုင်အောင် အမြစ်တွယ်တာ လူ့အလုပ်လား၊ လောဘအလုပ်လား။

လောဘအလုပ်ပါဘုရား။

ဤသို့ ကိုယ်တိုင်တွေ့ကြသည့် ကိုယ်တွေ့တွေကို ဉာဏ်မြင်တွေ့သည်ဟု ခေါ်ရပေသည်၊ "ဆုံးမမြင်အောင် လိုချင်မပြီး" လို့ ဆိုတဲ့အတိုင်း ယခု ထမင်းဝကြသောကြောင့် ထမင်းပွဲကထကြပြီ၊ လောဘသေသွားသောကြောင့် ထမင်းပွဲက ထနိုင်ကြခြင်းဖြစ်ပါသည်၊ လောဘစိတ်မသေသေးလျှင် ထလို့ကို မဖြစ်ပါဘူး၊ အဲဒီတော့ ထမင်းအာရုံနှင့်စပ်ဆိုင်တဲ့ လောဘစိတ် ကတော့ တဇာတ်သိမ်းသွားပါပြီ၊ ထမင်းစားပြီးတော့ ဘာများ လုပ်ချင်ကြသေးသလဲ၊ ကိုယ်တွေ့ကို ဖြေကြစမ်းပါ။

ရေသောက်ချင်ကြပါသည်ဘုရား။

ရေသောက်ချင်တယ်၊ ရေသောက်ချင်တာကကော လက်သည် ဘယ်သူလဲ။

ရေသောက်ချင်တာ လက်သည် တပည့်တော်တို့ပါ ဘုရား။

မှန်ပါသည်၊ အများပြော အမှန်မို့ သမုတိသစ္စာ ဖြစ်ပါသည်၊ ဤသို့ ဆိုပါလျှင် သင်တို့ကိုယ်မှာရှိတဲ့ ပထဝီဓာတ် နှစ်ဆယ်ထဲက ဆံပင်တွေဟာ သင်တို့ဘဲလား။

ဆံပင်တွေဟာ တပည့်တော်တို့ မဟုတ်ကြပါဘုရား။

ဤလိုဆိုလျှင် မွေးညှင်းတွေ ခြေသည်း လက်သည်းတွေကို ပေယျာလကန့်ဝ ကွက်ချန်ကြစို့၊ ဥဏ္ဍောက်တွေဟာ သင်တို့ဘဲလား။

ဥဏ္ဍောက်တွေဟာ တပည့်တော်တို့ မဟုတ်ကြပါ ဘုရား။

ဒါဖြင့် ဆံပင်အစရှိတဲ့ ပထဝီဓာတ် နှစ်ဆယ်တို့လဲ သင့်တို့ မဟုတ်ပါဘူး ဆိုလျှင် သည်းခြေ သလိပ်စတဲ့ အာပေါဓာတ် တဆဲ့ နှစ်ပါးဟာကော သင်တို့လား။

မဟုတ်ပါဘုရား။

ဝါယောလေဓာတ် ခြောက်ပါးကော သင်တို့လား။

ဝါယောလေဓာတ် ခြောက်ပါးလဲ တပည့်တော်တို့ မဟုတ်ပါဘုရား။

ဒီလိုဆိုလျှင် အစာကို ကြေညက်စေတဲ့ ပါစကတေဇော အစရှိသည့် တေဇောမီးဓာတ်ဟာ သင်တို့ ဟုတ်ကြရဲ့လား။

တပည့်တော်တို့ မဟုတ်ကြပါဘုရား။

ဒါဖြင့် သင်တို့မှာ ရရှိနေကြတဲ့ အကုသိုလ်စိတ် ကာမာဝစရ ကုသိုလ်စိတ် ဟသိတုပ္ပါဒ်မှ တပါးသော အဟိတ်စိတ် ၁၇-ပါး မဟာဝိပါက်စိတ် ၈-ပါး ပေါင်း ၄၅-ပါးဟာ သင်တို့လား။

မဟုတ်ပါဘုရား။

သင်တို့မှာ ရသင့်တဲ့ စေတသိက် ၅၂-မျိုးဟာ သင်တို့လား။

စေတသိက် ၅၂-မျိုးလဲ တပည့်တော်တို့ မဟုတ်ကြပါဘုရား။

အို သူတော်ကောင်းတို့၊ ဒီ၃၂-ကောဋ္ဌာသ ၄၂-ကောဋ္ဌာသ (ဝါ)မြေ ရေ လေ မီး ရုပ်ဓာတ်ကြီးလေးခုအစရှိတဲ့ ရုပ်အစုအဝေး စိတ် စေတသိက် နာမက္ခန္ဓာ အစုအဝေးတို့ကိုပင် တပည့်တော် တပည့်တော်မတို့ ငါတို့ သူတို့ ယောကျ်ားတို့ မိန်းမတို့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ပြောကြရ ခေါ်ကြရ နာမည် ပေးကြရ ပညတ်ကြရသည့် အများပြော အမှန် သမုတိသစ္စာလို့ ခေါ်သည်၊ ပါးစပ်အပြောဘဲဖြစ်သည်၊ ဓာတ်သဘောအားဖြင့် ယခုဖော်ပြသော ရုပ်ဓာတ် နာမ်ဓာတ်တွေသာ အမှန်ရှိကြသည်ဟူ၍ နားလည်ကြစေလိုသည်၊ သဘော ပေါက်ကြစေလိုသည်၊ ဒီလို နားလည်ပြီးသည့်နောက် ရေကို မသောက်ရဟု ပြောနေခြင်း ဟောနေခြင်းမဟုတ် ရေသောက်သည့်အခါ ငါမပါနှင့်၊ ရေ သောက်တဲ့အခိုက် ဉာဏ်နှင့်လိုက်ပါ၊ရေသောက်တာ ငါ့ကိုယ်ဘဲဟုထင်မြင်လျှင် အထင်မှား အမြင်မှားမှုသည် အတ္တဝါဒ အတ္တဒိဋ္ဌိဖြစ်သည်၊ အော် ရေကို

အမြစ်တွယ်ပြီး ရေကို လက်မလွှတ်နိုင်တာဟာဖြင့် လောဘစေတ်ရဲ့ အလုပ်ပါ ကလားလို့ ဟုတ်မှန်တဲ့အတိုင်းမြင်လျှင် အမြင်မှန် သမ္မာဒိဋ္ဌိ အလင်းရောင် ရလို့ အတ္တဒိဋ္ဌိ အမိုက်ကင်းတော့သတည်း။

ထမင်းစားပြီးနောက် ရေမသောက်ရလျှင် မနေနိုင်၊ ရေကိုသောက်မှ ဖြစ်မည်၊ ဒါကြောင့် ရေကို အမြစ်တွယ် ကပ်ငြိနေတဲ့ စေတ်တခု ရှိနေသည်၊ အဲဒီ စေတ်ကို ဘာစေတ်လို့ ခေါ်ကြမလဲ။

သိရှိနားလည်ကြပါပြီ၊ ဟောတုသတ္တိရှိတဲ့ လောဘစေတ်ပါ အရှင်ဘုရား။

ကောင်းပါပြီ၊ ရေသောက်ချင်တဲ့ လက်သည်အစစ်ကို တွေ့ကြပြီလား၊ မြင်ကြပြီလား။

ရေသောက်ချင်တဲ့ လက်သည်အစစ်ဟာ လောဘစေတ်ပူ စေတ်လောင်ပါ ဘုရား။

ဒါကြောင့်မို့ ဉာဏ်တွေ့မှတ်ကြ၊ သစ်ပင်ကလေးများကို အမြစ်မတွယ်မီ ငယ်ငယ်ကနှုတ်လျှင် အမြစ်ပါပြုတ်သည်၊ နှုတ်လို့လွယ်သည်၊ သစ်ပင်ကြီးပြီး အမြစ်စွဲမှ နှုတ်လျှင် အမြစ်မပြုတ်နိုင်ပါ၊ မီးပွားငယ်ငယ် ကလေးများကို သတ်လျှင် ငြိမ်းသတ်လိုလွယ်သည်၊ မီးတောက်မီးလျှံ ကြီးကျယ်အားကောင်းမှ ငြိမ်းသတ်လျှင် မနိုင်ဘဲ မလွယ်ဘဲ ဖြစ်တတ်ပါသည်။

အို သူတော်ကောင်းတို့၊ လောဘမီးခေါ်တဲ့ အပူအလောင်စေတ်ကို ထမင်း စားရင်း ရေသောက်ရင်း ဆိုသလို လောဘအလုပ်ကို လောဘအလုပ်မှန်းသိ၍ ငြိမ်းလိုက် သတ်လိုက်လျှင် လွယ်ကူနိုင်နင်းပါသည်၊ အဲဒါကြောင့် ရေဆိုတဲ့ အာရုံကို အမြစ်တွယ်ပြီးလျှင် ရေသောက်ချင်သည့် လောဘစေတ်ကို ဉာဏ် မျက်စိဖြင့် မြင်အောင်ကြည့်ပြီးလျှင် ရေကို လက်မလွှတ်နိုင်လျှင် လက်မလွှတ် နိုင်မှန်း သိရမည်၊ ရေအာရုံကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာ သော လောဘမေ့စေတ်၏ အလုပ်ကိစ္စပါတကားဟု အမှန်ကို ဉာဏ်ပညာဖြင့် သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

ရေသောက်၍ ဝသည်နှင့်တပြိုင်နက် ရေကို လက်မလွှတ်နိုင်အောင် ငြိကပ်တွယ်တာသော လောဘဓာတ်သည် အမြဲမရှိ အနိစ္စ၊ ဝိပရိဏာမ ဒုက္ခ၊ လက်မဟုတ် အနတ္တ၊ လူမဟုတ်အနတ္တ၊ ပုဂ္ဂိုလ်မဟုတ် အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

အို သူတော်ကောင်းတို့၊ရေကို လက်မလွှတ်နိုင်တာ အသင် တကာ တကာမ တွေ ဟုတ်ကြရဲ့လား။

မဟုတ်ပါဘုရား။

သင်တို့ မဟုတ်လျှင် ဘယ်သူလဲ၊ လက်သည်အစစ်ကို တွေ့ချင်ကြပြီလား။

ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ၊ ရေကို လက်မလွှတ်နိုင်မှု၏ လက်သည်အစစ်သည် ဟေတုသတ္တိရှိသော လောဘစေတသိက်ပါဘုရား။

ကိုယ်တွေ့လား၊ ဉာဏ်တွေ့လား။

ကိုယ်တိုင်တွေ့နေကျမှာ ဉာဏ်မျက်စိက ထပ်၍ တွေ့ပါသည် အရှင်ဘုရား။

ယခု ရေသောက် ဝ ပြီ၊ ရေကို လက်မှ လွှတ်လိုက်ပြီ၊ လောဘဓာတ် ရှိသေးရဲ့လား။

လောဘဓာတ် သေသွား၍ လောဘဓာတ် အနိစ္စရောက်သွား၍ လောဘဓာတ် မရှိတော့ပါဘုရား။

ထို့ကြောင့် အဘိဓမ္မပိဋက ကထာဝတ္ထုပါဠိတော် ဆဋ္ဌမူ စာမျက်နှာ (၁၁၄) ပဒအမှတ် (၂၉၆)မှာ—

"အဟု ပုဗ္ဗေ လောဘော၊ တဒဟု အကုသလံ၊ သောစေရဟိ နတ္ထိ၊ ဣစ္စေတံ ကုသလံ"တဲ့၊ အဓိပ္ပါယ်ကတော့ ရှေးရှေးက လောဘဖြင့် ငြိတွယ်စွဲကပ် လိုချင်မှုဖြစ်ဘူးပြီ၊ ထိုလောဘဆိုတာ အကုသိုလ်ဘဲ၊ ဒါပေမဲ့ ထို လောဘသည် ယခုအခါ မရှိတော့ပါ၊ မရှိတော့ပြီ၊ ဤသို့ ယခုအခါ လောဘ မရှိခြင်းသည် လောဘသေဆုံး၍ သွားမှုသည် ကောင်းမြတ်လှပါပေ၏။

ရေမသောက်ရ မနေနိုင်၊ ရေကို လက်မလွှတ်နိုင်မှုသည် လောဘဓာတ်၏ အလုပ်၊ ယခု ရေသောက်၍ ဝ ပြီ၊ လက်လွှတ်ပြီ၊ အော် လောဘဓာတ် အနိစ္စ ဒုက္ခ အနတ္တ။

"နေတံ မမ = န ဧတံ မမ"အာရုံ၌ အမြစ်တွယ်တတ်သော လောဘ ဓမ္မဓာတ်သည် ငါ့ဥစ္စာ ပစ္စည်း မဟုတ်ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ ငါတို့မို့လို့ လက်မလွှတ်နိုင်အောင် အမြစ်တွယ်တာ မဟုတ်ပါတကား၊ လောဘဓမ္မဓာတ်မို့ လက်မလွှတ်နိုင်အောင် အမြစ်တွယ်တာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" အာရုံကို အမြင်တွယ် တတ်သော လောဘသည် လူမဟုတ်ပါတကား၊ လူသည် လောဘ မဟုတ်ပါ တကား၊ လောဘပေါ်မှာ လူက မမှီပါတကား၊ လူပေါ်မှာ လောဘက မမှီ ပါတကား။

(တဏှာ မာန အတ္တဒိဋ္ဌိကိုပယ်၊ ပဟာနပရိညာဉ်, ကတဉာဏ်)

အို သူတော်ကောင်းတို့၊ ထမင်းပွဲက မထနိုင်အောင် ထမင်းပွဲမှာ အမြစ် တွယ်သည့် လောဘ ထမင်းဝလို့ ထမင်းပွဲက ထတော့ အနိစ္စ ဒုက္ခ အနတ္တ အစစ်ဖြစ်ကြပါသည်။

တဖန် ရေမသောက်ရလျှင် မနေနိုင်၊ ရေကြောင့် အသစ်တဖန် ဖြစ်ပေါ် လာပြန်သော လောဘ, ရေသောက်လို့ ဝ ပြန်တော့ ရေ လောဘ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပြန်ပါသည်။

အို သူတော်ကောင်းတို့၊ "လော်လည်မြူးရှင်၊ ဆုံးမမြင်အောင်၊ လိုချင် မပြီး၊ မငြီးသာယာ၊ လက္ခဏာဖြင့်"ရယ်လို့ လောဘ၏ သဘာဝကို ပြဆိုပါ သည်။

ကဲ ရေသောက်ပြီးကြတဲ့အခါ ဘယ်လိုဆန္ဒတွေ ဖြစ်ပေါ်လာကြသလဲ။

တရားနာ ပရိသတ်တို့တွင် တချို့က လဘက်ရည် သောက်ချင်ပါသည်၊ တချို့က ဆေးသောက်ချင်ပါသည်၊ တချို့က ကွမ်းစားချင်ကြပါသည် ဘုရား။

ဘယ်သူကစေခိုင်းလို့ သောက်ချင် စားချင်ကြပါသလဲ။

တဏှာ လောဘဓာတ်ကခိုင်းလို့ သောက်ချင်ကြ စားချင်ကြပါသည် ဘုရား။

နားလည်ကြပါပြီလား။

နားလည်ကြပါပြီဘုရား။

လောဘစေတ်၏ အလုပ်ကို ငါ့အလုပ် သူ့အလုပ် ယောကျ်ားအလုပ် မိန်းမအလုပ် ပုဂ္ဂိုလ် သတ္တဝါတို့၏ အလုပ်စသည်ဖြင့် အကောင်အထည် ဒြပ်ဖြစ်အောင် ဘယ်စေတ်ဆိုး စေတ်ဝါးတွေက ပြုလုပ်နေတယ်လို့ ထင်ကြပါသနည်း။

တဏှာ မာန အတ္တဒိဋ္ဌိ စေတ်ဆိုး စေတ်ဝါးတို့က အကောင်အထည် ဒြပ်ဖြစ်လာအောင် ဝင်ရောက်နှောက်ယှက်နေကြပါသည်ဘုရား။

တဏှာ မာန အတ္တဒိဋ္ဌိ စေတ်ဆိုးတို့က လောဘစေတ် ပူပူလောင်လောင်ကို အကောင်ကြီး အထည်ဒြပ်ကြီး အတ္တ အစိုင်အခဲကြီးလို့ ထင်မြင်စွဲလမ်းကြသည်၊ ထိုအခါမှာ သမ္မာဒိဋ္ဌိဉာဏ်အမြင်က ဝင်ရောက်ပြီးတော့ "ဟေ တဏှာ မာန အတ္တဒိဋ္ဌိ စေတ်ဆိုးစေတ်ဝါးတို့၊ အသင် စေတ်ဆိုးစေတ်ဝါးတို့ ထင်မြင်သလို ပူပူလောင်လောင် လောဘစေတ်သည် ငါ သူတပါး ယောကျ်ား မိန်းမ အကောင်အထည် မဟုတ်ပါ၊ ကြည့်ကြစမ်းပါ။ အကောင်အထည်ဒြပ် ရယ်လို့ အထင်ခံရပြီး သင်တို့ သိမ်းပိုက်ထားလိုသော အာရုံအမြစ်တွယ်မှု လောဘစမ္မစေတ်ကို သတိထား၍ ကြည့်ကြပါကုန်စို့။

ထမင်းစားပြီးတိုင်း စားပြီးတိုင်း အနိစ္စ ဒုက္ခ အနတ္တ။

ရေသောက်ပြီးတိုင်း ပြီးတိုင်း အနိစ္စ ဒုက္ခ အနတ္တ။

လဘက်ရည် သောက်ပြီးတိုင်း ပြီးတိုင်း အနိစ္စ ဒုက္ခ အနတ္တ။

ဆေးသောက်ပြီးတိုင်း ပြီးတိုင်း အနိစ္စ ဒုက္ခ အနတ္တ။

ဒီအတိုင်း မှန်ကြရဲ့လား။

မှန်ပါသည်ဘုရား။

ရှေ့ဆက်ပြီး ဘာများလုပ်ချင်ကြသေးသလဲ၊ လောဘစေတ်က အေးအေး မနေစေဘူး၊ ကိုယ်တွေ့တွေကို ပြောကြစမ်း။

ထိုအခါ တချို့က အရောင်းအဝယ် သွားရပါလိမ့်မယ်၊ တချို့က အရောင်းအဝယ်တို့အတွက် သွက်သွက်လယ်နေ ကြရပါသည်၊ အေးအေး

ဆေးဆေးမဟုတ်၊ ပြေးရသည်၊ လွှားရသည်၊ ဘယ်သူက ခိုင်းပါသနည်း၊ အလုပ်ကိစ္စ မပြီးမချင်း အလုပ်အကိုင်ဆိုတဲ့ အာရုံပေါ်မှာ ခုံမင်တွယ်တာ၍ နေကြပါသည်ဘုရား။

လက်သည်အစစ် အမှုသည်အစစ်က ဘယ်သူပါလိမ့်၊ သတိထား၍ ဖြေကြရပါမည်၊ သတိမထားဘော့ ငါ့အလုပ် ဖြစ်ဖြစ်နေကြပါသည်။

အဆုံးမမြင်အောင် လိုချင်မှုမပြီးတဲ့ လောဘ ဓာတ်စေး ဓာတ်ကပ်ကြီးပါဘုရား။

မှန်ပေသည်၊ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ လောကီအာရုံအဖုံဖုံတို့၌ သာယာသည့် ငြိကပ်သည့် ချစ်ခင်သည့် စတဲ့ အမြစ်တွယ်နေသမျှ အလုပ်တွေကို အော် လောဘ ဓာတ်စေး ဓာတ်ကပ်၏ အလုပ်တွေပါ တကားဟု အဟုတ်အမှန်ကို သိကြရပါမည်၊ နားလည် သဘောပေါက်ကြရပါမည်၊ လောဘကို လူမထင်ကြနှင့်၊ လောဘကတခြား လူတခြားပါ၊ လူကပုဂ္ဂလ ပညတ်ဖြစ်ပါသည်၊ ပညတ်ဆိုတာအရှိတရားမဟုတ်၊ မရှိတဲ့တရားဖြစ်ပါသည်၊ လောဘကို ဓာတ်အသီးအခြား ပရမတ်အသီးအခြား တခုအဖြစ်ဖြင့် မသိခဲ့ပါလျှင် အတ္တဒိဋ္ဌိဓာတ်ဆိုး ဓာတ်ဝါး၏ ထင်မြင်မှုအတိုင်း လောဘကို လူရယ်လို့ အထင်မှားတတ်သည်၊ ငါကောင်ရယ်လို့ အထင်မှားတတ်သည်၊ အဓမ္မရာဂ ဝိသမလောဘအဖြစ်တိုင်အောင် ကြီးထွားလာတတ်သည်၊ လောဘခိုင်းသမျှ လုပ်ကိုင်မိကြပါလျှင် "အူပြတ် သည်းကြွေ၊ အသက်သေနှင့်၊ ထွေထွေ ပြားပြား ထူးထူးအားဖြင့်၊ များပူသန်လျက်၊ လျှာဖြင့်လျက်သို့" ဆိုသည့်အတိုင်း ပစ္စုပ္ပန်ရော သံသရာပါ လွန်စွာ ဒုက္ခပေးတတ်ခြင်းကြောင့် အာရုံမှာ အမြစ်တွယ်တတ်သော လောဘ, မခွါနိုင်တဲ့ လောဘကို ထမင်းစားရင်း ရေသောက်ရင်း သေးသေးငယ်ငယ် လောဘကစပြီး–

ဟေ့ အတ္တဒိဋ္ဌိ၊ သင်လာမရှုပ်နှင့်၊ လောဘ ငါကောင်မဟုတ်၊ လောဘဟာ လူကောင်မဟုတ်၊ လောဘ အနိစ္စ ဒုက္ခ အနတ္တ ရယ်လို့ ဝိပဿနာဉာဏ်ဖြင့် မှန်မှန်ပယ်သတ်ကြစေလိုသည့်အတွက် "(လောဘ)အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" စသည်ဖြင့် ပဋ္ဌာဝါရမှာ မြတ်စွာဘုရားသခင် ဟောတော်မူပါသည်။

အို သူတော်ကောင်းတို့၊ သစ်ပင်ငယ်ကလေး၊ မီးပွားကလေးဥပမာထား ပြီးတော့ ပေါ်ပေါက်ဖြစ်ပွားလာဘဲ့ တဏှာလောဘစေတတ်ကို ဝိပဿနာဉာဏ် နှင့် သတ်လိုက်ပါလျှင် ဒီတဏှာလောဘစေတတ်သည် ဝစီကံမြောက် ကာယကံ မြောက် တောက်လောင်လာအောင် မျိုးစေ့ မအောင်မြင်နိုင်ပါ၊ အပါယ် နရက်ဘေးမှလည်း ကင်းဝေးနိုင်ပါသည်၊ ပေါ်ပေါက်လာတဲ့ လောဘစေတ စေတသိက် ပရမတ်ကို (ဝါ) ငါ့ဥစ္စာ ငါ့ပစ္စည်းဘဲ ငါမို့လို့ဘဲ ငါကိုယ် ကောင်ဘဲဟူ၍ အကောင်အထည် ဖြဗ်လုပ်လေ့ရှိကြသည့် အတ္တဒိဋ္ဌိ စေတ်ဆိုး လည်း ပေါ်လာခွင့် မရှိတော့ပြီ၊ အတ္တဝါဒ ဒိဋ္ဌိဘေးကြီးမှ ကင်းဝေးလွတ် မြောက် နိုင်ပါသည်။

အို သူတော်ကောင်းတို့၊ ထမင်းအာရုံ ဟင်းအာရုံ စသည်တို့အပေါ်မှာ လက်မလွှတ်နိုင်အောင် ငြိတွယ်နေသည့် လောဘကို သင်တို့ပယ်နိုင်ကြပြီလား။

မပယ်နိုင်ကြသေးပါဘုရား၊ မသိမသာ အဝိဇ္ဇာနှင့်တကွ စားချင်သည့် သောက်ချင်သည့် လောဘကို မပယ်နိုင်ကြသေးပါဘုရား။

မှန်ပေသည်၊ ဒီလောဘကို မပယ်နိုင်ကြသေးပေဘူး၊ သို့သော်လဲ ဒီလော ဘကို ငါကောင်ထင်မှု လူကောင်ထင်မှု သတ္တဝါကောင်ထင်မှုဆိုတဲ့ အထင် မှားမှု "အတ္တဒိဋ္ဌိ" အကုသိုလ် စေတသိက် စေတ်ဆိုးကိုတော့ မပယ်နိုင်ကြ သေးဘူးလား။

ပယ်နိုင်ကြပါသည် ဘုရား။

ဘယ်နည်းဘယ်ပုံ ပယ်ကြမလဲ။

လောဘမည်သည် လူမဟုတ်၊ လောဘမည်သည် အကောင်အထည်မဟုတ်၊ လောဘမည်သည် စေတသိက် ပရမတ်ဖြစ်သည်၊ လောဘသည် အာရုံရှိမှ ဖြစ် ပေါ်၍လာသည်၊ ဖြစ်ပြီးက ပျက်သွားသည်၊ "ဟယ် အတ္တဒိဋ္ဌိ၊ နင်မလာခဲ့နှင့်၊ လောဘစေတ်သည် အနိစ္စ ဒုက္ခ အနတ္တ" လို့ ဝိပဿနာဉာဏ်နှင့် ရှုလိုက်ပါလျှင် အတ္တဒိဋ္ဌိ မလာမရောက်နိုင်တော့ဘဲ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် (ဝါ) အတ္တဒိဋ္ဌိကိလေသာ ကင်းသွားပါသည် ဘုရား၊ ဤနည်းနှင့် ပယ်နိုင်ပါသည် ဘုရား။

မှန်ပေသည်၊ အဲ့ဒီတော့ "အသိတေ ပီတေ ခါယိတေ သာယိတေ"အရ စားရင်း သောက်ရင်း ခဲရင်း လျက်ရင်း ကိလေသာ(၁၀) ပါးတို့အထဲက ဘယ်ကိလေသာကို ရှေးဦးစွာ ပယ်ကြမည်နည်း။

အတ္တဝါဒ အတ္တဒိဋ္ဌိကိလေသာကို ရှေးဦးစွာ ပယ်ရပါမည်ဘုရား။

အတ္တဒိဋ္ဌိအမြင်မှားမှုကို ပယ်စွန့်နိုင်ရန် ဘယ်ဉာဏ်ပညာကို တတ်မြောက်နားလည်ဘို့လိုပါသလဲ။

နာမရူပပရိစ္ဆေဒဉာဏ်ကို တတ်မြောက်နားလည်ဘို့ လိုပါသည် ဘုရား။

ဘယ်ပုံဘယ်နည်းဖြင့် နားလည်ရပါမည်လဲ။

ငါ ထမင်းပွဲမှ မထချင်, ရေကိုလက်မလွှတ်ချင် စသည်ဖြင့် ထွေးလုံးရစ်ပတ် ပညတ်နှင့် ပရမတ်မကွဲမှုတွေကို ငါက ပုဂ္ဂလပညတ်, သဏ္ဌာနပညတ်, သမူဟပညတ်ပါတကား၊ ပညတ်ဆိုတာ တကယ်ရှိတဲ့ တရားမဟုတ်ပါတကား၊ ဒီအာရုံမှ မထနိုင်မှု မခွာနိုင်မှု လက်မလွှတ်နိုင်မှုတွေသည် လောဘစေတသိက်ပရမတ်အလုပ်ပါတကားဟု ပညတ် ပရမတ် ကွဲပြားအောင် ခွဲခြားနားလည်တဲ့ သမ္မာဒိဋ္ဌိဉာဏ်ပညာကို တတ်မြောက်နားလည်ရပါမည်ဘုရား။

နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာက ဘာလဲ။

အာရုံတခုခုမှ မထနိုင်မှု မခွါနိုင်မှု လက်မလွှတ်နိုင်မှုဆိုတာ လောဘစေတသိက် ပရမတ်နာမ်ဓာတ်၏အလုပ်ကိစ္စပါတကား၊ခြောက်ပါးသော ဝတ္ထုရုပ်နှင့် မဟာဘုတ်လေးပါးတို့၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု နာမ်အလုပ်ကို နာမ်အလုပ်မှန်း, ရုပ်အလုပ်ကို ရုပ်အလုပ်မှန်း ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သေသေချာချာ သိသော အတတ်ပညာကို နာမရူပပရိစ္ဆေဒ ဉာဏ်လို့ ဟောတော်မူပါသည်ဘုရား၊ "ရူပီနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"ဟူ၍ နာမရူပပရိစ္ဆေဒဉာဏ်ကို ပစ္စယနိဒ္ဒေသ၌ ဟောတော်မူပါသည်ဘုရား။

လောဘဓာတ် လောဘစေတသိက် ပရမတ်သည် လူမဟုတ်၊ လောဘဓာတ်သည် အာရုံ၌ တွယ်တာငြိကပ်တတ်သည့် အလေ့ရှိသည်၊ အလေ့ရှိလို့မို့ အာရုံကို အမြစ်တွယ်သည်၊ အလုပ်ကို လုပ်သည်၊ လောဘဇောထွက်ပြီး အကျိုးပေါ်နေသည်၊ ဒီလောဘဓာတ်သည် လောဘဖြစ်စရာ အာရုံကြောင့် ဖြစ်ပေါ်လာသည်။

သို့ကလို လေးစိတ်လေးမှာ စိတ်ဖြာပြလိုက်ရုံနှင့် အတ္တဒိဋ္ဌိခေတ်ဆိုးကင်းကွာနိုင်သည်၊ သို့ပါလျက် အဘယ်ကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပျက်အားဖြင့် လောဘကို ဝိပဿနာရှုကြပါသလဲ။

အမိန့်ရှိတော်မူပါဘုရား။

အို သူတော်ကောင်းတို့၊ ရုပ်ခေတ်တခု နာမ်ခေတ်တခု ပေါ်လာလျှင် "ငါ့ပစ္စည်း၊ ငါမို့လို့၊ ငါဘဲ" ဟူ၍ အညှိရှိလျှင် ယင်အုံသလို အပြေးအလွှား ကပ်ရောက်လာကြကုန်သော တဏှာ မာန အတ္တဒိဋ္ဌိ ခေတ်ဆိုးသုံးခုတို့ အနက် အထူးအားဖြင့် "ကုမ္မဂ္ဂ = စက်ဆုပ်စရာလမ်း မိစ္ဆာဒိဋ္ဌိလမ်းမှား" ဟူ၍ နာမည်ရသော အပါယ်ချသည့် အတွန်းသမား အတ္တဝါဒ အတ္တဒိဋ္ဌိ အမြစ်ပြတ်သွားအောင် ဝိပဿနာဉာဏ်စဉ်တက်ပြီး ဆက်လက် ပွားများရခြင်း ဖြစ်ပါသည်။

အို သူတော်ကောင်းတို့၊ ဝိပဿနာ ဉာဏ်အရာမှာ ငါကောင်း သူကောင်း ယောကျ်ားကောင်း မိန်းမကောင်း အထည်ဒြပ်သဏ္ဌာန်တို့ကို ကြည့်ပြီး ဝိပဿနာ ရှုပွါးခြင်း မပြုရပေ၊ လောကီနယ်မှာ ဖြစ်ကြတဲ့ ရုပ်ခေတ် စိတ်ခေတ် စေတသိက်ခေတ် ပရမတ်တရားတို့ကိုသာ အာရုံပြုပြီး ဝိပဿနာရှု ပွါးများခြင်း ပြုနိုင်ကြပါသည်။

လူကောင်ကြီးကို (ဝ၁) ပညတ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မရှုမပွါးရ၊ လောဘခေတ်အနိစ္စ၊ ဒေါသခေတ်အနိစ္စ၊ မောဟခေတ်အနိစ္စ၊ မြင်စိတ် အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့် ခေတ်တခဲ့ ရုပ်ပါးတို့ကို တခုစီ တခုစီ လှည့်လည်၍ ကြည့်ရှုပွါးများ သင့်ကြပေသည်။

လောကုတ္တရာစိတ် စေတသိက်, နိဗ္ဗာန်, ပညတ်တို့ကို ဝိပဿနာမရှုရ။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ—

စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

သောတံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ဃာနံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ဇိဝှံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ကာယံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
ရူပေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
သဒ္ဒေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
ဂန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
ရသေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
ဖောဋ္ဌဗ္ဗေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
ဝိပါကာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

**မှတ်ချက်။** ။ဝိပါကာဗျာကတေ ခန္ဓေအတွင်းမှာ
စက္ခုဝိညာဏ် မြင်စိတ်,
သောတဝိညာဏ် ကြားစိတ်,
ဃာနဝိညာဏ် နံစိတ်,
ဇိဝှာဝိညာဏ် လျက်စိတ်,
ကာယဝိညာဏ် ထိသိစိတ်,

တည်းဟူသော ဝိပါက်စိတ်များပါဝင်လျက် ရှိပေသည်၊ ထိုသစ်တခေါက် (၁၈)ပါးတို့ကိုသာလျှင် ယထာဘူတဉာဏ်ဖြင့် ဟုတ်မှန်သည့်အတိုင်း အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ဝိပဿနာ ရှုရပုံတို့ကို ပဋ္ဌာန်း မဟာပါဠိမှာ ဟော တော်မူပေသည်။

ထိုမှတပါး လောကီကုသိုလ် အကုသိုလ်စိတ်တို့ကို–

"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယော" ဟူ၍ ရင်း–

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယော–

ဟူ၍ရင်း ဟောတော်မူပါသည်။

## ၁၄။ ဟေတုပစ္စည်း၌ ဝိပဿနာရှုပုံ

အို သူတော်ကောင်းတို့၊ ဟေတုပစ္စည်းကို ပရိယတ်နှင့် ပဋိပတ်, သရုပ်နှင့် အလုပ်, ကိုယ်တွေ့နှင့်ဉာဏ်တွေ့ အရင်းဖြစ်ပုံတို့ကို သင်တန်းသဘော တရားဟော တရားပြသဘို့ရန် အချိန်သင့်ရောက် အခွင့်ပေါ်ပေါက်၍ လာပေပြီ။

ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသမှာ "ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ဓမ္မာနံ ဟေတုပစ္စယေန ပစ္စယော"လို့ ဟောတော်မူပါသည်။

ဟေတုပစ္စည်း ဆိုသည်မှာ ဟေတုအရ ဟေတုသတ္တိ ရှိကြတဲ့—

| | |
|---|---|
| လောဘ | စေတသိက်ပရမတ် |
| ဒေါသ | ” |
| မောဟ | ” |
| အလောဘ | ” |
| အဒေါသ | ” |
| အမောဟ | ” |

ရယ်လို့ ပေါင်း ၆-မျိုးရှိပါသည်၊ အကုသိုလ်ဘက်က ၃-မျိုး, ကုသိုလ်ဘက်က ၃-မျိုး ပေါင်း ၆-မျိုးရယ်လို့လဲ ဆိုနိုင်ပါသည်။

ဤ ဟိတ် ၆-ပါး စေတသိက် ပရမတ်တို့သည် ၎င်းတို့ဖြစ်ပေါ်ရန် အကြောင်းညီညွတ် တိုက်ဆိုင်ပါလျှင် ခန္ဓာကိုယ်အတွင်းမှာ ချက်ချင်း နာမက္ခန္ဓာလေးပါးဖွဲ့စည်းပြီး တဟုန်တည်းလှုပ်ရှား ထကြွလေ့ရှိပါသည်၊ ဒီလို လှုပ်ရှားထကြွမှုမျိုးကို "ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"ရယ်လို့ ဟောတော်မူသည်၊ စိတ်ထကြွမှု မနောကံ ထကြွမှုကို"ပရိယုဋ္ဌာန"လို့ ကျမ်းဂန်ဒေသနာများမှာ သုံးနှုန်းမိန့်ဆိုတော်မူကြလေသည်။

တဖန် မနောကံနှင့်မပြီး ကာယကံမြောက်အောင် ဝစီကံမြောက်အောင် လွန်ကြူးဖြစ်ပွားမှုများကို"တံသမုဋ္ဌာနာနဉ္စ ရူပါနံ" ရယ်လို့ ဟောတော်မူပါသည်။

"ဟေတုပစ္စယေန ပစ္စယော"ဆိုတာကတော့ ဆိုင်ရာ ဆိုင်ရာ အာရုံတွေမှာ အမြစ်တွယ်ပြီးနောက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကျေးဇူးပြုမှုများကို ဟောတော်မူခြင်းဖြစ်ပါသည်။

ပရမတ္ထသံခိပ်ကျမ်းမှာတော့....

(၁၂၁) လော,ဒေါ,မော,သုံး၊ အနှင့်သုံး၊ ခေါ်ထုံး ဟိတ်ခြောက်ပါး။

(၁၂၂) ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ် ကြောင်းရင်း များ။

ဟူ၍ ရေးသားတော်မူခဲ့ပါသည်။

အို သူတော်ကောင်းတို့၊ ဒီအချိန်ကစပြီးတော့ ဟိတ်ခြောက်ပါးထဲက "လောဘ"စေတသိက်ရဲ့အလုပ်လုပ်ပုံကို ကိုယ်တွေ့ ဉာဏ်တွေ့များဖြင့် ဝိပဿနာ အလုပ်စခန်းဖွင့်ကြပါစို့၊ လောဘဆိုတာ ဟေတုအကြောင်းရင်းမြစ် ဖြစ်သလို သစ်ပင်မှာ ရေသောက်မြစ်နှင့် အလားသဏ္ဍာန်တူပါသည်၊ ဋီကာဆရာများ ကတော့ လောဘဆိုတာ လိုချင်တဲ့ အစွမ်းသတ္တိရှိခြင်းကြောင့် ရစရာဆိုလျှင် ပြည့်စုံသည် ပိုမိုသည်ဟူ မရှိနိုင်၊ လို၍ လို၍သာ နေသောကြောင့်"လောဘ" လို့ ခေါ်ရသည်ဟု ဖွင့်ဆိုကြပါသည်၊ တောမျောက်တွေကို ထောင်ဖမ်းသည့် မျောက်နဲ့စေးကော်နှင့် ဥပမာတူသည်ဟု ဆိုပါသည်၊ ပါဠိတွေကိုတော့ ချန်လှပ်ခဲ့သည်။

နောက်တဖန် ဒီ ပရိယတ္တိ သာသနာတော်ဘက်က ကျမ်းဂန်ဒေသနာ စကားတွေ ဟုတ် မဟုတ်ကို လက်တွေ့ အလုပ်လုပ်၍ ကြည့်ကြပါကုန်စို့။

အို သူတော်ကောင်းတို့၊ အဘိဓမ္မာပိဋက (ဆဋ္ဌမူ) ပုဂ္ဂလပညတ်ပါဠိတော် စာမျက်နှာ(၁၆၈) ပုဒ်အမှတ် (၁၈၂)မှာ "အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ"ဟူ၍ ဟောတော်မူပါသည်။

အသိတေ-စားသည်ရှိသော် သတိ အသိနှင့် ယှဉ်၍ စားရမည်ဆိုသည့် အချက်ကို ကိုယ်တွေ့ဉာဏ်တွေ့ ရှေးဦးစွာ အလုပ်လုပ်ကြပါစို့။

သင် သူတော်ကောင်းတို့၊ မိမိတို့ ထမင်းစားချိန်မှာ ထမင်းပွဲတွင် ထိုင်မိ ကြပြီဆိုပါစို့၊ ထမင်းပွဲတွင် ထိုင်မိကြတဲ့အခါ ထမင်းပွဲကို ကင်မရာနှင့် ဓာတ်ပုံရိုက်လျှင် ရနိုင်ကြမလား၊ မရနိုင်ဘူးလား။

ခေတ်ပုံရိုက်ယူလျှင် ရနိုင်ပါသည်ဘုရား။

ထမင်းစားနေကြတဲ့ ပုဂ္ဂိုလ်တွေကိုကော ခေတ်ပုံရိုက်ယူလျှင် မရနိုင်ဘူးလား။

ရနိုင်ပါသည်ဘုရား။

ကောင်းပြီ၊ သင်တို့သည် ထမင်းမစားရဘဲ ဒီထမင်းပွဲက ထနိုင်ကြပါမည်လား၊ ထ၍ သွားနိုင်ကြပါမည်လား။

ထမင်းမစားရဘဲ မထနိုင်၊ ထ၍ မသွားနိုင်ကြပါဘုရား။

သတိထားပြီး စဉ်းစားဖြေကြပါ၊ ဘယ်သူတွေ မထနိုင်ကြတာလဲ။

တပည့်တော် တပည့်တော်မတို့ မထနိုင်ကြတာပါ ဘုရား။

တပည့်တော် တပည့်တော်မတို့ ဆိုတဲ့စကားကို သေသေချာချာ မှတ်သား၍ထားကြစမ်းပါ၊ တပည့်တော် တပည့်တော်မတို့ မထနိုင်၊ ငါတို့မထနိုင်လို့ လိုက်ဆိုကြစမ်းပါ။

ငါတို့ရယ်, မထနိုင်တာရယ် မထနိုင်တာရယ်, ငါတို့ရယ် နှစ်မျိုး နှစ်စားရှိပါလျက် တမျိုးလဲ တပေါင်းထဲ ပြုပြီး တခုတည်းကဲ့သို့ "ငါတို့မထနိုင်" ဟူ၍ ပြောဆိုမှတ်သား ထင်မြင်မှုမှား၍ နေကြပါသည်၊ ဒီလိုထင်မြင် မှတ်သား မှားယွင်းနေခြင်းဟာ ဒိဋ္ဌိဝိပလ္လာသ သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဖြစ်ပါသည်။

ငါတို့ကလူ ထမင်းကိုစားသည့်လူ ပုဂ္ဂလပညတ် ဖြစ်ပါသည်၊ ပုံသဏ္ဌာန်တွေရှိလို့ သဏ္ဌာနပညတ်လည်း ဖြစ်သည်၊ ရုပ်တွေ နာမ်တွေ စုပေါင်းထားလို့ သမူဟပညတ်လည်း ခေါ်သည်၊ ပညတ်ဆိုသည်မှာ မရှိတဲ့တရားဖြစ်ပါသည်၊ တကယ်ရှိတရားက စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ရယ်လို့ ပရမတ္ထတရားလေးပါးသာ ရှိပါသည်၊ ဒီပရမတ္ထတရား လေးပါးထဲမှာ လူရယ်လို့ မပါဝင်၊ သတိထားကြပါ၊ ပရမတ်မဟုတ်လျှင် ပညတ်ဘဲဖြစ်ရမည်၊ နာမည်ဘဲဖြစ်ရပါမည်၊ ပါးစပ်ပြောဘဲ ဖြစ်ရမည်၊ လူခေတ် ရယ်လို့ မရှိဘူး၊ "ခန္ဓပဉ္စက မုပါဒါယ ပုရိသပုဂ္ဂလာဒိကာ" သင်္ဂြိုဟ်ပစ္စည်းပိုင်းမှာ ပုဂ္ဂလပညတ် ပါဠိတော်နှင့် အဋ္ဌကထာကို ကြည့်၍ ရေးသားတော်မူခဲ့ပါသည်။

အဲဒါကြောင့် ငါတို့ကလူ ပုဂ္ဂလပညတ် သဏ္ဌာနပညတ် သမူဟပညတ် အဝိဇ္ဇာမာန ပညတ်တွေသာ ဖြစ်ပါသည်။

ထမင်းပွဲမှာ မထနိုင်မှုက လောဘစေတသိက် ပရမတ်ဓမ္မဓာတ်၊ သို့ကလို ငါတို့က ပုဂ္ဂလပညတ်၊ မထနိုင်မှုက လောဘစေတသိက် ပရမတ် ရယ်လို့ ပညတ်နှင့် ပရမတ် သေသေချာချာ ခွဲပြီးတော့ လူအနိစ္စ ရောက်သလား, လောဘအနိစ္စရောက်သလားဆိုတာကို ဆက်လက်ပြီးကြည့်လျှင် ဓာတ်သဘာဝ တွေက ဖော်ပြပါလိမ့်မည်။

ထမင်းတလုပ်စား၊ နောက်တလုပ် ထပ်ပြီးစား၊ ဝအောင်စားတော့ ဝကြ ပြီလား။

ထမင်းဝကြပါပြီ အရှင်ဘုရား။

ထမင်းဝရင် ထမင်းပွဲမှာ တနာရီလောက် ထိုင်ပြီး နေလိုက်ကြစမ်း။

တနာရီလောက်ထိုင်ပြီး မနေချင်ပါ၊ ထပြီးသွားချင်ကြပါသည်၊ ထသွားဘို့ ကြိုးစားကြရပါလိမ့်မည်ဘုရား။

အဲဒီတော့ ထမင်းမစားမီ ထမင်းပွဲက မထကြနိုင်လို့ ဘယ်သူက ခိုင်းထား သလဲ၊ စဉ်းစားပြီး ဖြေကြစမ်းပါ။

ထမင်းဆိုတဲ့ အာရုံပေါ်မှာ အမြစ်တွယ်ထားတဲ့ လောဘစေတသိက် ပရမတ်တရားက မထနိုင်အောင် အမြစ်တွယ်ထားလို့ပါ အရှင်ဘုရား။

အဲဒီလို ထမင်းအာရုံပေါ်မှာ အမြစ်တွယ်ထားတဲ့ လောဘစေတသိက် ပရမတ်တရားကို ကင်မရာနှင့် ဓာတ်ပုံရိုက်ယူလို့ ရနိုင်ပါမလား။

လောဘစေတသိက် ပရမတ်တရားကို ကင်မရာနှင့် ဓာတ်ပုံရိုက်ယူလို့တော့ မရနိုင်ပါ အရှင်ဘုရား။

ဓာတ်ပုံရိုက်ယူလို့ မရနိုင်သော်လဲ လောဘဓာတ် အမြစ်တွယ်ပြီး အလုပ် လုပ်သွားပုံတွေကတော့ မထင်ရှားဘူးလား။

အင်မတန် ပေါ်လွင်ထင်ရှားလှပါတယ် ဘုရား၊ "ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ" ဆိုတဲ့ သံခိပ် စကားအတိုင်း လောဘစေတသိက် ပရမတ်၏ အမြစ်တွယ်ပုံကို သဘော ပေါက်ကြပါပြီ ဘုရား။

ပဋ္ဌာန်းအခြေခံ ( ၆ )

ထမင်းပွဲထဲက ထမင်းအာရုံမှာ မထနိုင်လောက်အောင် အမြစ်တွယ်ထားသည့် ဒီလောဘစေတသိက် ပရမတ်တရားသည် ယခုလို ထမင်းဝကြ၍ ထမင်းပွဲမှ ထကြသည့်အချိန်မှာ ထင်ထင်ရှားရှား ရှိသေးရဲ့လား၊ အမြစ်တွယ်သေးရဲ့လား။

ထမင်းပွဲမှ ထကြတဲ့ အခါမှာ ထမင်းအာရုံကို အမြစ်တွယ်ထားသည့် လောဘစေတသိက် ပရမတ်တရား မရှိတော့ပါဘုရား။

ဘာကြောင့် မရှိတော့တာလဲ။

လောဘစေတသိက် ပရမတ် အနိစ္စ ရောက်သွားလို့ပါ၊

လောဘစေတသိက် ပရမတ်သေသွားလို့ပါဘုရား။

**မှာထားချက်။** ။ထမင်းစားချင်သည်၊ ထမင်းမစားချင်ဘူး၊ ထမင်းပွဲက မထနိုင် ထမင်းပွဲက ထသည်ဟူ၍ကား သိကြ၏၊ ပြောတတ်ကြ၏၊ ထမင်းဟင်းအာရုံကြောင့် လောဘခေတ် လောဘမမ္မခေတ် ဖြစ်ပေါ်ပေါက်ဖွားလာမှု, တဖန် လောဘမမ္မခေတ်၏ ဇရာ မရဏ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံ အမှန်တရားကို ဉာဏ်မျက်စိဖြင့် မကြည့်တတ် မမြင်တတ်ကြ၍ ဘုရားသခင်က ဉာဏ်ပညာ မျက်စိကို ဖွင့်၍ ပေးတော်မူသည်။ "ဓမ္မစက္ခုံ ဥဒပါဒိ"။

လောဘစေတသိက် ပရမတ် အနိစ္စ ရောက်သွားတာကို သေသွားတာကို ပကတိသာမန်မျက်စိနဲ့ မြင်ကြသလား။

မမြင်ပါဘုရား။

ဘာမျက်စိနဲ့မြင်ကြသလဲ။

ဉာဏ်မျက်စိနဲ့ မြင်ကြပါသည်ဘုရား။

နေ့တိုင်း ထမင်းပွဲကမထနိုင်တာ ကိုယ်တွေ့နော်၊ လောဘ အမြစ်တွယ်တာကို ဉာဏ်ပညာမျက်စိက တွေ့မြင်နေပါသည်၊ အို သူတော်ကောင်းတို့။

ထမင်းပွဲက မထနိုင်အောင် ထမင်း အာရုံကို အမြစ်တွယ်၍ ထားသော လောဘစေတသိက် ပရမတ်တရားက ဟေတုသတ္တိဖြင့် အလုပ်လုပ်ပုံကို သိကြပြီ၊

မြင်ကြပြီ၊ ယခုထမင်းဝ၍ ထမင်းပွဲမှ ထကြသည့်အခါ လောဘစေတသိက် ပရမတ်တရား သေဆုံးအနိစ္စရောက်လို့ ထ နိုင်ခြင်း ဖြစ်ပါသည်၊ သူတော်ကောင်းတို့။

လူသည် အနိစ္စလား၊ လောဘသည် အနိစ္စလား။

လောဘစေတသိက် အနိစ္စပါဘုရား။

လောဘစေတသိက် အနိစ္စရောက်အောင် မည်သူက ပြုလုပ်လိုက်ပါသလဲ။

မည်သူကမှ မလုပ်ပါ၊ သူ့အလိုလို အနိစ္စရောက်သွားပါသည် ဘုရား။

အို သူတော်ကောင်းတို့၊ ရုပ်တွေ နာမ်တွေစုပေါင်း၍နေတဲ့ ငါတည်းဟူသော ပုဂ္ဂလပညတ် ပုရိသပညတ် ဣတ္ထိယပညတ် လူကို လူ လူဟူ၍ပင် ထင်ပါဦးတော့၊ မှတ်သားပါဦးတော့၊ "သမ္မုတိ ဥဒပတ္တာ နိဗ္ဗတ္တိတပရမတ္ထဝသေန" အရ လူဟူသော ပုဂ္ဂလပညတ်ကို အသာထား၍ ထိုပညတ်မှ အသီးအခြား ထွက်ပေါ်၍ အလုပ်လုပ်တဲ့ (ဝါ) ထမင်းအာရုံ ဟင်းအာရုံတို့မှ မထနိုင်အောင် အမြစ်တွယ်၍ အလုပ်လုပ်သွားတဲ့ ယခု ထမင်းဝပြီးတော့ ချုပ်ပျောက် ပျက်စီး၍သွားတဲ့ လောဘစေတသိက် ပရမတ်တရား ခေတ်တရားကို သတိထားပြီး အသိတရား ဉာဏ်မျက်စိဖြင့် သေချာစေ့ငု ကြည့်ရှု၍ ထားကြရပါမည်။

အနတ္တ လက္ခဏာသုတ်တော်အရ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်က ကမ္မဋ္ဌာန်းစစ်တော်မူပါသည်၊ တဏှာလောဘကို သဒ်ါရက္ခန္ဓာ ခမ္မာယတန ခမ္မခေတ်ရယ်လို့ ခေတုကထာကျမ်းမှာ ဟောတော်မူခဲ့ပါသည်၊ ပါဠိတော်တွေ ချန်လှပ်ပြီး မြန်မာဘာသာအားဖြင့် အမေးအဖြေ ပြုလုပ်ကြပါကို့။

ယခုအခါ ထမင်းပွဲမှမထနိုင်အောင် ထမင်းအာရုံမှာ အမြစ်တွယ်၍ (ဝါ) ငြိကပ်တွယ်တာနေပြီး ထမင်းဝကြလို့ ထမင်းပွဲမှ ထကြတဲ့အချိန်မှာ တဏှာလောဘခေတ်သည် ပုဂ္ဂလပညတ် လူဟုတ်ကြသေးရဲ့လား။

တဏှာလောဘခေတ်သည် လူမဟုတ်ပါဘုရား။

ပုဂ္ဂလပညတ် ထမင်းစားကြသည့်လူတွေက ဘယ်လောက် အဘက်ရှည်ကြပါမည်နည်း။

ပညတ်တရားဆိုတာ တကယ်ရှိတဲ့တရားမဟုတ်၍ စည်မျှအသက်ရှည်သည်ဟု မဖြေထိုက်ပါ ဘုရား။

ထမင်းပွဲကို အမြစ်တွယ်သော တဏှာ လောဘစေတက ဘယ်လောက် အသက်ရှည်ပါသနည်း။

ချက်ချင်းဖြစ်ပြီး ချက်ချင်းပျက်ပါသည် ဘုရား။

လူ အနိစ္စလား၊ စေတ်အနိစ္စလား။

စေတ် အနိစ္စပါဘုရား။

လူသေသလား စိတ်သေသလဲ။

တဏှာလောဘ ခမ္မစေတ်သေပါသည်ဘုရား။

ထင်ထင်ရှားရှား အလုပ်လုပ်၍ ထင်ထင်ရှားရှားသေဆုံးသွားသော တဏှာ လောဘခမ္မစေတ်ကို သုခစေတ်လို့ ဆိုမလား၊ ဒုက္ခစေတ်လို့ ဆိုမလား။

ဒုက္ခစေတ် အစစ်အမှန်ပါ ဘုရား။

ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခဆိုတဲ့ ဒုက္ခသုံးမျိုးထဲက ဘယ်ဒုက္ခမျိုး ဖြစ်သွားသလဲ။

ပြုပြင်ပေးမှ ပေါ်လာနိုင်ပြီး၊ အသစ်အဟောင်း ပြောင်းလဲဖောက်ပြန်၍ သွားရသောကြောင့် သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ ဖြစ်သွားပါသည် ဘုရား။

အို သူဟော်ကောင်းတို့၊ ပညတ်နှင့်တွဲ၍ ပြောရလျှင် ထမင်း တခါစား မျှသာ အသက်ရှည်သော ထမင်းမှာအမြစ်တွယ်သော ထိုတဏှာလောဘစေတ် တရား ပရမတ်တရားကို ထမင်းစားတဲ့လူတွေရဲ့ တဏှာ မာန ဒိဋ္ဌိ တို့က

ထမင်းပွဲက မထနိုင်တာသည် ငါ့ဥစ္စာပစ္စည်းဘဲ၊

ငါတို့မို့ ထမင်းပွဲက မထနိုင်တာဘဲ၊

ထမင်းပွဲက မထနိုင်တာ ငါတို့ဘဲ၊

ငါတို့ပင် မထနိုင်တာဘဲ၊

မထနိုင်မှုပေါ်မှာ ငါတို့မှီတာဘဲ၊

ငါတို့ပေါ်မှာ မထနိုင်မှု မှီတာဘဲ၊

လို့ ခေတ်မသိ ပရမတ်မသိ တဏှာငါ မာနငါ အတ္တဒိဋ္ဌိငါတို့ဖြင့် တွယ်တာခြင်းငှာ သိမ်းပိုက်ခြင်းငှါ ချစ်ခင်ခြင်းငှါ သင့်ပါမည်လား တော်ပါမည်လား။

"နော ဟေတံ ဘန္တေ" တဏှာလောဘခေတ်သည် အာရုံ၌မခွါနိုင်အောင် အမြစ်တွယ်မှု အလုပ်လုပ်မှုကို သိပြီးဖြစ်ပါ၍ နားလည်ပြီးဖြစ်ပါ၍ ထိုတဏှာလောဘခေတ်ကို တဏှာငါ မာနငါ အတ္တဒိဋ္ဌိငါတို့ဖြင့် မတွယ်တာသင့်၊ မသိမ်းပိုက်သင့်၊ မချစ်ခင်သင့်ပါပြီ (ဝါ) မတွယ်တာတော့ပါ၊ မသိမ်းပိုက်တော့ပါ၊ မချစ်ခင်တော့ပါ၊ မြတ်စွာဘုရား မြတ်စွာဘုရား။

(ဇံသမ္ဗုဒ္ဓညာယ ဒဋ္ဌဗ္ဗံ)

အို သူတော်ကောင်းတို့၊ ဤနည်း ဤပုံ ထမင်းစားကြတဲ့ အခါ (ဝါ) ထမင်းမစားမီ(ဝါ) ထမင်းစားပြီးတဲ့နောက် ထမင်းအာရုံကြောင့် အသစ်စက်စက် ဖြစ်ပေါ်လာသော ထမင်းအာရုံ၌ မထနိုင်အောင် အမြစ်တွယ်သော ကင်မရာဖြင့် ခေတ်ပုံရိုက်၍မရသော တဏှာလောဘခေတ်ကို သတိရှေ့ထားပြီး ဉာဏ်မျက်စိနှင့် စေ့စေ့စပ်စပ်ကြည့်ပြီးလျှင် ဟောသလို ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွါးများကြပါသည်။

---

## ၁၅။ လောဘ စေတသိက်၌ ဝိပဿနာရှုပုံ

ထမင်းပွဲက မထနိုင်လျှင် မထနိုင်မှန်းသိ၊ ထမင်းအာရုံကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာသော တဏှာလောဘ ဓမ္မခေတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်(နာမရူပပရိစ္ဆေဒဉာဏ်)၊ အတ္တဒိဋ္ဌိခေတ် ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါတကား မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ဉာတပရိညာဏ်' သစ္စဉာဏ်)

ထမင်းပွဲမှ မထနိုင်အောင် အမြစ်တွယ်၍ထားတဲ့ တဏှာ လောဘစေတသိက်သည် ထမင်းဝ၍ ထမင်းပွဲမှ ထသောအခါ အမြဲမရှိ အနိစ္စ အနိစ္စ၊ အသစ် အဟောင်း ပြောင်းလဲ၍သွားသော ဝိပရိဏာမဒုက္ခ ဒုက္ခ၊ လူမဟုတ် အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န တေံ မမ" တဏှာလောဘသည် ငါ့ဥစ္စာပစ္စည်း မဟုတ်ပါတကား။

"နေသောဟမသ္မိ = န သော အဟံ အသ္မိ" ငါကောင်မို့ ထမင်းပွဲမှ မထနိုင်တာမဟုတ်ပါတကား၊ တဏှာလောဘ စေတသိက်မို့ ထမင်းပွဲမှ မထနိုင်တော့ပါတကား၊ မထနိုင်အောင် အမြစ်တွယ်တာပါတကား။

"န မေသော အတ္တာ = န မေ သော အတ္တာ" အမြစ်တွယ်မှု တဏှာလောဘစေတသိက်သည် ငါကိုယ်ကောင် မဟုတ်ပါတကား၊ ငါကိုယ်ကောင်သည် အမြစ်တွယ်မှု တဏှာလောဘစေတသိက် မဟုတ်ပါတကား၊ အမြစ်တွယ်မှု တဏှာလောဘစေတသိက်ပေါ်မှာ ငါကိုယ်ကောင်က မမှီပါတကား၊ ငါကိုယ်ကောင်ပေါ်မှာ တဏှာလောဘစေတသိက မမှီပါတကား။

(တဏှာ မာန အတ္တဒိဋ္ဌိကိုပယ်သော ပဟာနပရိညာဉ်,ကတဉာဏ်)

တိုတိုကျဉ်းကျဉ်းနှင့် ဆိုလိုရင်းအဓိပ္ပာယ်မှာ "ထမင်းပွဲမှာ အမြစ်တွယ်သော လောဘသည် ငါမဟုတ်၊ ငါသည် လောဘမဟုတ်၊ လောဘပေါ်မှာ ငါမမှီ၊ ငါ့ပေါ်မှာ လောဘမမှီ"ဟူ၍ နားလည်ကြစေလိုသည်။

အဘယ်ကြောင့် ယခုလို ဝိပဿနာပွားရပါသလဲဆိုလျှင် ထမင်းပွဲမှ မထနိုင်မှု ပရမတ္ထတရား လောဘစေတသိကို စေတသိက်မှန်းမသိ ပရမတ်မှန်း မသိကြသည့်အတွက် အမြင်မှားပြီးလျှင် မထနိုင်တာ ငါဘဲ၊ ငါမထနိုင်တာဘဲ၊ မထနိုင်မှုပေါ်မှာ ငါမှီတယ်၊ ငါ့ပေါ်မှာ မထနိုင်မှုမှီတယ် ဟူ၍ ထွေးလုံးရစ်ပတ်ရှုပ်ယှက်ခတ်ပြီး မှောက်မှောက်မှားမှား စွဲလမ်းနေကြသော တဏှာငါ မာနငါ အတ္တဒိဋ္ဌိငါတို့ကို ပယ်စွန့်နိုင်ရန်အလို့ငှာ မလာမရောက် မကပ်ငြိနိုင်စေခြင်းငှာ ယခုဆိုရိုးအတိုင်း ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပွားများကြရပါသည်၊ သူတော်ကောင်းတို့။

ယထာဘူတ ကျနစွာ ဟုတ်မှန်သည့်အတိုင်း သိမြင်မှုကဉာဏ်၊ အသိခံ အမြင်ခံရတဲ့ ဓာတ်က လောဘစေတသိက် ပရမတ် ဓမ္မဓာတ်ဖြစ်သည်။

လောဘစေတသိက် ဓမ္မဓာတ်ကို ထမင်းအာရုံ၌ အမြစ်တွယ်တတ်သည့် ဓာတ်ဟူ၍ငင်း ယခုမှ ထမင်းအာရုံကြောင့် ဖြစ်ပေါ်လာပြီးလျှင် "ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ"အရ လောဘမူစိတ်နှင့် နာမက္ခန္ဓာလေးပါးတို့ စုပေါင်း ကြကုန်ပြီးကာ "တံသမုဋ္ဌာနာနဥ္စ ရူပါနံ"အရ လောဘမူ စိတ္တဇရုပ်တို့ဖြင့် ထမင်းတလုပ်ဝအောင် စားကြကုန်လျက် ယခုအခါ လောဘ အနိစ္စ ဒုက္ခ အနတ္တတရားပါတကားဟူ၍ငင်း သိမြင်သောကြောင့် ဝိပဿနာဉာဏ် ကုသိုလ် တွေ ဖြစ်ရလေ၏၊ ဉာဏ်ကုသိုလ်ကို ရလေ၏၊ လောဘ အကုသိုလ်ကို အာရုံ ပြု၍ ကုသိုလ်ရသော အတတ်ပညာကြီးတခုဟူ၍ ယုံယုံကြည်ကြည် ဝမ်းမြောက် ဝမ်းသာ မှတ်သားကျင့်ကြံကြပါကုန်လော့။

ပဋ္ဌာနပါဠိ ရပဋ္ဌာန်းပါဠိတော် ပဒအမှတ်(၄၀၈) ဆဋ္ဌမူ။

"အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ (လောဘ)အကုသလံ အနိစ္စ တော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူခဲ့ပါသည်။

အဓိပ္ပါယ်က(လောဘ) အကုသိုလ်ကို အာရုံပြုပြီးတော့ ကာမဝစရကုသိုလ် ရလေ၏၊ သေက္ခပုဂ္ဂိုလ်တို့သည်ငင်း ပညတ်နှင့် ပရမတ်, အတ္တနှင့်အနတ္တ, ရုပ် အလုပ် နာမ်အလုပ်တို့ကို ခွဲခြားနိုင်ကုန်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့ သည်ငင်း ထမင်းပွဲမှ မထနိုင်အောင် အမြစ်တွယ်တားသော လောဘ အကုသိုလ် စေတသိက်ကို အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မဟာကုသိုလ် ဉာဏသမ္ပ- ယုတ် စိတ်ဖြင့် ဝိပဿနာဘာဝနာ ပွားများရှုမြင်ကြကုန်ရာ၏။

ဤသည်ကား လောဘအကုသိုလ်ကို အာရုံပြု၍ မဟာကုသိုလ် ဝိပဿနာ စိတ် ဖြစ်ပေါ်ပုံ ဝိပဿနာပွါးများပုံ ပွားများနည်း ဖြစ်ပါသည်။

အို သူတော်ကောင်းတို့၊ မဟာကုသိုလ် စိတ်သည် "အနုပဇ္ဇသုခဝိပါက- လက္ခဏာ"အပြစ်ဟူသမျှ ဘာကမှ မရှိ၊ လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်အောင် ကောင်းမြတ်သော အကျိုးကိုသာ ပေးတတ်သော သဘောရှိလေ၏။

"အကုသလဝိဒ္ဓံသနရသာ" ဆန့်ကျင်ဘက် အကုသိုလ် ဓာတ်ဆိုးတို့ကို ဖြတ်ချိုး ဖျက်ဆီးတတ်သော အလုပ်ကိစ္စများကိုလဲ လုပ်တတ်သော သဘော ရှိလေသည်။

ဤမဟာကုသိုလ် ဉာဏသမ္ပယုတ် ဝိပဿနာကုသိုလ်စိတ်က အဘယ်မည်သော အကုသိုလ်ဓာတ်ဆိုးတို့ကို ဖြတ်ချိုး ဖျက်ဆီး၍ ပစ်ပါသနည်းဆိုပါလျှင် ထမင်းပွဲမှ မထနိုင်အောင် အမြစ်တွယ်သော တဏှာလောဘကို လူထင်၍ အကောင်အထည်ထင်၍—

"ငါ့ဥစ္စာ ငါ့ပစ္စည်းဘဲ" (တေ မမ)။

"ငါမို့လို့" (သောဟမသ္မိ)။

"ငါဘဲ" (သော မေ အတ္တာ)။

ရယ်လို့ တမျိုးစီ စွဲလမ်းကြသော တဏှာ မာန အတ္တဒိဋ္ဌိအကုသိုလ် ဓာတ်ဆိုးတို့ကို ဖြတ်ချိုးဖျက်ဆီး၍ ပစ်ပါသည်၊ သဟဇာတ, သဟဇေကဋ္ဌ ဖြစ်တဲ့ လောဘ ဒေါသ မောဟတို့ကိုလဲ အချိုးကျ ဖျက်ဆီး၍ပစ်ပါသည်၊ မပယ်ဘူးသေးသော အတ္တဒိဋ္ဌိ အကုသိုလ်ဓာတ်ဆိုးကို ပယ်၍ မဖြစ်ဘူးသေးသော ဒိဋ္ဌိဝိသုဒ္ဓိကုသိုလ် ဖြစ်လေ၏။

အို သူတော်ကောင်းတို့၊ ထမင်းလဲစားရသေးရဲ့၊ ကုသိုလ်လဲ ရသေးရဲ့၊ တနည်းအားဖြင့် ထမင်းလဲဝ ကုသိုလ်လဲရနိုင်တဲ့ အတတ်ပညာကို မြတ်စွာဘုရားသခင်က သွန်သင် ဆုံးမ ပြသပေးသနားတော် မူခဲ့ပါသည်။

**ဆောင်ထားရန်။** ။မှောက်လှန်ဖုံးဖွင့်၊ လည်လင့်လမ်းမှန်၊ မှောင်ယာမ်မီးပြ၊ ဓမ္မဓာတ်တွေ့၊ မြင်ရချေသည်၊ များထွေကျေးဇူး၊ အထူးထူးကြောင့်၊ မြော်ဖူးကိုးစား၊ မြတ်စွာဘုရား။

ဥပဒေသထုတ်လိုက်တော့——

လောဘကို လူမထင်ပါလေနှင့်၊ လောဘသည် လူမဟုတ်၊ လောဘသည် သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်၊ လောကီအာရုံ ကာမဂုဏ်တို့မှ မထနိုင်အောင် မခွာနိုင်အောင် အမြစ်တွယ်တတ်တဲ့ လောဘအနိစ္စ၊ လောဘ

ဝိပရိဏာမဒုက္ခ၊ လောဘသည်လူမဟုတ်အနတ္တ၊ အကောင်အထည်မဟုတ် အနတ္တ-

ဟု လောဘဓမ္မဓာတ်ဆိုးကို သတိကို ရှေ့သွားပြု ပညာဉာဏ်စက္ခုဖြင့် မြင်အောင် ရှုနိုင် ကြလေသောကြောင့် "ဓမ္မာနုပဿနာ သတိပဋ္ဌာန်" ဟု မှတ်သားနားလည်ကြကုန်ရာသတည်း။

ဤကား "အသိတေ သမ္ပဇာနကာရီ" ဟူသော ပုဂ္ဂလပညတ် ပါဠိတော်အရ ထမင်းစားသည်ရှိသော် လောဘဓမ္မဓာတ်ကို ဝိပဿနာရှု၍ လိုရင်းဖြစ်သော အတ္တဒိဋ္ဌိအမြင်မှားမှုကို သမ္မာဒိဋ္ဌိအမြင်မှန်ဖြင့် ပယ်ပုံဖြစ်ပါသည်။

သုခါပဋိပဒါခိပ္ပါဘိညာ = ချမ်းချမ်းသာသာကျင့် လျင်လျင် မြန်မြန် အမြင်ဉာဏ်ဖြစ်စေသော လွယ်လွယ်ကူကူ လုပ်နိုင်သော အလုပ်ဖြစ်ပေသည်၊ သူတော်ကောင်းတို့၊ ထို့ကြောင့် မာန်လည်ဆရာတော်ဘုရားက မဃဒေဝ လင်္ကာသစ် ပဒအမှတ် ၆၀၉-မှာ——

"ပွါးဆည်းကုသိုလ်၊ သမ္မာလိုဖြင့်၊ ထိုထိုပုည၊ မြတ်ဓမ္မနှင့်၊ နိစ္စမကင်း၊ ပြုနိုင်ခြင်းကြောင့်၊ ကိုယ်တွင်းတည်ဘိ၊ ကိန်းနေရှိသား၊ ဒိဋ္ဌိနှင့်ဉာဏ်၊ နှစ်တန်အာသယည်း၊ ပွါး, ပယ် နည်းကို၊ နိဿရည်းရရ၊ ကြိုးလုံ့လ၍၊ မချရုံခါ၊ စဉ်မကွာဘဲ၊ နတ်ရွာခြောက်တန်၊ ပြဟ္မာဆန်သည်၊ နိဗ္ဗာန် ရောက်စေဆင့်ကဲတည်း။

ဟူ၍ ရေးသားမိန့်မှာတော်မူခဲ့ပါသတည်း။

**မှတ်ချက်။** ။**အပါယ်လေးပါးမှ လွတ်မှုကိုဆိုလိုသည်။**

အို သူတော်ကောင်းတို့၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထတရား လေးပါးတို့အနက် အသင်္ခတဓာတ်နိဗ္ဗာန်ပရမတ် တရားသည်သာလျှင် တခုထဲ နေနိုင်သည်၊ စိတ်စေတသိက် ပရမတ်တို့သည် တခုထဲမနေနိုင်ကြပါ၊ မဖြစ်နိုင် ကြပါ၊ အနည်းဆုံးအားဖြင့် စိတ် ၁-စေတသိက် ၇-(အဋ္ဌကလာပ်) ပရမတ် ရှစ်ခု ဖွဲ့စည်း၍ နေကြသည်၊ ဆိုင်ရာဆိုင်ရာ ဝိဇာနန ဖုသနစသော အလုပ်ကို လုပ်ကြသည်၊ ရုပ်ပရမတ်ကလည်း အများကလည်း တခုထဲမနေနိုင်ကြပါ၊ မဖြစ်နိုင်

ကြပါ၊ (" အဝိနိဗ္ဘောဂ ) အနည်းဆုံး ( အဋ္ဌကလာပ ) ရုပ်မျှစ်မှ ဖွဲ့စည်းပူးပေါင်း၍ နေကြပါသည်။

ယခုဟောပြခဲ့သည့် လောဘစေတသိက် ပရမတ်တရားသည် ထမင်းအာရုံ၌ အမြစ်တွယ်သည့်အခါ လောဘမူစိတ် ၈-စေတသိက် ၂၂-ပါးတို့နှင့်အတူဖြစ် အတူပျက် အတူအာရုံပြုပြီး မှီရာတခုထဲမှာ မှီကြသည်။

"ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ" ဟု ဆိုတဲ့အချက်ဘဲဟု မှတ်သားကြပါလေ၊ လောဘမူ နာမက္ခန္ဓာလေးပါး ထိုလေးပါးတို့အနက် လောဘစေတသိက်အလုပ်လုပ်ပုံကို သတိ အသိ ဝိပဿနာ ဉာဏ်မျက်စိနှင့် ကြည့်ရှုလို 'ဓမ္မာနုပဿနာသတိပဋ္ဌာန်"' ဖြစ်ကြောင်းကို ပြောခဲ့ပါပြီ။

ယခု ဆက်လက်၍ "စိတ္တာနုပဿနာသတိပဋ္ဌာန်" အလုပ်စခန်း ဖြစ်ပုံကို နာကြားရပါဦးမည်။

---

### ၁၆။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

"ထမင်းအရသာရှိသည်" ဆိုသောစကား၌ ထမင်းရယ် အရသာရယ် နှစ်မျိုးနှစ်စား ခြားနားပါလျက် ထမင်းအရသာဟူ၍ တမျိုးတည်း ကဲ့သို့ တခုတည်းကဲ့သို့ ပေါင်း၍ "အဒ္ဓယံသမနုပဿတိ" ပြောလဲပြောကြပါသည်၊ ထင်မြင်မှတ်သားလဲ မှတ်သားကြပါသည်။

ထမင်းက သမူဟပညတ်, သဏ္ဌာနပညတ်၊ ပရမတ္ထ တရားလေးပါးထဲမှာ ထမင်းမပါပါ၊ အရသာက ရုပ်ပရမတ်မျှသာ ဖြစ်ပါသည်၊ အဲဒါလို ပညတ်နှင့် ပရမတ်ကို ခွဲလိုက်ကြပါ။

ချို, ချဥ်, စပ်, ဖန်, အခါး အငန်, အဆိမ့်, အအိမ့် စသည့်အရသာကိုသိတာက ဇိဝှါဝိညာဉ်စိတ်၊ လျှာစိတ်ကသိတာ၊ သိရုံဘဲသိပါသည်၊ မလိုချင်ပါ၊ မငြိတွယ်ပါ၊ တဆက်တည်း ရှေ့နောက် ဖြစ်ပေါ်လာသည့် လောဘစိတ်ကမှ

လိုလိုချင်ချင် ငြိတွယ်၍ သိလာပါသည်၊ ဇောဝိညာဉ် အသိလို့ ခေါ်ပါသည့်၊ လောဘစေတသိက်နှင့်တွဲလို့ လောဘစိတ်လို့ ခေါ်ပါသည်။

ကဲ ထပ်မံပြီး ဒီလောဘစိတ်ကို ဉာဏ်ဖြင့်ကြည့်ပြီး ဝိပဿနာအလုပ်ကို လုပ်ရပါလိမ့်မည်။

ထမင်းအရသာ၌ အရသာကို အရသာမှန်းသိ၊ ထမင်းကို ထမင်းမှန်းသိ၊ ဇိဝှာဝိညာဏစိတ်ခဲတ်နှင့် လောဘမူ မနော ဝိညာဏစိတ်ခဲတ်၏ အလုပ် ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

ဇိဝှာဝိညာဏခဲတ်နှင့် လောဘမူမနောဝိညာဏစိတ်ခဲတ်သည် အမြဲမရှိ အနိစ္စ၊ ဝိပရိဏာမဒုက္ခ၊ လူကောင်မဟုတ် အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = နဲ့ တေံ မမ" ဇိဝှာဝိညာဏ စိတ်ခဲတ်နှင့် လောဘမူ မနောဝိညာဏစိတ်သည် ငါ့ဥစ္စာ ပစ္စည်းမဟုတ်ပါတကား၊ ငါ့ကြောင့်ဖြစ်ပေါ် လာသည်မဟုတ်ပါတကား၊ အရသာ-ရသာရုံ(သို့မဟုတ်) ထမင်းအာရုံကြောင့် ဖြစ်ပေါ်၍ လာတာပါတကား။

"နေသောဟမသ္မိ = န သော အဟံ အသ္မိ" ငါကောင်မို့ ရသာချိုချဉ်ကို သိတာမဟုတ်ပါတကား၊ ဇိဝှာဝိညာဏခဲတ်မို့ (လောဘမူ မနောဝိညာဏ စိတ်ခဲတ်မို့) ရသာချိုချဉ်ကို သိတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" လောဘမူ မနောဝိညာဏ စိတ်ခဲတ်သည် ငါကိုယ်ကောင် မဟုတ်ပါတကား- ငါကိုယ်ကောင်သည် လောဘမူ မနောဝိညာဏစိတ်ခဲတ် မဟုတ်ပါတကား၊ ဇိဝှာဝိညာဏစိတ် ခဲတ်နှင့် လောဘမူ မနောဝိညာဏ စိတ်ခဲတ်ပေါ်မှာ ငါ ကိုယ်ကောင်က မမှီပါတကား၊ ငါကိုယ်ကောင်ပေါ်မှာ လောဘမူ မနောဝိညာဏစိတ်ခဲတ်က မမှီပါတကား။ (ပဟာန ပရိညာဉ်, ကတဉာဏ်)

ဤကား စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပေသည်။

## ၁၇။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

အို သူတော်ကောင်းတို့၊ "ထမင်းစားလို့ ကောင်းသည်, ထမင်းအရသာ ကောင်းလိုက်တာ" ဟု ပြောဆိုကြရာ၌ "ကောင်းသည်, မကောင်းဘူး" ဆိုတဲ့ စကားများရဲ့ တရားကိုယ်သည်ကား ဝေဒနာစေတသိက် ပရမတ္ထ တရားသာ ဖြစ်သည်။

လောဘစေတသိက်နှင့်တွဲလျှင် သဘောကျ သောမနဿဝေဒနာ။

ဒေါသစေတသိက်နှင့်တွဲလျှင် သဘောမကျ ဒေါမနဿဝေဒနာဖြစ်ပါသည်၊ ကောင်းအရသာ မကောင်းအရသာ တို့ကို ဖြစ်ညှစ် ဖမ်းဆီးသော ဓာတ်ကို ဖဿဓမ္မဓာတ်ဟု ခေါ်ဝေါ်ပညတ်ပါသည်။ (တဗ္ဗာပညတ်)

ကောင်းအရသာ မကောင်းအရသာတို့ကို စားသောဓာတ်ကို ဝေဒနာ ဓမ္မဓာတ်ဟု ခေါ်ဝေါ်ပညတ်ပါသည်၊ ယခုအခါ ဝေဒနာ(အစား)ဓာတ်ကို ဝိပဿနာ ရှုကြရပါမည်။

မကောင်းလဲစား ကောင်းလဲစား စားလျှင်စားမှန်းသိ၊ သောမနဿ ဝေဒနာ ဓမ္မဓာတ်၏ အလုပ်ကိစ္စပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ် မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ် မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စာဉာဏ်)

အမြဲကောင်း၍ မနေနိုင်သောကြောင့် သောမနဿဝေဒနာ အမြဲမရှိအနိစ္စ၊ ဝိပရိဏာမဒုက္ခ၊ ငါကိုယ်ကောင်မဟုတ် အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ၊ ငါမပိုင် ငါမနိုင်၊ ငါနှင့် အလွတ် ကြီးပါတကား။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

ပေတူ၊ ဟိတ်ခြောက်ပါးတို့အနက် မေတ္တာ အဒေါသ စေတသိက် ပရမတ္ထ တရားအတွက် သမထနှင့် ဝိပဿနာရှုနည်း။ (ယုဂနဒ္ဓ)

ဆောင်ရန်။ ။ပညတ်ကိုမြင်၊ ဖြုတ်စိုရ်ဝင်၊ ဉာဏ်မြင်ဆတ်ဆတ်၊ ပရမတ်၊ ဝိပဿနာ ဘာဝနာ ပွါးကြရာ၏။

အညမညဿ ဒုက္ခမိစ္ဆေယျ။ (မေတ္တသုတ်) အညမညဿ သုခံ ကာမစ္ဆေယျ၊ သူရောငါပါ သတ္တဝါအပေါင်းတို့သည် အချင်းချင်း တယောက်သည် တယောက်၏ ဆင်းရဲဒုက္ခကို အလိုမရှိကြပါစေကုန်သတည်း၊ အချင်းချင်း တဦးသည် တဦး၏ ချမ်းသာသုခကိုသာ အလိုရှိကြပါစေကုန်သတည်း။ ဤကား သတ္တဝါပညတ်ကို အာရုံပြု၍ မေတ္တာသမထဘာဝနာ ပွါးများပုံတည်း။

"ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ" မေတ္တာသုတ်ဒေသနာအရ ဝိပဿနာ၏ မူလတန်း အတ္တဒိဋ္ဌိကို ပယ်ခွါပုံမှာ—

မေတ္တာပွါး ပို့မှန်းသိ၊ အဒေါသစေတသိက် ပရမတ္ထတရား၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ ကိလေသာ ခါတ်ဆိုးခါတ်ဝါး ထင်မြင်သလို ငါ ကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

မေတ္တာ အဒေါသစေတသိက် ပရမတ္ထတရားသည် အနိစ္စ ဒုက္ခ အနတ္တ။

(က) နေတံ မမ = န ဧတံ မမ၊ တဏှာကိုပယ်သည်။

(ခ) နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ၊ မာနကို ပယ်သည်။

(ဂ) န မေသော အတ္တာ = န မေ ဧသော အတ္တာ၊ အတ္တဒိဋ္ဌိကို ပယ်သည်။ (ပဟာနပရိညာဉ်, ကတဉာဏ်)

(က) မေတ္တာ အဒေါသ ဓမ္မဓာတ်သည် ငါ့ဥစ္စာ ပစ္စည်း မဟုတ်ပါတကား။

(ခ) ငါကောင်မို့ မေတ္တာပို့တာမဟုတ်ပါတကား၊ မေတ္တာ အဒေါသ ဓမ္မဓာတ်မို့ မေတ္တာပို့တာပါတကား။

(ဂ) မေတ္တာ အဒေါသ ဓမ္မဓာတ်သည် လူမဟုတ်ပါတကား။

လူသည် မေတ္တာအဒေါသ ဓမ္မဓာတ်မဟုတ်ပါတကား။

မေတ္တာ အဒေါသ စေတသိက်ပေါ်မှာ လူကမမှီပါတကား။

လူပေါ်မှာ မေတ္တာအဒေါသ စေတသိက်က မမှီပါတကား၊

မေတ္တာ အဒေါသ စေတသိက်သည် ကျန်နာမ်ခန္ဓာသုံးပါးကို မှီပါတကား။

ထိုနာမက္ခန္ဓာလေးပါးတို့သည် ဟဒယဝတ္ထုရုပ်ကို မှီပါတကား၊ ထိုဟဒယဝတ္ထုရုပ်သည် မိမိကလပ်၌ရှိသော မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးတို့ကို မှီပါတကား။

ထိုဓာတ်ကြီးလေးပါးတို့သည်အချင်းချင်းမှီကြပါတကား၊ ငါမပိုင် ငါမဆိုင်၊ ငါနှင့်အလွတ်ကြီးပါတကား၊ လူနှင့် အလွတ်ကြီးပါတကား။

**မှတ်သားချက်။** ။ဩဝါဒ အနုသာသန ၂-မျိုးတို့အနက် အနုသာသန နည်းဖြစ်၍ အထပ်ထပ်အဖန်ဖန် ဆိုလိုက်ရသည်။

မေတ္တာအဒေါသ စေတသိက်နှင့်တကွ နာမက္ခန္ဓာလေးပါး ဟဒယဝတ္ထုရုပ်တို့ကိုပါ ဝိပဿနာရှုရလေသည်၊ ရှုနိုင်လေသည်၊ ရှုကြပါ သူတော်ကောင်းတို့၊ **သတိ သတိ သတိ။**

ပညာလဲရှိ သတိလဲထား **ကောင်းကျိုးများလှပါသတည်း။**

### ဆောင်ထားရန် သံပေါက်လက်ာများ

၁။ လောဘနှင့်လူ၊ အတူတူ၊ ထင်မူမှားစွ၊ မြင်မူမှားစွ၊ သက္ကာယ၊ အတ္တဒိဋ္ဌိ ငြိလေ၏၊ ဖြစ်လေ၏။ (အတ္တဒိဋ္ဌိဘေးမှမလွတ်၊ အတ္တဝါဒ ဥပါဒါန်၏ အာရုံဖြစ်နေ၏ဟု ဆိုလိုသည်။)

၂။ လောဘတခြား၊ လူတခြား၊ ခြားနား၍သိ၊ သမ္မာဒိဋ္ဌိ။

၃။ လောဘပရမတ်၊ လူပညတ်၊ နှစ်ရပ်ခွဲသိ၊ သမ္မာဒိဋ္ဌိ။

(လောဘသည် သမ္မာဒိဋ္ဌိဉာဏ်၏ အာရုံဖြစ်သွားခြင်းကြောင့် အတ္တဒိဋ္ဌိဘေးမှ ကင်းလွတ်သည်ဟု ဆိုလိုသည်။)

၄။ လောဘကိုပင်၊ လူမထင်၊ ဖြူစင်အေးမြ၊ ကုသိုလ်ရ၊ အတ္တဒိဋ္ဌိ ကင်းစင်၏။

၅။ လောဘသက်တန်း၊ လူ့သက်တန်း၊ ခွဲခြမ်းရှုသိ၊ သမ္မာဒိဋ္ဌိ။

၆။ လောဘသာသေ၊ လူမသေ၊ ဓာတ်သေကိုသိ၊ သမ္မာဒိဋ္ဌိ။

**မှာထားချက်။** ။စေတသိက် ၅၂-တို့သည် အားလုံးဓမ္မာယတန ဓမ္မဓာတ် ဓမ္မာရုံဖြစ်ကြသည်ကို သတိပြုပါ၊ ဤနေရာ၌ ယခုဖော်ပြထားသော အကုသိုလ် စေတသိက်တို့ကို လောဘနေရာမှာ အစား သွင်း၍ တခုစီ တခုစီဆိုကြည့်ပါ၊ အနုပဒနည်းဟု ဟောတော်မူပါသည်၊ စဉ်းစားဆိုပါ၊ ဉာဏ်မျက်စိဖြင့် ကြည့်ရင်း ကြည့်ရင်းဆိုပါ၊ ပွါးများပါ၊ "ဓမ္မာနိဿတ္တာ နိဇ္ဇီဝါ" ကို ဉာဏ်သဘောပေါက်ရောက်သွားလျှင်(တဒင်္ဂ) အတ္တဒိဋ္ဌိဘေး အတ္တဝါဒ ဘေးကြီးမှ လွတ်၍ လွတ်၍ သွားပုံတို့ကို ဝမ်းသာစရာ မြင်လာပါလိမ့်မည်၊ မကြာနပ်လျှင် အချိန်မရွေး ဆွေးနွေးနိုင်ကြပါသည်၊ သူတော်ကောင်းတို့။

၇။ ကိုယ့်ကိုယ်ကိုဘဲ၊ ကိုယ်စွပ်စွဲ၊ လွတ်ဘဲမလွတ်နိုင်။

၈။ လက်သည်မူလ၊ ထုတ်မပြ၊ ဒုက္ခမလွတ်သာ။

၉။ လက်သည်မူလ၊ ဖော်ထုတ်ပြ၊ ဒုက္ခလွတ်သည်သာ။

**မှာထားချက်။** ။ငါးရာငါးဆယ် မဟာသာရ ဇာတ်တော် ကြည့်ပြီးလျှင် မိမိတို့၏ ခန္ဓာကိုယ်အတွင်း ရုပ်အစုအဝေး နာမ်အစုအဝေး တို့တွင် မည်သည့်ဓာတ်က သူ့အကြောင်း တိုက်ဆိုင်တိုင်း ထ၍ ထ၍ (ဝါ) ဇာတ်ထွက်၍ ဇာတ်ထွက်၍ အလုပ်လုပ်နေပုံတို့ကို တိတိကျကျ ပြတ်ပြတ်သားသား တွေ့မြင်ကြရပါလိမ့်မည်၊ (ဝါ) ဉာဏ်မျက်စိဖြင့် သိရှိနားလည်လာကြပါလိမ့်မည်၊ သူတော်ကောင်းတို့။

"နေတံ မမ = န ဧတံ မမ" အစားဓာတ်ကြီးသည် ဝေဒနာ ဓာတ်ကြီးသည် ငါ့ဥစ္စာ ပစ္စည်းမဟုတ်ပါဘကား၊ ငါကြောင့် ဖြစ်ပေါ်လာသည်

မဟုတ်ပါတကား၊ ထမင်းအာရုံ ဟင်းအာရုံ အရသာ ရသာရုံကြောင့် ဖြစ်ပေါ်လာတာပါတကား။

"နေသော ဟာမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ အရသာကို စားတာ မဟုတ်ပါတကား၊ ဝေဒနာ ဓမ္မဓာတ်မို့ စားတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ"အစားခေတ်ဝေဒနာသည် ငါမဟုတ်ပါတကား၊ ငါသည် အစားခေတ် ဝေဒနာ မဟုတ်ပါတကား၊ အစားခေတ် ဝေဒနာပေါ်မှာငါက မမှီပါတကား၊ ငါ့ပေါ်မှာ အစားခေတ် ဝေဒနာက မမှီပါတကား။ (ပဟာနပရိညာဉ်, ကတညာဏ်)

**မှာထားချက်။** ။အဋ္ဌကထာ ဋီကာတို့၌ ဖဿဝေဒနာတို့ကို ဝိဂြိုဟ်ပြု အရကောက် ဥပမာ ဥပမေယျတို့ဖြင့် စုံစုံလင်လင် အလိုရှိပါက ကြည့်ရှုကြစေလိုပါသည်၊ ဝိပဿနာ ကမ္မဋ္ဌာန်း အရာဖြစ်၍ အာရုံ၏ အရသာတို့ကို ဖိစီးသိမ်းကြုံး၍ ဖမ်းသော ဓာတ်ကို "အဖမ်းခေတ် ဖြဿခေတ်" အစား ခေတ်ကို "ဝေဒနာခေတ်" ဟု သုံးနှုန်းလိုက်ပါသည်။

အို သူတော်ကောင်းတို့၊ ထမင်းစားသည်ရှိသော် ကာယာနုပဿနာ ရှုပုံကို ဝိပဿနာအလုပ်ဖြင့် ထမင်းစားပုံအခန်း၌ ပါရှိလေပြီ။

ဤသည်ကား "အသိတေ သမ္ပဇာနကာရီ" ဟူသော ပုဂ္ဂလပညတ် ပါဠိတော်အရ——

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်,

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်,

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်,

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်,

အလုပ်လုပ်ပုံတို့ကို ရှင်းလင်းဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

## ၁၈။ ပဋ္ဌိသန္ဓေနာမ်ရုပ်၌ ဝိပါက်နာရူပံ

အို ဓမ္မယာဝနပဝိသတ်အပေါင်း သူတော်ကောင်းတို့၊ တနေ့သောအခါက အမှန်ကို တကယ်လိုလားသိရှိကြကုန်သော ဓမ္မဂဝေသီ သူတော်စင်တို့က "အရှင်ဘုရား ငါကောင်လူကောင်မဟုတ် နာမ်နှင့်ရုပ်, လူကောင် နတ်ကောင် မဟုတ် နာမ်နှင့်ရုပ် စသည်ဖြင့် အကောင်အထည်မဟုတ် နာမ်နှင့်ရုပ် ဆိုသော စကားကို တပည့်တော်တို့ သိရှိမှတ်သားနားလည် ထားလိုကြ ပါသဖြင့် ဟောဖော်ညွှန်ပြ ရှင်းလင်းမြွက်ဟတော်မူပါဘုရား" လို့ ရိုးရိုးသားသား လျှောက်ထားတောင်းပန်လာကြပါသည်။

ဤကဲ့သို့တောင်းပန်လျှောက်ထား ပန်ကြားခြင်းကြောင့် ထိုမေးလျှောက် သည့် အကြောင်းအရာကို ၁၃၃၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ကစပြီး ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင် အမ် ဘီ အေ) အသင်းကြီး၏ဥက္ကဋ္ဌ ဦးကြင်အမှူးပြုသော အသင်း၏ အမှုဆောင်လူကြီး တို့၏ ပင့်လျှောက်ချက်အရ ပဋ္ဌာန်းဒေသနာတော် ဟောပြောပို့ချစဉ်အလျဉ်း သင့်သဖြင့် ထည့်သွင်းဟောပြောခဲ့ရပေသည်။

အို ဓမ္မဒါယကာ ဓမ္မဒါယိကာမအပေါင်းတို့၊ ဓမ္မဒါန ဝေငှရရှိထားကြတဲ့ ပစ္စယဥဒ္ဒေသ ပဋ္ဌာန်းပါဠိတော် စာအုပ်ငယ်အတွင်းမှာ ကြည့်လိုက်ကြ၊ "သဟဇာတ ပစ္စယောတိ ဩက္ကန္တိက္ခဏေ နာမရူပံ သဟဇာတ ပစ္စယေန ပစ္စယော" ဆိုတဲ့ ပါဠိတော်စကားကို တွေ့ကြရဲ့လား။

တွေ့ကြပါသည်ဘုရား။

အဲဒါ ငါကောင် သူကောင်မဟုတ် နာမ်နှင့်ရုပ်, လူကောင် နတ်ကောင် မဟုတ် နာမ်နှင့်ရုပ်, အဖိုကောင် အမကောင်မဟုတ် နာမ်နှင့်ရုပ်, ဆိုတာကို မြတ်စွာဘုရားသခင်က ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်မှာ သာမုက္ကံသိက ကိုယ်တော်တိုင် နှုတ်တော်ဖြင့် ထုတ်ဖော်ရှင်းလင်း ဟောပြတော်မူခဲ့သည့် ဒေသနာတော် အစစ်ဖြစ်ပေသည်။

မိခင်ဝမ်းထဲမှာ ပဋိသန္ဓေတည်နေခဲ့ကြသည့် အသင် ဓမ္မဒါယကာ ဓမ္မဒါယိကာမတို့တတွေ ငါတို့တတွေသည် ရှေးဦးအစ ယခုဘဝမှာ ဂဗ္ဘသေယျကခေါ်တဲ့ မိခင်၏သားအိမ်အတွင်းမှာ ပဋိသန္ဓေနေခဲ့သည့် ဘဝအစဆုံးအဦးဆုံး "နာမရူပ" နာမ်နှင့် ရုပ်ပါပဲတဲ့၊ နာမ်နှင့်ရုပ်မှ တပါး အကောင်အထည် ဒြပ်အစအန ဘာဆို ဘာကမျှ ရှာမရပါဘူး။

ဤစကားကို ဤနေရာမှာ သေသေချာချာ မှတ်၍ ထားလိုက်ကြပါ၊ ပြီးတော့မှ ပြန်ဆက်ရပါမည်။

ကိုင်း အားလုံးသော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဆယ်နှစ်အရွယ် (သို့မဟုတ်) ကျောင်းသူ ကျောင်းသားအရွယ်သို့ ပြန်ပြီး ငယ်လိုက်ကြစမ်း။

ပြန်ပြီး ငယ်လိုက်ကြပါပြီဘုရား။

ကျောင်းသူ ကျောင်းသား အရွယ်ကနေပြီး အူဝဲ အူဝဲလို့ ငိုတတ်တဲ့ကလေးသူငယ်ဘဝ ပြန်ရောက်လိုက်ကြစမ်း။

ပြန်ရောက်ကြပါပြီ ဘုရား။

တကယ်ပဲ ဖြစ်ခဲ့ကြတာနော်။

တကယ်ပဲ ကလေးအရွယ် ဖြစ်ခဲ့ပါသည်ဘုရား။

ပုဗ္ဗေနိဝါသာနုဿတိ ဆိုတာလို ယက္ခသံယုတ် ပါဠိတော်မှာ မြတ်စွာဘုရားသခင် ဟောတော်မူခဲ့သည်နှင့်အညီ သီကုံးခဲ့တဲ့ "ရေ- မြှုပ်- ခဲ- တစ်ခက်မဖြစ်၊ ရင့်- လစ်- ငါးသတ္တာ" ဆိုတဲ့ ပရမတ္ထသံခိပ် လင်္ကာကလေးအရ အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့သည် မိမိတို့၏ မိခင်ဝမ်းဗိုက် သားအိမ်အတွင်းကို ပြန်ရောက်တယ်လို့ မှတ်လိုက်ကြစမ်း။

အမိဝမ်းဗိုက်အတွင်းသို့ ပြန်ရောက်ပြီလို့ မှတ်လိုက်ကြပါပြီဘုရား။

အဲဒီလို ရောက်တဲ့အခါမှာ အသားတစ်ကလေးတခုမှာ ဦးခေါင်းနေရာက အဖုကလေးတခု လက်နှစ်ဖက်နေရာက အဖုကလေးနှစ်ခု ခြေနှစ်ဖက်က အဖုကလေးနှစ်ခု ပေါင်းအဖုကလေးငါးခု ဖြစ်ပေါ်၍ လာခဲ့တယ်၊ အဲဒါ ယုံရဲ့လား။

ယုံပါသည်ဘုရား။

ဖြစ်ခဲ့ ကြုံခဲ့ ရတာကော မှန်ရဲ့လား။

မှန်ပါသည်ဘုရား။

မိမိတို့ကိုယ်တိုင် အကယ်ဖြစ်ခဲ့ကြရ ကြုံခဲ့ကြရတဲ့ "ပဌသာခါ" ခက်မ ငါးဖြာတို့သည် လူရုပ်လူသဏ္ဍာန် ပီပီသသ ပေါ်လွင်ကြရဲ့လား။

ပီပီပင်ပင် မပေါ်ကြသေးပါဘုရား။

လူရယ်လို့ ခေါ်နိုင်ကြပြီလား။

လူရယ်လို့ မခေါ်နိုင်သေးပါဘုရား။

လူရယ်လို့ မခေါ်နိုင်လျှင် ဘယ်လိုခေါ်ကြမလဲ။

အဖုကလေး ငါးခုနှင့် အသားတစ်ကလေးလို့ ခေါ်ရပါမည်အရှင်ဘုရား။

ခေါ်တာရယ် နာမည်ပေးတာရယ် ပညတ်တာရယ် အတူတူပါပဲနော်။
မှန်ပါသည်ဘုရား။

အဲဒီ ခက်မငါးဖြာနှင့်တကွ သားတစ်ကလေးသည် လူလဲမဟုတ်၊ လူရယ် လို့လဲ မခေါ်နိုင်သေးဘူး၊ နာမည်မှည့်ခေါ် လူ မဖြစ်သေးဘူး၊ လူရယ်လို့ မပညတ်နိုင်သေးဘူး၊ ခက်မငါးဖြာနှင့် အသားတစ်ကလေးလို့ပဲ ခေါ်ဝေါ် ပညတ်မှတ်သားရပါလိမ့်မည်၊ မှန်ရဲ့လား။

မှန်ပါဘုရား။

အို သူတော်ကောင်းတို့၊ သတိထားပြီးအသိတရားဖြင့် စဉ်းစား၍ ဖြေကြ စမ်းပါ။

မှန်လှပါဘုရား။

မိမိတို့ကိုယ်တိုင်ဖြစ်ခဲ့ကြရ ကြုံခဲ့ကြရတဲ့ အဲဒီ ခက်မငါးဖြာနှင့် သားတစ် ကလေးကို စိတ်ထဲက ရည်မှန်းပြီး ကိုင်ကြည့်ကြစမ်း၊ မာမာထင်ကြသလား ပျော့ပျော့ထင်ကြသလား။

ပျော့ပျော့ကလေးလို့ ထင်ပါသည်ဘုရား။

အဲဒီပျော့ပျော့ကလေးကို လက်နှင့်ကိုင်ကြည့်လျှင် လက်၌ရှိသည့် လက်စိတ် ကာယဝိညာဏ် စိတ်ခါတ်ကသာလျှင် ပျော့ပျော့ကလေးဟု သိပါသည်၊ ပျော့ပျော့ကလေးကို ပျော့ပထဝီဓာတ်လို့ မှတ်သားကြရမည်၊ တဖန်လဲ ဒီ ခက်မငါးဖြာ အသားတုံးကလေးကို ကိုင်ကြည့်၊ ပူသလား၊ နွေးသလား၊ အေး သလား၊ တခုခုတွေ့ရလိမ့်မည်၊ ပူမှု အေးမှု အားလုံးတို့သည် တေဇောဓာတ် ပဲ၊ ဒီတေဇောဓာတ်ကို ကာယဝိညာဏ် စိတ်ဓာတ်ကသာ သိပါသည်၊ ဒီ အသားတုံးကလေးမှာ လှုပ်မှုက ဝါယော လေဓာတ်ပဲ၊ အသားတုံးက မလှုပ် နိုင်ဘူး၊ နီနီ ရဲရဲ အဆင်းရောင်က ရူပါရုံ ရူပဓာတ်၊ အသားတုံးမဟုတ်ဘူး၊ နမ်းကြည့်လျှင် အနံ့က ဂန္ဓဓာတ်၊ အသားတုံးမဟုတ်ဘူး၊ အကယ်၍ စား ကြည့်မည်ဆိုလျှင် အရသာတခုခုကို သိရမည်၊ အရသာသည် ရသဓာတ်ဖြစ် သည်၊ အသားတုံးမဟုတ်၊ ဒီ ရုပ်ဓာတ်တွေကို ဖွဲ့စည်းထားတာက အာပေါ ဓာတ်ဖြစ်သည်၊ အသားတုံးမဟုတ်၊ ရုပ်ဆီဩဇာဓာတ်ကလည်း ပါသေးသည်၊ ဤအရာကလည်း အသားတုံးမဟုတ်ဘူး၊ အဲဒီတော့ ဒီခက်မငါးဖြာကို ပဋ္ဌာန်း ဒေသနာတော်နည်းနှင့် ဓာတ်ခွဲကြည့်မယ်ဆိုပါလျှင်—

အမာခံ မြေဓာတ်

ရေဓာတ်

လေဓာတ်

မီးဓာတ်

အဆင်းဓာတ်

အနံ့ဓာတ်

အရသာဓာတ်

အဆီ ဩဇာဓာတ်

တည်းဟူသော အဋ္ဌကလာပ်ရုပ်ဓာတ်ရှစ်ခု ဖွဲ့စည်းနေမှုကိုသာ အမှန်စင်စစ် အားဖြင့် တွေ့ရှိရပေလိမ့်မည်၊ ကလာပ်တခုနှင့်တခု အာကာသခြားခြားပြီး ကမ္မဇကလာပ် စိတ္တဇကလာပ် ဥတုဇကလာပ်ပေါင်း မရေမတွက် နိုင်အောင် စုပေါင်းနေမှုကို "ပဉ္စသာခါ" ခက်မငါးဖြာလို့ နာမည်တပ်ပြီး ပညတ်ခေါ်ဆို နေကြခြင်းဖြစ်ပါသည်။ သူတော်ကောင်းတို့။ (ရှုပ်နေမည်စိုး၍ ရသင့်သမျှ တို့ကို ချွန်းချန်၍ထားလိုက်သည်)

သန္ဓိ,ဥ,မှာ ကမ္မဇာ၊ ဌီမှာ ဥတုဇ။

ပဘင်,ဥ, မှာ၊ စိတ္တဇာ၊ ဟာရာစိမ့်မျှိမှ။

ဆိုသည့် (ပရမတ္တသံခိပ်) အရ ဒီ ခက်မငါးဖြာ အချိန်အခါမှာ အာဟာရဇ ရုပ်များ မဖြစ်ပွားနိုင်သေးဘူး၊ ထို ရုပ်ကလာပ်တို့နှင့်အတူ ဝိပါက်စိတ် နာမက္ခန္ဓာလေးပါးတို့ကတော့ ဖြစ်ပွါးလျက် ရှိနေသည်၊ ဤဟာ တွေဟာ နာမက္ခန္ဓာနှင့် ရုပ်ခါတ်များပေပဲ၊ ဒီ နာမ်သဘောရုပ်သဘောကိုပဲ နာမ်ရုပ် နာမ်ရုပ်လို့ မှတ်သားနားလည်ကြစေလိုပါသည်။

အို သူတော်ကောင်းတို့၊ မိမိတို့ကိုယ်တိုင် အမှန်တကယ်ဖြစ်ခဲ့ရတဲ့ ကြုံခဲ့ ရတဲ့ ခက်မငါးဖြာသည် ငါကောင်လဲ မဟုတ်သေးဘူး၊ သူကောင်လဲမဟုတ် သေးဘူး၊ လူလဲ မဟုတ်သေးဘူး၊ နာမ်နှင့်ရုပ်သာ အဟုတ်ရှိပုံ တကယ် ကေန္တ ရှိပုံတို့ကို ရိပ်မိလောက်ကြပေပြီ၊ ရိပ်မိကြသလား၊ သဘောကျပြီလား။

ရိပ်မိကြပါသည်၊ သဘောကျကြပါသည် အရှင်ဘုရား။

အို သူတော်ကောင်းတို့၊ တဖန် ခက်မဘာဝမှ အသားတစ် သက်သက် ဘဝသို့ ပြန်ရောက်ကြရမယ်၊ ပြန်ရောက်လိုက်ကြဦးစို့။

ယခု တပည့်တော် တပည့်တော်မတို့သည် အကောင်အထည် လူရယ်လို့ ပြောလို့မရသေးတဲ့ အသားတစ်ဘဝသို့ ပြန်ရောက်ကြပါပြီ ဘုရား။

သားတစ်ဆိုတာလဲ နာမည် ပညတ် ပါးစပ်ပြောပါပဲ၊ ဓာတ်သဘော အားဖြင့် ကမ္မဇကလာပ်ရုပ် စိတ္တဇကလာပ်ရုပ် ဥတုဇကလာပ်ရုပ် တွေ စုပေါင်းဖြစ်ပေါ်၍ နေကြတာပါပဲ၊ ငါကောင်လဲ မခေါ်နိုင်ကြသေးပါဘူး၊ သူကောင်လဲ မခေါ်နိုင်သေးပါဘူး၊ ယောကျ်ားရယ်လို့လဲ မခေါ်နိုင်သေးပါ ဘူး၊ မိန်းမရယ်လို့လဲမခေါ်နိုင်သေးဘူး၊ "အသားတုံး အသားတစ်ကလေး" လို့သာ ခေါ်လို့ရသေးတယ်၊ နာမည် ပညတ်ပေးလို့ရသေးတယ်၊ မိမိတို့ ကိုယ်တိုင်ဖြစ်ခဲ့ ကြုံခဲ့ကြရသည့် အသားတစ် ဘဝတွေကို ရိပ်မိကြပြီလား၊ နားလည်ကြပြီလား။

ရိပ်မိကြပါပြီ၊ နားလည်ကြပါပြီ အရှင်ဘုရား။

အို သူတော်ကောင်းတို့၊ အကဲခပ်လို့ ရိပ်မိကြလျှင်ပင် အကျိုးများလှပါပြီ၊ တဖန် ဆက်လက်ပြီး မိခင်တို့ရဲ့ ကိုယ်ကာယ သားအိမ်အတွင်းဝယ် အသား အခဲကလေး ဘဝသို့ နောက်ပြန်ရောက်ကြရမည်၊ ရောက်လိုက်ကြဦးစို့၊ မိမိတို့ ကိုယ်တိုင် တကယ်ဖြစ်ပြီး တကယ်ကြုံခဲ့ရသည့် အခဲဘဝ သွေးခဲကလေး ဘဝ နော်။

မှန်လှပါ၊ ပြန်၍သွေးခဲကလေးဘဝသို့ ရောက်ကြပါပြီ ဘုရား။

ကိုယ့် ကိုယ်တိုင် လူရယ်လို့ မပြောနိုင်သည့် သွေးခဲဘဝနော်၊ သွေးခဲ ဆိုတာ ပါးစပ်ပြောပဲ၊ ဓာတ်သဘော ပရမတ်သဘော အစစ်အမှန်ကတော့

မြေဓာတ်ရယ်
ရေဓာတ်ရယ်
လေဓာတ်ရယ်
မီးဓာတ်ရယ်
အဆင်းအရောင်ဓာတ်ရယ်
အနံ့ဓာတ်ရယ်
အရသာဓာတ်ရယ်
ရုပ်ဆီဩဇာဓာတ်ရယ်
ကာယပသာဒ အကြည်ရုပ်ရယ်
ဟဒယဝတ္ထုရုပ်ရယ်
အမျိုးသားဖြစ်မည့်သူအတွက် ပုမ္ဘာဝရုပ်ရယ်
အမျိုးသမီးဖြစ်မည့်သူအတွက် ဣတ္ထိဘာဝရုပ်ရယ်

နပုံးပဏ္ဍုက် ဖြစ်မည့်သူအတွက် ဣတ္ထိဘာဝရုပ်ရော ပုမ္ဘာဝရုပ်ရော မပါ နိုင်တော့ဘူး၊ ဝိပါက်နာမက္ခန္ဓာရယ်၊ ဒီရုပ် ဒီနာမ်, ဒီနာမ် ဒီရုပ် နှစ်ပါးပဲ ရှိကြသည်၊ "နာမ်နှင့်ရုပ်" "ရုပ်နှင့်နာမ်" ဆိုတာကို သဘောပေါက်လောက် ပါပြီ၊ လူမဟုတ်ဘူး ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးဆိုတာများကို နားလည်လောက် ကြပေပြီ၊ သဘောပေါက်လောက်ကြပေပြီ။

သဘောပေါက်ကြပါပြီဘုရား။

အို သူတော်ကောင်းတို့၊ အသွေးခဲဘဝမှနေပြီး နောက်ကို ဆုတ်လိုက်ကြဦးစို့၊ နောက်ခုနှစ်ရက်လောက်ပြန်ပြီး ဆုတ်လိုက်တော့ အမြှုပ် ဘဝသို့ ရောက်ခဲ့ကြသည်၊ ရေမြှုပ် ကလေးလိုပေါ့၊ လွန်စွာ သေးငယ်လှပါတယ်၊ ကိုယ်တိုင်ကိုယ်ကျ ရောက်ခဲ့ကြရသည့် ဘဝတွေနော် သူများကိုပြောနေတာ မဟုတ်ပါဘူး၊ သူတပါးကိုပြောနေတာမဟုတ်ပါဘူး၊ အို သူတော်ကောင်းတို့၊ ယခု ရေမြှုပ်လေးဘဝကို ရောက်ခဲ့တာဟာ သူတပါးလား၊ ကိုယ်တိုင် ကိုယ်ကျလား။

သူတပါးရော တပည့်တော် တပည့်တော်မတို့ရော ကိုယ်တိုင် ကိုယ်ကျ ရောက်ခဲ့ကြ ဖြစ်ခဲ့ကြရပါသည် အရှင်ဘုရား။

ဒီရေမြှုပ်ကလေးသည် လူဟုတ်ရဲ့လား၊ သူဟုတ်ရဲ့လား၊ ငါကောင်ဟုတ်ရဲ့ လား။

လူကောင်လဲမဟုတ်၊ သူကောင်လဲမဟုတ်၊ ငါကောင်လဲမဟုတ်၊ အဟုတ် အမှန်မှာတော့ ရေမြှုပ်ကလေးပါဘုရား။

ရေမြှုပ်ဆိုတာလဲ ပါးစပ်ပြောပဲ၊ နာမည်ပဲ၊ ပညတ်ပဲ၊ ဓာတ် သဘော အစစ်အမှန်ကတော့ ဘာလဲ။

ဓာတ်သဘော ပရမတ်သဘော အစစ်အမှန် နာမ်နှင့်ရုပ် နာမ်ရုပ်တရား အပေါင်းအစုမျှသာ ဖြစ်ပါတော့သည်ဘုရား။—ရှိပါတော့သည် ဘုရား။

အို သူတော်ကောင်းတို့၊ ရေမြှုပ်ဘဝမှတဖန် နောက်သို့ ပြန်လိုက်သော် ရေကြည် ဘဝသို့ရောက်တော့သည်၊ "ပထမံ ကလလံ ဟောတိ" ရယ်လို့ ဟောတော်မူသည့်အတိုင်း ကလလ ရေကြည်ရယ်လို့ ခေါ်ကြပါသည်၊ နာမည်ပေးထားကြပါသည်၊ ပညတ်ထားကြပါသည်၊ မည်မျှလောက်သေးငယ် ပါသလဲဆိုလျှင် ပကတိလူတို့၏ မျက်စိဖြင့်ကြည့်ရှုလို့ ဘယ်နည်းနှင့်မျှ မမြင် ရပါ၊ မမြင်နိုင်ပါ၊ သာသနာဝင် ကျမ်းဂန်များမှာ ဥပမာ ဥပမေယျများနှင့် တကွ အကြီးအကျယ် အများအပြား ပြဆိုထားပါသည်၊ တိုတိုကျဉ်းကျဉ်းနှင့် ဆိုလိုရင်းမှာတော့ ဒီကလလ ရေကြည်ကလေးကို ပကတိ လူတို့၏ မျက်စိဖြင့် မြင်လို့မရဘူးလို့သာ မှတ်သားကြပေရော့၊ လူတို့၏ ပကတိ မျက်စိဖြင့်

မြင်တွေ့လို့ မရသော်လည်း ပရမတ္ထ သဘောအားဖြင့် စင်စစ်ကေန် အမှန် ထင်ထင်ရှားရှား ရှိပါသည်၊ ဘယ်လို ထင်ထင်ရှားရှား ရှိပါသလဲဆိုတော့—

ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး, ထို နာမက္ခန္ဓာလေးပါးနှင့် အတူ တကွ ယှဉ်ပြိုင်၍ ဖြစ်ပေါ်လာသော ဟဒယဝတ္ထုရုပ်။

ဒီနာမ်နှင့်ရုပ်ကိုသာ အဓိကထားပြီး—

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော" ဟူ၍ ပဋ္ဌာန ပစ္စယနိဒ္ဒေသ ပါဠိတော်မှာ ဟောတော်မူပါသည်။

အို သူတော်ကောင်းတို့၊ ယခုဘဝအတွက် သင်သူတော်ကောင်းတို့၏ လူ့ဘဝ ပဋိသန္ဓေ (က လ လ) ရေကြည်ကအစဟူ၍ မှတ်သား ယုံကြည်စေလိုသည်၊ ကလလ ရေကြည်၏ တရားကိုယ်သရုပ် အရေအတွက်ကို သိလိုက အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း၏ ရုပ်ပိုင်း ရူပပဝတ္တိက္ကမမှာ "ဂဗ္ဘ—သေယျကသတ္တာနံ ပန" စသည်ဖြင့်ပါရှိလေသည်၊ ကြည့်ရှု လေ့လာကြပါကုန်။

ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိတော်အရ "လူ၏ယခုဘဝအစ, ပဋိသန္ဓေ နာမ်ရုပ်က" ဆိုတာကို လေးလေးနက်နက် နှစ်သက်ယုံကြည်ကြစေလိုသည်၊ သင်သူတော်ကောင်းတို့သည် ကိုယ်တိုင် ကိုယ်ကျ ဖြစ်ခဲ့ကြုံခဲ့ရသည့် ရေမြှုပ်ဘဝမှ ကလလ ရေကြည်ဘဝသို့ ပြန်၍ရောက်ကြရပါမည်၊ ပြန်၍ ရောက်လိုက်ကြဦးစို့။

ကလလ ရေကြည်ဘဝသို့ ပြန်ရောက်ကြပါပြီ ဘုရား။

အို သူတော်ကောင်းတို့၊ တကယ်စင်စစ်တော့ ပကတိ မျက်စိနှင့် မမြင်ရသည့်—

ကလလရေကြည်ဘဝနှင့် (၇)ရက်

ပကတိမျက်စိဖြင့် မြင်ရမည့်—

ရေမြှုပ်ကလေးဘဝနှင့် (၇)ရက်

သွေးခဲကလေးဘဝနှင့် (၇)ရက်

အသားတစ်ကလေးဘဝနှင့် (၇) ရက်
ခက်မငါးဖြာဘဝနှင့် (၇) ရက်
စသည်ဖြင့် ဒီဘဝလမ်းစဉ်အတိုင်း လာခဲ့ကြရ ဖြစ်ခဲ့ကြရ ကြုံခဲ့ကြရပုံ တို့ကို နားလည်ကြစေလိုသည့်အတွက် သတိရကြစေလိုသည့်အတွက် ထင်ထင်ရှားရှား ဖြစ်စေလိုသည့်အတွက် ဟောပြောရခြင်း ဖြစ်ပါသည်။

အနုတ္တလက္ခဏသုတ်တော်၌ "အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါဝါ" စသည်ဖြင့် အထင်အရှား ဟောကြားတော်မူသည့် အတိုင်းပင် ဖြစ်ပါသည်၊ အဲဒီတော့ "လူတို့ဘဝအစ ကလလရေကြည်က" ဆိုတဲ့စကားကို သုံးစွဲသင့်ပါတော့သည်၊ဩပပါတိက သံသေဒဇ စသည်တို့ကိုတော့ ဒီနေရာမှာ အသာထားခဲ့ကြပါစို့။

အို သူတော်ကောင်းတို့၊လူတို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်လောက်အောင် သေးငယ်သိမ်မွေ့လှပေသည့် နာမ်ခေတ် ရုပ်ခေတ်နှစ်ပါး(သို့မဟုတ်)နာမ်ရုပ် နှစ်ပါးသည် ငါကောင် သူကောင် အကောင်အထည်ကြီး ဟုတ်ကြပါရဲ့လား၊ မှန်ကြပါရဲ့လား။

ငါကောင် သူကောင် အကောင်အထည်ကြီး မဟုတ်၊ပဋိသန္ဓေနာမက္ခန္ဓာ လေးပါးနှင့် ဟဒယဝတ္ထုရုပ် နာမ်နှင့်ရုပ်နှစ်ပါးသာ အစစ်အမှန် ရှိခဲ့ပါသည် ဘုရား။

အို သူတော်ကောင်းတို့၊ သတိထားပြီး သမ္မာဒိဋ္ဌိတရားအသိတရားနှင့် နာယူကြစေလိုသည်၊ငါကောင်လဲမဟုတ်၊သူကောင်လဲမဟုတ်၊ယောကျ်ားလဲမဟုတ်၊ မိန်းမလဲမဟုတ်၊ ဘယ်ပုဂ္ဂိုလ်သတ္တဝါမှ မဟုတ်သည့် ပဋိသန္ဓေ နာမ်နှင့်ရုပ်ကို အများနားလည်စေရန်အလို့ငှာ ကလလရေကြည်ဟူ၍ နာမည်မှည့်ထားမည်၊ ခေါ်ဝေါ်ပညတ် သတ်မှတ်ထားမည်၊ အများပြောအမှန် သမုတိသစ္စာဟု မှတ်သားကြရမည်၊ တရားသဘောအမှန် ပရမတ္ထသစ္စာအားဖြင့် ပဋိသန္ဓေစိတ် စေတသိက်နှင့် ဟဒယဝတ္ထုရုပ် နာမ်ရုပ် နှစ်ပါးသာ အဟုတ်ရှိ အမှန်ရှိ ပါသည်။ (တဇ္ဇာပညတ်)

"အဲတာကြောင့် "အော် လူ၏ဘဝ ပဋိသန္ဓေ တာထွက် တံခါးဝကနေပြီး စစ်လိုက်တော့ ငါမဟုတ်၊ သူမဟုတ်၊ လူမဟုတ်၊ နာမ်နှင့်ရုပ်မှတပါး အခြား

သာတခုမျှ မရှိပါတကား" လို့ ယုံကြည်မှုကို ရစေလျက် ဤကဲ့သို့ ဝိပဿနာ အလုပ်စခန်းကို စပြီးတော့ ဖွင့်ရပါသည်။

လူ့ဘဝရလျှင် ရမှန်းသိ၊ လူဖြစ်လျှင် ဖြစ်မှန်းသိ။

ကလလရေကြည်ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့် နာမ်ဓာတ် ရုပ်ဓာတ်နှစ်ပါး၏အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့် (နာမရူပပရိစ္ဆေဒဉာဏ်) အတ္တဒိဋ္ဌိစေတသိက် စိတ်ဆိုးထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်မမှန်ပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည်။ (ဒိဋ္ဌိဝိသုဒ္ဓိ)

လူ့ဘဝရလျှင် ရမှန်းသိ၊ လူဖြစ်လျှင် ဖြစ်မှန်းသိ။

ရှေးရှေးအတိတ်ဘဝက ကာမာဝစရကုသိုလ် စေတနာ၏ နာနာက္ခဏိက ကမ္မသတ္တိကြောင့်ဖြစ်သည့် ကလလရေကြည်ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ် အပ်သည့် နာမ်ဓာတ် ရုပ်ဓာတ်နှစ်ပါး၏ အလုပ်ကိစ္စပါတကားဟု အဟုတ် အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ပစ္စယ ပရိဂ္ဂဟဉာဏ်ကင်္ခါဝိတရဏဝိသုဒ္ဓိ)၊ ဤအထိ (ဉာဏပရိညာဉ်, သစ္စဉာဏ်) ဟု မှတ်ပါလေ။

ကလလရေကြည်ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့် နာမ်ဓာတ် ရုပ်ဓာတ်နှစ်ပါးသည် မိခင်၏သားအိမ်၌ နဂိုရ်မူလကလဲ အမြဲရှိ၍မနေ၊ ဖြစ် ပြီးလျှင် ပျက်၍ ပျက်၍ သွားမြဲ ထုံးစံသဘောရှိသောကြောင့် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမ ဒုက္ခ၊ အတ္တ ကိုယ်ကောင်ဟူ၍ အထင်မှားစရာ မရှိသောကြောင့် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ ပဋိသန္ဓေရုပ်ဓာတ် နာမ်ဓာတ် နှစ်ပါးသည် ငါ၏ဥစ္စာပစ္စည်းမဟုတ်ပါတကား။ ငါ့ကြောင့်ဖြစ်ပေါ်ပေါက်ဖွား၍နေသည် မဟုတ်ပါတကား။ ရှေးရှေးအတိတ်ဘဝကကာမာဝစရကုသိုလ်စေတနာကြောင့် ဖြစ်ပေါ်ပေါက်ဖွား၍ နေတာပါတကား။

နေသော ဟာမသ္မိ = န သော အဟံ အသ္မိ'' ငါကောင်မို့ ကလလရေကြည် ပဋ္ဌိသန္ဓေ တည်နေသည် မဟုတ်ပါတကား၊ ပဋ္ဌိသန္ဓေစိတ် နာမက္ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုမို့ တည်နေကြတာပါတကား။

"န မေသော အတ္တာ = န မေ သော အတ္တာ" ပဋ္ဌိသန္ဓေနာမ်နှင့်ရုပ်သည် ငါကောင်မဟုတ်ပါတကား၊ ငါကောင်သည် ပဋ္ဌိသန္ဓေ နာမ်နှင့်ရုပ် မဟုတ်ပါ တကား၊ ပဋ္ဌိသန္ဓေ နာမ်နှင့်ရုပ်ပေါ်မှာ ငါကောင်မမှီပါတကား၊ ငါကောင် ပေါ်မှာ ပဋ္ဌိသန္ဓေ နာမ်နှင့်ရုပ်က မမှီပါတကား၊

တဏှာ မာန အတ္တဒိဋ္ဌိကို တဒင်္ဂပယ်။ (ပဟာနပရိညာ၌, ကတညဏ်၊ ဝိက္ခမ္ဘနသမုစ္ဆေဒပဟာန်တိုင်အောင် ပယ်ခွင့်ရပေမည်)

အို သူတော်ကောင်းတို့၊ အသင်တို့ကိုယ်တိုင် ဖြစ်ခဲ့ကြရ ကြုံခဲ့ကြရသည့် ကေန်မုချ အစတည်ခဲ့ကြရသည့် ဒီ ပဋ္ဌိသန္ဓေ ကလလရေကြည် နာမ်နှင့်ရုပ်သည် ငါကောင် သူကောင် လူကောင် သတ္တဝါကောင်လဲ မဟုတ်ပါ၊ ငါကောင် သူကောင် လူကောင် သတ္တဝါကောင်ကိုလဲ မမှီဘူးဆိုလျှင် အဘယ်ကိုမှီကြ ပါသလဲဟု မေးပါလျှင် ပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါးတို့သည် အချင်းချင်း အပေးအယူသဘော နာမက္ခန္ဓာလေးငါးတို့ကိုသာ မှီလေသည်၊ ပဋ္ဌာန်းပစ္စယ နိဒ္ဒေသမှာ—

"သဟဇာတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော" ဟူ၍ တိတိကျကျ ဟောတော်မူခဲ့ပါသည်။

အို သူတော်ကောင်းတို့၊ အစိတ်အပေါင်းဖြစ်တဲ့ ထို ပဋ္ဌိသန္ဓေနာမက္ခန္ဓာ လေးပါးတို့သည် အဘယ်ကို မှီကြပါသလဲဟု မေးခဲ့လျှင် မိမိနှင့်အတူတကွ ယှဉ်ပြိုင်၍ဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုရုပ်ကို မှီပါသည်၊ ဟဒယဝတ္ထုရုပ်ကလဲ ပဋ္ဌိ သန္ဓေနာမက္ခန္ဓာလေးပါးကို မှီပါသည်၊ ထို့ကြောင့်

"နိဿယပစ္စယောတိ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော"

ဟူ၍ တိတိကျကျ ဟောတော်မူပါသည်။

ထို ဟဒယဝတ္ထုရုပ်သည် ဘယ်ကိုမှီပါသလဲဆိုလျှင် ဝတ္ထုဒသက ကလာပ် ၌ရှိသည့် မြေ ရေ လေ မီး ရုပ်ဓာတ်ကြီးလေးပါးကို မှီပါသည်၊ ထို မြေရေ

လေ မီး ရုပ်ခုတ်ကြီး လေးပါးတို့က ဘယ်ကိုမှီပါသလဲလို့ မေးလျှင် အချင်းချင်း မြေ ရေ လေ မီး ရုပ်ဓာတ်ကြီးတို့ကိုပင် မှီကြ တည်ကြပါသည်ဟု "နိဿယပစ္စယော တိ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော" ရယ်လို့ မြတ်စွာဘုရားသခင်က ဟောတော်မူပါသည်။

အို သူတော်ကောင်းတို့၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်သည် တီထွင်ကြံဆ၍ ဟောတော်မူခြင်း မဟုတ်ပါ၊ သူ့ဆိုင်ရာဆိုင်ရာ အကြောင်းအကျိုး ဆက်စပ်၍ နာမ်ဓာတ် ရုပ်ဓာတ် သဘောတရားလို့—

၁။ ဖြစ်ပေါ်ကြ = ဥပစယ,

၂။ အစဉ် ပွားများကြ = သန္တတိ,

၃။ ဆုတ်ယုတ်ကြ = ဇရတာ,

၄။ ပျက်ဆုံးကြ = အနိစ္စတာ

တို့ကို တိတိကျကျ သဗ္ဗညုတဉာဏ်တော်ဖြင့် ခွဲခြမ်း စိတ်ဖြာ၍ ဒေသနာဉာဏ်ဖြင့် ဟောပြတော်မူခဲ့ပါသည်၊ အသိ အလိမ္မာ ဉာဏ်ပညာ ပေးတော်မူသောကျေးဇူးရှင် အစစ် ဖြစ်တော်မူပါသည်။

**ဆောင်ပုဒ်။ ။(ဂဗ္ဘသေယျက) ယခုဘဝ၊ လူ၏အစ၊ နာမ်ရုပ်က။**

အို သူတော်ကောင်းတို့၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် မွေးမိခင်၏ ဝမ်းဗိုက်အတွင်းမှာ သားအိမ်အတွင်းမှာသင်တို့၏ လူ့ဘဝ အစ ပဋိသန္ဓေ နာမ်ရုပ် ဖြစ်ခဲ့ကြပုံ ကြုံခဲ့ရပုံတို့ကို မြတ်စွာဘုရားသခင်က "ဩက္ကန္တိက္ခဏေ နာမရူပံ" ဟု ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်စကားဖြင့် သင်တို့အားပညာပေးတော်မူခဲ့ပါပြီ၊ အလိမ္မာ ပေးတော်မူခဲ့ပြီ၊ ဉာဏ်မျက်စိအလင်းကိုပေးတော်မူခဲ့ပြီ၊ မြတ်စွာဘုရားသခင် ကျေးဇူးရှင် ပေးတော်မူခဲ့သော ဉာဏ်ပညာစက္ခုဖြင့် ဘယ်အရာကို သင်သူတော်ကောင်းတို့ ကြည့်ကြမြင်ကြပါမည်နည်း။

အော် လူ၏ဘဝ လူ့အဖြစ်ဆိုတာ အကောင်မဟုတ်၊ အထည်မဟုတ် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ နာမ်နှင့်ရုပ်ပါတကား၊ လူ့ဘဝအစ ပဋိသန္ဓေ ကလလ ရေကြည်ကပါတကား၊ အော် ကလလ ရေကြည်ဆိုတာ လူတို့၏

ပကတိ သာမာန်မျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်၊ ကင်မရာနှင့် ဓာတ်ပုံရိုက်၍ပင် မရနိုင်တဲ့ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ် နာမ်ဓမ္မ ရုပ်ဓမ္မ နာမ်ရုပ်ဓမ္မမျှသာပါတကား၊ နာမ်ဓမ္မ ရုပ်ဓမ္မ နာမ်ရုပ်ဓမ္မကို ဓမ္မမျက်စိဖြင့် ကြည့်ရှုမှသာ မြင်နိုင်ပါတကား။

အောဉ် ဓမ္မစက္ကပဝတ္တနသုတ်တော် "ဓမ္မစက္ခုံ ဥဒပါဒိ" ဟူ၍ ဟောတော်မူချက်သည် ဤ အချက်ဤအရာကို ဟောတော်မူခြင်းပါတကားဟူ၍ သိရှိနားလည် ကြစေလိုပါသည်၊ သူတော်ကောင်းတို့၊ တိတ္ထိကြံဆ ဟောတော်မူခြင်း မဟုတ်ပါတကား၊ လောကကြီးမှာ အစဉ်အလာရှိ၍နေသော ရုပ်ဓမ္မ နာမ်ဓမ္မတို့ကိုသာ ပဋိစ္စသမုပ္ပါဒ အကြောင်းအကျိုးနှင့်တကွ ခွဲခြမ်းဝေဖန်၍ ဟောပြတော်မူသည့် "ဝိဘဇ္ဇဝါဒီ" မြတ်စွာဘုရားပါတကား။

အို သူတော်ကောင်းတို့၊ လူတို့၏ပကတိ မံသမျက်စိဖြင့် ကြည့်ရှု၍မမြင်နိုင်သည့် ဤပဋိသန္ဓေနာမ်နှင့် ဟဒယဝတ္ထုရုပ်တို့သည် အတူတကွ ယှဉ်ပြိုင်ဖြစ်ပေါ်၍ လာကြငြားသော်လည်း ရုပ်သဘာဝကတခြား နာမ်သဘာဝက တခြား တခြားစီ ကွဲပြားလျက် ရှိနေဟန်တို့ကို "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနောဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဟူ၍ဟောတော်မူခဲ့သည်။

"ပ အာ ဝါ တေ၊ မြေ ရေ လေ မီး၊ လွန်ပွားစီး၊ ဘုတ်ကြီးစတုက္က" ဆိုသည့် ပရမတ္ထသံခိပ်အရ လွန်စွာကြီးထွား ပွားများမြဲ ဖြစ်ကြကုန်သည့် မြေ ရေ လေ မီး မဟာဘုတ်ကြီးလေးမျိုးတို့သည် လူ့ ဇာတိဆိုလျှင် ယခု လူတို့၏ အရွယ်အစားလောက် ဆင်ဇာတိဆိုလျှင် ဆင်ကောင်ကြီးတို့၏ အရွယ်အစားလောက် တောကြီးလောက် တောင်ကြီးလောက် ကြီးကျယ် ပွားများပုံများကိုတော့ ဝိသုဒ္ဓိမဂ်နှင့် သုတ္တန် ဝိနည်း အဘိဓမ္မာ အဋ္ဌကထာကြီးများမှာ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုထားပါသည်၊ အလိုရှိလျှင် ကြည့်ရှုမေးမြန်း နိုင်ကြပါသည်၊ သူတော်ကောင်းတို့။

ယခု ဒီနေရာမှာ ဆိုလိုရင်းကတော့ ဓာတ်တရား ပရမတ်တရားတွေ အကြောင်းအကျိုး ဆက်သွယ်၍နေခြင်းကို ငါကောင်သူကောင် လူကောင် သတ္တဝါကောင် စသည်ဖြင့် "အမြင်မှားမှု" အတ္တဒိဋ္ဌိဓာတ်ဆိုးအမိုက်အမှောင်ကို

ဒါကပညတ်, ဒါကပရမတ်, ဒါကအကြောင်း, ဒါကအကျိုး စသည်ဖြင့် "အမြင်မှန်မှု" သမ္မာဒိဋ္ဌိ အလင်းရောင်ဖြင့် ပယ်စွန့်နိုင်ဘို့အရေးကို ဟောပြော ပြသရခြင်း ဖြစ်ပါသည်။

အို သူတော်ကောင်းတို့၊ သင် သူတော်ကောင်းတို့သည် ယခုအရွယ်မျိုး ရောက်အောင် ကလလရေကြည် နာမ်ဓာတ် ရုပ်ဓာတ်ကလေးကအစ တည်ခဲ့မှုကို သဘောပေါက်ကြပါပြီလား၊ နားရှင်းကြပါပြီလား။

သဘောပေါက်သင့်သလောက် သဘောပေါက်ကြပြီး နားရှင်းသလောက် နားရှင်းကြပါပြီ အရှင်ဘုရား။

"ဝိညာဏံ ဘိက္ခဝေ အနတ္တာ" အို သူတော်ကောင်းတို့၊ပဋိသန္ဓေဝိညာဏ် စိတ်သည် ကိုယ်ကောင်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အနှစ်သာရမရှိ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တဟူ၍ရင်း

"ရူပံ ဘိက္ခဝေ အနတ္တာ" အို သူတော်ကောင်းတို့၊ ပဋိသန္ဓေဝိညာဏ် စိတ်နှင့် အတူပြိုင်၍ ဖြစ်ပေါ်လာသော ဟဒယဝတ္ထုရုပ်သည် ကိုယ်ကောင် မဟုတ် အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ အနှစ်သာရမရှိ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ၊ဤ အနတ္တ လက္ခဏာသုတ်နှင့် တထပ်ထဲ ကျအောင် မှတ်သားကြရမည်၊ဝိပဿနာလဲ ရှုကြရမည်၊ သူတော်ကောင်းတို့။

အို သူတော်ကောင်းတို့၊ "ဝိညာဏံ ဘိက္ခဝေ အနတ္တာ"ရယ်လို့မြတ်စွာ ဘုရားသခင်က အဘယ်ကြောင့် ဟောတော်မူရပါသနည်းဟု မိမိတို့ကိုယ်တိုင် တွေးခဲ့လျှင် သူတပါးတို့က မေးခဲ့လျှင် "ဝိညာဏံ အတ္တတော သမနုပဿတိ" စိတ်ဝိညာဏ်ကို အတ္တကောင် နိစ္စကောင် ဇီဝကောင် လိပ်ပြာကောင်စသည်ဖြင့် မှားသောအမြင်ဖြင့် မြင်ကြလေသောကြောင့် အယူဝါဒရှိကြလေသောကြောင့် ထိုအမြင်မှားမှု အတ္တဒိဋ္ဌိကို ပယ်စွန့်စေခြင်းငှာ "ဝိညာဏံ ဘိက္ခဝေ အနတ္တာ" ဝိညာဏ်စိတ်ဓာတ်သည် တခါဖြစ်က အနှစ်တရာလည်းမတည်၊ မိနစ်တရာလည်း မတည်၊ အတ္တကောင်လည်းမဟုတ်၊ ဇီဝကောင်လည်း မဟုတ် အနတ္တ၊ လိပ်ပြာကောင် စသည်လည်းမဟုတ်၊ ကိုယ်ကောင်မဟုတ် အနတ္တ၊ အလိုသို့ မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ အနှစ်သာရမရှိ အနတ္တ တရားစစ်စစ်

ဖြစ်ပေသည်၊ အာရုံစိတ်ရှိမှ စိတ်ဝိညာဏ်ဓာတ်ရှိသည်၊ အာရုံမရှိက စိတ်ဝိညာဏ်ဓာတ် မရှိနိုင်၊ အာရုံပူလျှင် စိတ်ပူသည်၊ အာရုံအေးလျှင် စိတ်အေးသည်၊ အာရုံပြောင်းတိုင်း စိတ်ပြောင်းသည်။

အကုသိုလ် ပူပူလောင်လောင် စိတ်တွေ မဖြစ်ပေါ်စေရန် ဒါန ကုသိုလ်နှင့် ပြုပြင်လျှင်ရနိုင်သည်၊ သီလကုသိုလ်စိတ်နှင့် ပြုပြင်လျှင် ရနိုင်သည်၊ မေတ္တာ ကရုဏာ အစရှိသော သမထ ဘာဝနာ ကုသိုလ်နှင့် ပြုပြင်လျှင် ရနိုင်သည်။

အကုသိုလ် ပူပူလောင်လောင် စိတ်ဝိညာဏ ဓာတ်တွေကို ဟုတ်မှန်သည့်အတိုင်း အနိစ္စ ဒုက္ခ အနတ္တတရားတွေပါဘကားဟုဝိပဿနာ ဉာဏ်မျက်စိဖြင့် ကြည့်နိုင်လျှင် ပွားများနိုင်လျှင် ဝိပဿနာကုသိုလ်စိတ်တွေ ဖြစ်နိုင်သည်၊ ရနိုင်သည်၊ ဤသို့ရနိုင်ကြောင်း ဖြစ်နိုင်ကြောင်းကို—

"အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အာရမ္မဏပစ္စယေန ပစ္စယော"

ဟူ၍ ပဋ္ဌာန်းပဋ္ဌာဝါရမှာ ဟောတော်မူပါသည်။

အို သူတော်ကောင်းတို့၊ ထို ဝိပဿနာ ကာမာဝစရကုသိုလ်စိတ်မှ နိဗ္ဗာန်အမတဓာတ်ဖြစ်သည့် မသေတရားတော်မြတ်ကြီးကိုပင် မျက်မှောက်ပြု၍ သိနိုင်မြင်နိုင်သည့် မဂ်စိတ် ဖိုလ်စိတ်ဖြစ်နိုင် ရနိုင်သည်၊ ဤကဲ့သို့ ပြုပြင်ပြောင်းလဲ၍ ရခြင်းသည် စိတ်ဝိညာဏဓာတ်၏ အနိစ္စ ဖြစ်၍ အနတ္တဖြစ်၍ အနန္တရသတ္တိရှိ၍ သမနန္တရသတ္တိ ဥပနိဿယသတ္တိ အာသေဝနသတ္တိ အနန္တရကမ္မသတ္တိ နတ္ထိသတ္တိ ဝိဂတသတ္တိရှိ၍ ပြောင်းလဲ၍ ရပေသည်၊ ပြုပြင်၍ရလေသည်၊ စိတ်ဝိညာဏဓာတ်သည် အတ္တကောင်များဖြစ်ခဲ့လျှင် တခါဖြစ်က အနှစ်ရာထောင်သိန်းသန်းမပျက်တော့ဘူး ဆိုလျှင် ဘယ်မှာပြုပြင်ပြောင်းလဲ၍ ရနိုင်တော့မည်နည်း။

ပြုပြင်နိုင်သည့်ဘဝ ပြုပြင်နိုင်၍ရမှန်းကို သိရှိနားလည်ကြသည့် ယခုဘဝကောင်းကြီးကို ရကြတဲ့အခိုက် စိတ်ကောင်း စေတနာကောင်း ပါရမီဆယ်ပါး ကုသိုလ်ကောင်း, ပုညကြိယာဝတ္ထု ကုသိုလ်ကောင်း, သမထ

ဘာဝနာ ကုသိုလ်ကောင်း၊ ဝိပဿနာဘာဝနာကုသိုလ်ကောင်း၊ မဂ်ဉာဏ်တိုင်အောင်ကုသိုလ်ကောင်းတွေကိုပွားပြစ်ပြောင်းလဲ၍ယူနိုင်ကြစေရန် "ဝိညာဏံ ဘိက္ခဝေ အနတ္တာ" စသည်ဖြင့် အနတ္တလက္ခဏသုတ်တော်ကို ထုတ်ဖော်၍ ဟောတော်မူခြင်း ဖြစ်ပေသည်၊ သူတော်ကောင်းတို့။

မှုပြင်နိုင်ကြသည့်ဘဝ ပွားမြင်၍ ရနိုင်မှန်းကို သိကြသည့်ဘဝ နားလည်ကြသည့်ဘဝ စိတ်ဝိညာဏဓာတ်ကို ကြပ်ကြပ်တင်းတင်း သတိထား၍ အသိဉာဏ်တရား သမာဓိတရား ဝီရိယတရားတို့ဖြင့် ကြည့်ရှုပွားများလိုက်ကြပါ၊ သူတော်ကောင်းတို့။

မိမိ မိမိတို့၏ လက်ရှိဖြစ်နေကြတဲ့ ခန္ဓာကိုယ်နှင့်တကွ သံသရာဘဝအဆက်ဆက်က ဖြစ်ခဲ့သမျှ ကြုံခဲ့သမျှ ခန္ဓာကိုယ်တို့ကို ငါပဲ သူပဲ လူပဲ နတ်ပဲ စသည်ဖြင့် အထင်အမြင်မှားမှုသည် အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ပရမတ်တရားဓာတ်တရား၏ အလုပ်ကိစ္စဖြစ်ပေသည်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ပရမတ်တရားသည်မြင်တော့မြင်ပါ၏၊ အမှားကိုသာမြင်သည်၊ အကောင်အထည် အလုံးအခဲကြီး အဖြစ်ဖြင့်သာမြင်သည်၊ အပါယ်လေးပါး လမ်းအမှားကို ရောက်အောင် ပို့ဆောင်သယ်ယူ၍ နေသည်၊ ကုမ္ဂဂ အစွမ်းသတ္တိရှိသော ဓာတ်ဆိုး ဓာတ်ပူ ဓာတ်လောင်ကြီး ဖြစ်ပေသည်။

ဒီ အမြင်မှား အပါယ်တံခါး သွားရောက်စေတတ်သည့် အတ္တဒိဋ္ဌိဓာတ်ဆိုး ဓာတ်ဝါးကို "အမြင်မှန်" လူ့ရုပ်နတ်ဌာန် နိဗ္ဗာန်တံခါး သွားရောက်စေတတ်သည့် "သမ္မာဒိဋ္ဌိ" ဉာဏ်အမြင်ဓာတ် အမြစ်ပြတ်အောင် ပယ်နိုင်သည်၊ ဒိဋ္ဌိအနုသယတို့ အမြစ်ပြုတ်အောင် သတ်နိုင်သည်၊ ဖြတ်နိုင်သည်၊ ဓာတ်ချင်းမှနိုင်သည်၊ ပရမတ်ချင်းမှနိုင်သည်၊ သူတော်ကောင်းတို့။

ယခုလက်ရှိ ခန္ဓာကိုယ် တကိုယ်လုံးကို ရုပ်အစုအဝေးပဲ နာမ်အစုအဝေးပဲရယ်လို့ ဘုရားသာသနာတော်အတွင်းမှာ ဖြစ်ကြသည့်အတွက် ကြားတော့ကြားဘူးသည်၊ နာတော့နာဘူးကြသည်၊ အဲဒါကို သုတမယဉာဏ်လို့ ခေါ်ပါသည်၊ ဘာဝနာမယဉာဏ်ဖြင့် တကိုယ်လုံးကို နာမ်ရုပ်အစုအဝေးပဲ ဟူ၍ ရှုတ်တရက်ချက်ချင်း ဉာဏ်အမြင်ရှင်းလင်းဘို့ မလွယ်ကူကြဘူး၊ ဟုတ်ရဲ့ မဟုတ်လား။

မှန်လှပါ၊ ရုတ်တရက်ချက်ချင်း ဉာဏ်အမြင်ရှင်းလင်းဘို့ မလွယ်ကူကြပါ အရှင်ဘုရား။

အဲဒါကြောင့် တကိုယ်လုံးကို တကောင်လုံးကို နာမ် အစု အဝေးဘဲ ရုပ်အစုအဝေးဘဲလို့ ရုတ်တရက်ချက်ချင်း ဉာဏ်အမြင်မရှင်းနိုင်ခဲ့လျှင် တရားဦး အစ ဖော်ထုတ်၍ပြခဲ့သည့် လူတို့၏အစ ကလလရေကြည် ပဋိသန္ဓေ နာမ်နှင့် ရုပ်ကို အမြင်မှန်သမ္မာဒိဋ္ဌိဉာဏ်မျက်စိဖြင့် သတိထားပြီး အားထုတ် ကြည့်ရှု ကြစေလိုသည်။

သာမုက္ကံသိက = သာမံ ဥက္ကံသိက မြတ်စွာဘုရားသည် ကိုယ်တိုင် ဟော ကြားတော်မူခဲ့သည့် ပရိယတ္တိပဉ္စာန်းပါဠိတော်စကားကို မိမိ မိမိတို့၏နှုတ်ပေါ် လျှာပေါ်မှာ

"သဟဇာတပစ္စယောတိ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟ- ဇာတပစ္စယေန ပစ္စယော"

ဟု အကြိမ်ပေါင်းများစွာ ရွတ်ဆိုကြ၍ အရဆောင်ကြပါကုန်၊ သူတော် ကောင်းတို့။

ဩက္ကန္တိက္ခဏေကို "ပဋိသန္ဓိက္ခဏေ" ဟူ၍၎င်း နာမရူပံကို "ဝတ္ထုဝိပါကာ" ဟူ၍၎င်း သင်္ဂြိုဟ်ပစ္စည်းပိုင်းမှာ အရှင်အနုရုဒ္ဓါ အဋ္ဌကထာဆရာက ဖွင့်ပြတော် မူပါသည်၊ အဋ္ဌကထာကြီးများရဲ့ ဖွင့်ဖော်ချက်အတိုင်း ဖွင့်ပြတော်မူပါသည်။

ပရမတ္ထသံခိပ် ပဒအမှတ် (၅၇၀) မှာ လယ်တီ ဆရာတော်ဘုရားကြီးက "ဝတ္ထုနှင့်သံ၊ အပြန်ပြန်၊ သုံးတန်သဟဇ" ရယ်လို့ ရေးသားတော် မူခဲ့ ပါသည်။

အော် ငါတို့၏ လူ့ဘဝအစ ပဋိသန္ဓေ ရုပ်နာမ်မျှပါတကား၊ ငါကောင် မဟုတ်သည့် အနတ္တ၊ သူကောင်မဟုတ်သည့် အနတ္တ၊ လူကောင်မဟုတ်သည့် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သည့် အနတ္တ တရားမျှပါ တကားရယ်လို့ "အမြင်မှန်" သမ္မာဒိဋ္ဌိဉာဏ် အလင်းရောင်ဖွင့်ပေပြီ၊ ငါကောင် လူကောင် အထင်မှားသည့် အတ္တဒိဋ္ဌိခေတ်ဆိုး ကင်းကွာ လွင့်စင်သွားပေပြီ။

ပဋ္ဌာန်းအငြိမ်ခံ (၈)

အို သူတော်ကောင်းတို့၊ဒေသနက္ကမ = ဟောစဉ်ပြောစဉ်အားဖြင့် လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပရယ်လို့ ကိလေသာ အပူဓာတ် အညစ်အနွမ်း ဓာတ် ၁၀-ပါး ရှိပါသည်။

ဟိတ်ကြီးတြိ၊ မာန်,ဒိဋ်,ဝိ၊ ထိ,ဥဒ်, ဟိ, နော်တ်, ဒသ်၊

ပူပန်ညစ်ကျု၊ နှိပ်စက်မှု၊ ဆယ်ခုကိလေဓာတ်။ (ပရမတ္ထသံခိပ်)

ပဟာနက္ကမ = ပယ်စဉ်အားဖြင့် အတ္တဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ဒီကိလေသာ အပူ အလောင် ဓာတ်နှစ်မျိုးကစ၍ ပယ်ရပါသည်၊ သူတော်ကောင်းတို့။

“သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန” စသည်ဖြင့် ဓမ္မ သင်္ဂဏီပါဠိတော် အဋ္ဌကထာများမှာလာရှိပါသည်။ အပါယ်လေးပါး ကျစေ တတ်သည့် လောဘ ဒေါသ မောဟ ကိလေသာတို့ကိုလဲ သူ့အချိုးကျအတိုင်း ပယ်စွန့်နိုင်လေ၏ဟု မှတ်သားကြပါကုန်။

သူတော်ကောင်းတို့၊ ဥပမာ ပုံစံကလေးတခုကို ပြောပြလိုပါသည်၊ သူငယ် တန်းမှာ ရှိကြသည့် ကလေးသူငယ်တွေကို ဆိုင်ရာဆရာသမားများက ကျောင်း သင်ပုန်းကြီးပေါ်မှာ ဂဏန်း ၁၀-ကို ရေး၍ပြကြသည်၊ ကလေးသူငယ်တွေက ၁၀-၁၀-၁၀-ရယ်လို့ သိရှိမှတ်သား နားလည်ကြသည်၊ဒီအသိမျိုးကို သညာ သိလို့ ခေါ်သည်၊ သည်အသိကိုလည်း မပယ်ရပါဘူး၊ ကလေးသူငယ်တွေ အများက ၁၀-ကို ၁၀-လို့ ပြောကြသည့်အတွက် အများပြောအမှန် သမုတိ သစ္စာ ဖြစ်ပါသည်။

တဖန် ဆရာ–ဆရာမတွေက “ကလေးတို့ရေ ၁၀-ဘာကြောင့် ဖြစ်လာရ သလဲဟေ့၊ ၁၀ ဖြစ်လာရခြင်းအကြောင်းက ဘာလဲ” လို့ မေးလိုက်တဲ့အခါ မူလတန်း ကလေးသူငယ် လူမမယ်ကလေးတွေက အကြောင်းနဲ့ အကျိုးနဲ့ ဝေဘန်ပြီး ကေန်ကေ ဖြေနိုင်ကြပါမည်လား။

ဖြေနိုင်မည် မဟုတ်ပါဘူးရား၊ မသိပါ နားမလည်ပါ စသည်ဖြင့် ဥက္ကောင်း ခါကြပါလိမ့်မည်ဘုရား။

တဖန် ဆရာ-ဆရာမတွေက တလုံးစီ ကလေးတို့ရေ၊ ဒီမှာကြည့်ကြစမ်း ဆိုပြီး တစ်ဂဏန်းကို တလုံးစီ ဆယ်လုံးအထိ စုပေါင်းထားလို့ ၁၀-ဆိုတဲ့ အကျိုးတခု ပေါ်ပေါက်လာတာဘဲလို့ ရှင်းပြပြီးနောက် ဘာကြောင့် ၁၀ ဖြစ်ပေါ်လာရသလဲလို့ မေးလျှင် ကလေးတွေက တစ်ဂဏန်း ၁၀-လုံးကို ပေါင်းထားလို့ဟူ၍ အားရဝမ်းသာ ဖြေကြပါလိမ့်မည်၊ ဒီအသိမျိုးကတော့ အကြောင်းနဲ့အကျိုး ပါလာခြင်းကြောင့် ဉာဏ်ရိပ်မကင်းပါ၊ ဉာဏ်ရိပ်ပင် မကင်းစေကာမူ ထိုးထွင်းဉာဏ် ကိုယ်ပိုင်ဉာဏ် မဟုတ်သေးသည့်အတွက် ဝိညာဏ်သိ စိတ်သိလို့ ခေါ်ရပါမည်၊ ဒီဝိညာဏ်သို့ စိတ်သိကိုလဲ မပယ်ပါဘူး၊ အဆင်းအရောင်ကိုမြင်သည့်စိတ် အသံကိုကြားသည့်စိတ် အနံ့ကို နံသည့်စိတ် အရသာကို သိသည့်စိတ် အပူအအေး အတွေ့အထိကို သိသည့် စိတ်တွေဟာ ဝိညာဏ်သိချည်းပါဘဲ။

တဖန် ဒီသူငယ်တန်း ကလေးသူငယ်တို့သည် တစတစ ပညာရေဝကြပြီး အလယ်တန်း အထက်တန်းသို့ ရောက်ကြသည့်အခါ ဆိုင်ရာ ဆရာ-ဆရာမတို့က "တပည့်တို့ ဒီမှာကြည့်ကြ" ဟု ဆိုပြီး ကျောင်းသင်ပုန်းကြီးပေါ်မှာ ရေးပြသည်။

"ဆယ်ဂဏန်းမှာ ဖြစ်ပေါ်လာစရာ အကြောင်းမည်မျှနည်း တပည့်တို့၊ ၁၀-ဂဏန်းဖြစ်ပေါ်လာရခြင်း၏ အကြောင်းများကို သင်တို့သိသမျှ ရေးခဲ့ကြပါ" ဟူ၍ ပုစ္ဆာအမေးရေး၍ ပြလိုက်သောအခါ တပည့် အသီးသီးတို့က တစ်ဂဏန်း ၁၀-လုံးကို စုပေါင်းခြင်း အကြောင်းကြောင့် ၁၀ (တစ်ဆယ်) ဖြစ်ပုံကို မှတ်ဘူးသိဘူးသော သညာသိ ဝိညာဏ်သိတို့ကို အခြေခံ၍ မိမိတို့၏ ပင်ကိုယ်ဉာဏ်ဖြင့် (ဝါ) ထိုးထွင်းဉာဏ်အသိတို့ဖြင့်——

တစ်ဂဏန်းဆယ်ခုပေါင်းသောကြောင့် ဖြစ်ပါသည်။

၂ နှင့် ၈ ပေါင်းသောကြောင့် ဖြစ်ပါသည်။

၃ နှင့် ၇ ပေါင်းသောကြောင့် ဖြစ်ပါသည်။

၄ နှင့် ၆ ပေါင်းသောကြောင့် ဖြစ်ပါသည်။

၅ နှင့် ၅ ပေါင်းသောကြောင့် ဖြစ်ပါသည်။

၆ နှင့် ၄ ပေါင်းသောကြောင့် ဖြစ်ပါသည်၊

၇ နှင့် ၃ ပေါင်းသောကြောင့် ဖြစ်ပါသည်။

၈ နှင့် ၂ ပေါင်းသောကြောင့် ဖြစ်ပါသည်။

၉ နှင့် ၁ ပေါင်းသောကြောင့် ဖြစ်ပါသည်။

ဟူ၍ ၁၀(တစ်ဆယ်) ဖြစ်ပေါ်လာနိုင်ခြင်း၏ အကြောင်းတို့ကို ဖြေနိုင်ကြပေမည်။

ဤအသိမျိုးကို ဉာဏ်ပညာသိ, အကြောင်းနှင့်အကျိုး ခွဲခြမ်းဝေဘန်၍ သိသော "လောကီ သမ္မာဒိဋ္ဌိ" အသိ "လောကီဝိဘဇ္ဇဝါဒီ" အသိ ဟူ၍ နားလည်ကြစေလိုသည်၊ သူတော်ကောင်းတို့။

ဤစကားသည် ဥပမာအားဖြင့် ပြောကြားခြင်းဖြစ်သည်၊ မူလတန်းက စခဲ့သော အလယ်တန်း အထက်တန်း ကျောင်းသူ ကျောင်းသားတို့၏ အသိမျိုး ဟူ၍ မှတ်သားကြရမည်။

အို သူတော် ကောင်းတို့၊ ဤဥပမာ ပုံပြင်ကလေးလိုပါဘဲ၊ တစုံတယောက်သော ပုဂ္ဂိုလ်က တစုံတယောက်သောပုဂ္ဂိုလ်ကို အမေးပုစ္ဆာပြဿနာ ထုတ်သည် ဆိုကြပါစို့၊အသင်တို့သည်ယခုလူ့ဘဝကို ရကြသည်၊လူ့အဖြစ်ဖြင့် ဖြစ်လာကြသည်၊ ဘယ်လို အကြောင်းများကြောင့် ဖြစ်လာကြပါသလဲ၊ လူ့ဘဝကို ရကြပါသလဲ၊ ဤစကားသည် ပုစ္ဆာဖြစ်၍ ဖြေချင်သလို ဖြေဆိုနိုင်ကြပါသည်။

အို သူတော်ကောင်းတို့၊ အချို့ပုဂ္ဂိုလ်များက မသိပါ, မသိဘူးဟုဖြေကြပါလိမ့်မည်၊ တချို့ပုဂ္ဂိုလ်များကလည်း အမေ အဖေတို့ကြောင့် လူဖြစ်လာရပါသည်ဟု ဖြေဆိုကြပေလိမ့်မည်၊ တချို့ပုဂ္ဂိုလ်များကလဲ ကုသိုလ်ကံကြောင့် ဖြစ်လာရပါသည်ဟု ဖြေဆိုကြပေလိမ့်မည်၊ အချို့ပုဂ္ဂိုလ်များကလဲ မိမိတို့၏ အယူအဆအတိုင်း အမျိုးမျိုး ဖြေဆိုကြပေလိမ့်မည်၊ အမေးရှိလို့ အဖြေထွက်

ကြရတာကိုး၊ တစုံတရာ မတားမြစ်သင့်ပါဘူး၊ မကန့်ကွက်သင့် ပါဘူး၊ တားမြစ်ကန့်ကွက်ဘို့ အခွင့်မရှိပါဘူး။

သို့သော် သမ္မာသမ္ဗုဒ္ဓ အတုလမှန်ကူ သယမ္ဘူဖြစ်တော်မူသည့် မြတ်စွာဘုရားသခင်ကတော့ "ပဥ္စာန်းဒေသနာတော် နည်းအားဖြင့် လူဖြစ်လာပါသည်ဟု ငါမဟော၊ သတ္တဝါဖြစ်လာပါသည်ဟုလည်းငါမဟော၊ မဟောပင်မဟောငြားသော်လည်း အများပြောအမှန် သမုတိ သစ္စာစကားကိုလည်း ငါဘုရားက ပယ်တော်မမူ၊ တရားသဘောအစစ်အမှန် ပရမတ္ထ သစ္စာအားဖြင့် ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်ပရမတ် စေတသိက်ပရမတ် ပဋိသန္ဓေ ဟဒယ ဝတ္ထု ရုပ်ပရမတ် ဒီနာမ် ဒီရုပ် ဖြစ်ပေါ်မှုကိုသာ ငါဘုရားဟောတော်မူသည်" ဟုပြတော်မူလိုသဖြင့် "သြက္ကန္တိက္ခဏေ နာမရူပံ သဟဇာတာ ပစ္စယေန ပစ္စယော" ဟု ဟောကြားတော်မူပါသည်။

အို သူတော်ကောင်းတို့၊ သင်တို့ကိုယ်တိုင် ကလလရေကြည်ဘဝက အစ တည်ခဲ့ပုံများကို သတိထားကြ၊ အောက်မေ့ကြ၊ မမေ့မလျော့ကြစေလို။

ဤပဋိသန္ဓေ နာမ်ရုပ် နှစ်မျိုးတို့တွင် ပဋိသန္ဓေနာမ် ဖြစ်ပေါ် ရခြင်း၏ အကြောင်းကတော့ အတိတ် ဘဝက ကာမာဝစရကုသိုလ် စေတနာ အကြောင်းတရားတို့က နာနာက္ခဏိကကမ္မ သတ္တိဖြင့် ကျေးဇူးဆပ်သော ကြောင့် ပဋိသန္ဓေစိတ်ခေတ် နာမ်ခေတ်ဖြစ်ရပါသည်။ (ပစ္စယနိဒ္ဒေသ ကမ္မ ပစ္စည်းကို ကြည့်ပါလေ)၊ အဘိဓမ္မတ္ထသင်္ဂဟ ဝိထိမုတ်ပိုင်း စုတိပဋိသန္ဓိက္ကမမှာ လဲ"သင်္ခါရေန ဇနိယမာနံ ပဋိသန္ဓိသင်္ခါတံ မာနသံ ပတိဋ္ဌာတိ" ရယ်လို့ ရေးသားတော်မူခဲ့ပါသည်။

တဖန် အို သူတော်ကောင်းတို့၊ သေခါနီးဇောစိတ်နှင့် ထင်သော ကုသိုလ်ကံအာရုံ ကုသိုလ်ကမ္မနိမိတ်အာရုံ ကုသိုလ်ဂတိနိမိတ်အာရုံ ဤအာရုံ ၆-ပါး တို့တွင် တပါးပါးသော အကြောင်းတရားတို့က အာရမ္မဏအစွမ်းသတ္တိဖြင့် ကျေးဇူး ဆပ်သောကြောင့် ကျေးဇူး ပြုသောကြောင့်လည်း ပဋိသန္ဓေ စိတ်ခေတ် နာမ်ခေတ် ဖြစ်ပေါ်လာရပါသည် ( အာရမ္မဏပစ္စည်းကို ကြည့်ပါလေ)၊ ဝိထိမုတ်ပိုင်းက"တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ ပဋိသန္ဓိသင်္ခါတံ မာနသံ ပတိဋ္ဌာတိ"လို့ ပြဆိုပါသည်။

တဖန် အိုသူတော်ကောင်းတို့၊ ဟိုဘက်ဘဝက ချုပ်ဆုံး ကွယ်ပျောက်ခဲ့ပြီးသော စုတိနာမက္ခန္ဓာ အကြောင်းတရားတို့က အနန္တရသတ္တိ သမနန္တရသတ္တိ အနန္တရူပနိဿယသတ္တိ နတ္ထိသတ္တိ ဝိဂတသတ္တိ ငါးမျိုးတို့ဖြင့် ကျေးဇူး ပြုသော ကြောင့်လည်း ပဋိသန္ဓေစိတ်စေတ်တရား နာမ်စေတ်တရားများ ဖြစ်ပွားပေါ် ပေါက်၍ လာကြသည် (အနန္တရပစ္စည်း ငါးမျိုး ပါဠိတော်ကို ကြည့်ပါလေ)၊ သင်္ဂြိုဟ် ဝီထိမုတ်ပိုင်းကတော့ "တဿာနန္တရမေဝ ပဋိသန္ဓိသင်္ခါတံ မာနသံ ပတိဋ္ဌာတိ" လို့ ပြဆိုပါသည်။

တဖန်အိုသူတော်ကောင်းတို့၊ပဋိသန္ဓေစိတ်နှင့်အတူပြိုင်၍ဖြစ်ပေါ်လာသော ဟဒယဝတ္ထုရုပ် အကြောင်းတရားတို့က သဟဇာတ နိဿယ အတ္ထိ အဝိဂတ အညမည ဝိပ္ပယုတ္တ အစွမ်းသတ္တိခြောက်မျိုးတို့ဖြင့် ကျေးဇူး ပြုကြသောကြောင့် လည်း ပဋိသန္ဓေစိတ်စေတ်တရား နာမ်တရားများ ဖြစ်ပွားပေါ်ပေါက်၍ လာ ကြသည်(ၐင်း ၆-ပစ္စည်း ပါဠိတော်ကို ကြည့်ကြလေ)၊ သင်္ဂြိုဟ် ဝီထိမုတ်ပိုင်းမှာ တော့"သဝတ္ထုကံ....ပဋိသန္ဓိသင်္ခါတံ မာနသံ ပတိဋ္ဌာတိ" လို့ ပြဆိုပါသည်။

တဖန် အို သူတော်ကောင်းတို့၊ အဝိဇ္ဇာနုသယ တဏှာအနုသယ သဘော တရားတို့က(ဝ၂)ပစ္စည်းဖြစ်ထိုက်ကုန်သော ပညတ် နာမ်ရုပ်အကြောင်းတရား တို့က(ဝ၂)မိခင် ဖခင် ကျေးဇူးရှင် ပုဂ္ဂိုလ်တို့က ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသောကြောင့်လည်း ပဋိသန္ဓေ စိတ်စေတ်တရား နာမ်တရားများ ဖြစ်ပွားပေါ်ပေါက်၍ လာကြပါသည်(ပစ္စယနိဒ္ဒေသ ပကတူပနိဿယ ပစ္စည်းမှာ ကြည့်လေ)၊ "ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ဗဟု ဝ၂ ဟောတိ ပကတူပနိဿယော" လို့ ဟောတော်မူပါသည်၊ ဝီထိမုတ်ပိုင်းမှာတော့"အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန ပဋိသန္ဓိသင်္ခါတံ ပတိဋ္ဌာတိ" လို့ ပြဆိုပါတည်။

တဖန် အို သူတော်ကောင်းတို့၊ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး အကြောင်း တရားတို့က သဟဇာတ နိဿယ အတ္ထိ အဝိဂတ အညမည ဝိပါက သမ္ပယုတ္တ တို့ဖြင့်ၐင်း ပဋိသန္ဓေနာမက္ခန္ဓာ၌ရှိကြသော ဆိုင်ရာဆိုင်ရာ အကြောင်းတရား တို့က ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သတ္တိတို့ဖြင့်ၐင်း ပေါင်း ၁၃-ပါးသော သတ္တိတို့ဖြင့် ကျေးဇူး ပြုကြသောကြောင့်လည်း ပဋိသန္ဓေ

စိတ်ခေတ်တရား နာမ်ခေတ်တရားသည် ဖြစ်ပေါ်ပေါက်ပွား၍ လာကြပါသည် ( ပစ္စယနိဒ္ဒေသ ၁၃ ပစ္စည်းမှာ ကြည့်လေ )၊ သင်္ဂြိုဟ် ဝီထိပိုင်းမှာတော့ "သဟဇာတာနမဓိဌာနဘာဝေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ" ဟူ၍ ဖွင့်ပြတော်မူပါသည်။

အို သူတော်ကောင်းတို့၊ ငါဘဲ သူဘဲ လူဘဲ ပုဂ္ဂိုလ်ဘဲ သတ္တဝါဘဲ ဟူ၍ ခေါ်လို့ ကိုမရနိုင်သေးသည့် ပညတ်စရာပင် မရှိသေးသည့် ပဋိသန္ဓေစိတ်ခေတ် နာမ်ခေတ် သဘောတရားသည်—

| | | | |
|---|---|---|---|
| သဟဇာတမျိုး | အကြောင်းသတ္တိ | | ၁၃ |
| အာရမ္မဏမျိုး | ။ | ။ | ၁ |
| အနန္တရမျိုး | ။ | ။ | ၅ |
| ဝတ္ထုမျိုး | ။ | ။ | ၆ |
| နာနာက္ခဏိကကမ္မ | ။ | ။ | ၁ |
| ပကတူပနိဿယ | ။ | ။ | ၁ |

အားဖြင့် အမျိုးအားဖြင့် ၆-မျိုး အကြောင်းအားဖြင့် ၂၇ ကြောင်းတို့ ကြောင့်ဖြစ်ပေါ်တည်ရှိ၍လာပုံကို ဟောပြတော်မူခဲ့ပါသည်။

**မှတ်ထားချက်။** ။အတိတ်ကုသိုလ် စေတနာက နာနာက္ခဏိကကမ္မ ပကတူပနိဿယ ၂-ပစ္စည်းဖြင့် ကျေးဇူးပြုသည် ဟူ၍လည်း မှတ်သားနိုင်ပါသည်။

အို သူတော်ကောင်းတို့၊ စိတ်တခုလျော့၍နေသောစိတ်ပေါင်း ၉၀ (ဝါ) စိတ် ၈၉-တို့တွင် မည်သည့်စိတ် ကိုဘဲဖြစ်စေ၊ ပဋ္ဌာန်းပစ္စည်း အကြောင်းပေါင်း မည်မျှစုပေါင်း၍ ကျေးဇူးပြုမှ စိတ်ခေတ်တခုဖြစ်ပေါ် နိုင်ပုံကို တိတိကျကျ သိရှိနားလည်နိုင်သော ဤနည်းကို ကျေးဇူးရှင် အဂ္ဂ မဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးသည် တွေ့ရှိ တော်မူပါသည်၊ (စိတ်ခေတ်တခုစီ စေတသိက်ခေတ်တခုစီ ရုပ်ခေတ်တခုစီ

တခုစီ၏ အကြောင်းပစ္စည်း အတိအကျကို တွက်ချက်နားလည်နိုင်သောနည်း ဟု ဆိုလိုပါသည်။)

ဆရာတော်ဘုရားကြီး သင်ကြားပို့ချတော်မူသောနည်းအတိုင်း ပဋ္ဌိသန္ဓေစိတ်ခဏ နာမ်ခဏ ဖြစ်ပေါ်နိုင်ခြင်း၏ အကြောင်းတို့ကို ထုတ်ဖော် ဟောပြောရပါသည်၊ ဝိပဿနာ ရှုပွားသောအခါမှာကား အကြောင်း ရှိရှိသမျှတို့ကို ကြည့်ရှုရန်မလိုပါ၊ အကြောင်းရင်း ပဓာနကိုသိမြင်လျှင် ကိစ္စပြီးစီးပါသည်။

ထို့ကြောင့် "လူ့ဘဝအစ ပဋိသန္ဓေက" ဟူသည်နှင့်အညီ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းပွားများဘို့ရန် အခြေခံဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ဒီဉာဏ်နှစ်ပါးကို မှတ်သားလိုက်ကြဦးစို့။

လူ့ဘဝရလျှင် ရမှန်းသိ၊ လူဖြစ်လျှင် ဖြစ်မှန်းသိ။

ကလလရေကြည်ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့် နာမ်ခဏ ရုပ်ခဏ ၂-ပါး၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဤကား နာမရူပ ပရိစ္ဆေဒဉာဏ်)

အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ခဏဆိုး ခဏဝါး ထင်မြင်သလို ငါ ကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဒိဋ္ဌိဝိသုဒ္ဓိ)

တဖန် လူဘဝရလျှင် ရမှန်းသိ၊ လူဖြစ်လျှင် ဖြစ်မှန်းသိ။

အတိတ်ဘဝက ကာမာဝစရကုသိုလ်စေတနာ၏ နာနာက္ခဏိကကမ္မသတ္တိကြောင့် ဖြစ်သည့် ( ပစ္စယပရိဂ္ဂဟဉာဏ် ) ကလလရေကြည်ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့် နာမ်ခဏ ရုပ်ခဏ ၂-ပါး၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ကင်္ခါဝိတရဏဝိသုဒ္ဓိ)

အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ခဏဆိုး ခဏဝါး ထင်မြင်သလို ငါ ကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ ( ဉာတပရိညာ၃၊ သစ္စဉာဏ် )

ကလလရေကြည်ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော နာမ်ခေတ် ရုပ်ခေတ်နှစ်ပါးသည် မိခင်၏သားအိမ်၌ ပင်ကိုယ်မူလကလည်း အမြဲရှိ၍မနေ၊ ဖြစ်ပြီးလျှင်လည်း ပျက်၍ပျက်၍ သွားမြဲထုံးစံဖြစ်သောကြောင့် အမြဲမရှိအနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ အတ္တ ကိုယ်ကောင်ဟူ၍ အထင်မှားစရာ မူလကပင် မရှိသေးသောကြောင့် အနတ္တ၊ အစိုးမရ၍ အနတ္တ၊ အလိုသို့ မလိုက်သောကြောင့် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၍ အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" ပဋိသန္ဓေ နာမ်ခေတ် ရုပ်ခေတ်သည် ငါ၏ ဥစ္စာပစ္စည်း မဟုတ်ပါဘကား၊ ငါကြောင့်သာ ဖြစ်ပေါ်နေသည် မဟုတ်ပါ တကား၊ အတိတ်ဘဝက ကာမာဝစရ ကုသိုလ်စေတနာ၏ နာနာက္ခဏိက ကမ္မသတ္တိကြောင့် ဖြစ်ပေါ်၍ နေခြင်းပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါကောင်မို့ ပဋိသန္ဓေ တည်နေသည်မဟုတ်ပါဘကား၊ နာမ်ရုပ်နှစ်ပါးမို့ ပဋိသန္ဓေ တည်နေတာပါ တကား။ (ဩက္ကန္တိက္ခဏေ နာမရူပံ)

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" ပဋိသန္ဓေ နာမ်ရုပ်သည် ငါ့ငါကောင်မဟုတ်ပါတကား။ အထင်မှားစရာ အစကပင်မရှိသေးသော ငါ ကောင်သည် ပဋိသန္ဓေနာမ်ရုပ် မဟုတ်ပါတကား၊ ပဋိသန္ဓေ နာမ်ရုပ်ပေါ်မှာ ငါကောင်ကမမှီပါဘကား၊ ငါကောင်ပေါ်မှာ ပဋိသန္ဓေနာမ်ရုပ်က မမှီပါ တကား၊ဤကား တဏှာ မာန အတ္တဒိဋ္ဌိတို့ကို တဒင်္ဂပယ်သော ပဟာနပရိညာဉ် ကတဉာဏ်ဖြစ်ပါသည်၊ ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်တို့ဖြင့် ပြီးစီးအောင် ပယ်စွန့်ရပါဦးမည်။

ဤ ဆိုရိုးဖြင့် အကြိမ်ပေါင်းများစွာ ပွားများ ကြပါကုန်၊ သူတော် ကောင်းတို့။

## သတိပဋ္ဌာန်လေးပါးနှင့် ယှဉ်ပြပုံ

အသင်တို့ကိုယ်တိုင် အမှန်တကယ်ကြုံခဲ့ရ ဖြစ်ခဲ့ရသော လူ့ဘဝအစ ပဋိသန္ဓေစိတ် ဝိညာဏ်ကို ပြန်ကြည့်လျှင် ထို ပဋိသန္ဓေစိတ် ဝိညာဏ်သည် ဓမ္မာရုံဘဲ၊ ဓမ္မသဘာဝအာရုံဘဲ၊ ယခုချက်ချင်းလက်ငင်း သိတာက သတိအသိနှင့် ယှဉ်တဲ့စိတ်ဘဲ၊ ယခုပစ္စုပ္ပန်စိတ်ကိုတော့ အာရုံကိုသိတတ်တဲ့စိတ် ဟူ၍ မှတ်ရမည်၊ ရှေးကဖြစ်ခဲ့ဘူးသည့် ပဋိသန္ဓေစိတ် ဓမ္မာရုံကို သတိအသိနှင့်ယှဉ်သော ယခုစိတ်က ပြန်၍ကြည့်သောကြောင့် ပြန်၍သိသောကြောင့် "စိတ္တာနုပဿနာ သတိပဋ္ဌာန်" ရယ်လို မှတ်သားကြရမည်။

ထို့အတူ ဖဿဓမ္မဓာတ်ကို ပြန်ကြည့်လျှင် "ဓမ္မာနုပဿနာသတိပဋ္ဌာန်" ရယ်လို့ မှတ်သားကြရမည်။

ထို့အတူ ဝေဒနာစေတသိက်ကို ပြန်ကြည့်လျှင် "ဝေဒနာနုပဿနာ သတိပဋ္ဌာန်" ရယ်လို့ မှတ်သားကြရပါမည်။

ထို့အတူ ပဋိသန္ဓေ ဝတ္ထုဒသကကလာပ်အတွင်းမှာပါရှိသည့် မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးတို့၏ အနိစ္စ ဒုက္ခ အနတ္တ အဖြစ်ကို ပြန်ကြည့်လျှင် "ကာယာနုပဿနာသတိပဋ္ဌာန်" ဟူ၍ မှတ်သားကြရပါမည်၊ သူတော်ကောင်းတို့။

ဤသည်လျှင် တရားပွဲအစမှာ ပြောခဲ့ ဟောခဲ့တဲ့ ငါကောင်မဟုတ် သူကောင်မဟုတ် နာမ်နှင့်ရုပ်, လူကောင် သတ္တဝါကောင်မဟုတ် နာမ်နှင့်ရုပ် ဆိုတာကို အရပ်သူအရပ်သား ဝတ်ကြောင်ဝတ်ပုဂ္ဂိုလ်များ ရိပ်မိနိုင်ရုံ တတ်စွမ်းနိုင်သမျှ ဟောပြောပြသရခြင်း ဖြစ်ပေသတည်း။

"သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသော ပဋ္ဌာန်းပါဠိတော်၌ "သဗ္ဗေ ဓမ္မာ" အရ မိမိကိုယ်တိုင် အမှန်တကယ် ကြုံတွေ့ခဲ့ကြရသည့် ပဋိသန္ဓေ နာမ်ရုပ်ဓမ္မာရုံ ဓမ္မသဘာဝအာရုံကို ဆိုသည်ဟု မှတ်ကြပါကုန်။

"မနော" အရ မိမိတို့၏ ဘဝင်စိတ် အကြည့်အလင်စိတ်ကို ဆိုသည်ဟု နားလည်ကြပါလေ။

"ဝိညာဏဓာတုယာ" အရ ပြန်၍သတိရတဲ့ ထင်မြင်နိုင်သော သတိအသိ ပြဋ္ဌာန်းသော မဟာကုသိုလ် မနောဝိညာဏဓာတ်ကို ဆိုသည်ဟု နားလည်ကြပါလေ။

"အာရမ္မဏပစ္စယေန ပစ္စယော" ဖြင့် ပဋိသန္ဓေနာမ်ရုပ် ဓမ္မာရုံ ဓမ္မသဘာဝ အာရုံက မနောဝိညာဏဓာတ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ဖြစ်ပေါ်လာအောင် တည်ရှိအောင် ကျေးဇူးပြုသည်ဟု နားလည်ကြပါ၊ သူတော်ကောင်းတို့။

**ဆောင်ရန်။** ။ဉာဏ်မြင်ပေါ်ရို၊ အမုန်သိ၊ အမှားသိကို ပယ်စွန့်သည်။
သမ္မာဒိဋ္ဌိ၊ ဉာဏ်ရောင်ရှိ၊ အတ္တဒိဋ္ဌိ ကင်းပျောက်သည်။

မဃဒေဝပဒအမှတ် (၁၃၈)မှ။

"ရှေးဖျားနာမ၊ ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ သုမေဓာ သုဇာတ၊ ဖုဿ ဝေဿဘူ၊ သုံးဆူတတန်၊ ကကုသန် ကောဏာဂုမန်၊ ကဿပတို့၊ လောကသုံးပါး၊ ပွင့်ထင်ရှားစဉ်၊ ပယ်ရှားအိမ်ယာ၊ သာသနာသမယ၊ ဒုလ္လဘန္ဒိက်၊ အရတော်လစ်၊ ရဟန်းဖြစ်၍၊ ရှင်ချစ်ဘုရား၊ မြတ်ကိုးပါး၏၊ ထံပါးကပ်ဆည်း ခယမ်းပည်းလျက်၊ စံနည်းရယူ၊ ဂေါတြဘူနှင့်၊ အတူ ရှေးရှိ၊ နုလုံထိအောင်၊ ဝိပဿနာ၊ မဟာဝဇီရ၊ ဉာဏအထူး၊ လေ့လာ ဘူးသား၊ ကျေးဇူးဥပ၊ နိဿယကြောင့်"

ဟူသည်နှင့်အညီ ဆုထူးကြီးပန် ဘုရားအလောင်း သူတော်ကောင်းတို့သည် ဂေါတြဘူစိတ်၏ ရှေ့အနုလောမ အနုလုံစိတ်တိုင်အောင် သာသနာတော်တွင်း ဝိပဿနာကုသိုလ်အထူးတို့ကို အားထုတ်ရှုမြင် ပွါးများခဲ့ဘူးကြောင်း တို့ကို အားကျ နည်းယူသင့်လှပေသည်။

ပဋိသန္ဓေ နာမ်နှင့်ရုပ်တို့၌ ဝိပဿနာရှုနည်းကို ပြဆိုခန်း ပြီး၏။

## ၁၉။ လယ်တီဆရာတော်ဘုရားကြီး၏

## ခေါ်ဝိပဿနာရှုနည်း

ဓမ္မဒါယကာ ဓမ္မဒါယိကာမအပေါင်း သူတော်ကောင်းတို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့သော ပဋ္ဌိစ္စသမုပ္ပါဒဒီပနီကျမ်းမှ ဆိုင်ရာ ဆိုင်ရာ အချက်အလက်များကို ထုတ်နုတ်ကိုးကားပြီးလျှင် ခေါ်လေးပါး၌ ဝိပဿနာရှုနည်းကို ယခုခေတ်နှင့် လျော်ညီအောင် ရှင်းလင်း၍ပြပါမည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကျမ်း သက္ကာယဒိဋ္ဌိပါရှိနေပုံ မာတိကာအခန်း၌ ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၁၁၂-ပါး) ရှိသည်တွင်——

ပထဝီမှာ ၄-ပါး

အာပေါမှာ ၄-ပါး

တေဇောမှာ ၄-ပါး

ဝါယောမှာ ၄-ပါး

ဆံပင်လျှင် ငါဘဲ၊ ငါ့ဆံပင်ဘဲ၊ ဆံပင်ပေါ်မှာ ငါတည်သည်၊ ငါ့ပေါ်မှာ ဆံပင်က တည်သည် မှီသည်။

ယခုလို မှုအတိုင်း ထုတ်နုတ်ထားသည့် အချက်ကို ဝိပဿနာ အလုပ်ဖြစ်အောင် ဤကဲ့သို့ ပွါးများရပါသည်။

မိမိတို့ဆံပင်ကို လက်နှင့်ထိထားကြ၊ မာမှုကိုတွေ့လိမ့်မည်၊ ဒီမာမှုကို အာရုံပြုထားကြ၊ စိတ်စိုက်ထားကြ၊ မာတာကို မာမှန်းသိ၊ အမာခံမြေပထဝီခေါ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေါ်ဆိုး ထင်မြင်သလို

ပညတ်ဆံပင်၏အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉတပရိညာဉ်, သစ္စဉာဏ်)

အို သူတော်ကောင်းတို့၊ ဆံပင်၏မာမှုကို လူကလဲမသိနိုင်ဘူး၊ လက်ကလဲ မသိနိုင်ဘူး၊ လက်မှာရှိတဲ့ ကာယဝိညာဏ်စိတ်ကသာလျှင် ဒီမာမှုကို သိနိုင်ပါသည်။

ကဲ ဆံပင်တွေကို ရေဆွတ်ကြည့်ကြစမ်း၊ ဆံပင်တွေ ဘာဖြစ်သွားသလဲ။

ဆံပင်တွေ ပျော့သွားပါသည်ဘုရား။

မှန်ပါသည်၊ သတိရှိရှိ ဉာဏ်မျက်စိဖြင့် ကြည့်၍ ဉာဏ်ဖြင့်သိကြပါ။ ဆံပင်တွေ ယခုပျော့သွားသည်၊ ခုနင်က မာမှုတွေ ရှိကြသေးရဲ့လား။

မာမှုတွေ မရှိတော့ပါဘုရား။

ဒါကြောင့်မို့ မာမှုပထဝီ မြေဓာတ် ရုပ်ပရမတ် အနိစ္စ, ဒုက္ခ ဆံပင်မဟုတ် အနတ္တ။

ထို့ကြောင့် လိုက်ဆိုကြ၊ မာမှုမြေဓာတ် ရုပ်ပရမတ်သည် အမြဲရှိ၍ မနေနိုင်သောကြောင့် အနိစ္စ အနိစ္စ၊ ပျော့ပထဝီရောက်၊ မာပထဝီ ပျောက်ရသောကြောင့် ဝိပရိဏာမဒုက္ခ၊ ဆံပင်မဟုတ် မာမှုမြေဓာတ် အနတ္တ၊ အကြိမ်ပေါင်းရာ ထောင် ရွတ်၍ ပွားများကြရသည်၊ ဝိပဿနာအလုပ် လုပ်ကြရသည်။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

အို သူတော်ကောင်းတို့၊ ဆံပင်ရယ်, မာမှုရယ် နှစ်မျိုးနှစ်စား ထင်ထင်ရှားရှား ဖြစ်ပါလျက် တခုထဲပေါင်း၍ တခုထဲပြု၍ "ဆံပင်မာသည်" ဟု အထင်အမြင်မှား၍နေသော အတ္တဒိဋ္ဌိကို(ဝါ)သက္ကာယဒိဋ္ဌိကို အမြင်မှန် သမ္မာဒိဋ္ဌိဖြင့် ဟောတာလို့ ကြေငြာ၍ ပယ်စွန့်ပစ်ရသည်။

"နေတံ မမ = န ဧတံ မမ" မာမှုပထဝီဓာတ် မြေ ပရမတ်သည် ဆံပင် (ပညတ်)၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ဆံပင်မို့လို့ မာသည် မဟုတ်ပါတကား၊ ပထဝီဓာတ် မြေ ပရမတ်မို့ မာတာပါတကား။

"န မေသောအတ္တာ = န မေ သောအတ္တာ"မာမှုသည် ဆံပင် မဟုတ်ပါတကား၊ ဆံပင်သည် မာမှု မဟုတ်ပါတကား၊ မာမှုပေါ်မှာ ဆံပင်က မမှီပါတကား၊ ဆံပင်ပေါ်မှာ မာမှုက မမှီပါတကား။

တဏှာငါ မာနငါ အတ္တဒိဋ္ဌိငါကို ပယ်ပါသည်။

(ပဟာနပရိညာဉ်, ကတဉာဏ်)

ပဌမ ဆံပင်မာသည်၊ ရေလောင်းလိုက်တော့ ဒုတိယ ဆံပင်ပျော့သည်၊ မာမှုပျော့မှု ပထဝီဓာတ်သာလျှင် တခု ပျောက်ပြီးလျှင် တခုရောက်ပြီး ပြောင်းလဲသည်၊ သတိ အသိ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

အို သူတော်ကောင်းတို့၊ ဒီနည်း ဒီစံနစ်အတိုင်း မိမိတို့ ခန္ဓာကိုယ်မှာ အကျုံးဝင်လျက်ရှိကြသည့်(၀ါ)အသီးသီး အသက အသက နေရာယူ၍ထားကြသည့် ပထဝီကောဋ္ဌာသနှစ်ဆယ်ကို တခုစီ တခုစီ ကုန်စင်အောင် ပွားများကြရမည်၊ ပထဝီကောဋ္ဌာသနှစ်ဆယ်ကို သိကြရဲ့လား၊ အစဉ်အတိုင်း ဆိုတတ်ကြရဲ့လား၊အေး အေး၊ လူဖြစ်လာတဲ့ ဘဝရအောင် ကျက်နိုင်လျှင် ဆိုနိုင်လျှင် သမာဓိ၊ ပရမတ်၊ ဖြစ်ပျက်မြင်နှင့် ဝိပဿနာဉာဏ်ပညာအသိ သမ္မာဒိဋ္ဌိဟူ၍ နားလည်ကြရမည်၊ နားရှင်းကြရမည်၊ မိမိတို့ အလိုအလျောက် ပွားများကြည့်ကြစမ်း။

ဆံပင် မာသည်။

နူတ်ခမ်းမွေး မာသည်(ကြမ်းသည်)။

ခြေသဲ လက်သဲ မာသည်။

သွား မာသည်။

အရေထူ အရေပါး မာသည်၊ ပျော့သည်။

ဤ တစပဉ္စက ကမ္မဋ္ဌာန်း၌ သမထ ဝိပဿနာ နှစ်ဖြာယှဉ်ပြီး ပွားများကြရာသည်။

## ၂၀။ အာပေါခါတ်၌ ဝိပဿနာရှုပုံ

အို သူတော်ကောင်းတို့၊ ပဋ္ဌိစ္စသမုပ္ပါဒ ဒီပနီကျမ်းမှ ဆက်လက်ပြီး ထုတ်ဆောင်၍ ပြဦးမည်၊ ဖွဲ့စည်းမှုကိုစွဲ၍ ငါဟုဆိုသောအရ အာပေါ၌ဖြစ်သော ဒိဋ္ဌိပင်၊ ဥပမာ ငါသလိပ်ကပ်သည်၊ ဤကဲ့သို့ ငါနှင့်သလိပ် ရောပြီးပြောလျှင် ပြောတဲ့အတိုင်း ထင်မြင်မှတ်သားလျှင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ငရဲမီးတောက် တခုဖြစ်လေသည်၊ ဤ အမြင်မှားမှု အတ္တဒိဋ္ဌိဘေးမှ ကျွတ်လို လွတ်လိုလျှင် ဟောသလို ပွားကြရမည်။

သလိပ်ကပ်လျှင် ကပ်မှန်းသိ၊ ဖွဲ့စည်းအာပေါရေဓါတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ဓာတ်ဝါး ထင်မြင်သလို အမည်ပညတ်မျှသာဖြစ်သော သလိပ်၏ အလုပ်ကိစ္စမဟုတ်ပါတကား၊ ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာ၌, သစ္စဉာဏ်)

ဆက်လက်၍ ပွားကြပါကုန်လော့၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီ, မျက်ရည်, ဆီကြည်, တံထွေး, နှပ်, အစေး, ကျင်ငယ် အာပေါရေဓါတ် တဆယ့်နှစ်မျိုး၊ ဤကား ရှင်းလင်းချက်ဖြစ်သည်။

## ၂၁။ တေဇောဓာတ်၌ ဝိပဿနာရှုပုံ

တဖန် ဆက်လက်၍ ပဋိစ္စသမုပ္ပါဒဒီပနီကျမ်းက ဆိုပြန်သည်။

**ထုတ်နှုတ်ချက်။** ။"ငါပူသည်၊ ငါနွေးသည်၊ ငါအေးသည်၊ ငါချမ်းသည်" ဟု ဆိုသောအခါ တေဇောဓာတ်၌စွဲသော ဒိဋ္ဌိတည်း၊ အဲဒါက ထုတ်နှုတ်ချက်။

ရှင်းပြပါဦးမည်၊ ဥပမာ "ကျောပူ" ဆိုကြပါစို့၊ ကျောပြင်ရယ်, ပူမှုရယ် နှစ်မျိုးနှစ်စား ထင်ထင်ရှားရှားဖြစ်ပါလျက် "ကျောပူသည်"ဟု တခုတည်း တပေါင်းတည်းကဲ့သို့ ပြောဆိုထင်မြင်ပါလျှင် အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဖြစ်သည်၊ အတ္တဒိဋ္ဌိလက်ချက်ဖြစ်သည့် အမြင်မှားမှုကို အမြင်မှန် သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ကမှ ပယ်နိုင်သည်၊ ဓာတ်ကို ဓာတ်ချင်းမှနိုင်သည်၊ ပရမတ်ကို ပရမတ်ချင်းမှ နိုင်သည်။

ကဲ အမြင်မှန်နှင့် အလုပ်ကို လုပ်ကြ။

ကျောပူလျှင် ပူမှန်းသိ၊ တေဇောဓာတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ် အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ဓာတ်ဝါး ထင်မြင်သလို ကျောပြင်၏ အလုပ် ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့် (ဉာတပရိညာဥ်, သစ္စာဉာဏ်)၊ အကြိမ် ရာပေါင်း ထောင်ပေါင်း များစွာ ပွားများကြပါလေ။

အို သူတော်ကောင်းတို့၊ နေပူလို့ ကျောပူသည်၊ အရိပ်အတွင်းကို ဝင် လိုက်ကြ၊ အေးကြရဲ့လား။

အေးကြပါသည်ဘုရား။

ဘယ်ကအေးသလဲ။

ကျောအေးပါသည်ဘုရား။

စောစောကပူတာ ရှိကြသေးလား။

စောစောကပူတာ မရှိတော့ပါဘုရား။

ဘယ်ရောက်သွားပြီလဲ။

အနိစ္စရောက် ချုပ်ပျောက်သွားပါပြီဘုရား။

မြင်လျှင် မြင်တဲ့အတိုင်း ကြည့်ကြ ရှုကြပါလေ၊ တေဇောအပူဓာတ် အနိစ္စ ဒုက္ခ အနတ္တ။

အို သူတော်ကောင်းတို့၊ ခြေပူသည်, လက်ပူသည်, ကျောပူသည်, ရင်ပူသည်, မျက်စိပူသည်, နားပူသည်, နှာပူသည်, လျှာပူသည်, ရူပကာယ ပူပူသမျှတို့ကို အလုံးကြီး အခဲကြီး အထည်ကြီး ဒြပ်ကြီးရယ်လို့ ကစုထဲ တပေါင်းထဲ မဖြစ်စေရပါ၊ နာမည်ပညတ်တွေရယ်(ဝါ)သဏ္ဌာနပညတ်တွေရယ်, တေဇော အပူဓာတ် ပရမတ်ရယ် နှစ်မျိုးနှစ်စားတို့ကို ခွဲခွဲခြားခြား စေ့ စေ့ စပ်စပ် ကြည့်ကြရမည်၊ အမြင်မှားမှု အတ္တဒိဋ္ဌိကို အမြင်မှန်မှု သမ္မာဒိဋ္ဌိ ဝိပဿနာ ဉာဏ်ပညာ မျက်စိဖြင့် ကြည့်ရှု သုတ်သင် ရှင်းလင်းကြရမည်။

## ၂၂။ ဝါယောဓာတ်၌ ဝိပဿနာရှုပုံ

ပဋ္ဌိစ္စသမုပ္ပါဒဒီပနီကျမ်း၌ ငါလှုပ်ရှားသည်ဟူဆိုသေ၀အခါ ဝါယော၌ စွဲသော ဒိဋ္ဌိတည်းဟု ဆက်လက်၍လာပါသည်။

**ရှင်းလင်းချက်—**

ခြေလှမ်းလျှင် လှမ်းမှန်းသိ။

လက်ယမ်းလျှင် ယမ်းမှန်းသိ။

မျက်တောင်ခပ်လျှင် ခပ်မှန်းသိ၊

ပါးစပ်လှုပ်လျှင် လှုပ်မှန်းသိ။

လက်ယပ်လျှင် ယပ်မှန်းသိ။

ဥကွှောင်းခါလျှင် ခါမှန်းသိ။

စိတ်ကြောင့်ဖြစ်သော လှုပ်ရှားဝါယော လေဓာတ်၏ အလုပ်ကိစ္စပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ဓာတ်ဆိုးမြင်သလို ခြေ လက် မျက်တောင် ပါးစပ် လက် ဥကွှောင်းတို့၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ ( ဉာတပရိညာ၌, သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်)တို့ကို ဆက်လက်၍ ပွားပါလေ။

## ၂၃-ဇရတာရုပ်၌ ဝိပဿနာရှုပုံ

တဖန် ပဋ္ဌိစ္စသမုပ္ပါဒဒီပနီမှာ "ငါကြီးပြီ၊ ငါကြီးရလတံ့၊ ငါအိုပြီ၊ ငါအိုရလတံ့၊ ငါသေလုပြီ၊ ငါသေရလတံ့" ဟုဆိုသောအရ ဇရတာရုပ် အနိစ္စတာရုပ်တို့၌ စွဲသောဒိဋ္ဌိတည်း၊ ဤသို့လျှင် အနိစ္စဖြစ်သော ဇရာရုပ် မရဏတာရုပ်တို့မှာပင် သက္ကာယဒိဋ္ဌိ (အတ္တဒိဋ္ဌိ) ငရဲမီး တောက်လောင် ချေသေး၏၊ ကြွင်းကျန်သော ရုပ်တို့မှာ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟူ၍ မိန့်မှာတော် မူခဲ့ပါသည်။

အို သူတော်ကောင်းတို့၊ ယခုထုတ်နုတ်ချက်တို့ကို အလုပ်လုပ်ရန်အတွက်နှင့် ရှင်းပြပါဦးမည်။

ငါရယ်, အိုမှုရယ် အိုမှုရယ်, ငါရယ် နှစ်မျိုးနှစ်စား အထင်အရှားရှိပါလျက် တခုတည်း တပေါင်းတည်းပြု၍ "ငါအိုပြီ" ဟု ပြောလဲပြောကြသည် ထင်မြင်မှတ်သားလဲ မှတ်သားကြသည်၊ ငါကလူ ပုဂ္ဂလပညတ် ပုံသဏ္ဌာန်ရှိလို့ သဏ္ဌာနပညတ် ရုပ်နာမ်နှစ်ရပ် ပေါင်းစပ်ထားသောကြောင့် သမူဟပညတ်၊ အိုမှုက ဇရတာ ရုပ်ဓာတ် ရုပ်ပရမတ်- အဲတာလို ပညတ် ပရမတ် ခွဲခြားပြီးသည့်နောက် အိုလျှင် အိုမှန်းသိ၊ ဇရတာရုပ် ပရမတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကိုဉာဏ်ပညာဖြင့်သိ၊ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင် ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

ဇရတာ ရုပ် အနိစ္စ ဒုက္ခ အနတ္တ။

ငါမို့လို့ အိုမင်းဆွေးမြေ့တာမဟုတ်၊ ဇရတာရုပ် ပရမတ်မို့ အိုမင်းဆွေးမြေ့တာပါတကား။

အိုမှုသည် ငါမဟုတ်၊ ငါသည်အိုမှုမဟုတ်၊ အိုမှုပေါ်မှာ ငါကမမှီ၊ ငါပေါ်မှာ အိုမှုက မမှီပါတကား။

အဲတာကို အိုမှုကတခြား ငါကတခြား ကွဲပြားအောင် အမြင်မှန်ဖြင့် အဖန်ဖန် အထပ်ထပ် အကြိမ်ပေါင်းများစွာ ရှုပွါးပြီးလျှင် အမြင်မှားမှု အတ္တဒိဋ္ဌိကို ပယ်စွန့်မောင်းနှင်တတ်ကြရမည်၊ အိုမှုဇရတာရုပ်ကို အာရုံပြု၍ ကောင်းမှုကုသိုလ် အကောင်းဆုံးကို ယူတတ်ကြရမည် သူတော်ကောင်းတို့။

အိုသူတော်ကောင်းတို့ အပူဓာတ် ကိလေသာဆယ်မျိုးတို့အနက် ရှေးဦးစွာ ပယ်ဖျက်ရသော သက္ကာယဒိဋ္ဌိ (ဝါ) အတ္တဒိဋ္ဌိအတွက် ဆက်လက်ပြီး ဆရာတော်ဘုရားကြီး က ရေးသားတော်မူခဲ့ပြန်ပါသည်၊ မိမိကိုယ်ကို ဆိုမှုသာ သက္ကာယဒိဋ္ဌိ (အတ္တဒိဋ္ဌိ) ဖြစ်သည်မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ မိန်းမယောကျ်ား ဟူသော ထင်မြင်စွဲလမ်းချက်နှင့် မည်သူမြင်သည် မည်သူကြားသည် စသည်ဖြင့် ဆိုရာ၌လည်း သူတပါးတို့၏ ရုပ်နှစ်ဆဲ့ရှစ်ခုတို့မှာ စွဲသော မိမိ၏ သက္ကာယဒိဋ္ဌိပင်တည်း၊ ခက်မာမှု ပူမှု အေးမှု စသည်ဖြင့် အစိတ်အစိတ် မခွဲခြားမူ၍ တကိုယ်လုံးကို တခုတည်းပြု၍ ငါ ငါ ဟု စွဲသောဒိဋ္ဌိ (အတ္တဒိဋ္ဌိ)ချည်းပင် ဟူ၍ ရေးသားတော်မူခဲ့ပါသည်။

အို သူတော်ကောင်းတို့၊ ပညတ်နှင့် ပရမတ်တွဲစပ်၍ မြင်လျှင် အမြင်မှား သက္ကာယဒိဋ္ဌိ (အတ္တဒိဋ္ဌိ) ဖြစ်တော့သည်၊ ပြဆိုခဲ့သည့်အတိုင်း ပညတ်နှင့်ပရမတ် ခွဲခြားပြီး ပရမတ်တရား ဓာတ်တရားတို့က သူတို့သဘာဝအတိုင်း ဖြစ်၍ပြ ပျက်၍ ပြပုံတို့ကို သတိထားပြီး အသိတရားနှင့် ကြည့်လိုက်လျှင် အမြင်မှန် သမ္မာဒိဋ္ဌိတို့ကို ချမ်းချမ်းသာသာ လွယ်ကူစွာဖြင့် ရရှိနိုင်သည့် အချက်တို့ကိုလဲ နားလည်ကြစေလိုသည်၊ နားရှင်းကြစေလိုသည်၊ ငါပူသည် ဆိုသည့် စကားကို ခွဲခြားနိုင်အောင် ခွဲခြားသကဲ့သို့ တွဲပြားအောင်လည်း ခွဲခြားကြစေလိုသည်။

အို သူတော်ကောင်းတို့၊ ဝိပဿနာမှု ရှုသင့်ရှုထိုက်သော လောကီရုပ်ဓမ္မ နာမ်ဓမ္မတို့ကို အကုန်ပင်မဟုတ်စေကာမူ အကျဉ်းချုပ်အားဖြင့်—

မြေ ရေ လေ မီး၊ ဓာတ်ကြီးလေးခု၊ စက္ခု သောတ၊ ဃာန ဇိဝှါ၊ ကာယ မန၊ ဆအကြည်ဓာတ်၊ ဖဿ ဝေဒနာ၊ စေတနာနှင့်၊ သညာ

တကွ၊ ဤဓာတ်မျှကို၊ လုလှကိုယ်တွင်း၊ ကွင်းကွင်းမြင်က၊ ဉာဏ်သက္ကာယ၊ သေကိုန်းကျသည်၊ ဆေးမျှားသိဒွိ အကျော်တည်း။

ဤဆေးနိဒါန်းကို ကြေကြေကျက်၍ ထိုတဆယ့်လေးပါးသော ဓာတ်ရင်းဓမ္မရင်းတို့ကို မိမိကိုယ်ခန္ဓာအတွင်း သူတပါးတို့ ခန္ဓာကိုယ်အတွင်း၌ ဖြစ်မှုပျက်မှုပဋိစ္စသမုပ္ပါဒ်နှင့်တကွ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းပိုင်ပိုင် မြင်စွမ်းနိုင်အောင် သဒ္ဓါ ဆန္ဒ ဝီရိယ သတိ သမာဓိတို့ဖြင့် နေ့ညမခြား အားထုတ်ရာသတည်း။ (ပဋိစ္စသမုပ္ပါဒ်ဒီပနီကျမ်းမှ)

ဤလက်ာအရ ဥဒါဟရဏ်ထုတ်၍ ပြလိုက်မည်၊ပညတ်နှင့်ပရမတ်,အတ္တနှင့်အနတ္တ, အကြောင်းနှင့်အကျိုး, ရုပ်၏အလုပ် နာမ်၏အလုပ် ခွဲခြားပြီးကွဲပြားအောင် ရှုကြစေလိုသည်၊ သူတော်ကောင်းတို့။

| | | | |
|---|---|---|---|
| ဆံပင်မာသည် ဓမ္မသင်္ဂဏီ ပဒအမှတ် | | | (၆၄၇) |
| သွားမာသည် | ။ | ။ | ( ။ ) |
| အရေပျော့သည် | ။ | ။ | ( ။ ) |
| သလိပ်ကြပ်သည် | ။ | ။ | (၇၂၆) |
| ဥကွောင်းငြိမ့်သည် | ။ | ။ | (၆၄၇) |
| ကျောပူသည် | ။ | ။ | ( ။ ) |
| မျက်စိကြည်သည် | ။ | ။ | (၅၉၆) |
| နားကြည်သည် | ။ | ။ | (၆၀၀) |
| နှာခေါင်းကြည်သည် | ။ | ။ | (၆၀၄) |
| လျှာကြည်သည် | ။ | ။ | (၆၀၈) |
| ကိုယ်ကာယကြည်သည် | ။ | ။ | (၆၁၂) |
| စိတ်မနောကြည်သည် | ။ | ။ | (၆၈) |

မျက်စိထဲတွေ့သည် ။ ။ (၂)

ကြည့်ကောင်းသည် ။ ။ (၃)

ကြည့်မကောင်းဘူး ။ ။ (၄၁၅)

ငါလုပ်သည်၊ ငါပြောသည် ။

ငါနှိုးဆော်သည် (စေတနာ) ။ (၅)

ငါမှတ်မိသည် (သညာ) ။ (၄)

အို သူတော်ကောင်းတို့ "ငါမှတ်မိသည်" ဆိုရာ၌ ငါရယ်, မှတ်မိမှုရယ် နှစ်မျိုးနှစ်စား အထင်အရှား ရှိပါလျက် တခုတည်း တပေါင်းတည်းပြု၍ "အဒ္ဓယံ သမန်ပဿတိ" ငါမှတ်မိသည်ဟု ပြောလဲပြောကြသည်၊ ပြောတဲ့ အတိုင်း ထင်မြင်မှတ်သားလဲ မှတ်သားကြသည်။

"ငါ" က လူ ပုဂ္ဂလပညတ် သဏ္ဌာနပညတ် သမူဟပညတ်၊ "မှတ်မိမှု" က သညာ စေတသိက် ပရမတ်၏ ဓမ္မဓာတ်။

သခ်တဓာတ်၊ ပရမတ်မှန်၊ ခပ်မြန်မြန်၊ ကေန်မုချ၊ ဖြစ်ပျက်ပြ၏။

သို့ကလို ပညတ် ပရမတ်ခွဲပြီးမှ အာရုံတခုခုကို "မကောင်းလဲမှတ်၊ ကောင်းလဲမှတ်၊ မှတ်မိလျှင် မှတ်မှန်းကိုသိ၊ သညာစေတသိက် ပရမတ္ထတရား၏ အလုပ်ကိစ္စပါတကား"ဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုးထင်မြင်သလို ငါ၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင် ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

မကောင်းလဲမှတ်၊ ကောင်းလဲမှတ်၊ မှတ်သားမှုသညာ ပရမတ္ထတရားသည် အမြဲမရှိ အနိစ္စ၊ ဝိပရိဏာမဒုက္ခ၊ လူမဟုတ် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ" မှတ်သားမှု သညာသည် ငါ၏ဥစ္စာပစ္စည်း မဟုတ်ပါ တကား။

"နေသောဟမသ္မိ" ငါမို့လို့ မှတ်သားမိတာ မဟုတ်ပါတကား၊ သညာ စေတသိက်ပရမတ္ထတရားမို့ မှတ်သားမိတာပါတကား။

"န မေသော အတ္တာ"မှတ်သားမှုသည် ငါမဟုတ်ပါတကား၊ ငါသည် မှတ်သားမှုသညာ မဟုတ်ပါတကား၊မှတ်သားမှုသညာပေါ်မှာ ငါက မမှီပါ တကား၊ ငါပေါ်မှာ မှတ်သားမှုက မမှီပါတကား။

အိုသူတော်ကောင်းတို့၊ မှတ်သားမှုသညာ ဓမ္မဓာတ်သည် အချင်းချင်း နာမက္ခန္ဓာတို့အပေါ်မှာ မှီပါသည်၊ ၎င်းနာမက္ခန္ဓာတို့သည် ဟဒယ ဝတ္ထုရုပ် ပေါ်မှာ မှီပါသည်၊ ဟဒယဝတ္ထုရုပ်သည် ဝတ္ထုဒသက ကလာပ်၌ရှိသော မြေ ရေ လေ မီးဓာတ်ကြီးတို့သည် အချင်းချင်းမှီကြကုန်သည်ဖြစ်၍ တနာရီအတွင်း မှာပင် ဓာတ်ကမ္ဘာလောကကြီး အကြိမ်ကြိမ် မီးဖျက်၍ အကြိမ်ကြိမ်လဲ ဖြစ်ပေါ်လာကြပြန်ပါသည်။

ပစ္စယနိဒ္ဒေသ၌ = "နိဿယပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အည မညံ နိဿယပစ္စယေန ပစ္စယော" အစရှိသောပါဠိတော်မှာ ကြည့်ရှုလေ့လာ ကြစေလိုသည်။

## ၂၄-ပရိယတ်နှင့် ပဋိပတ်

### ခေတ် (၁၈)ပါး ဝိပဿနာရှုရန်

### ပဋ္ဌာန်းနည်းဆိုရိုး

"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"

ဟူသော ဤပစ္စယနိဒ္ဒေသ ပဋ္ဌာန်းပါဠိတော်၌....

ရူပါယတနံဖြင့် အတိုက်ဓာတ်ကိုပြတော်မူသည်၊ စက္ခုဖြင့် အခံဓာတ်ကို ပြတော်မူသည်၊ ဝိညာဏဖြင့် အပွင့်ဓာတ်ကို ပြတော်မူသည်၊ ဓာတုယာဖြင့် ဓာတ်သဘာဝသက်သက် ဖြစ်ပုံကို ပြတော်မူသည်၊ ငါ သူတပါးယောကျ်ား မိန်းမ အကောင်အထည် ဒြပ်သဏ္ဍာန် မရှိဟု နားလည်ကြစေလိုသည်။

ရူပါရုံ မျိုးစုံတို့ကို ဓမ္မသင်္ဂဏီပဒအမှတ် (၆၁၆)မှာကြည့်ပါ၊ "အဝတ် ညိုညို" အပေါင်းခေါ် အပေါင်းကိုသိလျှင် အတ္တဝါဒ အတ္တဒိဋ္ဌိ ဖြစ်၏၊ "အဝတ်နှင့်အဆင်းညို" နှစ်မျိုးခွဲခြားသိလျှင် သမ္မာဒိဋ္ဌိဖြစ်၏၊ အလုပ်စခန်း ဝင်လျှင် ယခုဆိုရိုးကို ဆောင်ထားကြပါကုန်။

## ၂၅။ အတိုက်ခေတ် ရူပါရုံ၌ ဝိပဿနာရှုပုံ

စက္ခုပသာဒရုပ် ကြည်ကြည်လင်လင်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှုန်းကိုသိ၊ အဆင်းအရောင် ရူပါရုံရူပခေတ်၏ အလုပ် ကိစ္စပါ တကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေတ်ဆိုးခေတ်ဝါး ထင်မြင်သလို အဲဝတ်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့်။
(ဉာတပရိညာဉ်, ကိစ္စဉာဏ်)

အဝတ်ကိုလျော်၍ သဘောကျရာ နီ ဝါ နက် စိမ်း တခုခု ဆိုးလိုက်လျှင် အညိုရောင်အဆင်း အနိစ္စရောက်ပုံကို ကိုယ်တွေ့ ဉာဏ်တွေ့ တွေ့ကြရလိမ့်မည်၊ အညိုရောင်ရူပခေတ် အနိစ္စ၊ ထို့ကြောင့် အညိုအဆင်းအရောင် ရူပခေတ်သည် အမြဲမရှိ အနိစ္စ၊ အဆင်းညိုညိုမှ အခြားတပါးသော အဆင်းအရောင် ပြောင်းရသောကြောင့် ဝိပရိဏာမဒုက္ခ၊ အဝတ်အထည်မဟုတ် အနတ္တ။
(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

“နေတံ မမ = န ဧတံ မမ” အညိုရောင် ရူပခေတ်သည် အဲဝတ်၏ ဥစ္စာမဟုတ်ပါတကား။

“နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ” အဝတ်မို့ စက္ခုပသာဒ မျက်စိအကြည်အလင်မှာ ထင်ပေါ်ထိခိုက်သည် မဟုတ်ပါတကား၊ အညိုရောင် ရူပခေတ်မို့ မျက်စိအကြည်မှာ ထိခိုက်ထင်ပေါ်တာပါတကား။

“နမေသော အတ္တာ = န မေ ဧသော အတ္တာ”အညိုရောင်ရူပခေတ်သည် အဝတ်မဟုတ်ပါတကား၊ အဝတ်သည် အညိုရောင် မဟုတ်ပါတကား၊အညိုရောင်ပေါ်မှာ အဝတ်က မမှီပါတကား၊ အဝတ်ပေါ်မှာ အညိုရောင်က မမှီပါတကား၊ အညိုရောင် အဆင်း ရူပခေတ်သည် မိမိ ကလာပ်၌ရှိသော မြေ ရေ လေ မီး ခေတ်ကြီးလေးပါးကိုသာ မှီပါတကား။

## ၂၆။ အခံဓာတ် စက္ခုပသာဒရုပ်၌ ဝိပဿနာရှုပုံ

အဆင်းမျိုးစုံ ရူပါရုံ ရူပဓာတ် ထိခိုက်၍ ထင်ပေါ် လောက်အောင် ကြည်လင်လျှင် ကြည်လင်မှုန်းကိုသိ၊ စက္ခုပသာဒဝတ္ထု မျက်စိ အကြည် အလင်ရုပ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ဓာတ်ဝါး ထင်မြင်သလို မျက်စိ၏ အလုပ်ကိစ္စပါတကား၊ ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

စက္ခုပသာဒဝတ္ထု မျက်စိအကြည်အလင်ရုပ်သည် အမြဲမရှိ အနိစ္စ၊ အသစ် အဟောင်း ပြောင်းလဲဖောက်ပြန်၍နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ပညတ် မျက်စိမဟုတ် အနတ္တ၊ ငါကိုယ်ကောင်မဟုတ် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န တော် မမ" စက္ခုပသာဒရုပ်ဝတ္ထု မျက်စိ အကြည် အလင်ရုပ်သည် ငါကိုယ်ကောင်၏ ဥစ္စာပစ္စည်းမဟုတ်ပါတကား၊ ငါ့ကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ပါတကား၊ အတိတ်ဘဝကံ ကာမာဝစရ ကုသိုလ် စေတနာကြောင့် ဖြစ်ပေါ်လာတာပါတကား။

"နေသောဟမသ္မိ = န သော အဟံ အသ္မိ" ပညတ်မျက်စိမို့ ကြည်လင် တာ မဟုတ်ပါတကား၊ စက္ခုပသာဒရုပ် ပရမတ်မို့ ကြည်လင်တာပါတကား၊ ငါကိုယ်ကောင်မို့ ကြည်လင်တာမဟုတ်ပါတကား။

"န မေသော အတ္တာ = န မေ သော အတ္တာ" စက္ခုပသာဒ အကြည် အလင်ရုပ်သည် ငါကိုယ်ကောင် မဟုတ်ပါတကား၊ ငါကိုယ်ကောင်သည်

စက္ခုပသာဒ အကြည်အလင်ရုပ် မဟုတ်ပါတကား၊ စက္ခုပသာဒ အကြည်အလင်ရုပ်ပေါ်မှာ ငါကိုယ်ကောင်က မမှီပါတကား၊ ငါကိုယ်ကောင်ပေါ်မှာ စက္ခုပသာဒ အကြည်အလင်ရုပ်က မမှီပါတကား (ပဟာနပရိညာဉ်, ကတဉာဏ်)

* စက္ခုပသာဒဝတ္ထု မျက်စိအကြည်အလင်ရုပ်သည် စက္ခုဒသက ကလာပ်၌ ရှိသော မြေ ရေ လေ မီးဓာတ်ကြီးလေးပါးတို့ကိုမှီသည်။ (မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန ပစ္စယော။)

---

## ၂၇။ အပွင့်ဓာတ် စက္ခုဝိညာဉ်၌ ဝိပဿနာရှုပုံ

အဆင်းအရောင်မျိုးစုံ ရူပါရုံတို့ကို မကောင်းလဲမြင်၊ ကောင်းလဲမြင်၊ မြင်လျှင်မြင်မှန်းသိ၊ စက္ခုဝိညာဏဓာတ် မျက်စိစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ဓာတ်ဆိုးထင်မြင်သလို စက္ခုပသာဒရုပ်၏ အလုပ်ကိစ္စမဟုတ်ပါတကား၊ ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ကပါတားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

“မျက်လှာကိုပိတ် အာရုံဆိတ်(တနည်း) မျက်စိကိုမှိတ် အာရုံဆိတ် မြင်စိတ် မရှိပြီ” မြင်စိတ်အနိစ္စ၊ မကောင်းလဲမြင်၊ ကောင်းလဲမြင်၊ မြင်မှုစက္ခုဝိညာဏစိတ် မျက်စိစိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်းပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ငါကိုယ်ကောင်မဟုတ် အနတ္တ၊

အလိုရှိရာ မပါမလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ လူမဟုတ်အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" မြင်စိတ်သည် ငါကိုယ်ကောင်၏ ဥစ္စာ ပစ္စည်းမဟုတ်ပါတကား၊ ရူပါရုံကြောင့်ဖြစ်၍ ရူပါရုံ၏ဥစ္စာပစ္စည်းပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့ လို့မြင်တာ မဟုတ်ပါ တကား၊ စက္ခုဝိညာဏခေတ် မျက်စိစိတ်ခေတ်မို့ မြင်တာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" မြင်စိတ်သည် ငါကောင် မဟုတ်ပါတကား၊ ငါကိုယ်ကောင်သည် မြင်စိတ်မဟုတ်ပါတကား၊ မြင်စိတ် ပေါ်မှာ ငါကိုယ်ကောင်က မမှီပါတကား၊ ငါကိုယ်ကောင်ပေါ်မှာ မြင် စိတ်က မမှီပါတကား။ (ပဟာနပရိညာဉ်, ကတဉာဏ်)

မြင်စိတ်သည် အချင်းချင်း နာမက္ခန္ဓာ လေးပါးပေါ်မှာမှီကြ၏၊ ထို နာမက္ခန္ဓာလေးပါးတို့သည် စက္ခုပသာဒဝတ္ထုရုပ်ကို မှီကြ၏။

အိုး သူတော်ကောင်းတို့ ရူပါယတနံ အတိုက်ခေတ် စက္ခု အခံခေတ်, ဝိညာဏ အပွင့်ခေတ်တို့၌ အမြင်မှားမှု အတ္တဒိဋ္ဌိ အကုသိုလ်ကို ပယ်စွန့်ရန် ခေတ်သဘာဝသုံးခုတို့ကို ခေတ်သဘာဝအတိုင်း အမြင်မှန် သမ္မာဒိဋ္ဌိဉာဏ် ကုသိုလ် ရနိုင်သော "ဝိဇ္ဇာ" အတတ်ပညာဟု နားသည် ကြစေလိုသည်၊ ကိလေသာ ၁၀-ပါးတို့အနက် အတ္တဒိဋ္ဌိ (ဝါ) သက္ကာယဒိဋ္ဌိ ကိလေသာကို ပယ်နိုင်ပြီ၊ ဝိသုဒ္ဓိ ၇-ပါးတို့အနက် မဖြစ်ဘူးသေးသော ဒိဋ္ဌိဝိသုဒ္ဓိ အမြင် စင်ကြယ်မှု ဝိသုဒ္ဓိအထူးကုသိုလ်ရပေပြီ၊ အတတ်ပညာကိုရပေပြီ။

## ၂၈။ အတိုက်ဓာတ် သဒ္ဓါရှဲ့၌ ဝိပဿနာရှုပုံ

"သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။"

သဒ္ဒါယတနံဖြင့် အတိုက်ဓာတ်ကို ပြတော်မူ၏၊ သောတဖြင့်အခံဓာတ်ကို ပြတော်မူ၏၊ ဝိညာဏဖြင့် အပွင့်ဓာတ် ပေါ်ပေါက်လာသောဓာတ်ကို ပြတော်မူ၏။

အတိုက်ဓာတ်တို့ကို ဓမ္မသင်္ဂဏီပါဠိတော် ဆင့်မူ ပဒ အမှတ် (၆၂၀)၌ ဘေရိသဒ္ဒေါစည်သံစသည်ဖြင့် အကျယ်ဟောတော်မူပါသည်၊ ပါဠိတော်လာ ဤ စည်သံကိုပင် အမြင်မှားမှု အတ္တဒိဋ္ဌိဘေးမှ ကင်းဝေးစင်ကြယ်စေရန် "အမြင်မှန်"သမ္မာဒိဋ္ဌိကဆောင်၍ အလုပ်လုပ်ပုံကို ပြပေအံ့။

သောတပသာဒအကြည်အလင်ရုပ်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှန်းကိုသိ၊ အသံသဒ္ဒဓာတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက်ဓာတ်ဆိုးထင်မြင်သလို စည်၏အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ။ ညာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာ၌, သစ္စဉာဏ်)

အသံသဒ္ဒသည် အမြဲမရှိ အနိစ္စ၊ ရှေးတသံပျက်မှ နောက်တသံဖြစ်ပြီး အသစ်နှင့်အဟောင်း ပြောင်းလဲ၍ နေ့သောကြောင့် ဝိပရိဏာမဒုက္ခ၊ စည် မဟုတ် အနတ္တ။ (တီရဏပရိညာ၌, ကိစ္စဉာဏ်)

နေတံ မမ = နေတံ မမ"အသံသဒ္ဒဓာတ်သည် စည်၏ဥစ္စာပစ္စည်းမဟုတ်ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" စည်မှို့လို့ သောတပသာဒ နှားအကြည်ရုပ်မှာ ထိခိုက်ထင်ပေါ်ခြင်းမဟုတ်ပါတကား၊ အသံ သဒ္ဒခါတ်မှို့ သောတပသာဒ နှားအကြည်ရုပ်မှာ ထိခိုက် ထင်ပေါ်လာတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" အသံဓာတ်သည် စည် မဟုတ်ပါတကား၊စည်သည် အသံဓာတ်မဟုတ်ပါတကား၊ အသံဓာတ်ပေါ်မှာ စည်က မမှီပါတကား၊ စည်ပေါ်မှာ အသံဓာတ်က မမှီပါတကား။

(ပဟာနပရိညာ၃၊ ကတဉာဏ်)

—

## ၂၉။ အခံဓာတ် သောတပသာဒရုပ်၌ ဝိပဿနာရှုပုံ

အသံမျိုးစုံ ကောင်း-မကောင်း သဒ္ဒါရုံ သဒ္ဒဓာတ်တို့ ထိခိုက်ထင်ပေါ်လောက်အောင် ကြည်လင်လျှင် ကြည်လင်မှုန်းကို သိ၊ သောတပသာဒဝတ္ထုရုပ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာ၃၊ သစ္စဉာဏ်)

သောတပသာဒ နှားအကြည်လင်ရုပ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်းပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ငါကိုယ်ကောင်

မဟုတ် အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် အနတ္တ။ (တိရစ္ဆာနပရိညာဉ်, ကိစ္စညာဏ်)

"နေတံ မမ = န ဧတံ မမ" နားအကြည်ရုပ်သည် ငါကိုယ်တော်၏ ဥစ္စာပစ္စည်းမဟုတ်ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမို့လို့ အသံအမျိုးမျိုးတို့၏ အတိုက်အခိုက်ခံရသည် မဟုတ်ပါတကား၊ သောတပသာဒ နားအကြည်ရုပ်မို့ အသံအမျိုးမျိုးတို့၏ အတိုက်အခိုက်ကိုခံ၍ နေရတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" သောတပသာဒ အကြည်ရုပ်သည် ငါမဟုတ်ပါတကား၊ ငါသည် သောတပသာဒ အကြည်ရုပ် မဟုတ်ပါတကား၊ သောတပသာဒ အကြည်ရုပ်ပေါ်မှာ ငါက မမှီပါတကား၊ ငါပေါ်မှာ သောတပသာဒအကြည်ရုပ်က မမှီပါတကား။

(ပဟာနပရိညာဉ်, ကတညာဏ်)

သောတပသာဒဝတ္ထု အကြည်အလင်ရုပ်သည် သောတဒသက ကလာပ်၌ရှိသော မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးတို့ကို မှီပါတကား။ (နိဿယ ပစ္စယောတိ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။)

### ၃၀။ အပွင့်ခေတ်သောတဝိညာဏ်၌ ဝိပဿနာရှုပုံ

"ငါကြားသည်" ပြောကြရာ၌ မကောင်းလဲကြား၊ ကောင်းလဲကြား၊ ကြားလျှင် ကြားမှန်းသိ၊သောတဝိညာဏခေတ်နားစိတ်ခေတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေတ်ဆိုး ခေတ်ဝါး ထင်မြင်သလိုနား၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကား၊ ငါ၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

မကောင်းလဲကြား၊ ကောင်းလဲကြား၊ ကြားမှုသောတ ဝိညာဏခေတ်နားစိတ်ခေတ်သည် အမြဲမရှိအနိစ္စ၊ အသစ်အဟောင်းပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ငါကိုယ်ကောင်မဟုတ် အနတ္တ၊ အလိုသို့မလိုက်အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ် အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

**ဆောင်ရန်။** ။နားသီးကိုပိတ်၊ အာရုံဆိတ်၊ ကြားစိတ်မပွင့်ပြီ။
နားတံခါးပိတ်၊ အာရုံဆိတ်၊ ကြားစိတ်မဖြစ်ပြီ။

"နေ့တံ မမ = န တေံ မမ" နားစိတ်ခေတ်သည် (ဝါ) ကြားစိတ်သည် ငါ၏ဥစ္စာပစ္စည်းမဟုတ်ပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံအသ္မိ" ငါမို့လို့ကြားတာ မဟုတ်ပါတကား၊ နားစိတ်မို့ ကြားတာပါတကား။

"န မေသော အတ္တာ = န မေ သော အတ္တာ" ကြားမှုသည် ငါမဟုတ်ပါတကား၊ ငါသည် ကြားမှုမဟုတ်ပါတကား၊ ကြားမှုအပေါ်မှာ ငါက မမှီပါတကား၊ ငါ့ပေါ်မှာကြားမှုက မမှီပါတကား။

(ပဟာနပရိညာဉ်, ကတညာဏ်)

ကြားမှုသည် အချင်းချင်း နာမက္ခန္ဓာကိုမှီ၏၊ ၎င်း နာမက္ခန္ဓာသည် သောတပသာဒ ဝတ္ထုရုပ်ကို မှီသည်။

အို သူတော်ကောင်းတို့၊ သဒ္ဒ အသံ အတိုက်ခတ်, သောတ အခံခတ်, ဝိညာဏ ကြားမှုအပွင့်ခက် သုံးမျိုးတို့၌ အထင်အမြင်မှားမှု အတ္တဒိဋ္ဌိ အကုသိုလ်ကိလေသာ ခတ်ဆိုးကင်းကွာစေရန် အမြင်မှန် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဤသို့ ဝိပဿနာ ပွားများကြရပေသည်။

## ၃၁။ အတိုက်ဓာတ်ဂန္ဓာရုံ၌ ဝိပဿနာရှုပုံ

"ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"

ကောင်းမကောင်း အနံ့မျိုးစုံ ဂန္ဓာရုံတို့ကို ဓမ္မသင်္ဂဏီပါဠိတော် ဆဋ္ဌမူ ပဒအမှတ်(၆၂၄)၌ "မူလဂန္ဓော သာရဂန္ဓော" စသည်ဖြင့် အကျယ် ဟောတော်မူပါသည်၊ ယခု ပုပ္ဖဂန္ဓော ပန်းနံ့တခုကိုသာ ဖော်ပြပါသည်။

"စမ္ပယ်ပန်းနံ့သည် မွှေးသည်, စမ္ပယ်ပန်းမွှေးသည်"ဟု ဆိုရာ၌ ပန်းရယ်, မွှေးမှုရယ် နှစ်မျိုးနှစ်စား ထင်ရှားရှိပါလျက် တပေါင်းတည်းပြု၍ တခုတည်းပြု၍ "ပန်းမွှေးတယ်"ဟု ပြောလဲပြောကြသည်၊ စိတ်ကလဲထင်မြတ်မှတ်သားကြပါသည်။

"ပန်းနံ့"ဃာနပသာဒ ဝတ္ထုရုပ်မှာ အကြည်အလင်ကို ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှုန်းကိုသိ။ အနံ့ဓာတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက်ဓာတ်ဆိုး ထင်မြင်သလို ငါ၏ အလုပ်ကိစ္စမဟုတ် မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာ၌, သစ္စဉာဏ်)

အနံ့ဓာတ် ဂန္ဓဓာတ်သည် အမြဲမရှိအနိစ္စ၊ အသစ်အဟောင်းပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ပန်းမဟုတ် အနတ္တ။

(တီရဏပရိညာ၌, ကိစ္စဉာဏ်)

"နေတံ မမ = န တေ မမ" အနံ့ဓာတ်သည် ပန်းဒြပ်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ ဂန္ဓရုပ်၏ ဥစ္စာပစ္စည်းပါတကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ပန်းမှိုလို့ ဃာနပသာဒ ဝတ္ထု နှာအကြည်အလင်၌ ထိခိုက်ထင်ပေါ်တာ မဟုတ်ပါတကား၊ ဂန္ဓာရုံမှို့လို့ ထိခိုက်ထင်ပေါ်တာမပါတကား။

"နမေသော အတ္တာ = န မေ ဧသော အတ္တာ" အနံ့ဓာတ်သည် ပန်းမဟုတ်ပါတကား၊ ပန်းသည် အနံ့ဓာတ်မဟုတ်ပါတကား၊ အနံ့ဓာတ်ပေါ်မှာ ပန်းက မမှီပါထကား ပန်းပေါ်မှာ အနံ့ဓာတ်က မမှီပါတကား။

(ပဟာနပရိညာဉ်, ကတညာဏ်)

## ၃၂။ အခံဓာတ် ဃာနပသာဒရုပ်၌ ဝိပဿနာရှုပုံ

ကောင်းမကောင်းသော အနံ့မျိုးစုံအနံ့ဓာတ် ဂန္ဓာရုံတို့ ထိခိုက်ထင်ပေါ်လောက်အောင် ကြည်လင်လျှင် ကြည်လင်မှုန်းကိုသိ၊ ဃာနပသာဒဝတ္ထုရုပ်နှာအကြည်အလင် ရုပ်၏အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက်ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ညာဏ်ပညာဖြင်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

## ၃၃။ အပွင့်ဓာတ်ဒ ဿာနဝိညာဉ်၌ ဝိပဿနာရှုပုံ

မကောင်းလဲနံ၊ ကောင်းလဲနံ၊ နံလျှင်နံမှန်းသိ၊ ဃာနဝိညာဏ်ဓာတ် နှာစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉတပရိညာဉ်, သစ္စဉာဏ်)

မကောင်းလဲနံ၊ ကောင်းလဲနံ၊ နံမှုဃာန ဝိညာဏဓာတ် နှာစိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမ ဒုက္ခ၊ ကိုယ်ကောင်မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" နှာစိတ်ဓာတ်သည် ငါကိုယ်ကောင်၏ ဥစ္စာ ပစ္စည်းမဟုတ်ပါတကား၊

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" ငါမိုလို့ "အနံ့ကို နံသည် မဟုတ်ပါတကား၊ ဃာနဝိညာဏဓာတ် နှာစိတ်ဓာတ်မို့ အနံ့ကို နံတာပါ တကား။

"န မေသော အတ္တာ = န မေ သော အတ္တာ" နှာစိတ်သည် ငါကောင် မဟုတ်ပါတကား၊ ငါကိုယ်ကောင်သည် နှာ စိတ်ဓာတ်မဟုတ်ပါတကား၊ နှာ စိတ်ဓာတ်ပေါ်မှာ ငါကမမှီပါတကား၊ ငါကောင်ပေါ်မှာ နှာစိတ်ဓာတ် က မမှီပါတကား။ ။ (ပဟာနပရိညာဉ်, ကတဉာဏ်)

(အဆင့်ဆင့်မှီပုံများကို ဖော်ပြခဲ့ပြီး)

## ၃၄။ အတိုက်ခေတ်ရသာရုံ၌ ဝိပဿနာရှုပုံ

"ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။"

ဇိဝှာပသာဒဝတ္ထုရုပ် လျှာအကြည်အလင်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှန်းကိုသိ၊ ကောင်းမကောင်းသော ရသာမျိုးစုံ ရသာရုံ ရသခေတ် တို့၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင် ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေတ်ဆိုးထင်မြင်သလို အမြစ် အနှစ် အခေါက် အခွံ အပွင့် အသီးတို့၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာ၌ သစ္စဉာဏ်)

ကောင်း မကောင်းသော အရသာမျိုးစုံ ရသာရုံ ရသခေတ်တို့သည် လျှာပေါ်တွင်ပျောက်ကြ၍ အမြဲမရှိအနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ အမြစ် အနှစ် အခေါက် အခွံ အပွင့် အသီးမဟုတ် အနတ္တ။ (တီရဏပရိညာ၌, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" အရသာမျိုးစုံ ရသာရုံ ရသခေတ် တို့သည် အမြစ် အနှစ် အခေါက် အခွံ အပွင့်အသီးတို့၏ ဥစ္စာပစ္စည်း မဟုတ်ကြပါ တကား။

"နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ" အမြစ် အနှစ် အခေါက် အခွံ အပွင့် အသီးတွေမို့ လျှာအကြည်အလင်မှာ ထိခိုက် ထင်ပေါ်တာ မဟုတ်ပါဘကား၊ အရသာမျိုးစုံ ရသာရုံ ရသခေတ်များမို့ ဇိဝှာပသာဒ ဝတ္ထု လျှာအကြည်အလင်မှာ ထိခိုက် ထင်ပေါ်ကြတာပါတကား။

"န မေသော အတ္တာ = န မေ ဧသော အတ္တာ" အရသာမျိုးစုံ ရသာရုံ ရသခေတ်တို့သည် အမြစ် အနှစ် အခေါက် အခွံ အပွင့် အသီး မဟုတ်ကြပါတကား၊ အမြစ်အနှစ် အခေါက် အခွံ အပွင့် အသီးတို့သည် အရသာမျိုးစုံ ရသာရုံ ရသခေတ်တို့ မဟုတ်ကြပါတကား၊ အရသာမျိုးစုံ ရသာရုံ ရသခေတ်တို့ အပေါ်မှာ အမြစ် အနှစ် အခေါက် အခွံ အပွင့် အသီးတို့က မမှီပါတကား၊ အမြစ် အနှစ် အခေါက် အခွံ အပွင့် အသီးတို့ အပေါ်မှာ ရသာမျိုးစုံ ရသာရုံ ရသခေတ်တို့က မမှီပါတကား။ (ပဟာနပရိညာ၃၃, ကတညုဏ်)

အရသာမျိုးစုံ ရသာရုံတို့သည် ဆိုင်ရာဆိုင်ရာ အဌကလာပ်မှာ ရှိကြကုန်သော မြေ ရေ လေ မီး ခေတ်ကြီး လေးပါးတို့ကိုသာ မှီကြပါကုန်တကား။

"မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။"

ထိုခေတ်ကြီးလေးပါးတို့သည် အချင်းချင်း မှီကြပါတကား။

"စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။"

## ၃၅။ အခံဓာတ်ဇိဝှါမြသာဒရုပ်၌ ဝိပဿနာရှုပုံ

ကောင်းမကောင်း ရသမျိုးစုံ ရသာရုံ ရသဓာတ်တို့ ထိခိုက်ထင်ပေါ်နိုင်လောက်အောင် ကြည်လင်လျှင် ကြည်လင်မှုန်းကိုသိ၊ ဇိဝှာ ပသာဒဝတ္ထု လျှာ အကြည်အလင်ရုပ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ဓာတ်ဆိုး တင်မြင်သလို ငါ့အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

ဇိဝှာပသာဒ လျှာအကြည်အလင်ရုပ်သည် အမြဲမရှိ အနိစ္စ၊ ဝိပရိဏာမဒုက္ခ၊ ငါကိုယ်မဟုတ် အနတ္တ၊ အလိုမလိုက် အနတ္တ၊ အစိုးမရအနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

“နေတံ မမ = န ဧတံ မမ”ဇိဝှာပသာဒဝတ္ထု လျှာ အကြည်အလင် ရုပ်သည် ငါ၏ဥစ္စာပစ္စည်း မဟုတ်ပါတကား။

“နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ”ငါမို့လို့ ကောင်း မကောင်း အရသာမျိုးစုံ ရသာရုံတို့၏ အထိအခိုက်ကို ခံယူသည်မဟုတ်ပါတကား၊ ဇိဝှါပသာဒဝတ္ထု လျှာအကြည် အလင်ရုပ်မို့ အထိ အခိုက်ကို ခံယူတာပါတကား။

“န မေသော အတ္တာ = န မေ ဧသော အတ္တာ”ဇိဝှာ ပသာဒ လျှာအကြည်ရုပ်သည် ငါမဟုတ်ပါတကား၊ ငါသည် ဇိဝှါပသာဒ လျှာအကြည်ရုပ် မဟုတ်ပါတကား၊ ဇိဝှာပသာဒ လျှာအကြည်ရုပ်အပေါ်မှာ ငါက မမှီပါတကား၊ ငါပေါ်မှာ ဇိဝှါပသာဒ လျှာ အကြည်ရုပ်က မမှီပါတကား။
(ပဟာနပရိညာဉ်, ကတဉာဏ်)

ဇိဝှါပသာဒ လျှာ အကြည်ရုပ်သည် ဇိဝှါဒသက ကလာပ်၌ရှိသော ဓာတ်ကြီးလေးပါးကို မှီ၏၊ ထိုဓာတ်ကြီးလေးပါးတို့သည် အချင်းချင်း မှီကြ၏၊

## ၃၆။ အပွင့်မှတ်ဇိဝှါဝိညာဉ်၌ ဝိပဿနာရှုပုံ

မကောင်းသော အရသာကိုလဲသိ၊ ကောင်းသော အရသာကိုလဲသိ၊ သိလျှင်သိမှန်းသိ၊ ဇိဝှါဝိညာဏဓာတ် လျှာစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကား၊ အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့်။

(ဉာတပရိညာဉ်သစ္စဉာဏ်)

မကောင်းအရသာ ကောင်းအရသာသိမှု ဇိဝှါဝိညာဏဓာတ် လျှာစိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ကိုယ်ကောင်မဟုတ် အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။

(တီရဏပရိညာဉ်ကိစ္စဉာဏ်)

“နေတံ မမ = န ဧတံ မမ” လျှာစိတ်သည် ငါကိုယ်ကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။

“နေသောဟမသ္မိ = န ဧသော အဟံ အသ္မိ” ငါမို့လို့ အရသာကို သိတာမဟုတ်ပါတကား၊ ဇိဝှါဝိညာဏ်စိတ်မို့ အရသာကို သိတာပါတကား။

“န မေသော အတ္တာ = န မေ ဧသော အတ္တာ” လျှာစိတ်ဓာတ်သည် ငါကောင်မဟုတ်ပါတကား၊ ငါကောင်သည် လျှာစိတ်ဓာတ် မဟုတ်ပါတကား၊ လျှာစိတ်ဓာတ်ပေါ်မှာ ငါကမှီမပါတကား၊ ငါပေါ်မှာ လျှာစိတ်ဓာတ်က မမှီပါတကား။

(ပဟာနပရိညာဉ် ကတဉာဏ်)

လျှာစိတ်ဓာတ်သည် အချင်းချင်းနာမက္ခန္ဓာလေးပါးကို မှီ၏။

ထိုနာမက္ခန္ဓာလေးပါးသည် ဇိဝှါပသာဒဝတ္ထု လျှာ အကြည် ရုပ်ကိုမှီ၏၊ ထိုဇိဝှါပသာဒဝတ္ထုရုပ်သည် ဇိဝှါဒသက ကလာပ်၌ရှိသော မြေ, ရေ, လေ, မီး, ဓာတ်ကြီးလေးပါးကို မှီ၏၊ ထိုဓာတ်ကြီး လေးပါးတို့သည် အချင်းချင်းကို မှီကြ၏၊ ဖြစ်ကြ၏၊ ပျက်ကြ၏၊ ငါမပိုင် ငါမဆိုင်၊ ငါနှင့် အလွတ်ကြီးပါတကား။

## ၃၇။ အတိုက်ဓာတ်ဖောဋ္ဌဗ္ဗာရုံ၌ ဝိပဿနာရှုပုံ

"ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။"

မာမှု ပျော့မှု အကြမ်းအနုကို ပထဝီဖောဋ္ဌဗ္ဗ၊ ပူမှု နွေးမှု အေးမှုကို တေဇောဖောဋ္ဌဗ္ဗ၊ ထောက်ကန်လှုပ်ရှားမှုကို ဝါယောဖောဋ္ဌဗ္ဗရယ်လို့ ဖောဋ္ဌဗ္ဗ သုံးမျိုးရှိပါသည်။

ဥဒါဟရုဏ် ပုံစံအားဖြင့် "ဆံပင် မာသည်, ဆံပင် ပျော့သည်" ဆိုရာ၌ ကိုယ်ကာယပသာဒ အကြည်အလင်၌ ထိခိုက်ထင်ပေါ်လာလျှင် ထိခိုက် ထင်ပေါ်မှန်းသိ၊ မာမှု ပျော့မှု ပထဝီဖောဋ္ဌဗ္ဗ၏ အလုပ်ကိစ္စပါလားဟု

အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေါတ်ဆိုး ထင်မြင်သလို ဆံပင်၏အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဉာတပရိညာဉ်, သစ္စဉာဏ်)

မာမှု ပျော့မှု ပထဝီဖောဋ္ဌဗ္ဗသည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ဆံပင်မဟုတ်အနတ္တ။

(တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" မာမှု ပျော့မှု ပထဝီဖောဋ္ဌဗ္ဗခေါတ်သည် ဆံပင်၏ဥစ္စာပစ္စည်း မဟုတ်ပါတကား။

"နေ့သောဟမသ္မိ = န ဧသော အဟံ အသ္မိ"ဆံပင်မို့ မာမှု ပျော့မှု ဖြစ်ခြင်း မဟုတ်ပါတကား၊ ပထဝီခေါတ်မို့ မာမှု ပျော့မှုဖြစ်တာပါတကား။

"နမေသော အတ္တာ = နဲ မေ ဧသော အတ္တာ"မာမှု ပျော့မှုသည် ဆံပင်မဟုတ်ပါတကား၊ ဆံပင်သည် မာမှု ပျော့မှု မဟုတ်ပါတကား၊ မာမှု ပျော့မှုပေါ်မှာ ဆံပင်က မမှီပါတကား၊ ဆံပင်ပေါ်မှာ မာမှုပျော့မှုက မမှီပါတကား။ (ပဟာနပရိညာဉ်, ကတဉာဏ်)

မာမှုပျော့မှု ပထဝီဖောဋ္ဌဗ္ဗခေါတ်သည် မိမိကလာပ်၌ရှိသော ကြွင်းသော မဟာဘုတ်သုံးပါးကို မှီပါတကား။

"နိဿယပစ္စယောတိ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။"

**မှာထားချက်။** ။အခံခေါတ် ကာယပသာဒနှင့် အပွင့်ခေါတ် ကာယဝိညာဏ် တို့၌လည်း နည်းမှီ၍ သိလောက်ပါပြီ။ (ဆိုကြည့်ပါ)

**ဆောင်။** ။ဝတ္ထုအာရုံ၊ နှစ်ပါးဆုံက၊ သိခေါတ်ဖမ်းခေါတ်၊ အစားခေါတ်နှင့်၊ မှတ်သားသည့်ခေါတ်၊ နှိုးဆော်ခေါတ်၊ ပရမတ်သက်တူ၊ ဖြစ်ပျက်တူ၏။ (စိတ်, ဖဿ, ဝေဒနာ, သညာ, စေတနာ)

"သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။"

"သဗ္ဗေ ဓမ္မာ"ဖြင့် ဓမ္မသဘာဝ အာရုံခြောက်မျိုးကို ဟောပြတော်မူ၏။ ဓမ္မာရုံခြောက်မျိုးဟူသည် "ဓမ္မာရမ္မဏံ ပန ပသာဒသုခုမရူပစိတ္တစေတသိကနိဗ္ဗာနပညတ္တိဝသေန ဆဓာ သင်္ဂယှတိ"လို့ သင်္ဂြိုဟ်ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟအတိုင်း ယူပါလေ။

"မနော" ဖြင့် မိမိတို့သန္တာန်၌ ယခုရှိနေဆဲဖြစ်သော ဘဝင်အကြည်စိတ်ကို ဟောပြတော်မူပါသည်။

မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။ (ပကိဏ်းပိုင်းဒွါရသင်္ဂဟ)

"ဝိညာဏ"ဖြင့် မနောဝိညာဏစိတ်ဓာတ်ကို ဟောတော်မူ၏။

(ဝတ္ထုသင်္ဂဟမှာပင်ကြည့်ပါလေ)

ဥဒါဟရုဏ်ပုံစံအားဖြင့် တာဝတိံသာနတ်ပြည်၌ တည်ထားအပ်သော စူဠာမဏိစေတီတော်ကို စိတ်ကူး၍(ဝါ)အာရုံပြု၍ ကိုယ်စီကိုယ်င ဖူးမြော်လိုက်ကြပါ။ ယခုစိတ်ကူးဖြင့် ဖူးမြော်စဉ် အခိုက်အတန့်၌—

## ၃၈။ အတိုက်ခေတ်ဓမ္မာရုံ၌ အတ္တဒိဋ္ဌိခွါပုံ

မနေ့အကြည်မှာ ထင်ပေါ်လာလျှင် ထင်ပေါ်မှုန်းကိုသိ၊ စူဠာမဏိစေတီတော် ပညတ်ဓမ္မာရုံ၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ထင်မြင်သလို ပဉ္စုပ္ပန် ပဉ္စာရုံတို့၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(တီတပရိညာဉ်, သစ္စဉာဏ်)

**မှာထားချက်။** ။ပညတ်ဓမ္မာရုံဖြစ်၍ ဝိပဿနာတင်ရန်မလို၊ ပစ္စုပ္ပန် ရူပါရုံ, ပစ္စုပ္ပန် သဒ္ဒါရုံ, ပစ္စုပ္ပန် ဂန္ဓာရုံ, ပစ္စုပ္ပန် ရသာရုံ, ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို ပဉ္စာရုံဆိုသည်။ (ပဉ္စာရုံ = ပဉ္စ+အာရုံ)

## ၃၉။ အခံဓာတ်မနောဘဝင်၌ ဝိပဿနာရှုပုံ

တာဝတိံသာရှိ စူဠာမဏိစေတီတော် ထင်ပေါ်လောက်အောင်ကြည်လင်လျှင် ကြည်လင်မှုန်းကိုသိ၊ မနောဘဝင်စိတ် အကြည်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့် အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုးထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင့်အောင်ကြည့်။ (ဉာတပရိညာ၌, သစ္စဉာဏ်)

မနောအကြည် ဘဝင်စိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍နေသောကြောင့် ဝိပရိဏာမဒုက္ခ၊အကောင်အထည်မဟုတ် အနတ္တ၊ အလိုသို့မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ။

(တီရဏပရိညာ၌ ကိစ္စဉာဏ်)

"နေတံ မမ = န ဧတံ မမ" ဘဝင် အကြည်စိတ်သည် ငါကိုယ်ကောင် မဟုတ်ပါဘကား၊ ငါသည် ဘဝင်အကြည်စိတ်မဟုတ်ပါတကား၊ ဘဝင် အကြည်စိတ်ပေါ်မှာ ငါမမှီပါတကား၊ ငါပေါ်မှာ ဘဝင်အကြည်စိတ် မမှီပါတကား။ (ပဟာနပရိညာ၌, ကတဉာဏ်)

ဘဝင်အကြည်ဓာတ်သည် အချင်းချင်း နာမက္ခန္ဓာလေးပါးကိုသာ မှီ၏၊ ၎င်းနာမက္ခန္ဓာလေးပါးသည် ဟဒယဝတ္ထုကိုမှီ၏၊ ဟဒယဝတ္ထုသည်မဟာဘုတ် လေးပါးကိုမှီ၏၊ မဟာဘုတ်လေးပါးသည် အချင်းချင်းမှီကြ၏၊ ပစ္စယနိဒ္ဒေသ ပါဠိတော်မှာကြည့်ပါလေ။

## ၄၀–အာ့ပွင့်ခေတ် မနောဝိညာဏ်၌ ဝိပဿနာ်ရှုပုံ

တာဝတိံသာ စူဠာမဏိစေတီတော်သို့ စိတ်ရောက်လျှင် ရောက်မှန်းသိ၊ ထို အာရုံကြောင့်ယခုမှအသစ်ဖြစ်ပေါ်လာသောမဟာကုသိုလ် မနောဝိညာဏ စိတ် ခေတ်၏ အလုပ်ကိုစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ် မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေတ်ဆိုးထင်မြင် သလို ငါ၏အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (ဉာတပရိညာဉ်, သစ္စဉာဏ်)

တာဝတိံသာ စူဠာမဏိစေတီတော်သို့ အာရုံပြုသည့်မဟာကုသိုလ် မနော ဝိညာဏခေတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း ပြောင်းလဲ၍ နေသော ကြောင့် ဝိပရိဏာမဒုက္ခ၊ ကိုယ်ကောင်မဟုတ် အနတ္တ၊အလိုသို့မလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ၊ ငါမပိုင်၊ ငါမဆိုင်၊ ငါနှင့် အလွတ်ကြီးပါတကား။ (တီရဏပရိညာဉ်, ကိစ္စဉာဏ်)

"နေတံမမ"နှင့် "နေသောဟမသ္မိ" ရှေ့အတိုင်းဆင်ခြင်ပါ။

"န မေသော အတ္တာ = န မေ သော အတ္တာ"တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော်သို့ လှူမကူးနိုင်၊ စိတ်သာကူးသော စိတ်ကူးမှု မနော ဝိညာဏ စိတ်ခေတ်သည် ငါမဟုတ်ပါတကား၊ ငါသည် မနောဝိညာဏ စိတ်ခေတ် မဟုတ်ပါတကား၊ မနောဝိညာဏ စိတ်ခေတ်မှာ ငါကမမှီပါ တကား၊ ငါပေါ်မှာ မနောဝိညာဏစိတ်ခေတ်က မမှီပါတကား။

(ပဟာနပရိညာဉ်, ကတဉာဏ်)

မနောဝိညာဏစိတ်ခေတ်သည် အချင်းချင်း နာမက္ခန္ဓာလေးပါးပေါ်မှာ မှီပါတကား။

ထိုနာမက္ခန္ဓာ လေးပါးတို့သည် ဟဒယဝတ္ထုရုပ်ကို မှီပါတကား၊ ငါ သူတပါးယောကျ်ား မိန်းမကို မမှီပါတကား။

ဟဒယဝတ္ထုရုပ်သည် ဝတ္ထုဒသက ကလာပ်၌ရှိသော မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးကို မှီပါတကား၊ ထိုဓာတ်ကြီးလေးပါးတို့သည် အချင်းချင်း မှီကြပါတကား၊ ငါမပိုင်၊ ငါမဆိုင်၊ ငါနှင့်အလွတ်ကြီးပါတကား။

ဤကား အတိုက်ဓာတ် ပညတ်မမှာရုံ, အခံဓာတ် မနောအကြည် ဘဝင် စိတ်, အပွင့်ဓာတ် တာဝတီ သာရောက်အောင် ပြေးသော မဟာကုသိုလ် မနောဝိညာဏဓာတ် ပေါင်းဓာတ်သုံးပါးတို့ကို တခုစီ တခုစီ၌ အမြင်မှားမှု အတ္တဒိဋ္ဌိ ကင်းစင်စေရန်နှင့် အမြင်မှန် သမ္မာဒိဋ္ဌိကို ပြုစုပျိုးထောင်ပုံများ ဖြစ်ပေသည်။

### ၄၁။ အကုသိုလ်အပူဓာတ်၌ ဝိပဿနာရှုပုံ

ပြုခဲ့မိသမျှ ပြောခဲ့မိသမျှ ကြံစည်မိခဲ့သမျှ ပြုဆဲပြောဆဲ ကြံစည်ဆဲ အကုသိုလ် အပူဓာတ်တွေကို လူမမှတ်ကြနှင့်။

လူမမှတ်ရလျှင် ပုဂ္ဂိုလ် သတ္တဝါ မထင်မှတ်ရလျှင် ဘယ်လို မှတ်ထင် သိမြင်ရမလဲ။

စိတ်ပရမတ် စေတသိက် ပရမတ် စိတ်ဓာတ် စေတသိက်ဓာတ်တွေဟု သိမြင် နားလည်ကြရမည်။

ဓာတ်သဘာ၀ ပရမတ်သဘာ၀ကို ဘယ်လိုသိမြင်နိုင်ပါမည်နည်း။

သင်္ခတဓာတ် အသင်္ခတဓာတ် နှစ်မျိုးတို့အနက် ရှေးဦးစွာ သင်္ခတဓာတ်ကို ရှုကြည့်ကြပါကုန်လော့။

သင်္ခတဓာတ် ပရမတ်မှန် ခတ်မြန်မြန် ကေန်မုချ ဖြစ်၍လဲ ပြကြပါသည်၊ ပျက်၍လဲ ပြပါသည်။

**လောဘဓမ္မဓာတ်။** ။နှစ်သက်စရာ အာရုံတခုခုမှ မထနိုင်လျှင်မထနိုင်မှန်း သိ၊ မခွာနိုင်လျှင် မခွာနိုင်မှန်းကိုသိ၊ အမြစ်တွယ်လျှင် အမြစ်တွယ်မှန်းကိုသိ၊ လောဘ ဓာတ်စီးဓာတ်ကပ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက် ဓာတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါ တကားဟု ဉာဏ်ပညာသိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့် (ဉာတပရိညာဉ်၊ သစ္စာဉာဏ်)၊ လောဘ ဓမ္မဓာတ်သည် လူမဟုတ်ဘူး သူတော်ကောင်းတို့။

ဤလောဘကို တဏှာလည်းခေါ်၏၊ အဘိဇ္ဈာလည်းခေါ်၏၊ ကာမလည်း ခေါ်၏၊ ရာဂလည်းခေါ်၏။ ဓမ္မသင်္ဂဏီပါဠိတော် ပဒ အမှတ်(၁၂၃၆)၌ နာမည် ပရိယာယ်ပုဒ်ပေါင်းတရာကျော်ဖြင့် ဟောတော်မူသည်၊ လွန်စွာ နာမည် ပေါများသောဓာတ် ကျော်စောသော ဓာတ်ဆိုးကြီးတည်း။

**ဒေါသဓမ္မဓာတ်။** ။မနှစ်သက်စရာ အာရုံတခုခု၌ ယမ်းပုံမီးကျ ဟုန်းကနဲ ထ၍ ကြမ်းတမ်းလျှင် ကြမ်းတမ်းမှန်းကိုသိ၊ ဒေါသ ဓမ္မဓာတ်ဆိုး ဓာတ်ဝါး၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိဓာတ်ဆိုး ဓာတ်ဝါး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင် အောင်ကြည့် (ဉာတပရိညာဉ်၊ ကိစ္စဉာဏ်)၊ ဒေါသ ဓမ္မဓာတ်သည် လူမဟုတ် ဘူး။

ဒေါသဓမ္မဓာတ်၏ နာမည်အမျိုးမျိုး ပရိယာယ်ပုဒ်များကို ဓမ္မသင်္ဂဏီ ပဒ အမှတ် (၁၂၃၇) မှာ ကြည့်ပါလေ။

**မောဟဓမ္မဓာတ်။** ။အဟုတ်အမှန်ကိုမသိလျှင်မသိမှန်းကိုသိ၊ နားမလည် လျှင် နားမလည်မှန်းကိုသိ၊ မိုက်လျှင် မိုက်မှန်းသိ၊ မှားလျှင် မှားမှန်းသိ၊ တွေဝေလျှင် တွေဝေမှန်းသိ၊ မောဟဓမ္မဓာတ် မိုက်ဓာတ်မှောင်ကြီး၏အလုပ် ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင် အောင်ကြည့်၊ အတ္တဒိဋ္ဌိစတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ် ကိစ္စ မဟုတ်မမှန်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့် (ဉာတပရိညာဉ်, သစ္စဉာဏ်)၊ မောဟဓမ္မဓာတ်သည် လူမဟုတ်။

၎င်းမောဟကို အဝိဇ္ဇာလည်းခေါ်၏၊ အညာဏလည်းခေါ်၏၊ အဒဿနံ လည်း ခေါ်၏၊ ပရိယာယ်ပုဒ်တို့ကို ဓမ္မသင်္ဂဏီပဒ (၁၂၃၈) မှာ ကြည့် ပါလေ။

၎င်းဓမ္မဓာတ် စေတသိက် ပရမတ်သုံးပါးသည် အလုံးစုံသော အကုသိုလ် ပါပဓမ္မတို့၏ အရင်းအမြစ် အခြေခံဖြစ်သောကြောင့်တကြောင်း၊ မိမိတို့ ဆိုင်ရာ ဆိုင်ရာ အာရုံတို့၌ အမြစ် တွယ်တတ်သောကြောင့် တကြောင်း မူလ တရားသုံးပါးမည်၏၊ ၎င်း၏ ပရိယာယ်ပုဒ်များကို ဓမ္မသင်္ဂဏီ ပဒအမှတ် (၉၈၆) မှာ ကြည့်ပါလေ။

**ဒိဋ္ဌိစေတသိက်ပရမတ်** ဆိုသည်ကား တရားဓမ္မအရာ၌အမြင်မှားခြင်းတည်း၊ အယူမှားခြင်းတည်း၊ အနိစ္စကို နိစ္စဟုယူခြင်း, ဒုက္ခကို သုခဟုယူခြင်း, အနတ္တကို အတ္တဟုယူခြင်း, အကုသိုလ်ကံ ကုသိုလ်ကံကို ပယ်ခြင်း, ကံ ကံ၏အကျိုးတို့ကို ပယ်ခြင်း စသည်တည်း။

ထိုဒိဋ္ဌိကို အာရုံပြု၍ ဝိပဿနာတင်ရန်မှာ အမြင်မှားလျှင် မှားမှန်းသိ၊ အယူမှားလျှင် မှားမှန်းသိ၊ ဒိဋ္ဌိစေတသိက်၏ အလုပ်ကိစ္စပါတကားဟု အဟုတ် အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ ဓမ္မသင်္ဂဏီ ပဒ (၁၂၄၀) ကြည့်ပါလေ။ ဒိဋ္ဌိစေတသိက် ဓမ္မဓာတ်ဆိုးဓာတ်ဝါးသည် လူ မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်လဲ မဟုတ်ဘူး၊ အကြောင်း

တိုက်ဆိုင်လျှင် ပေါ်ပေါက်လာသော ခေတ်သက်သက်မျှသာ ဖြစ်သည်ကို သတိပြု၊ အသိနှင့် ရှုမြင်ပါလေ။

**မာန်စေတသိက် ပရမတ်** ဆိုသည်ကား အထင် မှားခြင်း အထင်ကြီးခြင်း တည်း၊ ငါကောင် သူကောင် လူကောင်မဟုတ်သော နာမ်ခေတ် ရုပ် ခေတ်ကို ငါကိုယ်ကောင်ဟု အထင်မှားခြင်း အထင်ကြီးခြင်း, ထို ငါကိုယ် ကောင်ကိုပင် တဖန်ထပ်ဆင့်လျက် အမျိုးကိုစွဲ၍ ယုတ်ညံ့သည် မြင့်မြတ် သည်ဟု အထင်ကြီးခြင်း, အနွယ်ကိုစွဲ၍ ယုတ်ညံ့သည် မြင့်မြတ်သည်ဟု အထင်မှားခြင်း အထင်ကြီးခြင်းတည်း။

ထိုမာနစေတသိက်ကို အာရုံပြု၍ ဝိပဿနာတင်ရန်မှာ အထင်ကြီးလျှင် ကြီးမှန်းသိ၊ အထင်မှားလျှင် မှားမှန်းသိ၊ မောက်လျှင် မောက်မှန်းသိ၊ မာလျှင် မာမှန်းသိ၊ မောက်မာလျှင် မောက်မာမှန်းသိ၊ အကုသိုလ် မာန စေတသိက် ပရမတ္ထတရား၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာ ဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ပညတ်နှင့် ပရမတ် ပိုင်းခြား၍သိသော ဉာတပရိညာဉ်, အမှန်ကိုသိသော သစ္စဉာဏ်) (ဏီ ပဒ-၁၂၃၉ ကြည့်။)

တခါတရံ မာန်မာန ထောင်လွှားမိသောအခါ အထက်တွင် ပါရှိသော စာအတိုင်း ရှုရသည်၊ ဩော် ယခု မာန်မာနထောင်လွှားတာ ငါ့ကိုယ်လုံး၏ အလုပ်မဟုတ်ပါတကား၊ အကုသိုလ် မာနစေတသိက် ဓမ္မခေတ်တရား၏ အလုပ် ကိစ္စပါတကားဟု ဉာဏ်မျက်စိဖြင့် ရှင်းလင်းစွာ မြင်အောင် ကြည့်ရသည်၊ အကြိမ်ကြိမ်အခါခါ ကြည့်ရသည်၊ ကြည့်ကြပါလေ၊ သူတော်ကောင်းတို့။ ဤကားမှာထားချက်။ မာနခေတ် လူမဟုတ်ဘူး၊ ခဏဖြစ် ခဏပျက်။

**ဣဿာစေတသိက် ပရမတ်** ဆိုသည်ကား ငြူစူခြင်းတည်း၊ သူတပါး ကောင်း စားသည်ကို မနာလိုခြင်း မကြားလိုခြင်း မကြည့်လိုခြင်း ဝမ်းမမြောက်နိုင်ခြင်း မချီးမွမ်းနိုင်ခြင်း အကောင်းမပြောနိုင်ခြင် မကောင်းပြောရန် အပြစ်ကိုသာ ရှာကြံခြင်းတည်း။ (မဓ္ဓသင်္ဂဏီပဒအမှတ် ၁၁၂၆)

မိမိတို့သန္တာန်၌ ထိုက္ကုဿာစေတသိက်ဖြစ်ပေါ်လာလျှင် ဩော် ကုက္ကုစ္စ စေတသိက် ဖြစ်ပေါ်လာပါတကား၊ ငါ့အလုပ် မဟုတ်ပါတကား၊ ကုက္ကုစ္စ အကုသိုလ်စေတသိက် စေတသိက်၏ အလုပ်ပါတကားဟု ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်ရှုကြပါကုန်။

ထို ကုက္ကုစ္စစေတသိက်ကို အာရုံပြု၍ ဝိပဿနာရှုရန်မှာ ဖြူစူလျှင်ဖြူစူ မှန်းကိုသိ၊ မနာလိုလျှင် မနာလိုမှန်းကိုသိ၊ ကုက္ကုစ္စ အကုသိုလ်စေတသိက် ပရမတ်စေတသိက်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့် သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ထင် မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ ( ဉာတပရိညာ၌, သစ္စာဉာဏ် ) ကုက္ကုစ္စ စေတသိက်စေတသိက်သည် အနိစ္စ ဒုက္ခ အနတ္တ၊ ကုက္ကုစ္စစေတသိက်သည် လူမဟုတ်ပါ တကား။

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

**မစ္ဆရိယ အကုသိုလ်စေတသိက် ပရမတ်** ဆိုသည်ကား ဝန်တိုခြင်းတည်း၊ မိမိ ကောင်းစားသည်ကို သူတကာတို့အား မမျှတလိုခြင်း နှမြောခြင်း စေးနဲခြင်း တည်း။ (မဟ္ဝသင်္ဂဏီ ပုဒ်အမှတ်-၁၁၂၇ မှာ ကြည့်ပါလေ)

ထို မစ္ဆရိယစေတသိက် တခါတရံ ပေါ်ပေါက်လာလျှင် ချက်ချင်းသတိ ထားပြီး အသိတရားဖြင့် ပယ်ရှားမောင်းနှင်၍ လွှတ်ကြပါ၊ သူတော် ကောင်းတို့၊ ထိုမစ္ဆရိယစေတသိက်ကို အာရုံပြု၍ ဝိပဿနာမှု ဖြစ်ကြပါလေ။

ရှုပုံရှုနည်းမှာ ဝန်တိုလျှင် ဝန်တိုမှန်းကိုသိ၊ မမျှတလိုလျှင် မမျှတလိုမှန်းကို သိ၊ မစ္ဆရိယ အကုသိုလ်စေတသိက်စေတသိက်၏ အလုပ်ကိစ္စပါ တကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တ ဒိဋ္ဌိ အကုသိုလ်စေတသိက် ထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ ( ဉာတ ပရိညာ၌, သစ္စာဉာဏ်)၊ မစ္ဆရိယစေတသိက် လူမဟုတ်၊ ငါကောင်မဟုတ်၊ သူကောင် မဟုတ်၊ ဘယ်ကောင်မှမဟုတ်၊ သူ့အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်၍

ဖြစ်ပြီးလျှင် ပျက်၍သွားသော စေတသိက် နာမ်ခေတ် သက်သက်မျှသာ လျှင်တည်း၊ ဉာဏ်မျက်စိဖြင့် စေ့စေ့စပ်စပ် နိုင်နိုင်နင်းနင်း ကြည့်ပါလေ၊ ယောင်ဝါးဝါး ဖြစ်နေတတ်သည်။

မဇ္ဈိမ အကုသိုလ်စေတသိက်ခေတ်ဆိုးသည် အနိစ္စ ဒုက္ခ အနတ္တ။

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

ကုက္ကုစ္စ ဆိုသည်ကား နောင်တတဖန် ပူပန်ခြင်းတည်း၊ ကုန်လွန်ခဲ့ပြီးသော အခါမှ ငါ မေ့ခဲ့မိလေခြင်း ငါ မိုက်ခဲ့မိလေခြင်း ငါ မှားခဲ့မိလေခြင်းဟု တအုံနွေးနွေး ပူဆွေးခြင်းတည်း။

လောက၌ အမှားနှစ်မျိုးရှိ၏၊ ဒုစရိုက်မှုကို ပြုမိခြင်းသည်လည်း အမှား တမျိုး သုစရိုက်မှုကို မပြုမိခြင်းသည်လည်း အမှားတမျိုး၊ ဤသို့ အမှား နှစ်မျိုးရှိ၏။

နောင်တတဖန် ပူပန်မှုမျိုး နှစ်မျိုးရှိ၏၊ ဒုစရိုက်မှုကို ငါပြုခဲ့မိလေခြင်းဟု နောင်တတဖန် ဖြစ်ရခြင်းတမျိုး၊ ဒါန သီလစသော သုစရိုက်မှုကို ငါမပြုခဲ့ မိလေခြင်းဟု နောင်တတဖန် ဖြစ်ရခြင်းတမျိုးဟု လောက၌ နောင်တတဖန် ပူပန်မှုနှစ်မျိုးရှိ၏၊ တိုနောင်တ တဖန်ပူပန်မှုအလုပ်သည် ကုက္ကုစ္စ အကုသိုလ် စေတသိက်၏ အလုပ်စင်စစ် ဧကန်အမှန်ဖြစ်၏၊ ကုက္ကုစ္စ အကုသိုလ် စေတသိက် မဖြစ်အောင် နေပါလေ။

အကယ်၍ နောင်တတဖန် ပူပန်မှုနှစ်မျိုးတို့အနက် တမျိုးမျိုးဖြစ်ခဲ့သော် ထိုကုက္ကုစ္စ အကုသိုလ်စေတသိက်ဓမ္မာရုံကို အာရုံပြု၍ ဝိပဿနာရှုပါလေ။

ဝိပဿနာရှုပုံမှာ နောင်တတဖန် ပူပန်လျှင် ပူပန်မှုန်းကိုသိ၊ ကုက္ကုစ္စ အကုသိုလ်စေတသိက် ပရမတ်တရား ခေတ်တရား၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တ ဒိဋ္ဌိအကုသိုလ်ခေတ်ဆိုးထင်မြင်သလို ငါကိုယ်ကောင်၏ အလုပ်ကိစ္စမဟုတ်ပါ တကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(ဥာတပရိညာ၌, သစ္စဉာဏ်)

ကုက္ကုစ္စစေတသိက် ပရမတ်တရား ဓာတ်တရားသည် အနိစ္စ ဒုက္ခ အနတ္တ။

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

(ဓမ္မသင်္ဂဏီ ပဒ အမှတ်-၁၁၆၆ မှာကြည့်)ကုက္ကုစ္စ ဓာတ်ကို လူမထင်နဲ့၊ လက်မခံလေနှင့်၊ မြင်အောင်လဲကြည့်၊ မိအောင်လဲဖမ်း၊ ဉာဏ်စွမ်းသတ္တိ အပါယ်ဘေးမှ လွတ်အောင်ကြည့်။

**သတိ သတိ သတိ။**

**ဆောင်။** ။မပုပ်မိလေ၊ ပုပ်မိလေနှင့်၊ မပြောမိလေ၊ ပြောမိလေနှင့်၊ မကြေစိတ်ညစ်၊ တဖြစ်တောက်တောက်၊ ဒေါင်းနှယ်တောက်၊ ဒေါင်းတောက်ခေါ်ကြ၊ ကုက္ကုစ္စ။

ဟယ် ကုက္ကုစ္စဓာတ်၊ လာမကပ်နှင့်၊ ကုက္ကုစ္စဓာတ်သည် အနိစ္စ ဒုက္ခ အနတ္တ။

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

**အဟိရိကအကုသိုလ်စေတသိက်** ဟူသည် အရှက်မရှိခြင်းတည်း။

**အနောတ္တပ္ပအကုသိုလ်စေတသိက်** ဟူသည် အကြောက်အလန့်မရှိခြင်းတည်း၊ မကောင်းမှုဒုစရိုက် ပြုခွင့်ဆိုက်ကြုံခဲ့သော် မိမိ၌ မိုက်မှု ငြိစွန်းညစ်ထေးမှု လူးလဲချေတော့မည်ဟု အဟိရိကက မရှက်မိခြင်း, အနောတ္တပ္ပစေတသိက်က မကြောက်လန့်ခြင်းတည်း။

အို သူတော်ကောင်းတို့၊ ဤအကုသိုလ် စေတသိက် နှစ်မျိုးမဖြစ်အောင် နေပါလေ၊ အကယ်၍ ဖြစ်ခဲ့သော် အဟိရိက အနောတ္တပ္ပကို အာရုံပြု၍ ဝိပဿနာရှုပါလေ။

ရှုနည်း နားလည်လောက်ပြီ (ဓမ္မသင်္ဂဏီ ပဒအမှတ် ၁,၄၄၊၅-မှာကြည့်ပါလေ)အဟိရိက အနောတ္တပ္ပဓာတ် လူမဟုတ်ဘူး။

**ဥဒ္ဓစ္စအကုသိုလ်စေတသိက်** ဟူသည် အာရုံတခု၌ စိတ်ရပ်တည်မှု မရရှိမူ စိတ်ပျံ့လွင့်မှုတည်း၊ မဖြစ်အောင် နေရလိမ့်မည်၊ ဖြစ်လာလျှင် ဥဒ္ဓစ္စကိုအာရုံပြု၍ ဝိပဿနာရှုကြပါကုန်၊ ဥဒ္ဓစ္စ လူမဟုတ်၊စိတ်ပျံ့လွင့်လျှင် ပျံ့လွင့်မှန်းကိုသိ။
(မဇ္ဈိမနိကာယ် အမှတ်၊၁၂၄၃)

**ထိနအကုသိုလ်စေတသိက်** ဆိုသည်ကား စိတ်၏ ထိုင်းမှိုင်းမှုတည်း၊ သို့လိုသောအာရုံ၌ မပွင့်မလင်းမှေးမှိန်ခြင်းတည်း။

**မိဒ္ဓအကုသိုလ်စေတသိက်** ဆိုသည်ကား စေတသိက် ပရမတ္ထတရားတို့၏ထိုင်းမှိုင်းမှုတည်း၊ တွေ့လို ခံစားလိုသောအာရုံတို့၌ မပွင့်မလင်း မှေးမှိန်ခြင်းတည်း။ ထိုမိဒ္ဓအကုသိုလ်စေတသိက် မဖြစ်အောင်နေပါ၊ ဖြစ်လာပါလျှင် အတ္တဒိဋ္ဌိကိုခွါပါ၊ ဝိပဿနာရှု၍ သမ္မာဒိဋ္ဌိ အမြင်မှန်မှသို့ပို့ပါ၊ ထိုင်းမှိုင်းလျှင် ထိုင်းမှိုင်းမှန်းကိုသိ၊ ပျင်းရိလျှင် ပျင်းရိမှန်းကိုသိ၊ ထိနမိဒ္ဓ အကုသိုလ် စေတသိက်ခေတ်ဆိုး ထင်မြင်သလို ငါကိုယ်ကောင်၏အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့် (ဉာတပရိညာဉ်, သစ္စာဉာဏ်) ထိနမိဒ္ဓခေတ် လူမဟုတ်ဘူး။

ထိန မိဒ္ဓ အကုသိုလ် စေသိက်သည် အနိစ္စ ဒုက္ခ အနတ္တ။
"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသောအတ္တာ။"

**ဝိစိကိစ္ဆာအကုသိုလ်စေတသိက်** ဆိုသည်ကား ယုံကြည်ထိုက်သောအရာ၌ မယုံကြည်မှုတည်း၊ သို့လော သို့လော ဝိစိကိစ္ဆာ သံသယ မဖြစ်ပါစေလင့်၊ ဖြစ်ပေါ်လာလျှင် အတ္တဒိဋ္ဌိ မဝင်လာစေရန် ဝိပဿနာ ပွါးများကြပါလေ၊ ဝိပဿနာ၏အခြေခံဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ကို ခိုင်ခိုင်ခန့်ခန့် သေသေချာချာ ထူထောင်ကြပါ၊ သူတော်ကောင်းတို့။

အရုံတခု၌ မှားမှန်ထွေပြား ယုံမှားနေလျှင် ယုံမှားမှန်းကိုသိ၊ ဝိစိကိစ္ဆာ အကုသိုလ်စေတသိက် ပရမတ္ထတရား၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ် ပညာဖြင့်သိ၊ဉာဏ်မျက်စိဖြင့်မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိအကုသိုလ်စေတသိက် ခေတ်ဆိုးထင်မြင်သလိုငါကိုယ်ကောင်၏အလုပ်ကိစ္စမဟုတ်ပါတကားဟု ဉာဏ်ပညာဖြင့်သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ (ဉာတပရိညာဉ်,သစ္စဉာဏ်)၊ဝိစိကိစ္ဆာခေတ်လူမဟုတ်ဘူး။

ဝိစိကိစ္ဆာ ခေါတ်ဆိုး ခေါတ်ဝါးသည် အမြဲမရှိ အနိစ္စ၊ ဝိပရိဏာမဒုက္ခ၊ လူမဟုတ် အနတ္တ။

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

(ဓမ္မသင်္ဂဏီပဒ·၁၂၄၁·မှာကြည့်လေ)

အို သူတော်ကောင်းတို့၊ ဤသို့လျှင် အကုသိုလ် စေတသိက် ပရမတ်တရား ခေတ် တရားများကို မိမိတို့သန္တာန်မှာ မဖြစ်ပေါ် စေရန် သီလကုသိုလ်ဖြင့် တားဆီးနိုင်ကြရာ၏၊ ဘာဝနာကုသိုလ်ဖြင့် တားဆီးနိုင်ကြရာ၏၊အကယ်၍ တားဆီးပါလျက်နှင့် အကြောင်း တိုက်ဆိုင်သဖြင့် အကုသိုလ်ခေတ်ဆိုးတို့ပေါ် ပေါက်လာခဲ့လျှင် ယခုဟောကြားသည့် နည်းလမ်းပြခဲ့သည့်အတိုင်း အကုသိုလ် ကိုအာရုံပြု၍ အဖြစ်မှန်သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဝိပဿနာ ဘာဝနာတရားကိုပွါးများ ကြရပါမည်။

ထိုကြောင့် ပဋ္ဌာန်းပါဠိတော်ပဉ္စာဝါရ ပဒအမှတ်(၄၀၈)မှာ-

"အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန၊ ပစ္စယော၊ သေက္ခာဝါပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ပ။ အာရမ္မဏပစ္စယေန ပစ္စယော"

ဟူ၍ ဟောတော်မူပါသတည်း။

အို သူတော်ကောင်းတို့၊ ဖော်ပြခဲ့ပြီးသော အကုသိုလ်စိတ်နှင့် စေတ သိက်တို့ ဖြစ်ပေါ်သည့်အခါ၌ ပရမတ်မှန် ခေတ်မှန်ကိုမသိသော မောဟက ဖုံးလွှမ်းနေပါလျှင် အမြင်မှားမှု အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ခေတ်ဆိုး ပရမတ်ကြီးက"တံ မမ" ဒီအကုသိုလ်တွေဟာ ငါ့ဥစ္စာပစ္စည်းတွေဘဲ ဟူ၍ ၎င်း (တဏှာ)၊ "သောဟမသ္မိ" ငါတို့မို့ အကုသိုလ်ဖြစ်တာ၊ အခြားသူတွေ မှာ အကုသိုလ်ဖြစ်နိုင်ကြတာမဟုတ်ပါဘူး ဟူ၍၎င်း "သော မေ အတ္တာ" အကုသိုလ်တွေဟာ ငါဘဲ၊ ငါဟာအကုသိုလ်ဘဲ၊ အကုသိုလ်ပေါ်မှာငါကမှီ တာ၊ငါပေါ်မှာအကုသိုလ်ကမှီတာဟူ၍၎င် ပရမတ်အလုပ် ခေတ်အလုပ်တွေကို ငါ့အလုပ် ကိုယ့်အလုပ်မိမိတို့အလုပ်ဟူ၍ ထင်မြင်မှတ်သား မှားယွင်းနေကြ ပါသည်၊"တပူပေါ် နှစ်ပူဆင့်" ပြီး အပြစ်နှင့်တကွ မကောင်းကျိုးကိုပေး

တတ်တဲ့ အကုသိုလ်ခေတ်ဆိုးတွေပေါ်မှာ အမြင်မှားမှု အတ္တဒိဋ္ဌိအကုသိုလ်ထင်ပြန်တဲ့အတွက် သံသရာတသက် လွတ်ရက်မရှိ ဆိုတာလို သံသရာဝဲဂယက်မှ မထွက်နိုင်ဘဲ တဝဲလည်လည် ရှိနေကြရသည်၊ နောက်ဆုံး အပါယ်သံသရာဝဲဂယက်မှ မထွက်နိုင်ဘဲ တဝဲလည်လည် နစ်မြုပ်ရလေတော့သည်။

အို သူတော်ကောင်းတို့၊ သံသရာ တလျှောက်လုံးမှာ ဖုံးလွှမ်းဖိစီးလာသော အကုသိုလ် ပရမက်တရားတွေကို ဒါနသီလ သမထ ကုသိုလ်နှင့် ပယ်ကြရသည်၊ ဒီမျှနှင့်ကြေနပ်မနေကြပဲသမ္မာဒိဋ္ဌိဉာဏ်အမြင်ဖြင့်ဟောပြသည့်အတိုင်းဝိပဿနာစခန်းသို့လည်း ဆိုက်ရောက်အောင် အားထုတ်ကြပါ၊ သူတော်ကောင်းတို့။

---

## ၄၂။ လယ်တီခေတ်ကမ္ဗဋ္ဌာန်းဆောင်ပုဒ်

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခေတ်ကမ္ဗဋ္ဌာန်း ကျမ်းသစ်မှ ထုတ်နှုတ်ဖော်ပြမျက်။ (မူရင်းအတိုင်း)

နူးညံ့, ခက်မာ၊ ဤနှစ်ဖြာ၊ မှတ်ပါမြေခေတ်စစ်။

ဖွဲ့စေး, စီးယို၊ နှစ်ပါးကို၊ ခေါ်ဆိုရေခေတ်စစ်။

အေးမှု, ပူမှု၊ ဤနှစ်ခု၊ ခေါ်မှုမီးခေတ်စစ်။

ထောက်ကန်, လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ်ငြားလေခေတ်စစ်။

ဆင်းနံ့ရသာ၊ ဆီဩဇာ၊ လေးဖြာမှီရှုပ်သေး။

## ဆောင်ပုဒ်၏ အဓိပ္ပာယ်

(၁) ထိုထိုသက်ရှိသက်မဲ့ ဝတ္ထုမျိုးတို့၌ နူးညံ့မှုမည်သည် ရှိ၏၊ ခက်မာကြမ်းတမ်းမှု မည်သည်ရှိ၏၊ လူအများ ကိုယ်တွေ့ဒိဋ္ဌတွေ့ရှိနေကြသော အမှုပင်တည်း။

ထိုနူးညံ့မှု ခက်မာကြမ်းတမ်းမှုနှစ်ပါးသည် အဘိဓမ္မာ၌လာသော ပထဝီဓာတ် အစစ်ပေတည်း။

(၂) ထိုထိုသက်ရှိသက်မဲ့ ဝတ္ထုမျိုးတို့၌ ဖွဲ့စေးကပ်တွယ်မှုမည်သည်ရှိ၏၊ အရည်ဝတ္ထုမျိုးတို့၌ ယိုစီးမှုမည်သည်ရှိ၏၊ လူအများ ကိုယ်တွေ့ဒိဋ္ဌသိမြင်၍ နေကြသောအမှုပင်တည်း၊ ထိုဖွဲ့စေးမှုနှစ်ပါးသည် အဘိဓမ္မာ၌လာသောအာပေါဓာတ် အစစ်ပေတည်း။

(၃) ထိုထိုသက်ရှိသက်မဲ့ ဝတ္ထုမျိုးတို့၌ အေးမှုမည်သည်ရှိ၏၊ ပူမှုနွေးမှု မည်သည်ရှိ၏၊ လအများတို့ကိုယ်တွေ့ဒိဋ္ဌတွေ့ရှိနေကြသော အမှုပင်တည်း။ ထို အေးမှု ပူမှုနှစ်ပါးသည် အဘိဓမ္မာ၌လာသော တေဇောဓာတ်အစစ်ပေတည်း။

(၄) ထိုထိုသက်ရှိသက်မဲ့ ဝတ္ထုမျိုးတို့၌ ထောက်ကန်မှုဟူသော အေးရှိန် ပူရှိန်မည်သည် ရှိ၏၊ လှုပ်ရှားမှုမည်သည်ရှိ၏၊ လူအများတို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ရှိ၍နေကြသော အမှုပင်တည်း၊ ထိုထောက်ကန်မှု လှုပ်ရှားမှုနှစ်ပါးသည် အဘိဓမ္မာ၌ လာသောဝါယောဓာတ် အစစ်ပေတည်း။

(၅) ထိုထိုသက်ရှိသက်မဲ့ ဝတ္ထုမျိုးတို့၌ အဆင်းဓာတ်တပါး အနံ့ဓာတ် တပါး အရသာဓာတ်တပါး အဆီ အစေးဟူသော သြဇာဓာတ်တပါး၊ ဤ လေးပါးသည်ရှိ၏၊ အဆင်းဓာတ်ကို မျက်စိစိတ်ဖြင့် မြင်ကြရ၏၊ အနံ့ဓာတ်ကို နှာခေါင်းစိတ်ဖြင့် နံကြရ၏၊ သြဇာဓာတ်သည်ကား ထိုထိုအစာအာဟာရတို့ကို စားသောက်၍ ဝမ်းတွင်းသို့ ရောက်သည်ရှိသော် ရူပကာယ ခန္ဓာကိုယ်ကို စောင့်ရှောက် ထောက်ပံ့သော ဓာတ်အထူးပေးတည်း၊ ပရမတ်အထူးပေတည်း။

ဤဓာတ်လေးပါးသည်ကား မြေ ရေ လေ မီး ဟူသော ဓာတ်ကြီးလေး ပါးကို မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးမျိုးပေတည်း၊ (အငယ်စားရုပ် အသေး စားရုပ်)။

## ၄၃။ ပထဝီအာပေါဓာတ်နှစ်ပါး တွဲစပ်ပုံ

အလွန်ညက်ညောလှစွာသော ထုံးမှုန့်မျိုး ပြာမှုန့်မျိုးသည် ရေနှင့်မရောမီ အစေးအဖွဲ့မရှိ၊ တမှုန့်စီနေ၏၊ လေသုတ်ခဲ့လျှင် လွင့်၏၊ ရေထည့်၍ ကြိတ်နယ်၍ အလုံးအခဲဖြစ်ခဲ့သော် ခွက်တောင်းခန့် ပြည်တောင်းခန့် ရှိသော်လည်း အဖွဲ့အစေးရှိ၍ တလုံးတည်း တခဲတည်းဖြစ်၏၊ ထုနှက်၍ပင်ကွဲသည် ကြေသည် မရှိ၊ ခက်မာ၏။

အဘိဓမ္မာမြေဓာတ်သည် ဤ၀တ္ထု၌ ထုံးမှုန့်ညက် ပြာမှုန့်ညက်နှင့် တူ၏၊ အလားတူ၏၊ အဘိဓမ္မာအာပေါရေဓာတ်သည် ဤ၀တ္ထု၌ထည့်သော ရေနှင့် အလားတူ၏၊ ထိုရေဖွဲ့စေးမှုကြောင့် ထုံးမှုန့် ပြာမှုန့်တို့သည် အချင်းချင်း ကပ်တွယ်ကြကုန်၏၊ ဤသည်ကား မြေပထဝီဓာတ်နှင့် ရေ အာပေါဓာတ်ကို သိသာခြားနားအောင် ပြဆိုသော ယုတ္တိတည်း။

ဆင်ကောင်သဏ္ဍာန် မြင်းကောင်သဏ္ဍာန် နွား ကျွဲ ခွေး ၀က် ကြက် ငှက် လူကောင်သဏ္ဍာန် စသည်တို့၌လည်း ပထဝီအမှုန့်နှင့် အာပေါအစေး လုံးထွေးမှုကြောင့် သဏ္ဍာန်ကြီးငယ် အထည်ဒြပ် တလုံးတခဲတည်းဖြစ်၍ နေပုံကို အကုန်မြင်လေ။

သစ်ပင် သစ်တုံး ကျောက်တုံး ကျောက်ပြား သံတုံး သံခဲ စသည်တို့၌လည်း ထိုနည်းအတူမြင်ပါလေ။

ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ အရိုး အစရှိသော ကောဋ္ဌာသကာယတို့၌လည်း ပထဝီ မြေဓာတ်မြေမှုန့်နှင့် ရေဓာတ်အာပေါ အစေး လုံးထွေးမှုကြောင့်ပင်လျှင် သဏ္ဍာန်ကြီးငယ် အထည်ဒြပ် အမျိုးမျိုး ဖြစ်နေ၍ နေကြကုန်သည့်အတွက် အချို့ကိုဆံပင်ဟုခေါ်ကြရသည်၊ အချို့ကို မွေးညှင်းဟူ၍၎င်း၊ အချို့ကို ခြေသည်းဟူ၍၎င်း၊ လက်သည်း ဟူ၍၎င်း၊

သွားဟူ၍ငင်း၊ အရေဟူ၍ငင်း၊အသားဟူ၍ငင်း အရိုးဟူ၍ငင်း ခေါ်ကြရသည်၊ ပညတ်ကြသည်၊ နာမည်ပေးကြသည်။

အဘိဓမ္မာ အလိုအားဖြင့်မူကား ဆံပင်ဟူ၍မရှိ၊ ဓာတ်ကြီး လေးပါးနှင့် အမှမ်းတင် ရုပ်ငယ်ရုပ်သေးလေးပါးသာ အမှန်ရှိသည်၊ မွေးညှင်းဟူ၍မရှိ၊ ခြေသည်း လက်သည်း ဟူ၍ မရှိ၊ အရေဟူ၍ မရှိ၊ အသားဟူ၍ မရှိ၊ အရိုးဟူ၍ မရှိ၊ ရုပ်ဓာတ်ကြီးလေးပါးနှင့် အမှမ်းတင် ရုပ်ငယ်ရုပ်သေး လေးပါးသာ အမှန်ရှိသည်။

ရိုးတွင်းခြင်ဆီ အညှို့ နှလုံး အသည်း အမြေးစသည်တို့၌လည်း ထိုနည်း အတူမြင်လေ။

ဓာတ်နှစ်ပါးတွဲစပ်နေပုံပြီး၏။

သို့သော် ထိုနာမည်ပညတ်ကိုလဲ မြတ်စွာဘုရားသခင် ကျေးဇူး ရှင်က ပယ်တော်မမူ၊ အများပြောအမှန် သမုတိသစ္စာအားဖြင့် လက်ခံတော်မူ၏၊ ထို ပညတ်အာရုံဖြင့် ကုသိုလ်ပြုလျှင် ကာမ, ရူပ, အရူပ, ဘုံရောက်၍ လောကီ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာကို ရလေ၏၊ အတ္တဒိဋ္ဌိကို ပယ်စွန့် နိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စသော ကုသိုလ်မျိုးသည်ကား အပါယ် သံသရာမှ အရှင်းကျွတ်လွတ်၍ နိဗ္ဗာန်အသခ်တဓာတ်သို့တိုင်အောင် ပေါက် ရောက်နိုင်ပေသည်။

## ၄၄။ ဆံပင်၌ ဓာတ် ၈-ပါးခွဲပုံ။

ဆံပင်၌ ဓာတ် ၈-ပါးခွဲနည်းကား—

(၁) ဆံပင်ကိုစမ်းသပ်လျှင် မာမှုကို တွေ့ရှိ၏၊ ထိုမာမှုသည် ပထဝီဓာတ်တည်း၊ မာမှုသည် ဆံပင်မဟုတ်။

(၂) လုံးပတ်သဏ္ဌာန် ဖြစ်နေသည်ကိုမြင်၍ ဖွဲ့စေးမှုကို သိရင် ထိုဖွဲ့စေးမှုသည် အာပေါဓာတ်တည်း၊ ဆံပင်မဟုတ်။

(၃) ပူသောအခါပူမှု နွေးသောအခါနွေးမှု အေးသောအခါ အေးမှုကို တွေ့ရ၏၊ ထိုပူမှု နွေးမှု အေးမှုတို့သည် တေဇောဓာတ်တည်း၊ ပူနွေး အေးမှုသည် ဆံပင်မဟုတ်။

(၄) ပူရှိန် နွေးရှိန်အေးရှိန်ကို တွေ့ရှိ၏၊ ပူဟုန် နွေးဟုန် အေးဟုန်ကို တွေ့ရှိ၏၊ ထိုအရှိန်အဟုန်သည် ဝါယော မည်၏၊ ထိုဝါယောသည် ဆံပင်မဟုတ်။

(၅) မျက်စိဖြင့် ကြည့်ရှုလျှင် ဆံပင်၌ ဆံပင်၏အဆင်းကိုမြင်၏၊ ထိုအဆင်းသည် ဝဏ္ဏမည်၏၊ ထိုအဆင်းသည် ဆံပင်မဟုတ်။

(၆) နှာခေါင်းဖြင့်နမ်းလျှင် ဆံပင်၌ဆံပင်၏အနံ့ကိုနံ၏၊ ထိုအနံ့သည် ဂန္ဓဓာတ်မည်၏၊ ထိုအနံ့သည် ဆံပင်မဟုတ်။

(၇) လျှာဖြင့်မြီးလျှင် အရသာကိုသိရ၏၊ ထိုအရသာသည် ရသဓာတ်တည်း၊ ထိုရသဓာတ်သည် ဆံပင်မဟုတ်။

(၈) ဆံပင်ကိုစားသော သတ္တဝါတို့မှာ ရုပကာယကို စောင့်ရှောက်ခြင်း ထောက်ပံ့ခြင်း သဘောရှိသော အဆီအစေးမည်သည် ဆံပင်၌ရှိ၏၊ ထိုအဆီအစေးသည် ဩဇာခေါ်သော အဟာရဓာတ်တည်း၊ ထိုအာဟာရဓာတ်သည် ဆံပင်မဟုတ်။

ဆံပင်၌ ဓာတ် ၈-ပါးခွဲနည်း ပြီး၏။

## ၄၅။ ကြွင်းကောင်အသတ္တို၌ ဓာတ်ဂ-ပါးခွဲပုံ

ဤသို့ ပထဝီဓာတ် ၂၀၊တခုတခု၌ ရှစ်ပါးစီ၊ အာပေါဓာတ် ၁၂-ပါး၊ တခုတခု၌ ဓာတ်ရှစ်ပါးစီ၊ဝါယောဓာတ် ၆-ပါး၊တခုတခု၌ ဓာတ်ရှစ်ပါးစီ၊ တေဇောဓာတ် ၄ -ပါး၊တခုတခု၌ ဓာတ် ဂ-ပါးစီ၊ အသီးအသီး အသက အသက ခွဲခြမ်း၍ သိမြင်ကြလေ။

မြေဓာတ်, ရေဓာတ်, လေဓာတ်, မီးဓာတ်, အဆင်းဓာတ်, အနံ့ဓာတ်, အရသာဓာတ်, အဆီဩဇာဓာတ်, ဤဓာတ်ရှစ်ပါးတို့ ကလာပ်ဖွဲ့စည်း၍ မရေမတွက်နိုင်အောင် စုပေါင်းမိကြလျှင် ပုံသဏ္ဍာန် ပေါ်ပေါက်လာ၍ ဆံပင်မွေးညှင်းစသည် ခေါ်နိုင်သည်၊ နံမည်ပေးနိုင်သည်၊ ပညတ်နိုင်သည်၊သမုတိသစ္စာဖြစ်၏။

ဆိုင်ရာမျက်စိတံခါး, နားတံခါး, နှာတံခါး, လျှာတံခါး, ကိုယ်အကြည်တံခါး, မနောဒွါရ၌ ဖြစ်၍သွားကြသောအခါ ဆံပင် မွေးညင်း စသည် မခေါ်နိုင်တော့ပြီ၊ နာမည်မပေးနိုင်တော့ပြီ၊ မပညတ်နိုင်တော့ပြီ။

ဤဓာတ်သဘာဝဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တကိုမြင်မှသာ ဝိပဿနာဉာဏ်ဖြစ်သည်၊ ဆံပင်ဒြပ် ကျိုးပြတ်ပျက်စီးသွားမှုကို မြင်ခြင်းသည် ဝိပဿနာအနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ်မဟုတ်၊ သမုတိအနိစ္စ ဒုက္ခ အနတ္တသာလျှင်ဖြစ်လေသည်။

ဤဓာတ်ရှစ်ပါးကား အဝိနိဗ္ဘောဂရုပ်စုဖြစ်၍ ခပ်သိမ်းသော ရုပ်အစုတို့မှာ အရင်းခံဖြစ်ကြ၏၊ ဤဓာတ်ရှစ်ပါးကို ခွဲခြမ်း၍မြင်နိုင်လျှင် ဉာဏ်၌ ပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ မိန်းမယောကျ်ား ဥကျောင်း ခြေ လက် စသည် ဆံပင်မွေးညှင်း ခြေသည်း လက်သည်း အရိုးစသည် ဉာဏ်မျက်စိ အကုန်ကွယ်ပျောက်လတံ့၊ ဓာတ်စု ဓာတ်ကြီးငယ်မျှသာရှိ၏ဟူ၍ ဉာဏ်မျက်စိ၌ မြင်လတံ့။

ဓမ္မသင်္ဂဏီပါဠိတော် ပဒအမှတ် (၁၃၄၀) ဓာတုကုသလတာ စ ပဒအမှတ် (၁၃၄၁) ဓာတုမနသိကာရကုသလတာ စ။

ခေတ်တဆယ့်ရှစ်ပါးတို့အနက် သင်္ခတပရမတ်ခေတ်တခုတခုကို ပစ္စုပ္ပန် အတိတ်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိက တဆဲ့တစ်ချက်တို့ကို စုပေါင်း၍ ဝိပဿနာ ပညာဉာဏ်ဖြင့်ရှုမြင်ခြင်းကို "ခန္ဓာ" ဟူ၍ ဟောတော်မူသည့်အတိုင်း ခန္ဓာ၏အဓိပ္ပါယ်ကို နားလည်၍ ထားကြစေ လိုသည်၊ ထိုထိုခေတ်တခုတခုကို အခြေခံ၍ အကြောင်းခံ၍ စိတ် စေတသိက် ပေါင်းပွါးမှု ပေါင်းပွါးရာ အခြေခံ အစခံခေတ်တို့ကို အာယတနခေါ်သည် ဟူ၍လည်း နားလည်ထားကြစေလိုသည်။

## ၄၆။ နိဂုံးနှင့်ဆုတောင်း

### မဃဒေဝ ပဒ (၅၀၅) မှ

အပ္ပဝတ္တု၊ မရှုတိုရာ၊ နည်းမျှသာလည်း၊ တယာကွမ်းဆေး၊ ရေအေး တခွက်၊ ဆီတစက်နှင့်၊ လဘက်တရိုး၊ ကြံတချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါန ဟူသည်၊ နိဗ္ဗူအေးခေတ်တိုင်စေသောဝ်။

### မဃဒေဝလင်္ကာ ပဒအမှတ် (၆၀၉) မှ

ဤကုသလ၊ နှဘာဝကြောင့်....၊ လူလည်းလူချင်း၊ ရာဇတသင်းတို၊ သီတင်းသိက္ခာ၊ ပညာအယူ၊ သဘောတူတည့်၊ ရှင်မူရှင့်လျောက်၊ ကျင့် မဘောက်ဘဲ၊ မနောက်စိတ်ဖြူ၊ ငြူစူချင်းချင်း၊ မရှိခြင်းဖြင့်၊ မကင်းဗြဟ္မစိုရ်၊ ချစ်ကြည်ညိုလျက်၊ နှစ်ကိုယ်တစိတ်၊ ဆွေမြိတ်ပြကတေ့၊ သူတော်လေ့မှ၊ မရွေ့သောအား၊ တရားရောင်ခြည်၊ မြဲနှောင်ချည်၍၊ တည်စေသတည်း၊

ပွါးဆည်းကုသိုလ်၊ သမ္မာလိုဖြင့်၊ ထိုထိုပုညာ၊ မြှတ်စမ္မနှင့်၊ နိစ္စမကင်း။ ပြုနိုင်ခြင်းကြောင့်။ ကိုယ်တွင်းတည်ဘိ၊ ကိန်၊နေရှိသား။ ဒိဋ္ဌိနှင့်ဉာဏ်၊ နှစ်တန်အာသယည်း၊ ပွါးပယ်နည်းကို၊ နိဿရည်းရရ၊ ကြိုးလုံ့လ၍၊ မချရံခါ၊ စဉ်မကွာဘဲ၊ နတ်ရွာခြောက်တန်၊ ဖြဟ္မာဆန်သည်၊နိဗ္ဗာန်ရောက်စေဆင့်ကဲတည်း။

မဃဒေဝ ပဒ (၅၀၇) မှ

တပါးထိုမှ၊ ဝိသေသတည့်၊ အနုဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လူအာယု၊ မန္တာတုသို့၊ ရှည်မှုလျှံပေါ်၊ ဿက်တန်းကျော်၏၊ တဘော်ဆင်မြန်း၊ ဝတ်သက်န်းကို၊ လှူဒါန်းသည့်သူ၊ အဆင်းလှူတည့်။

ဆီမီးအလှူ၊ မျက်စိဟူရှင့်၊ ယာဉ်မှုလှူသီး၊ ချမ်းသာကြီး၏၊ ခိုမှီးအာဝါ၊ သာယာရိပ်ချမ်း၊ ကျောင်းသင်ခန်းကား၊ ဆုံးကမ်းမရှိ၊ ကြီးဘိကျိုးရပ်၊ နိဗ္ဗာန်ခတ်အောင်၊ မဟာဖွလုံ၊ ရှရဗ္ဗံတည့်၊ နတ်တံသာရ၊ နုသာသဖြင့်၊ ဓမ္မတရား၊ သူတပါးအား၊ ဟောကြားပြသ၊ ဆုံးမတတ်သူ၊ အမြိုက်ဟူသည်၊ အလှူများမင်း၊ အခေါင်ချင်းဟု၊ ကျမ်းရင်းဓမ္မစက်၊ မိန့်တော်ထွက်သည်၊ တုဘက်မခံမခိုင်းတည်း။

**အာ သီ သ**

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

INTERNATIONAL DHAMMA NETWORK

# အလိမ္မာ စာမှာရှိသည်

## လူတော် လူကောင်း ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်
သာသနာရေးဦးစီးဌာနမှ

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော
အဘိဓမ္မာ မြန်မာဘာသာကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | အဘိဓမ္မတ္ထသရူပဒီပက | ပါဒု | မိုးဖြင်ကြီးဆရာတော် |
| ၂။ | နိဗ္ဗာနသရူပဒီပက (ဒီပက-တ-တွဲ) | | ။ |
| ၃။ | ပရမတ္ထသံခိပ်နှင့်အဖြေ | | လယ်တီဆရာတော်ကြီး |
| ၄။ | ပရမတ္ထသံခိပ်ဋီကာ | ပါဒု | လယ်တီပဏ္ဍိတ ဦးမောင်ကြီး |
| ၅။ | ပရမတ္ထသရူပဘေဒနီ | ပါဒု | မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး |
| ၆။ | အဘိဓမ္မတ္ထသရူပဒီပနီ | | သေက္ချတောင် ဦးတိလောက |
| ၇။ | ပဋ္ဌာန်းသိပ္ပံ (ပ-ဒု) | | ပဋ္ဌာန်းသိပ္ပံ ဆရာတော် |
| ၈။ | မစိုးရိမ်မူလတန်းသင်္ဂြိုဟ် | ပ | |
| ၉။ | ဓမ္မသင်္ဂဏီ မြန်မာပြန် | | |
| ၁၀။ | ခန္ဓာ,အာယတန,ဓာတ်,သစ္စာဝိဘင်း မြန်မာပြန် | | |
| ၁၁။ | ပုဂ္ဂလ ပညတ် မြန်မာပြန် | | |
| ၁၂။ | ကထာဝတ္ထု မြန်မာပြန် | ပါဒု | |
| ၁၃။ | ဋီကာကျော် မြန်မာပြန် | ပါဒုါတ | |
| ၁၄။ | အဘိဓမ္မတ္ထသင်္ဂဟ ပါဠ်နိဿယ | | ဗားကရာဆရာတော် |

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၀-တွဲ ထွက်ပြီ။**
**ပါဠိပဒ ပိဋကကျမ်းညွှန်း ၃-တွဲ ထွက်ပြီ။**
**မဟာဗုဒ္ဓဝင် ၆-တွဲ (၈-အုပ်) ထွက်ပြီ။**